ဥဒါန်းသစ် စာပေ

စုံထောက်

# မောင်ရေခဲ

## စုံထောက်စံထူး

နှင့်

အမှောင်တွင်းမှ

## အလင်းရောက်ဖြစ်ရပ်မှန်များ



# စုံထောက်မောင်စံရှော်

## စုံထောက် ဝေဝေ နှင့်

## အမှောင်တွင်းမှ အလင်းရောက်ဖြစ်ရပ်မှန်များ

# စီစဉ်သူ ရဲအုပ်မောင်မောင်မေဒါး(ငြိမ်း-CID)


| | | |
|---|---|---|
| မျက်နှာဖုံးပန်းချီ | – | မင်းထက်နိုင် |
| အတွင်းသရုပ်ဖော် | – | မင်းထက်နိုင် |
| ပုံနှိပ်ခြင်း | – | ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ |
| | | အုပ်ရေ – ၅၀၀ |
| | | တန်ဖိုး – ၁၈၀၀ ကျပ် |
| ထုတ်ဝေသူ | – | ဒေါ်သင်းသင်းမွန် |
| | | အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊ (၁၂)ရပ်ကွက် |
| | | (လှည်းတန်း)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ် | – | ဦးကျော်ရင်(ရွှေခြင်္သေ့ပုံနှိပ်တိုက်) |
| | | အမှတ်(၁၂)၊ သရဖီလမ်း၊ |
| | | စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ |
| | | ရန်ကုန်မြို့။ |
| အတွင်းဖလင် | – | ကိုဇင်ဦးနှင့်ညီများ |
| ဖြန့်ချိရေး | – | ဥဒါန်းသစ်စာပေ |
| | | ဖုန်း – ၂၄၅၈၈၅၊ ၃၇၉၅၂၈၊ |
| | | ၀၉ ၄၀ ၂၅၉၁၃၃၂ |

စုံထောက်မောင်ရေခဲ

စုံထောက်စံထူးနှင့် အမှောင်တွင်းမှအလင်းရောက်ဖြစ်ရပ်မှန်များ

စုံထောက်မောင်ရေခဲ ။ ရန်ကုန်၊ သင်းစာပေ၊ ၂၀၁၄

၂၅၀ – စာ ၊ ၂၅ × ၁၂ စင်တီ

(၁) စုံထောက်စံထူးနှင့် အမှောင်တွင်းမှအလင်းရောက်ဖြစ်ရပ်မှန်များ

# မာတိကာ


(၁) ဖုံမလော၊ ကမ်ဖယ်လူးနှင့် Positive Clues ၇

(၂) ဖုံမလော၊ ကမ်ဖယ်လူးနှင့် ဒါဇမ္ဗူဝါဒီများ ၆၂

(၃) ဖုံမလော၊ ကမ်ဖယ်လူးနှင့် မခတ်သစ်မဒေဝဒတ် ၁၁၀

(၄) ဖုံမလော၊ ကမ်ဖယ်လူးနှင့် ဂိုဏ်းသင့်သွားသော မိတ္တာများ ၁၅၀

(၅) ဖုံမလော၊ ကမ်ဖယ်လူးနှင့် နိုင်ငံခြားတရားခံ ၁၈၆

(၆) ဖုံမလော၊ ကမ်ဖယ်လူးနှင့် မြေအေးကျွန်း ပူသတ်မှု ၂၂၀

## စာရေးသူ၏ အမှာစကား



စုံထောက်မောင်ရေခဲ

လူသည် မိမိဘဝကို ဒုက္ခဖြင့် စတင်ခဲ့ကြရပါသည်။ ပုထုဇဉ်မှန်သမျှ ဒုက္ခကို မဆင်ချင်၊ မသုံးသပ်ဘဲ သမုဒယကို ကူးစက်ကြပြန်သည်။ ထို့ကြောင့် ဒုက္ခနှင့်သမုဒယ၊ သမုဒယကြောင့် ဒုက္ခဟူ၍ တဝဲလည်လည် ရှိခဲ့ရပါသည်။ သမုဒယလုပ်မိ ဒုက္ခဖြစ်ဆိုသလို၊ ဒုက္ခမှ ဒေါမနဿ ဖြစ်ရပါ သည်။ ဒုက္ခ၊ ဒေါမနဿမှ သောက၊ ပရိဒေဝ ဖြစ်ကြရပါသည်။ တွယ်တာမှု သမုဒယအပေါ်တွင် လောဘ၊ ဒေါသ၊ မောဟ စသည့် အကုသိုလ်မီးများ လောင်ကျွမ်းခဲ့ပါက မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ ညီအစ်ကိုမောင် နှမချင်း၊ လင်မယားချင်း၊ ဆွေမျိုးသားချင်း၊ ချစ်ခင်နှစ်သက်သူချင်းဟူ၍ ပင် မသိမမြင်ကြတော့ဘဲ တစ်ဦးနှင့်တစ်ဦး ကိုယ်ထိလက်ရောက် ပြုကျင့် ခဲ့ကြ၍ အတိဒုက္ခရောက်ခြင်း၊ အသက်ဆုံးရှုံးခြင်းအထိ ဖြစ်ခဲ့ကြရပါသည်။

ထို့ကြောင့် အကုသိုလ်အမှုများကို ကံသုံးပါးဖြင့် မပြုမိစေရေးအတွက် အသိတရားဖြင့် သတိထားစေချင်ပါသည်။ အရှင်သူမြတ်များ၊ မိဘဆရာများ က ဆိုဆုံးမခဲ့ဖူးပါသည်။ ဤသည်မှာ ..

''ပညာရှိရှိ၊ မရှိရှိ သတိမရှိလျှင် မကောင်းမှုကို ပြုလွယ်သည်။ လုပ်ဖြစ်သည်။ လုပ်နေကြသည်။ ကောင်းမှုက ''စေတနာ'' ဖြစ်စေ၊ မကောင်းမှုက ''စေတနာ''ဖြစ်စေ၊ မိမိဘယ်ဘက်က များများလုပ်ဖြစ်သည် ကို အသိကြီးစွာဖြင့် ဆင်ခြင်ကြည့်သင့်သည်။ ကံကိုဖန်ဆင်းသူ၊ ကံကိုပြုလုပ်သူမှာ တန်ခိုးရှင်မဟုတ်၊ အခြားတစ်ပါးသောသူလည်းမဟုတ်။ မိမိကိုယ်တိုင် စေတနာဖြင့်ပြုလုပ်သော အမှုက ဖန်ဆင်းနေခြင်းပင်ဖြစ်သည်။ ဓမ္မသဘောဖြင့် ပြောရလျှင် စိတ်တစ်ခုဖြစ်တိုင်း စေတနာတစ်ခုပါသည်။ ပဋိစ္စသမုပ္ပါဒ် သဘောအရ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ရခြင်းပင်တည်း''

ဟု ဩဝါဒစကားပင်ဖြစ်သည်။ ထို့ကြောင့် လူသည် တရားကင်းကွာသွားပြီး လောဘ၊ ဒေါသ၊ မောဟ စသော အကုသိုလ် အခိုးအငွေ့များ ကိန်းအောင်းသွားပြီဆိုလျှင် တိရစ္ဆာန်ထက်ပင် ကြောက်စရာအဖြစ်သို့ ရောက်ရှိသွားတတ်ပါသည်။

ယခု စုစည်းတင်ပြထားသော ဖြစ်ရပ်မှန် မှုခင်းဇာတ်လမ်းများတွင် အကုသိုလ်မီးများတောက်လောင်ကာ ချစ်ခင်နှစ်သက်သူအချင်းချင်း၊ ဆရာရင်းတပည့်အချင်းချင်း၊ ညီအစ်ကိုရင်း အချင်းချင်း၊ သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းအချင်းချင်း အသက်ဆုံးရှုံးသည်အထိ ကိုယ်ထိလက်ရောက် ပြုမူခဲ့ကြသည်။ မိမိတို့ပြုမူခဲ့သော အကုသိုလ်အမှုကို မည်သူမျှမသိဟု ထင်မြင်ယူဆခဲ့ကြသည်။ ''မကောင်းမှုဟူဘိ ဆိတ်ကွယ်ရာမရှိ'' ဟု ဓမ္မပဒမှ ဆိုဆုံးမစကားလေးကို ဤစာအုပ်၏ နောက်ကျောဖုံးတွင် မျှဝေထားပါသည်။

ပစ္စုပ္ပန်၊ အနာဂတ်နှင့် သံသရာတွင် ကြုံဆုံခံစားရမည့် အပါယ်ဘုံနှင့် ဝဋ်ကြွေးကို မတွေးမိကြသူများ၊ မကြောက်ကြသူများက အကုသိုလ်နှင့် ဒုစရိုက်မှုများကို ကြံစည်ဆဲ၊ ပြောဆိုဆဲ၊ ပြုကျင့်ဆဲပင် ရှိနေကြပါသည်။

မည်သို့ရှိစေ ရာဇဝတ်ပြစ်မှုများကို မဖြစ်ပွားအောင် ကြိုတင်ကာကွယ်တားဆီးခြင်းနှင့် ဖြစ်ပွားခဲ့ပြီးသော ရာဇဝတ်ပြစ်မှုများကို မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် စုံစမ်းအရေးယူဖော်ထုတ်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိကတာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။

ပြစ်မှုကျူးလွန်သူများက ဖြစ်ပွားခဲ့ပြီးသော ရာဇဝတ်ပြစ်မှုများကို ဖုံးကွယ်ဖျောက်ဖျက်ကာ၊ မမြင်သာအောင် အမှောင်တွင်းသို့ သို့ဝှက်ထားခဲ့ကြသည်။ ထိုသို့ ဖုံးကွယ်သိုဝှက်ထားခဲ့သော ပြစ်မှုဖြစ်ရပ်များကို မှုခင်းရဲတပ်ဖွဲ့(စီအိုင်ဒီ)မှ အမှုစစ်အရာရှိများ(စုံထောက်များ)က ထင်သာမြင်သာရှိစွာ အလင်းသို့ရောက်အောင် ပို့ဆောင်ပေးခဲ့ပါသည်။ ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်များဖြင့် စုစည်းတင်ဆက်ထားသော ဤဖြစ်ရပ်မှန်မှုခင်းဇာတ်လမ်းများကို **"စုံထောက်စံထူးနှင့် အမှောင်တွင်းမှ အလင်းရောက်ဖြစ်ရပ်မှန်များ"** ဟု သာဓကပြုအပ်ပါကြောင်း။

**စုံထောက်မောင်ရေခဲ**

စုံထောက်

# မောင်ရေခဲ

စုံထောက်စံရုံး

နှင့်

# Positive Clues



## အခန်း(၁)

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ တတိယပတ်တွင်ဖြစ်ပါသည်။ နေပြည်တော်၊ မှုခင်းရဲတပ်ဖွဲ့(စီအိုင်ဒီ)မှ အမှုစစ်အရာရှိ စုံထောက်စံထူးသည် အမှတ်(၂)မှုခင်းတပ်ဖွဲ့ခွဲ(ရန်ကုန်)သို့ ရောက်ရှိနေကြောင်း ကြားသိခဲ့သည်။ စုံထောက်စံထူးရောက်ရှိနေခြင်းအကြောင်းမှာ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလက တောင်ဥက္ကလာပ၊ ဖြူးမြို့နယ်အတွင်း ခေါင်းဖြတ်အသတ်ခံရသော မိန်းကလေး၏ အမှုမှ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိ၍ စစ်ဆေးမေးမြန်းနေခြင်းဖြစ်ကြောင်း ကြားသိရသည်။ ထိုသတင်းစကားသည် မှုခင်းရဲတပ်ဖွဲ့(စီအိုင်စီ)အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သလို စာရေးသူအတွက်လည်း ကုန်ကြမ်းတစ်ခုဖြစ်ပါသည်။

ထို့ကြောင့် စုံထောက်စံထူးရှိရာ အမှတ်(၂)မှုခင်းတပ်ဖွဲ့ခွဲ(အင်းစိန်၊ စီအိုင်ဒီ)သို့ စာရေးသူကိုယ်တိုင် သွားရောက်တွေ့ဆုံဖို့ဖြစ်သည်။ မိမိလုပ်ငန်းအတွက် သက်ဆိုင်သူတစ်ဦးတစ်ယောက်ကို သွားရောက်တွေ့ဆုံမည်ဆိုပါ

က ကြိုတင်အကြောင်းကြားပြီး အချိတ်အဆက်လုပ်ရပါသည်။ ဒါမှသာ နှစ်ဦးနှစ်ဖက် အနောက်အယှက်ကင်းပြီး လုပ်ငန်းအတွက် အဆင်ပြေမှုရှိပါမည်။ မိမိလုပ်ငန်းအတွက် သက်ဆိုင်သူကို Green Light မတောင်းဘဲ အစောတလျင်ပြုခဲ့ပါလျှင် နှစ်ဦးနှစ်ဖက် အနှောက်အယှက်ဖြစ်ကြရပါသည်။ ဒီသဘောတရားကို ကြေညက်ပြီးသားဖြစ်သော စာရေးသူမှ စားပွဲပေါ်ရှိ တယ်လီဖုန်းဖြင့် စုံထောက်စံထူး၏ လက်ကိုင်ဖုန်းသို့ ..။

"ကိုစံထူးလား"

"ဟုတ်ပါတယ် အစ်ကို၊ ကျွန်တော်လည်း အလုပ်မပြီးသေးလို့ အစ်ကို့ဆီကို မဆက်ဖြစ်တာပါ"

"ရပါတယ်ဗျာ၊ ခင်ဗျားနဲ့ ကျွန်တော်က ပြောရမယ့်သူတွေမှမဟုတ်ဘဲ။ ဒါနဲ့ ဖြူးအမှုက အခြေအနေကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ် အစ်ကို။ ဒီလကုန်လောက်ကို တရားစွဲတင်တော့မှာပါ။ အစ်ကို ဘယ်နေ့လောက်လာမှာလဲ"

"ကိုစံထူး အဆင်ပြေတဲ့နေ့ပေါ့ဗျာ"

"အဲဒါဆို လာမယ့်အင်္ဂါနေ့ မနက် ၉ နာရီကို ကျွန်တော် ရုံးကစောင့်နေပါ့မယ်။ အစ်ကို့အတွက် အဆင်ပြေတယ်မဟုတ်လား"

"အဆင်ပြေပါတယ်။ အဲဒီနေ့ မနက် ၉ နာရီကို ကျွန်တော် အရောက်လာခဲ့ပါ့မယ်"

စာရေးသူနှင့် စုံထောက်စံထူးတို့၏ လုပ်ငန်းဆက်သွယ်မှုက စည်းစနစ်ကျပါသည်။ စာရေးသူမှာ စုံထောက်စံထူးပေးအပ်သည့် လုပ်ငန်းကို ရယူမည့်သူဖြစ်သည်။ ရယူမည့်သူတစ်ဦးအနေဖြင့် ချိန်းဆိုသည့် နေ့ရက်နှင့်အချိန်ကို မပျက်မကွက် တိတိကျကျရောက်ရှိဖို့ လိုပါသည်။ ပေးမည့်သူက အချိန်မှန်၍ ယူမည့်သူက အချိန်နောက်ကျနေပါလျှင် ပေးသူနှင့်ယူသူ အသွင်မတူဖြစ်တတ်ပါသည်။ ဒါကြောင့် ရယူမည့်သူဖြစ်သော စာရေးသူက ချိန်းဆိုရက်

မရောက်မီ လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ရပါသည်။

စာရေးသူ၏ရုံးနှင့် စုံထောက်စံထူးရောက်ရှိရာနေရာသည် ခရီးအကွာအဝေးအားဖြင့် ၁၀ မိုင်ကျော်ခန့် ရှိပါသည်။ ကိုယ်ပိုင်ကားဖြင့်သွားလျှင် အချိန်အကြာဆုံး နာရီဝက်မျှသာ ရှိသည်။ လိုင်းကားဖြင့်သွားလျှင် အနည်းဆုံး ၄၅ မိနစ် မှ ၁ နာရီခန့်သွားရသည်။ စာရေးသူအနေဖြင့် လိုင်းကားနှင့်သွားရမည်ဖြစ်၍ ချိန်းဆိုချိန်ထက် စောစီးစွာရောက်ရှိနေဖို့လိုသည်။ ရယူမည့်သူအတွက် စောင့်၍ယူရပါသည်။ ဤသည်မှာ လုံ့လဝီရိယစိုက်ထုတ်ခြင်း၊ အချိန်ကိုလေးစားခြင်းနှင့် ပေးအပ်မည့်သူကို တန်ဖိုးထားခြင်းတို့ပင် ဖြစ်သည်။

ထို့ကြောင့် ချိန်းဆိုထားသည့် နေ့ရက် မနက် ၇ နာရီတိတိတွင် ရန်ကုန်–အင်းစိန်လိုင်းကားဖြင့် စုံထောက်စံထူးရှိရာသို့ ..။

## အခန်း(၂)

''စောလှချည်လား အစ်ကို''

ချိန်းဆိုထားသော အင်္ဂါနေ့မနက် ၉ နာရီမထိုးမီတွင် စုံထောက်စံထူး တစ်ယောက် သူ၏ ရုံးခန်းရှိရာသို့ ရောက်လာသည်။ ရုံးခန်းအတွင်း ကြိုတင်ရောက်ရှိနေသော စာရေးသူကို မြင်တွေ့သဖြင့် စုံထောက်စံထူးက အထက်ပါစကားဖြင့် နှုတ်ဆက်ပါသည်။ ထို့ကြောင့် စာရေးသူက ..

''မနက်စောစောဆိုတော့ ဘတ်(စ်)ကားစီးတဲ့ ခရီးသည်ကလည်း ချောင်တယ်။ လမ်းကလည်းရှင်းတော့ စောစောစီးစီးပဲရောက်လာခဲ့တယ်ဗျာ''

''နောက်ကျလည်း ရပါတယ် အစ်ကိုရယ်၊ ကျွန်တော် စောင့်ပေးမှာပေါ့''

''အချိန်နောက်ကျတယ်ဆိုတာ တစ်ခုပဲကောင်းတယ် ကိုစံထူးရဲ့''

''ဘာကို ဆိုလိုတာလဲအစ်ကို''

''သေခြင်းအကြောင်းတရားမှာ အချိန်နောက်ကျလေ ကောင်းလေပေါ့ဗျာ။ အသက်ရှည်ရှည်နေရတာပေါ့''

ဟု စာရေးသူ၏ အရွှမ်းအဖောက်ကို စုံထောက်စံထူးက နှစ်သက်သဘောကျစွာဖြင့် အသံထွက်ကာ ရယ်မောနေပါသည်။ ထို့ပြင် စုံထောက်စံထူးက ● ●

''အစ်ကိုနဲ့ အစ်ကို့ဘော်ဒါ ပုလိပ်သိန်းအောင်တို့ကတော့ အတော်ကိုရွှတ်နောက်နောက် ပြောတတ်တာပဲ''

''ပျော်ပျော်နေ သေခဲဆိုသလိုပေါ့ဗျာ။ စိတ်ညစ်စရာတွေတွေးတော ပြောဆိုနေမယ့်အစား ပျော်ပျော်ရွှင်ရွှင်နေတတ်တော့ အသက်ရှည်တာပေါ့ဗျာ''

''အဲဒါကြောင့်မို့လား မသိဘူး။ ပုလိပ်သိန်းအောင်ဆိုရင် အသက်(၇၅) နှစ်ထဲရောက်နေပြီ။ အခုထက်ထိ အရွယ်တင်တုန်းပဲ အစ်ကို''

''မှန်တာပေါ့ဗျာ၊ ပုလိပ်သိန်းအောင်က အရွယ်တင်သလို အရင်တွယ်တာဗျ။ ဆရာသမားအတွက်တောင် ဦးချတာတို့ ဦးစားပေးတာတို့ မရှိဘူး''

ဟု စာရေးသူ၏ ပြုံးရွှင်စွာပြောသော အသွင်ကို အကြောင်းအပေါင်းသိနေသော စုံထောက်စံထူးက ဟက်ဟက်ပက်ပက်ဖြင့် ဝါးလုံးကွဲမတတ် ရယ်မောနေပါသည်။ ပျော်ရွှင်ရယ်မောခြင်းကို နှစ်သက်သော စာရေးသူက ● ●

''ကိုစံထူးလည်း ကြားဖူး ကြုံဖူးပါလိမ့်မယ်။ ကိုယ်တို့စစ်ဆင်ရေးဌာနခွဲမှာ တာဝန်ထမ်းစဉ်တုန်းက (ပ)ခြောက်လုံး မောင်ပြုံးဆိုတဲ့ အရာရှိငယ်လေးတစ်ယောက် ရှိခဲ့ဖူးတယ်ဗျ''

''ဟုတ်ကဲ့ ပြောပါအစ်ကို''

ဟိုးလွန်ခဲ့သော တစ်ချိန်က ယခု အင်းစိန်(စီအိုင်ဒီ)ရုံးရှိ စစ်ဆင်ရေးဌာနခွဲသို့ ဒုရဲအုပ် မောင်ပြုံးဆိုသူ လူငယ်လူလွတ်ကလေးတစ်ဦး ပြောင်းရွှေ့ရောက်ရှိလာသည်။ အောက်သက်ကြေညက်စေရန်အတွက် အသစ်ရောက်

လာသော ဒုရဲအုပ်မောင်ပြူးကို ဌာနခွဲမှူးက တွဲဖက်ရုံးအုပ်အဖြစ် စတင်တာဝန်ချထားပေးသည်။ ရုံးအုပ်တာဝန်ဖြစ်၍ လုပ်ငန်းတာဝန်ဖြင့် တပ်ပြင်သို့ ထွက်ခွင့်မရဘဲ ရုံးကိစ္စအဝဝကိုသာ ဆောင်ရွက်ရသည်။ လစဉ် ဌာနခွဲရှိ တပ်ဖွဲ့ဝင်များအတွက် လစာနှင့်ရိက္ခာငွေကို ရုံးအုပ်နှင့် ဒုရဲအုပ်မောင်ပြူးတို့မှ ထုတ်ပေးရသည်။ ထိုစဉ်က တပ်ဖွဲ့ဝင်တစ်ဦး၏ လစာနှင့်ရိက္ခာငွေမှာ ငွေကျပ်နှင့်အတူ ပြားဂဏန်းပါ ပါရှိသည်။ လစာထုတ်ယူကြသော တပ်ဖွဲ့ဝင်များက အစွန်းထွက်ပြားငွေများကိုမယူဘဲ ရုံးအုပ်နှင့် ဒုရဲအုပ်မောင်ပြူးတို့အတွက် စွန့်ကြဲခဲ့ကြသည်။

သို့ကြောင့် ရုံးအုပ်နှင့် ဒုရဲအုပ်မောင်ပြူးတို့မှာ တပ်ဖွဲ့ဝင်များ၏ သဒ္ဓါထက်သန်သော ငွေပြားဂဏန်းတို့ဖြင့် ရုံးခန်းအတွင်း အေးချမ်းစွာဖြင့် ပါးစပ်စိုစိုနေကြရသည်။

တစ်နေ့ စာရေးသူသည် ဒုရဲအုပ်မောင်ပြူးရှိရာ ရုံးခန်းသို့ ရောက်ရှိသွားသည်။ ရုံးတွင်းလုပ်ငန်းနှင့်ပတ်သက်၍ အလုပ်အကိုင်အဆင်ပြေမှုရှိ/မရှိကို စာရေးသူမှ မေးမြန်းကြည့်သည်။ ဒီတော့ ဒုရဲအုပ်မောင်ပြူးက ..

''အဆင်ပြေပါတယ် ဆရာ၊ တပ်ဖွဲ့ဝင်တွေရဲ့ စေတနာကြောင့် လစဉ် ''ပြားပို''လေးတော့ စားရပါတယ်''

ဟုဆိုပါသည်။ တွဲဖက်ရုံးအုပ်လုပ်သက်တစ်နှစ်ပြည့်သောအခါ ဌာနခွဲမှူးက ဒုရဲအုပ်မောင်ပြူးကို တပ်ဖွဲ့သ/မဆိုင်သို့ ပို့ပေးသည်။ ထိုစဉ်က တပ်ဖွဲ့သ/မဆိုင်တွင် ဒုရဲအုပ်မောင်ပြူးက ဆန်အဝယ်လာသူများကို ပြည်တောင်းဖြင့် ချိန်တွယ်ထုတ်ပေးရသည်။ စာရေးသူလည်း ဆန်ထုတ်ရန် တပ်တွင်းသ/မဆိုင်သို့ ရောက်သွားခဲ့သည်။ ဆန်ချိန်တွယ်ပေးနေသော ဒုရဲအုပ်မောင်ပြူးကို စာရေးသူက ..

''ဘယ်လိုတုန်း မောင်ပြူးရဲ့၊ သ/မဆိုင်လုပ်ရတာကော အဆင်ချောရဲ့လား''

ဟူသော အမေးကို ဒုရဲအုပ်မောင်ပြုံးက ..

''မဆိုးပါဘူး ဆရာရယ်၊ သ/မဆိုင်မှာ ဆန်ထုတ်ပေးရတော့ 'ပြည်ပို' လေးတော့ စားရပါတယ်''

သ/မဆိုင်မှာ နှစ်ပြည့်သွားတော့ ဌာနခွဲမှူးက ဒုရဲအုပ်မောင်ပြုံးကို အမှုစစ်အရာရှိ(အိုင်အို)အဖြစ် တာဝန်ပေးပါသည်။ တစ်နေ့ အမှုတစ်ခုကို စုံစမ်းစစ်ဆေးဖို့ ဒုရဲအုပ်မောင်ပြုံး နယ်သို့ ခရီးထွက်ခဲ့ရသည်။ မကြာလိုက်ပါ။ အမှုစစ်အရာရှိမောင်ပြုံးအပေါ် တိုင်ကြားစာတစ်စောင် ရောက်လာပါသည်။ ထို့ကြောင့် ဌာနခွဲမှူးက မောင်ပြုံးကိုပြန်ခေါ်၊ တိုင်စာနှင့်ပတ်သက်၍ တိုင်ကြားခံရသူ မောင်ပြုံးအပေါ် ပီအီး(PE) လုပ်၊ စစ်ဆေးပေါ်ပေါက်မှုကြောင့် မောင်ပြုံးကို ဒီအီး (DE) တဆင့်တက်ကာ စစ်မေးခဲ့ရပါသည်။ ဌာနဆိုင်ရာစစ်ဆေးအရေးယူမှုကြောင့် ဒုရဲအုပ်မောင်ပြုံး အလုပ်မှ ဖြုတ်ထုတ်ခြင်းအပြစ်ကို ခံခဲ့ရပါသည်။ မနေနိုင်မထိုင်နိုင်၍ စာရေးသူက မောင်ပြုံးကို သွားရောက်တွေ့ဆုံပြီး အကျိုးအကြောင်း မေးကြည့်သည်။ ဒီတော့ မောင်ပြုံးက ..

''ပြားပို .. ပြည်ပိုလေး စားရတုန်းက ပြဿနာမရှိခဲ့ပေမယ့် အခု အထုတ်သွားပိုက်တော့ 'ပြုတ်ပြီ'ပေါ့ ဆရာရယ်''

အဲဒီကတည်းက မောင်ပြုံး၏ အမည်ရှေ့မှာ (ပ)ခြောက်လုံး မောင်ပြုံးဟု အမည်တွင်ခဲ့ပုံကို စာရေးသူမှ ဖွင့်ဆိုပြပါသည်။ စာရေးသူ၏ စကားအဆုံးတွင် စုံထောက်စံထူးက ..

''အစ်ကိုပြောတဲ့ အလင်္ကာရသစကားက မှတ်သားနာယူတတ်ရင် အိုင်အိုတွေအတွက် အကျိုးရှိတဲ့စကားပဲ''

''မှန်တာပေါ့ဗျာ။ ပူပင်ကြောင့်ကြမှုမရှိဘဲ အရိပ်အာဝါသအောက်မှာ သဒ္ဓါတရားရှိသူတွေရဲ့ ပြားပို၊ ပြည်ပိုလေး စားရတာ ဘယ်လောက်အေးချမ်းသလဲ။ အခု မောင်ပြုံးအဖြစ်က အပူစာသွားစားတော့ ဝေဒနာခံစားရပြီး

ဒွိုကွဖြစ်ခဲ့ရတာပေါ့''

## အခန်း(၃)

''မှန်တာပေါ့ အစ်ကိုရယ်။ လူနဲ့လူ့ပတ်ဝန်းကျင်မှာ နိစ္စဓူဝဖြစ်ပျက်နေတဲ့ အကြောင်းတရားတွေကို သင်ခန်းစာယူပြီး သတိသံဝေဂတရား ရှိကြစေချင်ပါတယ်။ အခု ကျွန်တော်စစ်ဆေးခဲ့တဲ့ ဖြူးက ခေါင်းဖြတ်သတ်မှုဆိုရင် ပြုသူ၊ ပျက်သူတို့ရဲ့ အကုသိုလ်ဒုစရိုက်အမှုတွေ၊ အမှုစုံစမ်းဖော်ထုတ်သူရဲ့ နည်းပညာရပ်တွေကို တွေ့ရှိရမှာပါ။ သင်ခန်းစာယူစရာ၊ မှတ်သားစရာတွေကို အစ်ကို့အနေနဲ့ စာဖတ်ပရိသတ်အတွက် သုတရသစာပေအဖြစ် ဖန်တီးပေးစေချင်ပါတယ်''

ဟု စုံထောက်စံထူးက သူကိုယ်တိုင် စုံစမ်းဖော်ထုတ်ခဲ့သော မိန်းကလေးတစ်ဦး ခေါင်းဖြတ်အသတ်ခံရမှုကို ဤသို့ ဖွင့်ဆိုပြပါသည်။

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ဖြစ်သည်။ ထိုနေ့သည် စိတ်ဝင်တစားရှိကြသူများအတွက် ချစ်သူများနေ့ (Valentine Day) ဖြစ်သည်။ (Valentine Day) ၏ အနက်အဓိပ္ပာယ်မှာ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ချစ်သူထံ အမည်မဖော်ပေးပို့သည်စာ၊ ကတ်ပြားဟု ဆိုပါသည်။ တိုက်ဆိုင်၍ပဲလားမသိ။ အမှုမှ အသတ်ခံရသော မိန်းကလေး၏ အမည်နှင့် လိပ်စာကို တစ်နှစ်နီးပါးကြားမှ စုံစမ်းဖော်ထုတ်၍ရသည်။ ထို့အတူ ပြစ်မှုကျူးလွန်သူကိုလည်း ၂၀၁၄ ခုနှစ်၊ ချစ်သူများနေ့ (Valentine Day) မှာပင် စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ သို့ကြောင့် ပြစ်မှုကျူးလွန်သူနှင့် သေဆုံးသူတို့မှာ ချစ်သူများနေ့နှင့် မည်သို့မည်ပုံပတ်သက်နေသည်ကို ခံစားကြည့်စေချင်ပါသည်။

ထိုနေ့ ၁၄-၂-၂၀၁၃ မနက် ၉ နာရီခန့်တွင်ဖြစ်သည်။ ရန်ကုန်-မန္တလေး မူလပုံမှန်ကားလမ်းပေါ်တွင် တောင်မှမြောက်၊ မြောက်မှတောင်

သို့ အသွားအပြန်မောင်းနှင်နေသော ကားများက လှုပ်ရှားလျက်ရှိသည်။ ထို့အတူ လမ်းဘေးဝဲယာ၌ ခြေလျင်လျှောက်သူများကလည်း အသွားအလာ မပျက်။ ထိုစဉ် မိုင်တိုင်အမှတ် ၁၃၉/၁ နှင့် ၁၃၉/၂ အကြားရှိ တံတား အမှတ် ၁၄၀/၁ ဖဟားချောင်းတံတား ချောင်းဘေးလမ်းအနောက်ဘက် တွင် သွေးများစွန်းပေနေသော ပိနန်အိပ်ထုပ်တစ်ထုပ်ကို တွေ့ရှိကြသည်။ ထိုနေရာသည် တောင်ငူခရိုင်၊ ဖြူးမြို့နယ်ရဲစခန်းအပိုင်နယ်မြေဖြစ် သည်။ ထို့ကြောင့် တာဝန်သိသူများမှ ဖြူးမြို့နယ်ရဲတပ်ဖွဲ့သို့ အကြောင်း ကြားခဲ့ပါသည်။

ထိုသတင်းကို ကြားသိသော ဖြူးမြို့နယ် ရဲတပ်ဖွဲ့မှတာဝန်ရှိသူများ သည် အထုပ်ကြီးရှိရာသို့ ရောက်ရှိခဲ့ကြသည်။ ထိုနေရာတွင် သွေးများစွန်းပေ နေသော အဖြူရောင်ပိနန်အိတ်၏ ထိပ်ပိုင်းကို စိမ်းပြာရောင် နိုင်လွန်ဇာကွက် ကြိုးဖြင့် ချည်နှောင်ထားသည်။ ထိုကြိုးကိုဖြေ၍ အတွင်းသို့ဖွင့်ရာ၊ ပလတ် စတစ်အိတ်အကြီးအတွင်း၌ ဦးခေါင်းမပါသော ကိုယ်လုံးတီးဖြင့် လူသေ အလောင်းကို တွေ့သည်။ ထိုလူသေအလောင်းကို ခြေထောက်နှင့်လက်များ ခေါက်ကွေး၍ အဝါရောင်နိုင်လွန်ကြိုးဖြင့် ချည်နှောင်ထားသည်။ ဆိုလိုရင်း မှာ သေဆုံးသူ၏ ခန္ဓာကိုယ်ကို အိတ်အတွင်းဝင်ဆန့်ရန် ချိုးခေါက်ထားခြင်း ဖြစ်သည်။ ထိုအလောင်းကို ထုတ်ယူလိုက်သောအခါ ဦးခေါင်းပြတ်နေပြီး အဝတ်အထည်မပါ မိန်းကလေးတစ်ဦးရုပ်အလောင်းဖြစ်နေပါသည်။

ရုပ်အလောင်းတွေ့ရှိရာ အနီးပတ်ဝန်းကျင်တွင် ဦးခေါင်းပြတ်ကိုရှာ သည်။ မတွေ့။ သို့သော် ထိုအနီးပတ်ဝန်းကျင်တွင် နီညိုရောင်ကတ္တီပါ ဖိနပ်(ဝဲဘက်)တစ်ဖက်၊ ဆိုင်ကယ်ဝဲဘက် နောက်ကြည့်မှန်တစ်ချပ်၊ Max,0 တံဆိပ် ရေသန့်ဘူးတစ်ဘူး။ အနက်အနီအစင်းပါ တရုတ်နိုင်ငံလုပ် ဓာတ် အားသွင်းဓာတ်မီးတစ်လက်နှင့် ဆိုင်ကယ်ပေါ်ပစ္စည်းများ ချည်နှောင်ရာ တွင် အသုံးပြုသည့် ချိတ်ကောက်နှစ်ဖက်ပါ မျှော့ကြိုးတစ်ချောင်းတို့ကို

ရှာဖွေတွေ့ရှိခဲ့ကြသည်။ ပြစ်မှုတိုင်းတွင် သဲလွန်စများ ကျန်ရစ်နေမြဲ (Every Crime Leaves Clues) ဟု ဆိုရိုးစကားရှိပါသည်။ ထို့ကြောင့် သေဆုံးမှုနှင့် ပတ်သက်သည့် သက်သေခံပစ္စည်းများ၊ အနီးပတ်ဝန်းကျင်တွင် တွေ့ရှိရသော သဲလွန်စများကို စနစ်တကျသိမ်းဆည်း၍ ဦးခေါင်းမပါ လူသေအလောင်းကို သက်ဆိုင်ရာဆေးရုံသို့ ပို့အပ်ရသည်။

Faces can lie, fingerprints never ဟု မှန်ကန်သောဆိုစကားရှိပါသည်။ လူတစ်ယောက်၏ မျက်နှာအသွင်သဏ္ဌာန်ကို အမျိုးမျိုးပြောင်းလဲ၍ရနိုင်သော်လည်း ထိုသူ၏ လက်ဗွေပုံစံများသည် မည်သို့မျှပြုပြင်ပြောင်းလဲ၍ မရနိုင်ပါ။ ထို့အတူ အသချေအနန္တများမွေးဖွားလာသော လူများတွင် တစ်ဦးနှင့်တစ်ဦး လက်ဗွေပုံစံများ တိုင်ဆိုင်တူညီသည်ဟုလည်း မရှိခဲ့ဖူးပါ။ ထို့ကြောင့် အမျိုးအမည်မသိသေးသော လူသေအလောင်း (Unknown Dead Body) အတွက် ရုပ်အမည်အတည်ပြုခြင်း (Identification) ကို ဆောင်ညွှင်းပေးမည့်အရာမှာ သေဆုံးသူ၏ လက်(၁၀)ချောင်းရှိ လက်ဗွေပုံစံများပင် ဖြစ်ပါသည်။

ထို့ကြောင့် သေဆုံးသူ၏ ရုပ်အလောင်းရှိ လက်(၁၀)ချောင်းမှ လက်ဗွေပါရှိသော အရေပြားများကို လှီးဖြတ်ခွာယူဖို့ လိုပါသည်။ ဤလုပ်ငန်းစဉ်ကို ဆေးပညာရှင်များက ကောင်းစွာတတ်ကျွမ်းကြပါသည်။ ကျွမ်းကျင်သူဆေးပညာရှင်၏ အကူအညီဖြင့် သေဆုံးသူ၏ လက်ဗွေပုံစံပါ အရေပြားများကို ခွာယူပါသည်။ လှီးဖြတ်ခွာယူပြီးသော အရေပြားများကို မပျက်စီးမယိုယွင်းရလေအောင်စီမံ၍ ဆေးရုံသုံး ပင်နီဆလင်ပုလင်းခွံ(၁၀)လုံးတွင် တစ်ခုချင်းစီထည့်ပါသည်။ လက်ဗွေအရေပြားပါ ပုလင်းသေး(ပင်နီဆလင်ပုလင်း)များတွင်ထည့်သွင်းထားသော လက်(၁၀)ချောင်း၏ အမျိုးအမည်ကို ပုလင်းပေါ်တွင် ထင်ရှားစွာရေးမှတ်ရပါသည်။ ဤသည်မှာ အမှုစစ်အရာရှိ၊ ဆေးပညာရှင်နှင့် လက်ဗွေပါရဂူတို့အတွက် မှုခင်းဆိုင်ရာဆေးပညာ (Foren-

sic Medicine) တစ်ရပ်ပင် ဖြစ်ပါပေသည်။

အခန်း(၄)

"ဆရာရေ .. ကားလမ်းအရှေ့ဘက် မိုင်တိုင် ၁၃၈/၁ နားမှာ သွေးစွန်းနေတဲ့ ပီနန်အိတ်တစ်လုံးတွေ့ပါတယ်။ မနက်ကအိတ်လောက်တော့ မကြီးဘူးဗျ"

ထိုနေ့ညနေ ၅ နာရီခန့်တွင် ဖြစ်သည်။ ဆေးရုံသို့ ရုပ်အလောင်းပို့ပြီး အပြန်တွင် ခေါင်းဖြတ်အသတ်ခံရသော မိန်းကလေး၏ အမှုကို ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှ (ပ)၃၆/၂၀၁၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်သည်။ ကောက်ယူသိမ်းဆည်းခဲ့သော သက်သေခံပစ္စည်းများ၊ သဲလွန်စများကို စနစ်တကျထားရှိခဲ့သည်။ သေဆုံးသူ၏ လက်ဗွေများကိုလည်း စီအိုင်ဒီသို့ အမြန်ဆုံးပေးပို့နိုင်ရန် စီစဉ်ရသည်။ ထိုသို့လုပ်ဆောင်နေစဉ် အဆိုပါအမှုကို လွှဲပြောင်းလက်ခံစစ်ဆေးရန် နေပြည်တော် မှုခင်းရဲတပ်ဖွဲ့ (စီအိုင်ဒီ)မှ စုံထောက်စံထူးနှင့်အဖွဲ့ကလည်း ရဲစခန်းသို့ ရောက်ရှိနေသည်။ ထိုစဉ် အနီးအနားရှိသူ တစ်ဦးမှ အထက်ပါစကားဖြင့် ရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားလာသည်။ ဒီသတင်းကို ကြားသိလိုက်ရသော စုံထောက်စံထူးက ..

"လာဗျာ .. ကျွန်တော်တို့အဖွဲ့လည်း တစ်ခါတည်းလိုက်ခဲ့မယ်"

ဟု ဆိုကာ မြို့နယ်ရဲတပ်ဖွဲ့နှင့် စုံထောက်စံထူးတို့အဖွဲ့လည်း သတင်းစကားရှိရာသို့ ထွက်လာကြသည်။ ရန်ကုန်-မန္တလေး(ပုံမှန်)လမ်း၊ မိုင်တိုင်အမှတ် ၁၃၈/၁ ရှိ လမ်းအရှေ့ဘက်ခြမ်းသို့ ရောက်သည်။ ထိုနေရာသည် တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ညောင်ပင်သာရဲစခန်းအပိုင်ဖြစ်သည်။ သွေးများစွန်းပေနေသော အဖြူရောင်ပီနန်အိတ်၏ ထိပ်ပိုင်းကို အလောင်းအိတ်တွင် ချည်နှောင်သည့် စိမ်းပြာရောင်နိုင်လွန်ဇာကွက်ကြိုးဖြင့် ချည်ထားသည်။

ထိုအိတ်ကို ဖွင့်ဖောက်ကြည့်ရာ အတွင်း၌ ပလတ်စတစ်အိတ်အမည်းရောင် အထုပ်ကိုတွေ့သည်။ ထိုအထုပ်အတွင်း၌ မိန်းကလေးဦးခေါင်းပြတ်နှင့်အတူ သွေးများစွန်းပေနေသော ပိုနန်အိတ်အဖြူနှစ်လုံး၊ သေဆုံးသူဝတ်ဆင်သည်ဟု ထင်ရသော ထုံးနနွင်း(သုံးဘီးကား)ရောင် ထဘီတစ်ထည်၊ အဖြူအပြာကွက်ရောင်ရှပ်အင်္ကျီတစ်ထည်နှင့် ခေါင်းအုံးစွပ်အဟောင်းတစ်ခု၊ စွပ်ကျယ်စဖြင့် ရက်ထားသော အစင်းကြားခြေသုတ်ခုံတစ်ခုတို့ကို တွေ့ရသည်။ သက်သေခံအထုပ်ကို သယ်ယူ၍ ဆေးရုံသို့ သွားကြသည်။

ဖြူးမြို့နယ်၊ ပြည်သူ့ဆေးရုံရှိ ရင်ခွဲရုံသို့အရောက်တွင် သေဆုံးသူမိန်းကလေး၏ ဦးခေါင်းနှင့်ကိုယ်တို့ကို တစ်ဆက်တစ်စပ်တည်းဖြစ်စေရန် ရင်ခွဲစစ်ဆေးသည့် ဆရာဝန်အား အကူအညီတောင်းခံရပါသည်။ ရင်ခွဲစစ်ဆေးမှုပြုသူဆေးပညာရှင်ကလည်း အမှုမှန်ပေါ်ပေါက်ရေးအတွက် မိမိတတ်ကျွမ်းသောပညာဖြင့် ကူညီပေး၏။ ထို့နောက် သေဆုံးသူမိန်းကလေး၏ ရုပ်ပုံကို ဓာတ်ပုံဖြင့် မှတ်တမ်းတင်၏။ ခန္ဓာကိုယ်တွင် ထူးခြားသော အမှတ်အသားများကိုလည်း ဓာတ်ပုံပညာဖြင့် အနီးကပ်ရိုက်ကူး၏။ သေဆုံးသူမိန်းကလေး၏ လက်ဝဲဘက်လက်ဖျံတွင် အသည်းနှလုံးအတွင်း 'ထွေး' ဟူသော စာလုံးအား ဓားစိုက်ထားသော ဆေးမှင်ရုပ်ရေးထိုးထားသည်။ သေဆုံးသူ၏ ခန္ဓာကိုယ်ကို သန့်ရှင်းစင်ကြယ်အောင် မွန်းမံပြီးနောက် ဓာတ်ပုံဖြင့် မှတ်တမ်းတင်သည်။ ထို့နောက် အမှုစစ်အရာရှိ စုံထောက်စံထူးက ..

''သေဆုံးသူမိန်းကလေးရဲ့ အသက်အရွယ်အပိုင်းအခြားကို ဆရာ့အနေနဲ့ ဘယ်လိုများ ထင်မြင်ယူဆပါသလဲ ခင်ဗျ''

ဤမေးခွန်းကလည်း သေဆုံးသူ မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုမှုပြုရာတွင် အထောက်အကူဖြစ်စေမည့် စကားရပ်ပင်ဖြစ်ပါသည်။ သေဆုံးသူ၏ ခန္ဓာကိုယ်ဖွဲ့စည်းမှုကို ကြည့်ရှု၍ ကျွမ်းကျင်သူဆေးပညာရှင်က ..

''အသက် ၃၅ နှစ်နဲ့ ၄၅ အတွင်းပဲဖြစ်နိုင်ချေ ရှိပါတယ်''

ဟု ထင်မြင်ချက် (Opinion) ပေးပါသည်။ မှုခင်းဆိုင်ရာဆေးပညာနှင့် ပတ်သက်၍ ပြုကျင့်ဖွယ်ရာတို့ကို လုပ်ဆောင်ပြီးနောက် စုံထောက်စံထူးနှင့် အဖွဲ့လည်း ဖြူးမြို့နယ်ရဲတပ်ဖွဲ့သို့ ထွက်လာခဲ့ကြသည်။

မြို့နယ်ရဲတပ်ဖွဲ့စခန်းတွင် အမှုနှင့်ပတ်သက်သည့် စာရွက်စာတန်းများ၊ သက်သေခံပစ္စည်းများ၊ သဲလွန်စများကို စုံထောက်စံထူးနှင့်အဖွဲ့က စနစ်တကျလွှဲပြောင်းလက်ခံရယူသည်။ သေဆုံးသူ၏ လက်(၁၀)ချောင်းပါ လက်ဗွေနမူနာများကိုလည်း မြို့နယ်ရဲတပ်ဖွဲ့အကူအညီဖြင့် မှုခင်းရဲတပ်ဖွဲ့ (စီအိုင်ဒီ)ရှိ လက်ပုံစံကျွမ်းကျင်သူထံသို့ အဆောတလျင်ပေးပို့စေပါသည်။ ထို့နောက် အမှုစစ်အရာရှိစုံထောက်စံထူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှအရာရှိများ ဝိုင်းဖွဲ့၍ အမှုအတွက် ဆွေးနွေးကြသည်။

''သေဆုံးသူရဲ့ ခန္ဓာကိုယ်စွန့်ပစ်တဲ့နေရာမှာ ကျကျန်ရစ်တဲ့ သဲလွန်စတွေအရပြောရရင် အလောင်းကို ဆိုင်ကယ်နဲ့တင်ပြီး လာစွန့်ပစ်တာ သေချာသလောက်ရှိပါတယ်''

ဟု စုံထောက်စံထူးမှ စတင်ဖွင့်ဆိုပါသည်။ ထို့နောက် ရဲစခန်းမှူးက. .

''ဖြစ်နိုင်ပါတယ်။ ဆိုင်ကယ်နဲ့ဆိုတော့ ဒီအလောင်းကြီးကို ဝေးဝေးလံလံသယ်ယူလာတာ မဖြစ်နိုင်ပါဘူး။ သတ်သူဟာ ဘယ်အရပ်ဒေသကဆိုတာ မပြောနိုင်ပေမယ့် အသက်ခံရတဲ့ မိန်းကလေးဟာ ကျွန်တော်တို့ အနီးအနားပတ်ဝန်းကျင်က ဖြစ်ဖို့များပါတယ်''

''ဟုတ်ပါတယ်၊ ဒါကြောင့်မို့လို့ မြို့နယ်ရဲတပ်ဖွဲ့အနေနဲ့ ဖြူးမြို့နယ်လက်အောက်မှာရှိတဲ့ အပိုင်ရဲစခန်းတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို အသိပေးအကြောင်းကြားပြီး သေဆုံးသူ မည်သူမည်ဝါဆိုတာကို အဖြေသိရမှ ကျွန်တော်တို့ ရှေ့ဆက်လို့ရမှာပါ။ ကျွန်တော်တို့အဖွဲ့ကတော့ တောင်ငူတပ်ဆွယ်မှာ အခြေချပြီး တောင်ငူခရိုင်အတွင်း စုံစမ်းလေ့လာပါ့မယ်''

''သေဆုံးသူရဲ့ လက်(၁၀)ချောင်းက လက်ဗွေပုံစံတွေရရင်တော့ ဆရာကိုစံထူးတို့အတွက် ထူးခြားမှုတစ်ခုရရှိမှာပါ''

''မှန်ပါတယ် ခင်ဗျ။ ဒါကြောင့် သေဆုံးသူရဲ့ လက်ပုံစံအမြန်ရဖို့နဲ့ လက်ပုံစံကျွမ်းကျင်သူတွေကိုလည်း ကျွန်တော်တို့အခြေချမယ့် တောင်ငူခရိုင်ရုံးကို ခေါ်လိုက်ပါမယ်''

## အခန်း(၅)

''ကျွန်တော်တို့ ရောက်ပါပြီ။ သေဆုံးသူရဲ့ လက်ပုံစံ ၁၀ ချောင်းလုံး ကောင်းပါတယ်''

စုံထောက်စံထူးနှင့်အဖွဲ့သည် တောင်ငူမြို့ရှိ မူခင်းရဲတပ်ဖွဲ့တပ်စိတ်(၃)တွင် အခြေချနေပါသည်။ သေဆုံးသူမိန်းကလေး၏ ရုပ်အလောင်းဓာတ်ပုံနှင့် ဝဲဘက်လက်တွင် ရေးထိုးထားသော ဆေးမှင်ကြောင်အမှတ်အသားဓာတ်ပုံတို့အား ရဲတပ်ဖွဲ့နှင့်သက်ဆိုင်သော အင်တာနက်တွင် ထုတ်လွှင့်ပါသည်။ အဆိုပါမိန်းကလေး၏ အမည်၊ နေရပ်နှင့် ဆက်နွှယ်သိရှိပါက ဆက်သွယ်အကြောင်းကြားရန် တယ်လီဖုန်းနံပါတ်နှင့် လိပ်စာတို့ကိုလည်း ဖော်ပြထားပါသည်။ ထို့ပြင် ဓာတ်ပုံများကိုလည်း ရိုက်ကူးပွားများ၍ တောင်ငူခရိုင်နှင့် ပဲခူးခရိုင်အတွင်းရှိ တိုင်း၊ ခရိုင်နှင့် ရဲစခန်းများသို့ ကူညီစုံစမ်းပေးရန် လက်ကမ်းစာဖြန့်ဝေခဲ့ပါသည်။

သေဆုံးသူ၏အမည်၊ နေရပ်ရရှိရေးအတွက် စိုက်လိုက်မတ်တတ်ဆောင်ရွက်နေစဉ် ရုံးခန်းဝင်ပေါက်မှ အထက်ပါစကားသံကြောင့် အသံလာရာသို့ မော့ကြည့်မိသည်။ ရုံးခန်းအဝတွင် မှုခင်းသိပ္ပံနှင့်နည်းပညာဌာနခွဲ၊ လက်ပုံစံဌာနစုမှ လက်ဗွေပါရဂူ စုံထောက်မေစံထားနှင့်အဖွဲ့ကို တွေ့သည်။ မြင်ကွင်းကိုကြည့်၍ စုံထောက်စံထူးက . .

''ဟာ . . မေစံထားလည်း ပါလာတာကိုး။ လာ ထိုင်ကြကွာ''

စုံထောက်မေစံထားနှင့်အဖွဲ့ စုံထောက်စံထူး၏ စားပွဲရှေ့ရှိ ထိုင်ခုံများတွင် ဝင်ထိုင်ကြသည်။ ထို့နောက် စုံထောက်မေစံထားက သူမ၏ အိုင်အိုဘောက်(စ်)ထဲမှ လိုမ့်နှိပ်ထားသော လက်ပုံစံစာရွက်နှင့် ရိုက်ကူးထားသော လက်ပုံစံဓာတ်ပုံများကိုထုတ်ယူ၍ စားပွဲပေါ်သို့ တင်သည်။ ထို့နောက် လက်ဗွေပညာရှင် စုံထောက်မေစံထားက ..

''သေဆုံးသူမိန်းကလေးရဲ့ လက်ပုံစံဟာ တော်တော်ကို ထူးခြားပါတယ် ဆရာ''

''ဘယ်လိုထူးခြားတာလဲ မေစံထားရဲ့''

''လက်ပုံစံ (၁၀)ချောင်းလုံးမှာ (၉)ချောင်းဟာ လှိုင်ဗွေတွေပဲဖြစ်ပြီး ဘယ်ဘက်လက်ညှိုးတစ်ချောင်းက ခရုပတ်ဗွေဖြစ်နေလို့ပါ''

ဟု ဆိုကာ သေဆုံးသူမိန်းကလေး၏ လက်ဗွေပုံစံဖော်ထုတ်မှုကို စုံထောက်မေစံထားက အောက်ပါအတိုင်း ဖွင့်ဆိုပြပါသည်။

ရုပ်အလောင်းတွေ့ရှိပြီး နောက်တစ်နေ့တွင် သေဆုံးသူမိန်းကလေး၏ အရေခွံခွာထားသော လက်ပုံစံများ ရောက်ရှိလာသည်။ ထိုလက်ဗွေပါ အရေခွံများကို လက်ပုံစံယူကိရိယာတွင် အံဝင်ဂွင်ကျစွပ်၍ လက်ဗွေနှိပ်မှင်ဖြင့် သုတ်လိမ်းပြီး ဓာတ်ပုံပညာဖြင့် အနီးကပ်ရိုက်ကူးသည်။ ထို့နောက် မှင်သုတ်လိမ်းထားသော လက်ဗွေကို သက်ဆိုင်ရာပုံစံကွက်၌ စနစ်တကျလိုမ့်နှိပ် လက်ဗွေအဖြစ် ရယူသည်။ ရယူပြီးသော လက်ဗွေပါ လက်ပုံစံ(၁၀)ချောင်း စလုံးကို မှုခင်းမှတ်တမ်းဌာနခွဲရှိ မိန်းကလေး လက်ပုံစံများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်သည်။ ပြစ်မှုဖြင့် မှတ်တမ်းရယူထားသော လက်ဗွေများနှင့် သေဆုံးသူမိန်းကလေး၏ လက်ဗွေတို့မှာ တူညီတိုက်ဆိုင်မှုမရှိခဲ့ပါ။ ထို့ကြောင့် သေဆုံးသူမိန်းကလေးသည် ရာဇဝတ်ပြစ်မှုဖြင့် အရေးယူအပြစ်ပေးခံခဲ့ရသော လက်ဗွေလူဆိုးမဟုတ်ကြောင်း သိရသည်။ သို့သော် အခင်းဖြစ်ပွားရာ အရပ်ဒေသနှင့် ပတ်ဝန်းကျင်ရှိ လဝကရုံးများမှ မိန်းကလေးလက်ဗွေ

ပုံစံများဖြင့် တိုက်ဆိုင်စစ်ဆေးရန်ဖြစ်ကြောင်း ပြောဆိုပြပါသည်။ မေစံထား၏ စကားအဆုံးတွင် စုံထောက်စံထူးက ..

''ဆရာကတော့ သေဆုံးတဲ့မိန်းကလေးဟာ တောင်ငူခရိုင်ထဲက ဖြစ်မယ်လို့ ယူဆတယ်ကွ''

''ဟုတ်ကဲ့ပါ ဆရာ''

''တောင်ငူခရိုင်ထဲမှာက တောင်ငူ၊ ဖြူး၊ ရေတာရှည်၊ ထန်းတပင်၊ ကျောက်ကြီးနဲ့ အုတ်တွင်းစတဲ့ မြို့နယ်လဝကရုံး(၆)ရုံးရှိတယ်။ အဲဒီ (၆) မြို့နယ်မှာ မှတ်ပုံတင်လက်ဗွေပုံစံရယူထားတဲ့ မိန်းကလေးဦးရေက (၁၀) သိန်းလောက်ရှိတယ်လို့ ဆရာလေ့လာသိရတယ်''

''ဘုရား .. ဘုရား ဆရာရယ်၊ အဲဒီမိန်းကလေး (၁၀)သိန်းရဲ့ လက်ပုံစံတွေကိုသာ အကုန်စစ်ရမယ်ဆိုရင် ဆရာ့တပည့်မေစံထားအတွက် အိမ်ထောင်ဖက်အဖြစ် တောင်ငူသားတစ်ယောက်နဲ့ အိမ်ထောင်ပြုရမလို ဖြစ်နေပြီ''

''အဲဒီအတွက်တော့ မပူပါနဲ့ မေစံထားရယ်၊ ဆရာကိုယ်တိုင် ရှာထားပြီးပါပြီ''

''ဘာရှာထားတာလဲ ဆရာရဲ့၊ ကျွန်မက တင်စားပြီး ပြောတာပါ''

''ဟုတ်ပါတယ်၊ ဆရာရှာထားတယ်ဆိုတာကလည်း မေစံထားတို့လုပ်ငန်းအတွက် အဖြေရှာထားတာကို ပြောတာပါ''

စုံစမ်းစစ်မေးသူ၏ ဝိဇ္ဇာပညာရပ်နှင့် နည်းပညာရှင်သိပ္ပံပညာရပ်တို့မှာ အပြန်အလှန်အကြောင်းအကျိုးပြုပါသည်။ ယခုအမှုတွင် ဝိဇ္ဇာပညာရှင်က သိပ္ပံပညာရှင်အား အထောက်အကူပြုပုံကို ညွှန်းဆိုချင်ပါသည်။ အမှုစစ်အရာရှိစုံထောက်စံထူးက သေဆုံးသူမိန်းကလေး၏ အသက်အရွယ်ကို ကျွမ်းကျင်သူဆေးပညာရှင်(ဆရာဝန်)အား ထင်မြင်ချက် (Opinion) တောင်းဆိုခဲ့ရာ အသက်(၃၅)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ကြောင်း ခန့်မှန်း

ပေးသည်။ ထို့ကြောင့် တောင်ငူခရိုင်အတွင်းရှိ လဝကရုံးများမှ ခန့်မှန်းပေးထားသော အသက်အရွယ်အတွင်းရှိ မိန်းကလေးများ၏ လက်ဗွေပုံစံကိုသာ ရယူရမည်ဖြစ်သည်။ ထိုကိစ္စကိုလည်း အမှုစစ်အရာရှိစုံထောက်စံထူးမှ ကြိုတင်မေးမြန်းစုံစမ်းထားရာ တောင်ငူခရိုင်၌ ခန့်မှန်းအသက်အရွယ်အတွင်း မိန်းကလေးလက်ဗွေပုံစံ ကိုးသောင်းကျော်ရှိကြောင်း သိရှိရပုံကို စုံထောက်စံထူးက နည်းပညာရှင်စုံထောက်မေစံထားအား ခင်းပြသည်။

"တော်သေးတာပေါ့ ဆရာရယ်၊ ဆရာ့ရဲ့ ဝိဇ္ဇာပညာအသိကြောင့် ကျွန်မတို့အတွက် အချိန်ကုန်လူပင်ပန်းမှုသက်သာသွားတာပေါ့"

ဤသို့ဖြင့် လက်ဗွေပညာရှင်စုံထောက်မေစံထားနှင့်အဖွဲ့သည် တောင်ငူခရိုင်အတွင်းရှိ လဝကရုံးများမှ နိုင်(၂)ပုံစံပါ မိန်းကလေးလက်ဗွေပုံစံများကို သေဆုံးသူ လက်ဗွေပုံစံများနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ကြသည်။ ထို့အတူ စုံထောက်စံထူးနှင့်အဖွဲ့ကလည်း တောင်ငူခရိုင်အတွင်း တပ်ဖြန့်ကာ ခေါင်းဖြတ်အသတ်ခံရသူမိန်းကလေး၏ အမည်နေရပ်ရဖို့အတွက် ..

## အခန်း(၆)

"အဲဒီလိုနဲ့ နှစ်လစွန်းစွန်းလောက်ရောက်လာတော့ တိုက်ဆိုင်စစ်ဆေးတဲ့ လက်ဗွေကိုးသောင်းကျော်လည်း ကုန်သွားခဲ့ပြီ။ ဒါပေမဲ့ သေဆုံးသူမိန်းကလေးရဲ့ လက်ဗွေနဲ့တူညီတယ်ဆိုတဲ့ အဖြေက ထွက်မလာခဲ့ဘူး။ ရှာလည်ပြီး စုံစမ်းခဲ့တဲ့ ကျွန်တော်တို့အဖွဲ့လည်း ထီးဖြူဘိနပ်ပါးပဲ ဖြစ်ခဲ့ရတယ် အစ်ကိုရဲ့"

ဟု စုံထောက်စံထူးက လုပ်ငန်းအောင်မြင်မှုမရှိပုံကို ဖွင့်ဆိုပြပါသည်။ ဒီတော့ စာရေးသူက ..

"ဒီလိုပဲပေါ့ ကိုစံထူးရယ်၊ လုပ်ငန်းတစ်ခု အောင်မြင်တိုးတက်မှုဆိုတာဟာ ကံ၊ ဉာဏ်၊ ဝီရိယ အရေးသုံးပါးစလုံးနဲ့ ပတ်သက်တယ်ဗျ။

ဉာဏ်နဲ့ဝီရိယအားထုတ်မှုကောင်းသော်လည်း ကံက မဖက်သေးရင် ဒီလိုပဲ လွဲချော်မှုလေးတွေ ဖြစ်တတ်ပါတယ်''

''ဟုတ်ပါတယ် အစ်ကို၊ ကံဖက်လာတဲ့ တစ်နေ့မှာ အဲဒီသေဆုံးတဲ့ မိန်းကလေးရဲ့ အမည်နဲ့နေရပ်ကို လွယ်လွယ်ပဲ ဖော်ထုတ်ရရှိခဲ့ပါတယ်''

''ဆိုစမ်းပါဦးဗျ။ ခင်ဗျားအမှုက ဇာတ်ရှိန်တက်လာပြီ''

အခင်းဖြစ်ပြီး တစ်နှစ်နီးပါးခန့်အကြာ စုံထောက်စံထူးအခြေပြုရာ မှုခင်းတပ်ဆွယ်သို့ အမျိုးသမီးတစ်ဦးရောက်လာခဲ့သည်။ ထိုအမျိုးသမီးမှာ ပဲခူးခရိုင်၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်းမြို့နေ မစန်းစန်းဖြစ်သည်။ မစန်းစန်းက ညီမဖြစ်သူ မသန်းထွေးမှာ လွန်ခဲ့သော တစ်နှစ်ခန့်က ပျောက်ဆုံးသွားခဲ့ကြောင်း ဆိုသည်။ ပျောက်ဆုံးသွားသူ မသန်းထွေး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၇/ကတခ(နိုင်)၀၉၆၆၄၂ ဖြစ်ပြီး ယခု ယူဆောင်လာသော ပျောက်ဆုံးသူ၏ မှတ်ပုံတင်ကိုပါ စုံထောက်စံထူးထံသို့ အပ်ပေးသည်။

ပျောက်ဆုံးသူမသန်းထွေး၏ မှတ်ပုံတင်ကို ကိုင်တွယ်ကြည့်ရှုကာ စုံထောက်စံထူး၏ ရင်တွင်းမှခံစားရသော သံစဉ်များကို ဖွင့်ပြချင်ပါသည်။ တစ်ခုသော သံစဉ်မှာ ပျောက်ဆုံးသူမသန်းထွေးသည် ဦးခေါင်းဖြတ်အသတ် ခံရသော မိန်းကလေးအမှန်တကယ်ဖြစ်ခဲ့ပါလျှင် အမှောင်တွင်းထဲသို့ ရောက်ရှိနေသော အမှုမှာ အလင်းသို့ရောက်ရှိတော့မည်ဖြစ်၍ မိမိလုပ်ငန်းအတွက် ဂုဏ်ယူဝင့်ကြွားသော သံစဉ်တစ်ခု။ နောက်သံစဉ်တစ်ခုမှာ မိန်းကလေး တစ်ဦးအတွက် ရှိသင့်ရှိထိုက်သော ရူပကာရှိပါလျက် အားနွဲ့သူအား ဤမျှ ရက်ရက်စက်စက်ပြုကျင့်သူအပေါ် မကျေနပ်မှုသံစဉ်နှင့် အသတ်ခံရသူ မိန်းကလေး၏ ဖြစ်စဉ်ကို ကရုဏာသက်မိခြင်းပင်ဖြစ်ပါသည်။

မည်သို့ရှိစေ အဖြစ်မှန်ကို အဖြေထုတ်ဖို့အတွက် ပျောက်ဆုံးသူ၏ မှတ်ပုံတင်ကို စုံထောက်စံထူးမှ ရယူခဲ့သည်။ ထို့နောက် ပဲခူးခရိုင်၊ ကျောက်

တံခါးမြို့နယ် လဝကရုံးမှ ပျောက်ဆုံးသူ မသန်းထွေး၏ မှတ်ပုံတင်နံပါတ်ပါ နိုင်(၂)ပုံစံရှိ လက်ဗွေပုံစံများကို တောင်းယူခဲ့သည်။ ပျောက်ဆုံးနေသူ မသန်းထွေး၏ မှတ်ပုံတင်၊ လဝက၏ နိုင်(၂)ပုံစံများ လက်ဝယ်ရရှိထားပြီးဖြစ်၍ အမှုစစ်အရာရှိစုံထောက်စံထူးက ..

''ဖော်လွင်ဦးရေ''

''ဟုတ်ကဲ့ဆရာ .. လာပါပြီ''

''မင်း .. ဟောဒီမှတ်ပုံတင်နဲ့ နိုင်(၂)ပုံစံတွေကိုယူပြီး တို့လက်ပုံစံဌာနက လက်ဗွေကျွမ်းကျင်သူဆီ အခုပဲသွားကွာ။ ဟိုမှာရှိနေတဲ့ ဖြူးက Unknown Dead Body လက်ဗွေနဲ့ ချက်ချင်းတိုက်စစ်ပေးဖို့ပြော။ ငါလည်း ဖုန်းဆက်ထားပေးမယ်။ စစ်ဆေးချက်အဖြေကို မင်းနဲ့တစ်ပါတည်း ပြန်ယူခဲ့ကွာ။ စစ်ဆေးပြီးလို့ ထူးခြားချက်ရှိရင် ငါ့ဆီချက်ချင်းဖုန်းဆက်ကွာ''

''ဟုတ်ကဲ့ ဆရာ''

ပျောက်ဆုံးသူ မသန်းထွေး၏ လက်ဗွေပုံစံနှင့် အမည်၊ နေရပ်မသိသေဆုံးသူတို့၏ လက်ဗွေပုံစံတူညီမှု ရှိ/မရှိကို အဖြေထုတ်ပေးဖို့မှာ လက်ပုံစံကျွမ်းကျင်သူ၏ ပညာရပ်ပင်ဖြစ်ပါသည်။ ထိုအဖြေစကားထွက်မလာမီ ပျောက်ဆုံးသူ မသန်းထွေး၏ အကျိုးအကြောင်းကို သိလို၍ စုံထောက်စံထူးက ..

''တစ်နှစ်နီးပါးရှိမှ ညီမဖြစ်တဲ့ မသန်းထွေးပျောက်ဆုံးနေတာကို သိတယ်ဆိုတော့ .. ဘယ်လိုဘယ်ပုံသိတယ်ဆိုတာ ပြောပြပါလား''

မသန်းထွေးသည် တောက္ကဲ့အင်းဇာတိဖြစ်၍ အသက်(၁၆)အရွယ်တွင် အမျိုးသားတစ်ဦးနှင့် အိမ်ထောင်ကျခဲ့ပြီး သားတစ်ယောက်ရရှိခဲ့ပါသည်။ အိမ်ထောင်သက်(၇)နှစ်တွင် သဘောချင်းမတိုက်ဆိုင်၍ အိမ်ထောင်ကွဲခဲ့ကြသည်။ ၂၀၀၈ ခုနှစ်တွင် မသန်းထွေးသည် ဘားအံမြို့သို့ သွားရောက်၍ အရောင်းအဝယ်အလုပ်ကို လုပ်ကိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ဘားအံမြို့မှ

တောကျွဲအင်းသို့ ပြန်ရောက်လာသည်။ သူမ၏ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို အစ်မဖြစ်သူ မစန်းစန်းထံတွင်ထားရှိပြီး အစ်ကိုဖြစ်သူ ကိုခိုင်ဝင်း၊ အဒေါ်ဝမ်းကွဲတော်သူမစန်းထွေးနှင့် ခင်မင်ရင်းနှီးသူများ၏နေအိမ်များတွင် ညအိပ်ညနေ ရက်ရှည်စွာ လှည့်လည်နေထိုင်လေ့ရှိသည်။ တစ်ခါတစ်ရံ မည်သူ့ကိုမျှအသိမပေးဘဲ ဘားအံမြို့သို့ဖြစ်စေ၊ တခြားမြို့ရွာသို့ဖြစ်စေ သွားလေ့ရှိသည်။

မသန်းထွေး၏သားသည် အသက်(၂၀) ကျော် (၂၅)ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသည်။ မကြာမီရက်ပိုင်းက ထိုကလေးသည် တောကျွဲအင်းသို့ ရောက်ရှိလာသည်။ မိခင်ဖြစ်သူ မသန်းထွေးကို တောကျွဲအင်းတွင် မတွေ့၍ မေးမြန်းစုံစမ်းရာ မည်သူကမှ အဖြေမပေးနိုင်ဘဲ ရှိနေခဲ့သည်။ မိခင်နေထိုင်ခဲ့ဖူးသော ဘားအံမြို့သို့ ဆက်သွယ်စုံစမ်းသော်လည်း ဘားအံမြို့တွင် မရှိကြောင်းသိရသည်။ ထို့ကြောင့် မြည်ပနိုင်ငံပြန်ထွက်ဖို့ နိုင်ငံကူးလက်မှတ်လုပ်ရန် မိခင်မသန်းထွေး၏ မှတ်ပုံတင်ကိုမေးရာ အဒေါ်ဖြစ်သူ မစန်းစန်းက ၎င်းထံတွင် မိခင်မသန်းထွေး၏ မှတ်ပုံတင်ရှိကြောင်း ပြောဆိုပြီး ထုတ်ပေးသည်။ ဒီတော့ သားဖြစ်သူက မိခင်မှာမှတ်ပုံတင်မရှိဘဲ ဤမျှကြာကြာခရီးသွား၍ မဖြစ်နိုင်ကြောင်း။ ထို့ကြောင့်သက်ဆိုင်ရာသို့အကြောင်းကြားရန် ပြောဆိုခဲ့သည်။ ထို့ကြောင့် သက်ဆိုင်ရာနယ်မြေမှတဆင့် ယခုစုံထောက်စံထူးသို့ ရောက်ရှိခဲ့ရကြောင်း။ ပျောက်ဆုံးနေသူ မသန်းထွေး၏အစ်မ မစန်းစန်းက ပြောဆိုပြသည်။ မစန်းစန်း၏ စကားအဆုံးတွင် စုံထောက်စံထူးက ..

''ကျွန်တော်မသိလို့ မေးပါရစေဗျာ''

''ဟုတ်ကဲ့ မေးပါဆရာ''

''ခင်ဗျားတို့နေတဲ့ တောကျွဲအင်းနဲ့ဖျူးမြို့ဟာ ဘယ်လောက်ဝေးလို့လဲ''

''မဝေးပါဘူးဆရာ''

''ဖြူးရဲစခန်းအပိုင် ကားလမ်းဘေးမှာ မိန်းကလေးတစ်ယောက်ကို ခေါင်းဖြတ်သတ်ပြီး လာပစ်သွားတယ်ဆိုတာ မသိလိုက်ဘူးလား''

''သတင်းတော့ကြားမိပါတယ်။ ဂဃနဏတော့ မသိပါဘူး''

''အခုပျောက်ဆုံးနေတဲ့ ခင်ဖျားညီမ မသန်းထွေးဟာ လွန်ခဲ့တဲ့ တစ်နှစ်နီးပါးက ခေါင်းဖြတ်အသတ်ခံရတဲ့ မိန်းကလေးဖြစ်နေရင် ..''

## အခန်း(၇)

''သေချာပါတယ် ဆရာ၊ မသန်းထွေးရဲ့ မှတ်ပုံတင်ပါ လက်ဝဲလက်မနဲ့ လဝကရဲ့ နိုင်(၂)ပါ လက်(၁၀)ချောင်း လက်ဗွေပုံစံတွေဟာ သေဆုံးသူမိန်းကလေးရဲ့ လက်(၁၀)ချောင်းပါ လက်ဗွေပုံစံတွေနဲ့ တစ်ထပ်တည်းတူညီပါတယ်''

ဟု လက်ပုံစံကျွမ်းကျင်သူ စုံထောက်မေစံထားကိုယ်တိုင် အမှုစစ်အရာရှိ စုံထောက်စံထူးသို့ တယ်လီဖုန်းဖြင့် ကြိုတင်သတင်းပါးခဲ့ပါသည်။ ထို့ကြောင့် ဤအမှုတွင် ခေါင်းဖြတ်အသတ်ခံရသော မိန်းကလေးမှာ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်းဇာတိ၊ အောင်ဇေယျရပ်ကွက်နေ(ဖ) ဦးချစ်ဆိုင်၏သမီး အသက်(၄၁)နှစ်ရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၇/ကတန(နိုင်)၀၉၆၆၄၂ ကိုင်ဆောင်သူ မသန်းထွေးဖြစ်ကြောင်း၊ သေဆုံးသူ၏ ရုပ်၊ အမည် အတည်ပြုရရှိခဲ့ပုံကို စုံထောက်စံထူးမှ စာရေးသူသို့ အကျယ်တဝင့် ဖွင့်ဆိုပြသည်။

မှုခင်းများကို စုံစမ်းဖော်ထုတ်ရသော အမှုစစ်များမှာ အမှုမှန်ဖော်ထုတ်ဖို့အတွက် တံတားကြီး(၃)စင်းကို ကျော်ဖြတ်ရပါသည်။ ထိုတံတားကြီး(၃)စင်းစလုံးခိုင်ခန့်တောင့်တင်းပါမှ လိုရာခရီးကို ရောက်ရှိမှာဖြစ်သည်။ ပထမတံတားမှာ အခင်းဖြစ်အရပ်ပင်ဖြစ်သည်။ ထိုအခင်းဖြစ်အရပ်တွင် ထင်ဟတ်ကျန်ရှိနေသော သက်သေခံပစ္စည်း၊ သဲလွန်စခြေရာလက်ရာတို့မှာ မကျိုး

မပျက် ပကတိအတိုင်း တည်ရှိဖို့လိုသည်။ ထိုပထမတံတားမှာ ပျက်စီးကျိုး ပြတ်နေပါက ရှေ့ဆက်ဖို့ အခက်အခဲရှိပါသည်။ ထို့ကြောင့် ရာဇဝတ်ပြစ်မှု တိုင်းတွင် ပထမတံတားတစ်စင်းဖြစ်သော အခင်းဖြစ်အရပ်မကျိုးပျက်ဖို့ လိုပါသည်။

ဒုတိယတံတားမှာ မြင်တွေ့ကြားသိကြသော စကားပြောတတ်သည့် သက်သေ (Oral Evidence) နှင့် စကားမပြောတတ်သောသက်သေ (Mute Evidence) တို့ဖြစ်သည်။ သက်ရှိသက်သေဖြစ်သော လူပုဂ္ဂိုလ်များကလည်း တွေ့မြင်ကြားသိမှုကို မဖုံးမကွယ်ဘဲ မှန်မှန်ကန်ကန်သစ္စာရှိစွာ ပြောဆိုပြ ဖို့လိုသည်။ ဤသို့မဟုတ်ဘဲ ရှုံးရောက်၊ ဂါတ်ရောက် အမုန်းပွားမည်စိုး၍ မျက်နှာလွှဲခဲပစ်နေခဲ့ပါလျှင် ဒုတိယတံတားကျိုးကျသကဲ့သို့ ရှိပါမည်။ ထို့အတူ သက်မဲ့သက်သေဖြစ်သော သဲလွန်စများ၊ သက်သေခံပစ္စည်းများ၊ ပြစ်မှုဖြင့် ဆက်စပ်သော အကြောင်းအရာများကိုလည်း ကျွမ်းကျင်သူပညာရှင်များ၏ မှန်ကန်သောထင်မြင်ချက် (Opinion) သည်လည်း ဒုတိယတံတားပင်ဖြစ် သည်။ထို့ကြောင့် သက်ရှိ၊ သက်မဲ့တို့၏ တာဝန်သိမှု၊ မှန်ကန်မှုသည် ဒုတိယ တံတား မကျိုးမပြတ်ခြင်းဖြစ်သည်။

တတိယတံတားမှာ ပြစ်မှုကျူးလွန်သူ တရားခံအစစ်အမှန်ကို ဖော် ထုတ်ခြင်းနှင့် အထောက်အထားအခိုင်အမာတည်ဆောက်ခြင်းဖြစ်သည်။ ထိုတံတားသည် အမှုစစ်အရာရှိ၏ အရည်အချင်းနှင့် အတွေ့အကြုံပင်ဖြစ် သည်။ ပထမတံတားကလည်း မကျိုး၊ ဒုတိယတံတားကလည်း ခိုင်မာပါ လျက် တတိယတံတားကျိုးနေပါက ပြစ်မှုကျူးလွန်သူတရားခံအတွက် အခွင့် အရေးရရှိကာ အမှုပျက်ပြယ်သွားနိုင်ပါသည်။ ထို့ကြောင့် အမှုစစ်အရာရှိ သည် မိမိစစ်ဆေးသော အမှုတွင် တံတားကြီး(၃)စင်း မကျိုးစေရန်အစဉ် သတိရှိဖို့ လိုအပ်ပါသည်။

ယခုအမှုတွင် ပထမတံတားတစ်စင်း၏ ကြံ့ခိုင်မှုကြောင့် သေဆုံးသူ

မည်သူမည်ဝါဆိုသည်ကို အဖြေထုတ်၍ရခဲ့ပြီဖြစ်သည်။ ထို့အတူ အခင်းဖြစ်အရပ်၌ ထင်ဟပ်ကျန်ရှိခဲ့သော စကားမပြောတတ်သည့် သက်မဲ့သဲလွန်စများ၊ သက်သေခံပစ္စည်းများကို စကားပြောတတ်လာအောင် အသက်သွင်း၍ ဒုတိယတံတားကို တက်လှမ်းရပေတော့မည်။ ထို့ကြောင့် စာရေးသူက ..

''ဒုတိယတံတားခိုင်ခန့်အောင် ကိုစံထူးက ဘယ်လိုတည်ဆောက်ခဲ့တယ်ဆိုတာလေး ဆက်ပါဦး''

''သေဆုံးသူ မသန်းထွေးဟာ သူ့အရပ်သူ့ဒေသမှာ အသတ်ခံရတယ်လို့ ယူဆပါတယ်။ မိန်းမသားတစ်ယောက်ကို အဲဒီလောက် ရက်ရက်စက်စက်သတ်ရတဲ့အကြောင်းကို စတင်လေ့လာခဲ့ပါတယ်။ ဒါကြောင့် သေဆုံးသူနဲ့ပတ်သက်ပြီး သူ့ရဲ့နောက်ကြောင်းကို လိုက်ကြည့်ပါတယ်''

သေဆုံးသူ မသန်းထွေးသည် အိမ်ထောင်ပျက်၊ တစ်ခုလပ်မိန်းကလေးတစ်ယောက်ဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် တောကျွဲအင်းမှ ဘားအံမြို့သို့ သွားရောက်၍ ဈေးရောင်းဈေးဝယ်အလုပ်ဖြင့် အသက်မွေးမှုပြုခဲ့သည်။ စီးပွားရေးအဆင်ပြေ၏။ စုမိဆောင်းမိရှိသည်။ သို့သော် ထိုအရပ်ဒေသရှိ အိမ်ထောင်ရှင်အမျိုးသားတစ်ဦးနှင့် ငြိစွန်းခဲ့သည်။ တစ်လခန့်ပေါင်းသင်းနေထိုင်ခဲ့ပြီး ထိုအမျိုးသား၏ဇနီးမှ သိရှိသွားသည်။ ထို့ကြောင့် အိမ်ထောင်ရှင်အမျိုးသမီးနှင့် မသန်းထွေးတို့ ပြဿနာတက်ခဲ့ကြသည်။ မသန်းထွေးလည်း အရှက်ရကာ သူမပိုင်ဆိုင်သမျှအားလုံးကို ထုခွဲရောင်းချပြီး ရရှိသောငွေကြေးဥစ္စာတို့ဖြင့် ၂၀၁၂ ခုနှစ်၊ မေလခန့်တွင် ဇာတိဒေသ တောကျွဲအင်းသို့ ပြန်လာခဲ့သည်။ ဤသည်မှာ သေဆုံးသူ မသန်းထွေး၏ ဖြစ်စဉ်တစ်ခု။

''နောက် .. မသန်းထွေးရဲ့ ကာရိုက်တာတစ်ခုက ဖရိုက်ဝါသနာပါတယ်။ နှစ်လုံးထီ အကြီးအကျယ်လောင်းတယ်။ ပြီးတော့ ဆွေမျိုးသားချင်းမဟုတ်တဲ့ သက်တူရွယ်တူ အမျိုးသားတွေနဲ့ လက်ပွန်းတတီးနေထိုင်တတ်

တဲ့ အကျင့်စရိုက်လည်း ရှိတယ်''

ဟု စုံထောက်စံထူးမှ သေဆုံးသူမိန်းကလေး၏ အကျင့်စရိုက်ကို ဖွင့်ဆိုပြပါသည်။ ထို့ပြင် မသန်းထွေးသည် ဘားအံမှ စုဆောင်းရရှိခဲ့သော လက်ဝတ်ရတနာများကို သူမထံတွင်ဆင်မြန်းထားပြီး ငွေကျပ် သိန်း(၃၀)ကိုမူ တစ်ရပ်တည်းနေ ဦးတင်စိုးနှင့်ဇနီး ဒေါ်မိမိလေးတို့ထံတွင်အပ်နှံ၍ ငွေတိုးရယူကြောင်း သိရသည်။

သေဆုံးသူ မသန်းထွေးသည် ဘားအံမှ တောကျွဲအင်းသို့အရောက်တွင် အစ်ကိုဖြစ်သူ ကိုခိုင်ဝင်းနှင့်အတူ နေထိုင်ခဲ့သည်။ သို့သော် မကြာလိုက်ပါ။ မသန်းထွေး၏ အနေအထိုင်၊ အပြုအမူ၊ အကျင့်စရိုက်ကို အမြင်မတော်၍ အစ်ကိုဖြစ်သူမှ ဆိုဆုံးမသည်။ ဒါကို မသန်းထွေးက မနာခံ။ ထို့ကြောင့် အစ်ကိုဖြစ်သူ၏ နေအိမ်တွင် မနေတော့ဘဲ တစ်ရပ်တစ်ရွာတည်းနေ ဦးတင်စိုးနှင့် ဇနီးဒေါ်မိမိလေးနေအိမ်၊ အဒေါ်ဝမ်းကွဲမစန်းထွေး၏ နေအိမ်နှင့် ခင်မင်ရင်းနှီးသူများ၏ နေအိမ်များတွင် ညအိပ်ညနေ လှည့်လည်နေထိုင်လေ့ရှိပုံကို အမှုစစ်အရာရှိ စုံထောက်စံထူးက ဂဃနဏ ဖွင့်ဆိုပြခဲ့ပါသည်။ စုံထောက်စံထူး၏ စကားအဆုံးတွင် စာရေးသူက ..

''မသန်းထွေးရဲ့အစ်ကို ကိုခိုင်ဝင်းက မသန်းထွေးအပေါ် အမြင်မတော်ဖူးဆိုတာက ဘယ်လိုအကြောင်းလဲ။ အသွားအလာအနေအထိုင် လူမှုရေးကိစ္စလား''

''မသန်းထွေးက ကျော်မင်းနဲ့လည်း တွဲသွားတွဲလာနဲ့ ချစ်ကြိုက်တယ်။ တင်မောင်ကြည်နဲ့လည်း သွားသွားလာလာနဲ့ ဖက်လည်းတငင်းရှိနေတော့ အစ်ကိုဖြစ်သူက အမြင်မကြည်တာပါ''

# အခန်း(၈)

"မသေခင် ရက်ပိုင်းလောက်မှာ ည ၈ နာရီအချိန်လောက် မသန်းထွေးနဲ့ တင်မောင်ကြည်ကို တောကျွဲအင်းကားဂိတ်မှာ တွေ့လိုက်တယ်လို့ ကိုရှမ်းမိုင်က ပြောပါတယ်။ ဘယ်သွားမလို့လဲ မေးတော့ မသန်းထွေးက ပဲခူးသွားမယ်လို့ ပြောပါတယ်"

သေဆုံးသူ မသန်းထွေး၏အမှုကို စုံစမ်းဖော်ထုတ်ရန် စုံထောက်အရာရှိတချို့ကို တောကျွဲအင်း၊ ကညွတ်ကွင်း၊ ညောင်ပင်သာ၊ ပဲနွယ်ကုန်း စသည့်ဒေသတွေမှာ စေလွှတ်ထားခဲ့သည်။ ထိုသို့စေလွှတ်ရာတွင် စုံထောက်အရာရှိများသည် ထင်ထင်ပေါ်ပေါ် စုံစမ်းမေးမြန်းကြသလို လျှို့ဝှက်အသွင်ယူ၍ လူမသိသူမသိ စုံစမ်းလေ့လာမှုများလည်း ရှိပါသည်။ အမှုပစ်အရာရှိ စုံထောက်စံထူးကမူ တောင်ငူမြို့ရှိ မှုခင်းရဲတပ်ဖွဲ့ တပ်စိတ်(၃)တွင် အခြေပြု၍ ကြီးကြပ်ကွပ်ကဲခဲ့ပါသည်။

နယ်မြေတွင် အနီးကပ်စုံစမ်းနေသော စုံထောက်များက အခင်းမဖြစ်မီအချိန်တွင် မသန်းထွေးနှင့် တွဲသွားတွဲလာရှိခဲ့ဖူးသူများကို လေ့လာစုံစမ်းကြသည်။ ထိုသို့ စုံစမ်းစဉ် သေဆုံးသူ မသန်းထွေးသည် အခင်းမဖြစ်မီက တစ်ရပ်တည်းနေ တင်မောင်ကြည်နှင့်တွဲသွားတွဲလာရှိခဲ့သော အထက်ပါသတင်းစကားက စုံထောက်စံထူးထံသို့ ရောက်ရှိသွားခဲ့ပါသည်။ ဒီတော့ စုံထောက်စံထူးက ..

"အဲဒီသတင်းက ဘယ်သူ့ဆီက ရတာလဲ"

"တောကျွဲအင်းမှာနေတဲ့ ကိုဝေလင်းနဲ့ သူ့မိန်းမ မညိုတို့က ပြောတာပါ"

"အဲဒါဆိုလည်း သူတို့လင်မယားကို တောင်ငူကို အရောက်ပို့ပေးကွာ"

"ဟုတ်ကဲ့ပါ ခင်ဗျ"

သတင်းစကားဆိုသည်မှာ မှန်တာလည်းရှိသလို၊ မှားတာလည်း ရှိတတ်ပါသည်။ စုံစမ်းစစ်မေးခြင်းသည် အမှန်တရားကို ဖော်ထုတ်ခြင်းဖြစ်ပါ၏။ ထို့ကြောင့် ကြားသိခဲ့သော သတင်းစကားအတွက် အမှားအမှန်ခွဲခြားသိရှိဖို့ စုံထောက်စံထူးက ဝေလင်းတို့လင်မယားကို ဖိတ်ခေါ်လိုက်ခြင်းဖြစ်ပါသည်။

တောကျွဲအင်းနေ ဝေလင်းနှင့် ဇနီးမညိုတို့ ရောက်ရှိလာသည်။ သူတို့လင်မယားသည် ဦးတင်စိုးနှင့် ဒေါ်မိမိလေးတို့နေအိမ်အနီးတွင် အစားအသောက်ရောင်းချကြသူများဖြစ်သည်။ ဦးတင်စိုးနှင့် သွေးသားတော်စပ်မှုမရှိကြောင်း သိရသည်။ သို့သော် အမှန်တရားကို သိရှိဖို့အတွက် စစ်ကြောရေးနည်းပညာဖြင့်စစ်မေးရသည်။ ဒါမှသာ အဖြူ၊ အမည်းနှင့် အမှားအမှန်ကို ကွဲကွဲခြားခြားသိရှိရသည်။ ထို့ကြောင့် ဝေလင်းတို့လင်မယားကို တစ်ယောက်တစ်နေရာစီ ခွဲခြား၍ စစ်မေးကြသည်။ ဤသို့ စစ်မေးရာတွင် စစ်မေးသူဖက်မှ အကြောင်းအခြင်းအရာကို မသိသလိုအနေဖြင့် ပြုမူနေထိုင်ပြီး အစစ်ခံသူ၏ တွေ့မြင်ကြားသိမှုကိုသာ မှတ်တမ်းပြုပါသည်။

ဝေလင်း၏ဇနီး မညိုက လားရှိုးတွင်နေထိုင်သော သူမ၏ မောင်လေးမှာ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆုတ် ၁၃ ရက်နေ့တွင် သေဆုံးခဲ့သည်။ ထိုမောင်လေးမကွယ်လွန်မီ ၁၀ ရက်အလို (တပို့တွဲလဆုတ် ၃ ရက်) ည ၈ နာရီကျော် ၉ နာရီခန့်တွင်ဖြစ်သည်။ တောကျွဲအင်းနေမောင်ရှမ်းမိုင်မှာ သူမထံသို့ ရောက်လာသည်။ မောင်ရှမ်းမိုင်က ကားဂိတ်တွင် ကိုတင်မောင်ကြည်နှင့် မသန်းထွေးတို့ကို တွေ့မြင်ခဲ့ကြောင်း၊ သူတို့နှစ်ဦးစလုံးမှာ ဘောင်းဘီစက(ဒူးဖုံး)များ ဝတ်ဆင်ထားကြောင်း၊ ပဲခူးသို့သွားမည်ဟု ပြောဆိုကြားသိမှုကို မိမိအား လာရောက်ပြောဆိုခဲ့ကြောင်း မညိုက ပြောဆိုပြသည်။ မညိုကြားသိခဲ့သော မောင်ရှမ်းမိုင်နှင့် တွေ့ဆုံသည့် နေ့ရက်နှင့်အချိန်ကို အတိအကျမေးသည်။ မညိုက တပို့တွဲလဆုတ်

(၃)ရက်နေ့ညဟု တိတိပပဆိုသည်။

အကြောင်းအခြင်းအရာ ဖြစ်စဉ်တစ်ခုတွင် အမှန်တရားဆိုသည်မှာ တစ်ခုတည်းသာရှိ၍ တူညီမှန်ကန်ရမည်။ စုံထောက်စံထူးက မညိုပြောသော နေ့ရက်ကို ပြက္ခဒိန်ဖယားနှင့် ချိန်ထိုးကြည့်သည်။ မညိုပြောသော မြန်မာ သက္ကရာဇ် ၁၃၇၄ ခုနှစ်၊ တပို့လဆုတ် ၃ ရက်သည် ခရစ်နှစ် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ဖြစ်သည်။ မသန်းထွေးအသတ်ခံရသည် မှာ ဖေဖော်ဝါရီလ ၁၃ ရက်ဖြစ်၍ ရုပ်အလောင်းတွေ့ရှိသည်မှာ ဖေဖော်ဝါရီ ၁၄ ရက်နေ့(ချစ်သူများနေ့) မနက်ပိုင်းတွင်ဖြစ်သည်။ ဒါကိုကြည့်လျှင် မသန်း ထွေးသေဆုံးပြီးနောက် နှစ်ပတ်(၁၄ ရက်/ ၁၅ ရက်) အကြာတွင် အသက် ရှင်လျက် တွေ့ခဲ့သည်ဆိုခြင်းမှာ မညို၏ လန်ကြုတ်သတင်းသာဖြစ်သည်။

မညိုကိုအသာထားလို့ သူမယောကျ်ားဝေလင်းဘက်သို့ လှည့်ကြည့်ပါ သည်။ မညိုကြားသိသကဲ့သို့ ဝေလင်းကလည်း ကြားသိကြောင်း ဆိုသည်။ လင်မယားနှစ်ယောက် ကြားသိချိန်က ကွာဟနေပြန်သည်။ မညိုက ည ၈ နာရီ ၉ နာရီဟု ဆိုသည်။ ဝေလင်းက မနက်ပိုင်းဟု ပြောသည်။ နေ့ နှင့်ည ကွာခြားချက်က သိသာထင်ရှားလှသည်။ ကွာဟ၊ ကွဲလွဲနေသော သတင်းစကားအတွက် တိကျသော အဖြေကိုထုတ်ဖို့ မောင်ရှမ်းမိုင်လိုသည်။ ဒီတော့ စုံထောက်စံထူးက ..

''ရှမ်းမိုင်က တောကျွဲအင်းမှာလား''

''ဘားအံမှာ အလုပ်သွားလုပ်နေပါတယ်''

မေးပါများ စကားရ၊ ပါးစပ်ပါရွာရောက်ဆိုတာလို ဘားအံရောက်နေ သော မောင်ရှမ်းမိုင်၏ နေရပ်လိပ်စာ အတိအကျရရှိခဲ့သည်။ အပြေးသွား လျှင် ဝေးပါသေးသည်။ မှုခင်းရဲတပ်ဖွဲ့၏ တပ်ဖြန့်ဖွဲ့စည်းမှုနှင့် မြန်မာ့ ဆက်သွယ်ရေး၏ လေလှိုင်းသံတို့က လုပ်ငန်းအတွက် လွန်စွာပင်အဆင် ပြေချောမွေ့ပါသည်။

ထို့ကြောင့် စုံထောက်စံထူးက ဘားအံမြို့ရှိ မှူခင်း ရဲတပ်ဖွဲ့၊ တပ်စိတ် (၁) တပ်စိတ်မှူးထံ ဖုန်းဖြင့်ဆက်သွယ်ခဲ့သည်။ မောင်ရှမ်းမိုင်၏လိပ်စာနှင့် စစ်မေးရမည့်အကြောင်းအရာတို့ကို သေချာစွာပြောဆိုပြသည်။

မကြာလိုက်ပါ။ ဘားအံမြို့ရှိ တပ်စိတ်(၁) တပ်စိတ်မှူးမှ မောင်ရှမ်းမိုင်ကို တွေ့ရှိကြောင်း။ ကိုဝေလင်းနှင့်မညိုတို့ပြောဆိုသော သတင်းစကားမှာ လုံးဝမဟုတ်ကြောင်း။ မိမိကိုယ်တိုင် ကိုတင်မောင်ကြည်နှင့် မသန်းထွေးတို့ကို တွေ့ရှိခဲ့သည်မှာ မဟုတ်ပါကြောင်း။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိအနေဖြင့် ကိုဝေလင်းတို့လင်မယားကို တွေ့ဆုံခဲ့ခြင်းမရှိဘဲ ဘာမျှပြောဆိုခဲ့ဖူးခြင်းမရှိကြောင်း။ မောင်ရှမ်းမိုင်၏ ထွက်ဆိုချက်ကို ပြန်လည်ဆက်သွယ်ပြောကြားခဲ့ပါသည်။

''ဒီသတင်းဟာ အမှုစစ်ဆေးတဲ့သူကို လမ်းကြောင်းလွဲမှားအောင်နဲ့ မသက်ဆိုင်တဲ့သူကို အတိဒုက္ခရောက်အောင် လုပ်ကြံဖန်တီးတဲ့သတင်းပဲ''

ဟု စာရေးသူ၏ ဝေဖန်စကားကို စုံထောက်စံထူးက ..

''ဟုတ်ပါတယ် အစ်ကို၊ ကျွန်တော်တောင် အဲဒီသတင်းကြားကြားချင်း ဟုတ်ပြီဟာလို့ ယူဆမိသေးတယ်''

''မှန်တာပေါ့ဗျာ။ ကျွန်တော်ဆိုလည်း ဒီလိုပဲ ယူဆမှာပဲ။ ဒါဟာ အမှုစစ်တွေအတွက် သင်ခန်းစာပဲ''

''ဟုတ်ပါတယ် အစ်ကို၊ သတင်းတစ်ခုရလာတာနဲ့ မှန်၊ မမှန်အတည်မပြုတော့ဘဲ လက်ဦးမှုရအောင် သတင်းစကားရှိသူကို ထိန်းသိမ်းခဲ့ရင် မှန်လျှင်တော်သေးတာပေါ့။ အခုလို သတင်းမှားကြီးဖြစ်နေရင် ဘယ်ကောင်းပါ့မလဲ''

''တင်မောင်ကြည်ကိုကော တွေ့ဆုံကြည့်သေးလား။ သူ့ဘက်ကကော ဘာအသံထွက်လာသေးလဲ''

# အခန်း(၉)

"ကျွန်တော့်အနေနဲ့ အထွေအထူးပြောစရာမရှိပါဘူး။ မသန်းထွေးဟာ ကျော်မင်းနဲ့လည်း ငြိစွန်းခဲ့ဖူးတယ်။ ပြီးတော့ ဦးတင်စိုးနဲ့လည်း မလွတ်ကင်းဘဲ ငြိစွန်းနေတယ်လို့ သိရပါတယ်"

ကြားသိရသော သတင်းစကားက မမှန်သော်လည်း သေဆုံးသူ မသန်းထွေးနှင့် တရင်းတနှီးတွဲသွားတွဲလာရှိခဲ့ဖူးသော တင်မောင်ကြည်ကို စုံထောက်စံထူးမှ တွေ့ဆုံခဲ့သည်။ တင်မောင်ကြည်က မသန်းထွေးနှင့် ငြိစွန်းခဲ့ဖူးသလို ကျော်မင်းနှင့် ဦးတင်စိုးတို့လည်း ပါလာခဲ့သည်။ မသန်းထွေးသည် ကျော်မင်းနှင့် တွဲသွားတွဲလာများ ရှိခဲ့သလို၊ ဦးတင်စိုးနှင့်ကား တစ်အိမ်တည်းအတူနေခဲ့ဖူးသည်။ ဦးတင်စိုးနှင့် ငြိစွန်းခဲ့သော အထောက်အထားကို တင်မောင်ကြည်အား မေးစမ်းကြည့်သည်။

တစ်နေ့တွင် တင်မောင်ကြည်နှင့် မသန်းထွေးတို့ စကားများကြသည်။ စကားများသည့်အကြောင်းရင်းကလည်း မသန်းထွေးမှာ မျက်နှာများ၍ ဖြစ်သည်။ ဒီတော့ မသန်းထွေးက တင်မောင်ကြည်လို လူစားမျိုးကိုဖြတ်နိုင်သော်လည်း ဦးစိုးကြီး(ဦးတင်စိုး)ကိုမူ မဖြတ်နိုင်ကြောင်း ပေါ်ပေါ်တင်တင် ပြောသည်။ ဒီစကားကို ကြားသိထားသော တင်မောင်ကြည်က စုံထောက်စံထူးသို့ ဖွင့်ဆိုပြသည်။

"ဟုတ်ပါတယ် ‥ ဦးတင်စိုးနဲ့ မသန်းထွေးတို့ရဲ့ နေပုံထိုင်ပုံဆက်ဆံပုံက တစ်မျိုးကြီးပဲ။ သူတို့နှစ်ယောက်ရဲ့ ဖောက်ပြန်မှုကို ကိုယ်တိုင်မမြင်မတွေ့ပေမယ့် ကျွန်မလည်း မိန်းမသားဆိုတော့ အတွေးတော့ ပေါက်မိပါတယ်"

ဟု အနီးပတ်ဝန်းကျင်မှ မျက်ဝန်းပိုင်ရှင်မိန်းမသားတစ်ဦးက အထက်ပါစကားဖြင့် သတင်းပါးလာပါသည်။ ထို့ပြင် မသန်းထွေးသည် ဦးတင်စိုးနေအိမ်မှပင် ပျောက်ဆုံးသွားကြောင်း လှို့ဝှက်စောင့်ကြည့်နေသော စုံထောက်

အရာရှိများက သတင်းပေးလာခဲ့သည်။ အမှုလမ်းကြောင်းလွဲအောင် တင်မောင်ကြည်ကို မြားဦးတည့်ပေးသော ဝေလင်းနှင့်မညိုတို့သည် ဦးတင်စိုးနှင့် နီးကပ်သူများဖြစ်ကြသည်။ မမှန်သောသတင်းစကားနှင့် အနီးပတ်ဝန်းကျင်မှ အကြားအမြင်တို့ကြောင့် ဦးတင်စိုးသည် စုံထောက်စံထူးအတွက် ပစ်မှတ် (Target) ဖြစ်လာခဲ့သည်။ ပစ်မှတ်ကို တည့်မတ်စွာ ပစ်နိုင်ဖို့နှင့် ထိရောက်သောနေရာကို မှန်ဖို့အတွက် ကျွမ်းကျင်သောအရည်အချင်းရှိဖို့လိုသည်။

''ဦးတင်စိုးက စရိုက်တော့ကြမ်းတယ်ဗျ။ သူ့ဆီက အတိုးနဲ့ငွေချေးတဲ့သူတွေ မဆပ်နိုင်တဲ့အခါ လက်ဖြတ်ပစ်မယ်။ ခြေဖြတ်ပစ်မယ်နဲ့ ခါးကြိမ်းကြိမ်းတာ ကြားဖူးတယ်ဗျ''

ဟု ဦးတင်စိုး၏ ကြိမ်းဝါးပြောဆိုမှုကို ကြားသိထားသူတစ်ဦးကလည်း အထက်ပါစကားဖြင့် ဖွင့်ဟပြောသည်။

ဦးတင်စိုးနှင့် ဒေါ်မိမိလေးတို့မှာ လင်မယားနှစ်ဦးသာရှိသည်။ ခင်မင်ရင်းနှီးသူများက နေအိမ်သို့ ဝင်ထွက်သွားလာလေ့ရှိပြီး အိမ်မှုကိစ္စအချို့ကို ပိုင်းဝန်းကူညီပေးလေ့ရှိသည်။ အချို့ဆိုလျှင် မိသားစုသဖွယ် တရင်းတနှီးရှိကြောင်း စုံထောက်စံထူးမှ လေ့လာသိရှိထားသည်။ မိသားစုသဖွယ်ရှိနေသူများသည် ဦးတင်စိုး၏နေအိမ်အတွင်းရေးနှင့် အသုံးအဆောင်ပစ္စည်းများကို ကောင်းစွာတွေ့မြင်သိရှိနိုင်သည်။ ထို့ကြောင့် စုံထောက်စံထူးက ဦးတင်စိုးနေအိမ်၏ အတွင်းရေးကို သိရှိသူတစ်ဦးအား လူသူမသိအောင် လျှို့ဝှက်တစ်နေရာသို့ ခေါ်ယူလိုက်သည်။ ထိုသူကို ''အတွင်းသိ''ဟု အမည်ပြုချင်ပါသည်။ မျက်စိရှေ့သို့ ရောက်ရှိနေသူ အတွင်းသိကို စုံထောကစံထူးက ..

''ဟောဒီ ကွန်ပျူတာ လက်တော့ပ်ထဲမှာ ဖွင့်ပြမယ့် အသုံးအဆောင်ပစ္စည်းအချို့ကို သေသေချာချာကြည့်ပေးပါ။ အဲဒီပစ္စည်းအချို့ဟာ ဦးတင်စိုး

အိမ်မှာ တွေ့ဖူးမြင်ဖူးတာ ရှိ/မရှိ မှန်မှန်ကန်ကန်ပြောပြပေးပါ''

ဟု တည်ငြိမ်သော အသွင်၊ ချိုသာလေးသွဲ့သော သံစဉ်ဖြင့် ဆိုပါသည်။ ထို့နောက် စုံထောက်စံထူးက လက်တော့ပ်အတွင်း ရိုက်ကူးထည့်သွင်းထားသော သက်သေခံနှင့် သဲလွန်စပစ္စည်းများအနက် အခင်းဖြစ်အရပ်တွင် ကျကျန်ခဲ့သော တရုတ်နိုင်ငံလုပ်၊ အမည်းနှင့်အနီစင်းကြားအရောင်အားသွင်းဓာတ်မီးဓာတ်ပုံကို ဖွင့်ပြသည်။ ဖန်သားပြင်ပေါ်ရှိ သက်သေခံဓာတ်မီးကို စူးစိုက်ကြည့်နေသော အတွင်းသိက ..

''ဒီဓာတ်မီးဟာ ဦးတင်စိုးနေအိမ်ရဲ့ တီဗွီဘေးမှာ ထားရှိတဲ့ ဓာတ်မီးနဲ့ အရောင်အသွေး အရွယ်အစား အတူတူပါပဲ''

ဟု အတည်ပြုပေးသည်။ ထို့နောက် သက်သေခံပစ္စည်း စွပ်ကျယ်စ ခြေသုတ်ခုံတို့ကို ဖွင့်ပြသည်။ ခြေသုတ်ခုံကိုကြည့်လျှက် အတွင်းသိက အရောင်အသွေးတူ ထိုခြေသုတ်ခုံမျိုးမှာ ဦးတင်စိုးအိမ်တွင် နှစ်ခုရှိကြောင်း၊ တစ်ခုမှာ နေအိမ်ဧည့်ခန်းအဝင်တွင် ဖြစ်၍၊ တစ်ခုမှာ ဦးတင်စိုး၏ အိပ်ခန်းအဝင်တွင်ထားရှိသည်ကို မြင်ဖူးကြောင်း ဖွင့်ဆိုပါသည်။ နောက်တစ်ဆင့်တက်၍ နှုတ်ခမ်းအနားတွင် ပန်းနုရောင်အကွပ်ဖြင့် သွေးများစွန်းပေနေသော သက်သေခံခေါင်းအုံးစွပ်ပုံကို ဖွင့်ပြသည်။ ထိုခေါင်းအုံးစွပ်မျိုးမှာ ဦးတင်စိုးနေအိမ်တွင် နှစ်လုံးရှိကြောင်း၊ တစ်လုံးကို မသန်းထွေးအိပ်သည့် ခေါင်းအုံးတွင် စွပ်ထားသည်ကို မြင်တွေ့ဖူးကြောင်း ထင်မြင်မှုပြုပါသည်။

''ဦးတင်စိုးက ခြေညှပ်ဖိနပ်စီးတဲ့အခါ ဘယ်လိုခြေညှပ်ဖိနပ်မျိုးကို စီးလေ့ရှိသလဲ''

စုံထောက်စံထူး၏ အမေးကို အတွင်းသိက ..

''အိမ်မှာနေရင်တော့ သားရေပြောင် ခြေညှပ်ဖိနပ်စီးပါတယ်။ အပြင်ထွက်ရင်တော့ အောကတ္တိုပါစီးလေ့ရှိပါတယ်''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဗျာ။ ကျွန်တော်နဲ့ခင်ဗျားနဲ့ တွေ့ဆုံတဲ့

ကိစ္စကို ခင်ဗျားကလွဲလို့ ခင်ဗျားမိသားစုကိုတောင် အသိမပေးပါနဲ့။ မေး လာမြန်းလာရင်လည်း တခြားအကြောင်း လွှဲပြောင်းပြောပါ''

''ဟုတ်ကဲ့ စိတ်ချပါ''

အတွင်းသိပြန်သွားပြီးနောက် စုံထောက်စံထူး၏ လက်ကိုင်ဖုန်းသို့ ဖုန်းဝင်လာသည်။ လက်ကိုင်ဖုံး၏ ဖန်သားပြင်တွင် ထင်ဟတ်နေသော ဖုန်းနံပါတ်မှာ ဦးတင်စိုးကို အနီးကပ်လျှို့ဝှက်စောင့်ကြည့်နေသော စုံထောက် အရာရှိတစ်ဦး၏ ဖုန်းနံပါတ်။ ဟန်းဆက်၏ဖုန်းကို ဖွင့်ပြီး စုံထောက်စံထူး က ..

''စောင့်ကြည့်ရေ .. ပြော၊ ဘာထူးလဲ''

''မနက်ဖြန် နေ့လယ်ကို ပစ်မှတ် အိမ်ကခရီးထွက်မယ်လို့ သတင်းရ ပါတယ်''

''တစ်ယောက်တည်းလား၊ နှစ်ယောက်လုံးလား''

''အဲဒါတော့ အတိအကျမသိရသေးဘူး ခင်ဗျ''

''နှစ်ယောက်လုံး ခရီးထွက်ရင် ပစ်မှတ်ကို ဆွဲစေ။ ပစ်မှတ်မပါဘူး ဇနီးတစ်ယောက်တည်းဆိုရင် ပစ်မှတ်ကို စောင့်ကြည့်ထား။ မနက်ဖြန် ၂၁း၀၀ မှာ ပစ်မှတ်ကိုပစ်မယ်''

## အခန်း(၁၀)

''ကျွန်တော် .. စီအိုင်ဒီက စုံထောက်စံထူးပါ။ မသန်းထွေးသေဆုံးမှု နဲ့ပတ်သက်ပြီး ဦးတင်စိုးကို စစ်မေးဖို့ရှိပါတယ်။ ပြီးတော့ နေအိမ်ကိုလည်း ရှာဖွေကြည့်ရှုပါမယ်။ ပြီးရင် ဦးတင်စိုးလည်း ကျွန်တော်တို့နဲ့အတူ လိုက်ခဲ့ ရပါမယ်''

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်၊ ည ၉. နာရီအချိန်တွင်ဖြစ် သည်။ အမှုစစ်အရာရှိ စုံထောက်စံထူးနှင့်အဖွဲ့သည် တောကျွဲအင်းရှိ ဦး

တင်စိုးနေအိမ်သို့ ရောက်ရှိခဲ့သည်။ နေအိမ်တွင် ဦးတင်စိုးတစ်ဦးတည်းသာ ရှိ၍ ဇနီးဖြစ်သူ ဒေါ်မိမိလေးမှာ ရန်ကုန်မြို့သို့ထွက်သွားသည်။ နေအိမ်တွင်အသင့်ရှတွေ့သော ဦးတင်စိုးကို စုံထောက်စံထူးက အထက်ပါစကားဖြင့် ဖွင့်ဆိုပြသည်။ စုံထောက်စံထူး၏ စကားအဆုံးတွင် အတူပါစုံထောက်အရာရှိတစ်ဦးက ဦးတင်စိုး၏ လက်နှစ်ဖက်အား လက်ထိတ်ခတ်၍ ထိန်းချုပ်ထားလိုက်သည်။

စုံထောက်စံထူးက ဦးတင်စိုး၏ နေအိမ်အတွင်းအား မျက်စိကစား၍ စူးစမ်းလေ့လာကြည့်သည်။ အိပ်ခန်းအဝင်ဝတွင် စွပ်ကျယ်စ ခြေသုတ်ခုံတစ်ခုကို တွေ့သည်။ ထိုခြေသုတ်ခုံ၏ အရောင်အသွေးမှာ သေဆုံးသူ၏ ဦးခေါင်းပြတ်ထည့်ထားသောအိတ်အတွင်းမှ တွေ့ရှိရသည့် ခြေသုတ်ခုံနှင့် တစ်ထပ်တည်းကျသည်။ စုံထောက်စံထူး၏ မျက်လုံးအစုံက ညှော်ခန်းအဝင်ကြမ်းခင်းသို့ ကြည့်ရှုမိသည်။ ညှော်ခန်းအဝင် ကြမ်းခင်းတွင် ခြေသုတ်ခုံကမရှိ။ အိမ်အတွင်းခန်းတွင် တစ်ပေကျော်ခန့် ဓားနှစ်ချောင်း၊ ဆန် ၃ တင်းဝင် ပီနန်အိတ်အလွတ်(၁)လုံး၊ စိမ်းပြာရောင်ခြင်ထောင်ဇာကြိုး(၃)ပိုင်းတို့ကို တွေ့သည်။ အိပ်ခန်းအတွင်းသို့ ဝင်ရောက်ကြည့်ရှုရာ ပန်းနုရောင်အနားကွပ်ဖြင့် အဖြူရောင်ခေါင်းအုံးစွပ်တစ်လုံးကို တွေ့သည်။ ထို့နောက် နေအိမ်အဝင်ဝတွင်ရှိနေသော ဦးတင်စိုးပိုင် ဆိုင်ကယ်ကို စစ်ဆေးကြည့်သည်။ ဆိုင်ကယ်မှာ အဖြူရောင်ဂျဲလ်မက်အမျိုးအစားဖြစ်သည်။ ထိုဆိုင်ကယ် ၏ နောက်ကြည့်မှန်တစ်စုံကို ထင်သာမြင်သာသော အလင်းရောင်ဖြင့် အသေးစိတ် စစ်ဆေးကြည့်သည်။ မူရင်း ဂျဲလ်မက်ဆိုင်ကယ်၏ နောက်ကြည့်မှန်နှစ်ဖက်မဟုတ်ဘဲ လော်ဂျာဆိုင်ကယ်အမျိုးအစားမှ နောက်ကြည့်မှန်များဖြစ်နေသည်။

သက်သေမကင်းဖွယ်ဖြစ်သော သက်သေခံပစ္စည်းနှင့် တူညီတိုက်ဆိုင်မှုရှိသောပစ္စည်းများကို စနစ်တကျ သိမ်းယူပါသည်။ ဒါကို မြင်တွေ့နေသူ

ဦးတင်စိုးမှာ အာစေးမိနေသလို ဆောက်တည်ရာမရဖြစ်နေသည်ကို စုံထောက်စံထူးက အကဲခတ်မိသည်။ ခံစားနေရသော ဝေဒနာကို မအောင့်မတားနိုင်ဖြစ်နေသူ ဦးတင်စိုးက ..

''ဆရာ .. ကျွန်တော် မစင်တွေထွက်ကျတော့မယ်။ အိမ်သာကို ပို့ပေးပါလားဗျာ''

ဟု တောင်းဆိုပါသည်။ ကြောက်ချေးထွက်ကျတော့မည့် ဦးတင်စိုးကို လုံခြုံမှုအပြည့်ဖြင့် စည်းစနစ်ကျစွာ ရေအိမ်သို့ ပို့ပေးပါသည်။ လွယ်ထားရသော အန္တရာယ်ကို စွန့်ပစ်ပြီးနောက် ဦးတင်စိုးလည်း စုံထောက်စံထူးရှေ့မှောက်သို့ ရောက်ရှိလာခဲ့သည်။ စုံထောက်စံထူးက ဦးတင်စိုးအား စူးစိုက်၍ အကဲခတ်ကြည့်သော်လည်း ဦးတင်စိုးက မျက်နှာချင်းမဆိုင်ဝံ့ရှိနေသည်။ ဒါကိုကြည့်လျှင် ဦးတင်စိုးသည် တစ်စုံတစ်ရာသော အကြောင်းခြင်းရာဖြစ်ကြောင်း သိနိုင်ပေသည်။ အသိထက် အရှိဖြစ်ဖို့လိုပါသည်။ ငွေသည်အရာခပ်သိမ်းကို ပြီးမြောက်စေကြောင်း သိကြသည်။ သို့သော် ငွေမရှိလျှင် မအောင်မြင်နိုင်ပါ။ ထို့ကြောင့် ငွေရှိဖို့လိုအပ်ပါသည်။ ယခုအမှုတွင် ဦးတင်စိုးအပေါ် သိနေသည်ထက် အရှိဖြစ်ဖို့အတွက် ..

''ဦးတင်စိုး .. ခင်ဗျားကျန်းမာရေးအတွက် နေ့စဉ်သောက်သုံးနေကျဆေးဝါးရှိရင် တစ်ခါတည်း ယူခဲ့ပါ။ ပြီးတော့ လိုအပ်တဲ့ အဝတ်အထည်လေးငါးစုံလောက်လည်း ထည့်ခဲ့ပါ''

ဟု ပြောဆိုပါသည်။ အချိန်ပြည့် စစ်ဆေးမေးမြန်းခံရမည့်သူ။ ဒါမှမဟုတ် အချုပ်အနှောင်ဖြင့် စစ်မေးခံရမည့်သူအတွက် ကျန်းမာရေးကိုလည်း စုံထာက်စံထူးက အလေးထားပါသည်။ ထို့ပြင် နေအိမ်ကိုလည်း လုံခြုံစွာထားရှိရန်နှင့် စိတ်ချရသောလူယုံကို မှာကြားအပ်နှံရန် ပြောဆိုပါသည်။ အမှုစစ်နှင့်သက်သေမကင်းသူတို့၏ လုပ်ငန်းကိစ္စအဝဝတို့ ပြီးဆုံးပြီးနောက် တောကျွဲအင်းမှ အင်းစိန်(စီအိုင်ဒီ)သို့ ထွက်လာခဲ့ကြသည်။

နောက်တစ်နေ့နံနက်အာရုဏ်တက်ချိန်တွင် အင်းစိန်(စီအိုင်ဒီ)ရုံးသို့ ရောက်ရှိကြသည်။ အသင့်စီစဉ်ထားသော လုံခြုံရေးအဖွဲ့ထံသို့ သက်္ကာမကင်းသူ ဦးတင်စိုးအား အပ်နှံပါသည်။ ထို့နောက် စုံထောက်စံထူးက ..

''ခင်ဗျားလည်း စိတ်ပန်းလူပန်းဖြစ်နေတော့ ဒီစစ်ကြောရေးခန်းမှာပဲ ခဏနားနေလိုက်ပါဦး။ မနက်လင်းမှပဲ လုပ်စရာရှိတာ ဆက်လုပ်ကြတာပေါ့''

ဟု သက်္ကာမကင်းသူ ဦးတင်စိုးအား ကိုယ်ချင်းစာနာစိတ်ဖြင့် နားနေခွင့်ပြုခဲ့ပါသည်။ စစ်မေးသူတစ်ယောက်အဖြင့် အစစ်ခံမည့်သက်္ကာမကင်းသူကို နားနေခွင့်ပေးခြင်းအပေါ် စာရေးသူက ..

''တို့စီအိုင်ဒီက အိုင်အိုတွေဟာ စစ်မေးခံရမယ့်သူတွေအပေါ်မှာ ကိုယ်ချင်းစာနာစိတ်ရှိတာကတော့ အတုယူစရာပါပဲ''

ဟု ညွှန်းဆိုစကားကို စုံထောက်စံထူးက ..

''ဟုတ်ပါတယ် အစ်ကို၊ စစ်မေးသူနဲ့ အစစ်ခံမယ့်သူဟာ စစ်ကြောရေးကြိုးဝိုင်းမှာ စကားစစ်မထိုးခင်တော့ စစ်မေးသူက တစ်ဖက်သားကို ရသင့်ရထိုက်၊ ပေးသင့်ပေးထိုက်တာကိုတော့ တရားသဖြင့် ပြုပေးရမှာပေါ့။ အင်း .. စစ်ကြောရေးကြိုးဝိုင်းထဲရောက်ပြီဆိုရင်တော့ တစ်ဖက်သူက အရှုံးပေးရင်ပေး၊ မပေးရင်တော့ စုံထောက်စံထူးက အလဲထိုးရတော့တာပဲ''

''မှန်တာပေါ့ဗျာ။ စစ်မေးသူနဲ့ အစစ်ခံတဲ့သူဆိုတာဟာ စစ်ကြောရေးကြိုးဝိုင်းထဲမှာ Game of wit လို့ဆိုတဲ့ ဉာဏ်ရည်ပြိုင်ပွဲလုပ်ကြတာပဲ''

ထိုသို့ ဉာဏ်ရည်ပြိုင် စကားစစ်ထိုးပွဲတွင် စစ်မေးသည့် စုံထောက်အရာရှိသည် Stamina (သက်လုံ)ကြံ့ခိုင်ဖို့ အထူးလိုအပ်ပါသည်။ ဤသို့မှ မဟုတ်လျှင် တစ်ဖက်စစ်မေးခံသူ၏ အလဲထိုးခြင်းကို ခံရတတ်သည်။ ထို့ကြောင့် စီအိုင်ဒီမှ အမှုစစ်အရာရှိစုံထောက်များသည် သက်လုံ (Stamina)

ကောင်းမွန်ကြောင်း စာရေးသူမှ ကြေညာမောင်းခတ်ပြသည်။ စာရေးသူ၏ ကြော်ငြာဝင်မှုကို နှစ်သက်ရယ်ရွှင်စွာဖြင့် စုံထောက်စံထူးက ..

"ကြော်ငြာဝင်တုန်း မနက်စာတစ်ခုခုစားကြရအောင်ပါ။ ဘာစီစဉ်ပေးရမလဲ။ ဘာစားချင်လဲ"

## ဒုံခန်း(၁၁)

"အဆင်ပြေတာ တစ်ခုခုဆိုရပါပြီ"

မနက် ၈ နာရီခန့်တွင် စုံထောက်စံထူးသည် ဦးတင်စိုးရှိရာ စစ်ကြောရေးခန်းသို့ ရောက်လာခဲ့သည်။ စစ်ကြောရေးကြိုးဝိုင်းအတွင်း စကားစစ်မထိုးမီ အမှုစစ်အရာရှိ စုံထောက်စံထူးက သက်ာမကင်းသူ ဦးတင်စိုးအား မနက်စာ (Breakfast) အတွက် စားသုံးလိုသော အစားအစာကိုမေးသည်။ ဒါကလည်း အမှုစစ်စုံထောက်အရာရှိတစ်ဦး၏ လူသားချင်း ကိုယ်ချင်းစာနာမှုတစ်ရပ်ဖြစ်သည်။ ဒီတော့ ဦးတင်စိုးက စုံထောက်စံထူးအား အထက်ပါစကားဖြင့် အဖြေပေးသည်။

"ဟုတ်သေးဘူးလေဗျာ၊ ပေးရ ကျွေးရမယ့်အတူတူ ခင်ဗျားနှစ်သက်တာကိုကျွေးရတော့ ကျွန်တော်ရော ခင်ဗျားပါ အဆင်ပြေတာပေါ့"

"ဒါဆိုရင်လည်း ကျွန်တော့်အတွက် လက်ဘက်ရည်နဲ့ အီကြာကွေးဆိုရင် ရပါပြီ"

"ကောင်းပြီလေ။ ကျွန်တော်မှာထားပေးမယ်။ အခုလောလောဆယ်တော့ ခင်ဗျား လုံခြုံရေးအဖွဲ့နဲ့ ကိုယ်လက်သန့်စင်ပြီး ရေမိုးသွားချိုးလိုက်ပါဦး"

လုံခြုံရေးတပ်ဖွဲ့များက ဦးတင်စိုးအား ရေမိုးချိုးရန် သန့်စင်ခန်းသို့ ခေါ်ဆောင်သွား၏။ စုံထောက်စံထူးကလည်း ရုံးအကူ တပည့်တစ်ဦးကို ဦးတင်စိုးအတွက် နံနက်စာ စီစဉ်ခိုင်းရ၏။ ခဏအကြာ ကိုယ်လက်သန့်စင်

ပြီးသော ဦးတင်စိုးလည်း စစ်ကြောရေးအခန်းသို့ သန့်ရှင်းသပ်ယပ်စွာပြန်ရောက်လာသည်။ ထို့နောက် ဦးတင်စိုးအတွက် လက်ဘက်ရည်၊ အီကြာကွေးနှင့် ရေနွေးကြမ်းတစ်အိုးလည်း ရောက်ရှိလာသည်။ စစ်ကြောရေးအခန်းအတွင်း စားပွဲပေါ်ရှိ အစားအသောက်များနှင့် ဦးတင်စိုးကိုကြည့်၍ စုံထောက်စံထူးက ..

''သုံးဆောင်လိုက်ပါဦးဗျာ။ စားရင်းသောက်ရင်း ခင်ဗျားနဲ့ကျွန်တော်စကားစမြည်လေး ပြောကြတာပေါ့''

''ဆရာကော မစားတော့ဘူးလား''

''ကျွန်တော် စားသောက်ခဲ့ပြီးပါပြီ''

ဦးတင်စိုးသည် အီကြာကွေးကို လက်ဘက်ရည်တွင် တို့စိမ်၍ စားသောက်နေ၏။ ဦးတင်စိုးကို စူးစိုက်ကြည့်ရင်း စုံထောက်စံထူးက ..

''ခင်ဗျားဇနီး ဒေါ်မိမိလေးက သုဝဏ္ဏကို ဘာလာလုပ်တာလဲ''

''ဗျာ''

ဇနီးဖြစ်သူမှာ သုဝဏ္ဏသို့ သွားရောက်သည်ကိုပင် စုံထောက်စံထူးမှ သိရှိနေခြင်းအတွက် ဦးတင်စိုးမှ အံ့သြနေခြင်းဖြစ်သည်။ ဒါကလည်းအဆန်းမဟုတ်ပါ။ ထိုနေ့က မီးရထားပေါ်တွင် ဒေါ်မိမိလေးနှင့် မလှမ်းမကမ်း၌ စုံထောက်တစ်ဦးက မသိမသာလိုက်ပါသွားခဲ့ပါသည်။ ထိုနေ့ ညနေပိုင်းတွင် ဦးတင်စိုး၏ဇနီး ဒေါ်မိမိလေးသည် တိုးကြောင်ကလေးဘူတာ၌ ဆင်းသက်ခဲ့သည်။ ထိုဘူတာမှတဆင့် ဒေါ်မိမိလေးသည် သုဝဏ္ဏ (၂၉)ရပ်ကွက်ရှိ စပေါင်းအိမ်ရာတိုက်ခန်းတစ်ခုသို့ သွားရောက်ခဲ့သည်။ ဒါကို အပ်ကျမတ်ကျသိရှိထားသည့်အတွက် ဦးတင်စိုးလည်း မအံ့သြဘဲမနေနိုင်။ ဒါကြောင့် ဦးတင်စိုးက ..

''ကွယ်လွန်သွားတဲ့ သူ့အဖေရဲ့ နှစ်ပတ်လည် ဆွမ်းကျွေးလုပ်ဖို့ ညီအစ်ကိုမောင်နှမတွေရှိတဲ့ သုဝဏ္ဏကို သွားခဲ့တာပါ''

ဟု ဆိုပါသည်။

ထို့နောက် မနက်စာစားသောက်ပြီးသော ဦးတင်စိုးအား အချုပ်ရမန် ရယူရန် လုံခြုံရေးအဖွဲ့နှင့်အတူ အင်းစိန်မြို့နယ်တရားရုံးသို့ ပို့အပ်ရသည်။ အချုပ်ရမန်သွားယူနေစဉ်အတွင်း စုံထောက်စံထူးက ယမန်နေ့ညမှစ၍ ယနေ့မနက် ရမန်ယူသည်အထိ အမှုအခြေအနေ ပြည့်ပြည့်စုံစုံကို မှူခင်း ရဲတပ်ဖွဲ့မှူးထံ ဆက်သွယ်သတင်းပို့သည်။ ဒါကလည်း အောက်ခြေ၏ လုပ် ဆောင်မှုကို အထက်ဌာနအကြီးအကဲအနေဖြင့် သိရှိထားပြီး လိုအပ်ပါက လမ်းညွှန်မှုကို ခံယူနိုင်ရန်ဖြစ်ပါသည်။ အမှုစစ်အရာရှိ စုံထောက်စံထူး၏ အရည်အချင်းကို သိထားပြီးဖြစ်သော တပ်ဖွဲ့မှူးက ..

''စစ်ကြောတဲ့ အရုပ်နဲ့အသံဖိုင်ပါ ပို့ပေးပါလား''

''ဟုတ်ကဲ့ပါ တပ်ဖွဲ့မှူး၊ ကျွန်တော် အချိန်မီပို့ပေးပါ့မယ်''

စစ်ကြောမှုအတွက် အရုပ်နှင့်အသံရရှိဖို့ စီစဉ်ရပါသည်။ အမှုစစ်ဆေး ရန်အသင့်ဖြစ်ပြီးနောက် ခဏအကြာတွင် တရားရုံးမှ အချုပ်ရမန်ယူခဲ့ပြီး သော သင်္ကာမကင်းသူ ဦးတင်စိုးနှင့် လုံခြုံရေးအဖွဲ့လည်း စုံထောက်စံထူး ရှိရာ စစ်ကြောရေးခန်းသို့ ရောက်ရှိလာပြီဖြစ်သည်။

''ထိုင်ဗျာ ဦးတင်စိုး''

စုံထောက်စံထူးက သူ၏ စစ်ကြောရေးစားပွဲရှေ့ရှိ ထိုင်ခုံတွင် ထိုင်ခိုင်း သည်။ ထို့နောက် စုံထောက်စံထူးက လုံခြုံရေးတာဝန်ကျအရာရှိအား မှုခင်း သိပ္ပံဌာနမှ ခြေပုံစံကျွမ်းကျင်သူနှင့် ရူပဓာတုဌာနမှ ကျွမ်းကျင်သူတို့အား စစ်ကြောရေးအခန်းသို့ ခေါ်ဆိုပေးရန် မှာကြားပါသည်။ ခဏအကြာတွင် ခြေပုံစံကျွမ်းကျင်သူအရာရှိနှင့် ရူပ/ဓာတုပညာရှင်တို့မှာ စစ်ကြောရေးခန်း သို့ ရောက်ရှိလာကြသည်။ ထိုစဉ် စုံထောက်စံထူးက ..

''ဖြူးရဲစခန်းက လူသတ်မှုနဲ့ သင်္ကာမကင်းလို့ ဖမ်းဆီးခဲ့တဲ့ ဟောဒီ ဦးတင်စိုးရဲ့ ဘယ်ဘက်ခြေဖဝါးခြေပုံစံကို ယူပေးပါ။ ပြီးရင် အခင်းဖြစ်

အရပ်မှာ ကျန်ရစ်ခဲ့တဲ့ ဟောဒီသက်သေခံကတ္တီပါဖိနပ် ဘယ်ဘက်ပေါ်က ခြေပုံစံရာနဲ့ တူ၊ မတူ တိုက်ဆိုင်စစ်ဆေးပေးပါ''

ဟု ဆိုပါသည်။ ထို့နောက် ရှပ/ဓာတုကျွမ်းကျင်သူ အရာရှိကိုလည်း အခင်းဖြစ်အရပ်မှ ကောက်ယူရရှိခဲ့သော သက်သေခံစီးကရက်ပြာရောင်နိုင်လွန်ဓာကွက်ကြိုးနှင့် ဦးတင်စိုးနေအိမ်မှ သိမ်းယူရရှိခဲ့သော စိမ်းပြာရောင်နိုင်လွန်ဓာကွက်ကြိုးတို့ကို ရှပ/ဓာတုနည်းဖြင့် တိုက်ဆိုင်စစ်ဆေးပေးရန် အပ်ပေးပါသည်။ သဲလွန်စနှင့်သက်သေခံပစ္စည်းများကို လက်ခံရယူပြီးနောက် ရှပ/ဓာတုပညာရှင်လည်း မှုခင်းသိပ္ပံဌာနသို့ ထွက်ခွာသွားခဲ့ပါသည်။

ခြေပုံစံပညာရှင်သည် ဦးတင်စိုး၏ ဘယ်ဘက်ခြေဖဝါးကို ကိုင်တွယ်၍ မှင်သုတ်လိမ်းထားသော ရိုလာဖြင့် လိမ့်နှိပ်၏။ ထိုစဉ် ဦးတင်စိုး၏ ခြေဖဝါးမှာတဆတ်ဆတ်တုန်နေသည်။ ဒါကို စုံထောက်စံထူးနှင့် ခြေပုံစံပညာရှင်တို့က ရိပ်စားမိ၏။ ကိုယ့်အလှည့်ကျမလာသေးသဖြင့် စုံထောက်စံထူးက နှုတ်ပိတ်နေ၏။ ထို့နောက် ခြေပုံစံပညာရှင်က ဦးတင်စိုး၏ ဘယ်ဘက်ခြေဖဝါးကို မာကျောပြန့်ပြူးသော အခင်းပေါ်တွင်တင်ထားသည့် စက္ကူဖြူပေါ်၌ ဖိနှိပ်ကာ ခြေပုံစံကိုရယူပါသည်။ စိတ်ကျေနပ်သော ခြေပုံစံကို ရယူပြီးနောက် သက်သေခံကတ္တီပါဖိနပ်ကိုပါ ယူဆောင်၍ ပညာရှင်လည်း သိပ္ပံဌာနသို့ ထွက်သွားခဲ့ပါသည်။

စစ်ကြောရေးခန်းတွင် အမှုစစ်အရာရှိ စုံထောက်စံထူးနှင့် ဦးတင်စိုးတို့နှစ်ဦးသာရှိသည်။ ထိုစဉ် စုံထောက်စံထူးက ..

''ဦးတင်စိုးရဲ့ဇနီး ဒေါ်မိမိလေးက အခု သုဝဏ္ဏအိမ်မှာပဲလား။ ဘယ်နေ့လောက် တောကျွဲအင်းကို ပြန်လာမှာလဲ''

ဒီမေးခွန်းက အကြောင်းရှိပါသည်။ ငါ့မယုံ ငါ့မယားမေးဆိုတာလို တစ်ခါတစ်ရံ လင်ကိုမယုံ၍ မယားကိုမေးလျှင် အမှန်ကိုရတတ်ပါသည်။ ဒါကိုမသိရှာသူ ဦးတင်စိုးက ..

''မပြန်သေးပါဘူးဗျ။ သူ့အဖေရဲ့ နှစ်လည်က ၁၅ ရက်နေ့မှ လုပ်မှာဆိုတော့ ၁၉/၂၀ရက်လောက်တော့ တောကျွဲအင်းကို ပြန်ဖြစ်မှာပါ''

ထို့နောက် စုံထောက်စံထူးက စားပွဲပေါ်ရှိ ကွန်ပျူတာလက်တော့(ပ်)ကိုဖွင့်သည်။ အခင်းဖြစ်အရပ်မှ သိမ်းဆည်းရမိခဲ့သော သက်သေခံပစ္စည်းများကို တစ်ခုချင်းစီဖွင့်ပြ၍ ဦးတင်စိုးအား ကြည့်ရှုစေသည်။ သိမ်းယူရရှိခဲ့သော သက်သေခံပစ္စည်းများအား ပြသကြည့်ရှုပြီးသောအခါ စုံထောက်စံထူးက ..

''အဲဒီသက်သေခံပစ္စည်းတွေထဲက သေဆုံးသူ မသန်းထွေးရဲ့ ထဘီနဲ့ အင်္ကျီကလွဲရင် ကျန်တဲ့ပစ္စည်းတွေဟာ ဦးတင်စိုးရဲ့အိမ်က ဦးတင်စိုးနဲ့ သက်ဆိုင်တဲ့ ပစ္စည်းတွေပါလို့ ကျွန်တော်က အတတ်ပြောရင် ခင်ဗျား ဘာပြောချင်သလဲ''

## အခန်း(၁၂)

''တခြားပစ္စည်းတွေကတော့ သတိမထားမိလို့ မသိပါဘူး။ အားသွင်းလက်နှိပ်ဓာတ်မီး၊ ခြေသုတ်ခုံနဲ့ ခေါင်းဦးစွပ်တွေက အိမ်ကပစ္စည်းတွေပါ။ ပျောက်နေတာ တစ်နှစ်လောက်ရှိပါပြီ''

သေဆုံးသူ မသန်းထွေး၏အလောင်းနှင့် အနီးပတ်ဝန်းကျင်တို့မှ ကောက်ယူရရှိခဲ့သော သက်သေခံပစ္စည်းများနှင့်ပတ်သက်၍ ဦးတင်စိုးမှ လုံးဝငြင်းကွယ်ပါသည်။ ဒီတော့ ဦးတင်စိုးအား ဖမ်းဆီးခေါ်ဆောင်လာသည်ကို မသိသေးသော ရန်ကုန်မြို့ သုဝဏ္ဏတွင်ရောက်ရှိနေသူ ဒေါ်မိမိလေးအား စီအိုင်ဒီရုံးသို့ ခေါ်ယူခဲ့သည်။ မသန်းထွေးအသတ်ခံရမှုနှင့် သက်သေခံပစ္စည်းများ တွေ့ရှိမှုကိုရှင်းပြပြီး ကွန်ပျူတာလက်တော့ပ်အတွင်းရှိ သက်သေခံပစ္စည်းဓာတ်ပုံများကို ဖွင့်ပြသည်။ သက်သေခံပစ္စည်းဓာတ်ပုံများကိုကြည့်ကာ ဦးတင်စိုး၏ဇနီး ဒေါ်မိမိလေးက အထက်ပါစကားဖြင့် အဖြေပေးပါ

သည်။ လင်ဖြစ်သူက ဘူးကွယ်ခဲ့သော်လည်း မယားဖြစ်သူ အိမ်ရှင်မက အိမ်တွင်းပစ္စည်းများကို ကောင်းကောင်းအမှတ်ရသည်။ ဤသည်မှာ မိန်းမသားဖြစ်သူ အိမ်ရှင်မတို့၏ ဝတ္တရားပင်ဖြစ်သည်။

''မသန်းထွေးသေဆုံးတဲ့နေ့ရာမှာ ကျွန်မအိမ်ကပစ္စည်းတွေက ဘယ်လိုလုပ်ရောက်နေရတာလဲ''

ဒေါ်မိမိလေး၏ အမေးကို စုံထောက်စံထူးက ..

''ဦးတင်စိုးနဲ့တွေ့တဲ့အခါ အစ်မကြီးမေးကြည့်ပါ။ ခုလောလောဆယ်တော့ ကျွန်တော်သိချင်တာလေးတွေကို အစ်မကြီးဖြေပေးပါ''

''ဟုတ်ကဲ့ မေးပါ။ ကျွန်မသိသရွေ့ ပြောပါမယ်''

''ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်က အစ်မကြီးရဲ့အဖေ နှစ်ပတ်လည် ဆွမ်းကျွေးကို သွားဖြစ်ခဲ့လား။ သွားဖြစ်တယ်ဆိုရင် ဘယ်ရက်မှာ သွားတယ်။ ဘယ်ရက်မှာ ပြန်ရောက်တယ်။ အိမ်ပြန်ရောက်တော့ မသန်းထွေးရှိနေတယ်။ မရှိဘူး စတဲ့ အစ်မကြီးကြားသိသရွေ့ပေါ့''

ဒေါ်မိမိလေးသည် ၁၀-၂-၂၀၁၃ ရက်နေ့တွင် ဖခင်ဖြစ်သူ၏ နှစ်ပတ်လည်ဆွမ်းကျွေးအတွက် ရန်ကုန်၊ သုဝဏ္ဏသို့ ထွက်လာခဲ့သည်။ ၁၅-၂-၂၀၁၃ ရက်နေ့တွင် ဖခင်၏ နှစ်ပတ်လည်ဆွမ်းကျွေးပြုလုပ်ပြီး ၂၀-၂-၂၀၁၃ ရက်နေ့တွင် တောင်ကြီးအင်းသို့ ပြန်ရောက်ပါသည်။ နေအိမ်တွင် မသန်းထွေးအဝင်အထွက်မတွေ့၍ ဦးတင်စိုးအား မေးမြန်းကြည့်သည်။ ဒီတော့ ခင်ပွန်းဖြစ်သူဦးတင်စိုးမှ တစ်ကြိမ်တွင် ခရီးထွက်သွားကြောင်း ပြောဆိုပြီး၊ နောက်တစ်ကြိမ်တွင် လင်နောက်လိုက်သွားသည်ဟု ပြောဆိုကြားသိပုံကို ဒေါ်မိမိလေးမှ ပြောဆိုပြပါသည်။

မသန်းထွေးကိုသတ်သူမှာ ဦးတင်စိုးမှတစ်ပါး အခြားမရှိပြီ။ သို့သော် ရုပ်အလောင်းကိုစွန့်ပစ်ရာတွင် ဦးတင်စိုးတစ်ဦးတည်းမဖြစ်နိုင်။ စိတ်ချယုံကြည်ရသူ အမျိုးသားလူယုံတစ်ဦးတစ်ယောက်တော့ ပါရှိနိုင်သည်။ ထိုသူ

ကို ရမိလျှင် ငြင်းကွယ်နေသော ဦးတင်စိုးအချိုး ပြောင်းသွားနိုင်ဖွယ်ရှိကြောင်း စုံထောက်စံထူးမှ တွေးဆမိသည်။ ဒါကြောင့် စုံထောက်စံထူးက ..

''ဦးတင်စိုးနဲ့ ညီရင်းအစ်ကိုလို၊ ဆရာတပည့်လို၊ ဆွေမျိုးသားချင်းလို တရင်းတနှီးတွဲသွားတွဲလာနေဖူးတဲ့သူရှိလား''

''ကျွန်မယောကျ်ား ဦးတင်စိုးနဲ့ တိုင်တိုင်ပင်ပင်တွဲသွားတွဲလာရှိပြီး နေအိမ်ကိုလည်း အမြဲဝင်ထွက်သွားလာတတ်တဲ့သူတစ်ယောက်တော့ ရှိပါတယ်''

''သူက ဘယ်သူလဲ''

+++

''ကျွန်တော်က ဝင်းလှိုင်ပါ။ ဦးတင်စိုးနဲ့ ဆရာတပည့်လို ခင်မင်ပြီး ဆရာဦးတင်စိုးရဲ့နေအိမ်ကိုလည်း အမြဲတမ်းလိုလို ဝင်ထွက်သွားလာနေထိုင်ပါတယ်''

ဝင်းလှိုင်(ခ)ကိုလှိုင်သည် အသက်(၄၃)နှစ်ရှိသူဖြစ်ပြီး တောင်ကြီးအင်းမြို့ရှိ ရှမ်းကျောင်းကြီးဘုန်းကြီးကျောင်းတွင် ဦးတင်စိုးနှင့်အတူ ရဟန်းဝတ်ရာမှ စတင်သိကျွမ်းခဲ့ပြီး ခင်မင်ရင်းနှီးခဲ့ကြသည်။ ထို့နောက် ဝင်းလှိုင်သည် ဦးတင်စိုး၏နေအိမ်သို့ သွားရောက်လည်ပတ်ခြင်း၊ မိသားစုကဲ့သို့ အတူနေထိုင်ခြင်းများလည်း ရှိခဲ့သည်။

အခင်းဖြစ်ပွားခဲ့သောနေ့ရက်နှင့်နီးစပ်သော ရက်စွဲများတွင် ဦးတင်စိုးနှင့် သေဆုံးသူမသန်းထွေးတို့၏ လှုပ်ရှားသွားလာမှုကို မေးကြည့်သည်။ ကိုယ်တိုင်တွေ့မြင်ခဲ့သူ ကိုဝင်းလှိုင်က ၁၀-၂-၂၀၁၃ ရက်နေ့တွင် မသန်းထွေးကို ဦးတင်စိုးနေအိမ်၌ ရှိနေသည်ကို တွေ့မြင်ကြောင်း။ ၁၂-၂-၂၀၁၃ ရက်နေ့ ညနေပိုင်းတွင် ဝင်းလှိုင်သည် ဦးတင်စိုး၏ နေအိမ်ရှေ့တွင် ဦးတင်စိုးနှင့်စကားပြောနေစဉ် မသန်းထွေးသည် ဦးတင်စိုး၏

နေအိမ်နောက်ဖေးခန်းမှထွက်လာသည်ကို မြင်တွေ့ခဲ့ရကြောင်း ထွက်ဆိုပြီသည်။ နောက်တစ်နေ့ ၁၃–၂–၂၀၁၃ ရက်နေ့ နေ့ခင်းပိုင်းတွင် ဝင်းလှိုင်သည် ဦးတင်စိုး၏နေအိမ်မှ ဦးတင်စိုးနှင့်အတူ နေ့လယ်စာထမင်း စားသောက်နေသည်။ ထိုစဉ် ဦးတင်စိုးက ..

''ည ၈ နာရီ ၉ နာရီလောက် မင်းအိမ်ကစောင့်နေကွာ။ ငါလာခေါ်မယ်''

ဟု ချိန်းဆိုပြောကြားခဲ့ကြောင်း ဝင်းလှိုင်မှ ပြောပြသည်။ ထိုစဉ် အမှုစစ်အရာရှိ စုံထောက်စံထူးက ..

''အဲဒီလိုပြောတဲ့အချိန်မှာ မသန်းထွေးကော ဦးတင်စိုးအိမ်မှာရှိသလား''

''ကျွန်တော်တို့နှစ်ယောက် ထမင်းစားပြီး အိမ်ပြန်သွားတဲ့အချိန်ထိ ဦးတင်စိုးအိမ်မှာ မသန်းထွေးကို မတွေ့မမြင်မိဘူး''

ထိုနေ့ညတွင် ဝင်းလှိုင်သည် သူ၏နေအိမ်၌ ဦးတင်စိုးအလာကို စောင့်နေသည်။ ည ၈ နာရီခန့်တွင် ဦးတင်စိုးသည် သူ၏ ဆိုင်ကယ်ဖြင့် ဝင်းလှိုင်အိမ်သို့ ရောက်လာသည်။ နေအိမ်သို့ရောက်ရှိလာသော ဦးတင်စိုးမှာ ခြေညှပ်ဖိနပ်လုံးဝမပါဘဲ ဆိုင်ကယ်၏ ဘယ်ဘက်နောက်ကြည့်မှန်တစ်ချပ်မှာလည်း မရှိသည်ကို တွေ့မြင်ရသည်။ ထို့ကြောင့် ဝင်းလှိုင်က မေးမြန်းကြည့်ရာ ဦးတင်စိုးက ဆိုင်ကယ်မှောက်လဲခဲ့ကြောင်း ပြောပြ၍ သိရသည်။ ထို့နောက် ဦးတင်စိုးက သူ၏နေအိမ်တွင် အတူညအိပ်ရန် ခေါ်သဖြင့် ဦးတင်စိုးနေအိမ်သို့လိုက်သွားပြီး အတူညအိပ်ခဲ့ကြောင်း ဝင်းလှိုင် (ခ)ကိုလှိုင်မှ ထွက်ဆိုပြသည်။

''အရင်တုန်းကကော ဦးတင်စိုးအိမ်မှာ အဲဒီလို ညအိပ်ညနေအတူသွားအိပ်ဖူးသလား''

''မအိပ်ဖူးပါဘူး ခင်ဗျ။ ဒီတစ်ခါပဲ အိပ်ဖူးတာပါ''

"အဲဒီညက မသန်းထွေးကော ဦးတင်စိုးအိမ်မှာ လာမအိပ်ဘူးလား"

"မတွေ့ပါဘူး ခင်ဗျ။ ကျွန်တော်နဲ့ဦးတင်စိုး နှစ်ယောက်တည်းပါ"

"ဘယ်တွေ့တော့မှာလဲ။ အဲဒီအချိန်မှာ မသန်းထွေးဟာ ဦးတင်စိုးရဲ့ လက်ချက်နဲ့ ခေါင်းတခြားကိုယ်တခြားဖြစ်ပြီး ကားလမ်းဘေးမှာရောက်နေပြီလေ"

## အခန်း(၁၃)

"ဟုတ်ပါတယ်"

သေဆုံးသူ၏ရုပ်အလောင်းနှင့်အတူတည်ရှိနေသော အသုံးအဆောင်ပစ္စည်းများကို အိမ်ရှင်မဖြစ်သူက အတည်ပြုပေးသည်။ သေဆုံးသူ ပျောက်ကွယ်နေပြီးနောက် ဦးတင်စိုး၏ အခြေအနေကို မျက်မြင်ကိုယ်တွေ့ဖြစ်သူ သားတပည့်က ထွက်ဆိုပြသည်။ ထိုသူနှစ်ဦး၏ အရုပ်နှင့်အသံလှိုင်းများက CCTV ကင်မရာမှတဆင့် ဦးတင်စိုး၏ စစ်ကြောရေးအခန်းတွင်းရှိ တီဗွီဖန်သားပြင်ပေါ်တွင် အထင်းသားမြင်တွေ့ကြားသိနေရသည်။ ဇနီးသည် ဒေါ်မိမိလေးနှင့် တပည့်ဝင်းလှိုင်(ခ)ကိုလှိုင်တို့၏ ရုပ်သံကိုဖြတ်တောက်ပြီးနောက် မသန်းထွေးသေဆုံးမှုမှာ ဦးတင်စိုး၏လက်ချက်ဖြစ်ကြောင်း စုံထောက်စံထူးက တိတိပပပင် ပြောဆိုလိုက်သည်။ မည်သို့မျှ ရုန်းထွက်မရတော့သောအခြေတွင် ဦးတင်စိုးက ဟုတ်မှန်ကြောင်း အထက်ပါစကားဖြင့် ဝန်ခံခဲ့ပါသည်။ ထို့နောက် စုံထောက်စံထူးက ..

"ဦးတင်စိုးအနေနဲ့ မသန်းထွေးအပေါ်မှာ ဘယ်လိုမျိုး နာကျည်းချက်တွေကြောင့် အဲဒီလောက် ရက်ရက်စက်စက်လုပ်လိုက်တာလဲ"

ဟု အမေးကို ပြစ်မှုကျူးလွန်သူ ဦးတင်စိုးက အောက်ပါအတိုင်း ရင်ဖွင့်ပြခဲ့ပါသည်။

မသန်းထွေးသည် ဦးတင်စိုးနှင့် ဇနီးသည်ဒေါ်မိမိလေးတို့နေအိမ်တွင်

ညအိပ်ညနေစားသောက်နေထိုင်လေ့ရှိသည်။ ထိုသို့နေထိုင်စဉ် ဇနီးသည် ဒေါ်မိမိလေးမရှိသည့်အချိန်များတွင် ဦးတင်စိုးနှင့်မသန်းထွေးတို့မှာ လူမှုရေးငြိစွန်းမှုများရှိခဲ့ကြသည်။ ဇနီးသည်မရှိသည့် ၁၂-၂-၂၀၁၃ ရက်နေ့ ည ၈ နာရီခွဲခန့်တွင် မသန်းထွေးသည် ဦးတင်စိုးနေအိမ်သို့ ရောက်ရှိလာသည်။ မသန်းထွေးဝယ်လာသော ခေါက်ဆွဲကြော်ဖြင့် ဦးတင်စိုးနှင့်မသန်းထွေးတို့ ညစာအတူစားခဲ့ကြသည်။ ထိုနေ့ညတွင် ဦးတင်စိုးနှင့် မသန်းထွေးတို့ တစ်အိပ်ရာတည်း နှစ်ယောက်အတူ ညအိပ်ခဲ့ကြပါသည်။ တစ်ညတာကြည်နူးမှုအဆုံးတွင် နောက်တစ်နေ့ ၁၃-၂-၂၀၁၃ မိုးလင်းသို့ရောက်ရှိခဲ့ရာ နှစ်ယောက်စလုံး အိပ်ရာမှ နိုးထခဲ့ကြသည်။

ထိုနေ့မနက်တွင် ဦးတင်စိုးနှင့် မသန်းထွေးတို့သည် နေအိမ်ဧည့်ခန်းရှိ စားပွဲတွင် စကားစမြည်ပြောဆိုနေကြသည်။ ထိုစဉ် မသန်းထွေးက ‥

"ဦးစိုးကြီး ‥ ကျွန်မကို ငွေသုံးသိန်းပေးပါလား"

"ဘာလုပ်ဖို့တုန်း"

"နှစ်လုံးထိရှုံးထားလို့ ထပ်လောင်းချင်လို့ပါ"

"အဲဒါဆိုလည်း မင်းရဲ့ လက်ဝတ်လက်စားတွေရှိတာပဲ။ ပေါင်နှံပြီးတော့ ကစားပေါ့"

"ကျွန်မလက်ဝတ်ပစ္စည်းကတော့ အထိအပါးမခံနိုင်ပါဘူး။ ဦးစိုးကြီးဆီကပဲ လိုချင်တာ"

ဦးတင်စိုးကလည်း စီးပွားရေးသမား။ မသန်းထွေးကလည်း လောင်းကစားမက်မောသူ။ နှစ်ဦးစလုံး၏ လူမှုရေးဖောက်ပြန်မှုအပေါ် မသန်းထွေးက ချူစားသည်ဟု ဦးတင်စိုးမှထင်မြင်ခဲ့သည်။ လောဘတက်သူနှင့် ဒေါသဖက်သူနှစ်ဦး၏ စကားသံများက မောဟဖုံးလွှမ်းနေ၍ ရင့်သီးစွာပြောဆိုခဲ့ကြပါသည်။ ထိုစဉ်ဒေါသမီးတောက်လောင်နေသူ ဦးတင်စိုးက စားပွဲဘေးတွင်အသင့်ရှိနေသော ဓားဦးချွန်ဖြင့် မသန်းထွေး၏လည်ပင်းအား လှမ်းခုတ်

လိုက်သည်။ မသန်းထွေး၏လည်ပင်းရှိ ပြတ်ရှဒဏ်ရာက သွေးများပန်းထွက်လာပြီး ထိုင်ခုံပေါ်မှ ကြမ်းခင်းဖယောင်းပုဆိုးပေါ်သို့ ပြုတ်ကျသွားသည်။ လည်ပင်းမှဓားဒဏ်ရာကြောင့် တခွီးခွီးဖြင့် လေသံများထွက်နေစဉ် ဦးတင်စိုးက လက်ထဲရှိဓားဖြင့် မသန်းထွေး၏ လည်ပင်းကို ဦးခေါင်းပြတ်သည်အထိ လှီးဖြတ်ခဲ့သည်။

ဒေါသမီးကြောင့် မသန်းထွေးမှာ အသက်ပျောက်ခဲ့ပြီးဖြစ်သော်လည်း ဦးတင်စိုး၏ လောဘက အတောမသတ်နိုင်သေးပါ။ သေဆုံးသူမသန်းထွေး၏ ခန္ဓာကိုယ်တွင်ဝတ်ဆင်ထားသော ရွှေလက်ကောက်(၄)ကွင်း၊ ရွှေဆွဲသီးပါ ဆွဲကြိုးတစ်ကုံး၊ နားကပ်တစ်ရံနှင့် လက်စွပ်တစ်ကွင်းတို့ကို ဦးတင်စိုးမှ ချွတ်ယူခဲ့သည်။

ထို့နောက် ခေါင်းပြတ်နေသော မသန်းထွေး၏ ခန္ဓာကိုယ်မှ အဝတ်အထည်များကိုချွတ်သည်။ အိမ်နောက်ဖေးတွင် အဝတ်လှမ်းရန် သွယ်တန်းထားသော နိုင်လွန်ကြိုးအဝါရောင်ကို ဖြုတ်ယူ၏။ မသန်းထွေး၏ ခြေထောက်အား နောက်ကျောဘက်သို့ ကွေးကောက်ကာ နိုင်လွန်ကြိုးအဝါရောင်ဖြင့် ဝက်တုတ်ချည်နှောင်သည်။ ကောက်ကွေးနေသော ခန္ဓာကိုယ်ကို အမည်းရောင်ပလတ်စတစ်အိတ်အတွင်းသို့ ထည့်၏။ ထိုပလတ်စတစ်အိတ်ကို နေအိမ်ရှိ စိမ်းပြာရောင်နိုင်လွန်ဇာကြိုးဖြင့် ချည်နှောင်ခဲ့သည်။ ထိုခန္ဓာကိုယ်ပိုင်းထည့်ထားသော ပလတ်စတစ်အိတ်ကို ဆန်သုံးတင်းဝင် ပီနံအိတ်(အကြီး)ထဲသို့ ထည့်သွင်းခဲ့ပါသည်။

ခန္ဓာကိုယ်အပိုင်းပြီး၍ ဦးခေါင်းပိုင်းကို ဆက်ပါမည်။ မသန်းထွေး၏ ဦးခေါင်းအား အမည်းရောင်ပလတ်စတစ်အိတ်ထဲသို့ ထည့်၏။ ထို့နောက် ကြမ်းခင်းဖယောင်းပုဆိုးပေါ်တွင် စီးကျနေသော သွေးအိုင်များကို နေအိမ်ရှိ စွပ်ကျယ်စခြေသုတ်ခုံ၊ ခေါင်းအုံးစွပ်၊ မသန်းထွေးဝတ်ဆင်ထားသော ထဘီ၊ အင်္ကျီတို့ဖြင့် စင်ကြယ်အောင်သုတ်သည်။ သွေးသုတ်ထားသော အဝတ်

အထည်များနှင့် သွေးများစွန်းပေနေသော ပိနန်အိတ်ခွံနှစ်လုံးတို့ကို ဦးခေါင်းထည့်သော အမည်းရောင်ပလတ်စတစ်အိတ်ထဲသို့ ထည့်သည်။ ထိုပလတ်စတစ်အိတ်ကို စိမ်းပြာရောင်နိုင်လွန်ဇာကြိုးဖြင့်ချည်သည်။ ဦးခေါင်းပြတ်နှင့် အဝတ်အထည်ထည့်ထားသော ပလတ်စတစ်အိတ်ကို ပိနန်အိတ်အလွတ်တစ်လုံးထဲသို့ ထည့်သည်။

ဦးခေါင်းနှင့် ခန္ဓာကိုယ်ထုပ်ပိုးထည့်သွင်းထားသော ပိနန်အိတ်နှစ်လုံးကို အိမ်နောက်ဖေးခန်းမှ နေအိမ်အပြင်ထွက်ပေါက်တွင် ပြောင်းရွှေ့ထားရှိခဲ့သည်။ ထို့နောက် ခန္ဓာကိုယ်တွင် ပေကျံနေသော သွေးများကို ရေချိုးသန့်စင်ပြီး ဝတ်ဆင်ထားသော စွပ်ကျယ်နှင့်လုံချည်ကို လျှော်ဖွပ်ကာ သွေးများပေကျံနေသော ဓားကိုလည်း ရေဖြင့်ဆေးကြောထားရှိခဲ့ကြောင်း ဖွင့်ဆိုပြခဲ့ပါသည်။

''ခင်ဗျား ခန္ဓာကိုယ်ပေါ်မှာ ပေကျံနေတဲ့ သွေးတွေကို ရေနဲ့ဆေးကြောလို့ရပေမယ့် ခင်ဗျားရဲ့နှလုံးသားထဲမှာ စွန်းထင်းနေတဲ့ မသန်းထွေးရဲ့ သွေးစက်သွေးကွက်တွေကိုတော့ ဘယ်လိုနည်းနဲ့မှ ဖျောက်ဖျက်လို့မရနိုင်ပါဘူး''

''ဟုတ်ပါတယ် ခင်ဗျ''

## အခန်း(၁၄)

ထို့ကြောင့်ပင် ထိုနေ့က အခင်းဖြစ်ပွားပြီးနောက် ဦးတင်စိုးသည် ပအို့ဝ်ဘုန်းကြီးကျောင်းသို့သွား၍ တရားဘာဝနာပွားများနေခဲ့ပါသည်။ ပုထုဇဉ်တို့မည်သည် ကောင်းမှု မကောင်းမှုတို့ဖြင့် ဒွန်တွဲနေတတ်ပါသည်။ မိမိပြုခဲ့ပြီးသော ကုသိုလ်တရားအတွက် ပီတိဖြစ်တတ်သလို ကျူးလွန်ခဲ့ပြီးသော အကုသိုလ်အမှုအတွက်လည်း သံဝေဂရှိတတ်ပါသည်။ ယခုအမှုတွင် ပုထုဇဉ်ဖြစ်သော ဦးတင်စိုးသည် မိမိပြုခဲ့ဖူးသော မကောင်းမှုအတွက်

သံသရာဘေးကို ထိတ်လန့်ခြင်း၊ မှားကြောင်းသိ၍ သတိတရားရှိခြင်းဆို သော သံဝေဂပင်ဖြစ်ပါပေသည်။

ထိုနေ့ညနေ ၅ နာရီခန့်တွင် ဦးတင်စိုးသည် ဘုန်းကြီးကျောင်းမှ နေအိမ်သို့ ပြန်လာခဲ့သည်။ ည ၇ နာရီခန့်တွင် နေအိမ်နောက်ဖေး၌ရှိ နေသော မသန်းထွေး၏အထုပ်ကို ရှင်းထုတ်ဖို့ စီစဉ်သည်။ ထို့ကြောင့် ခန္ဓာကိုယ်ထည့်ထားသော အထုပ်ကို ဆိုင်ကယ်၏ ရှေ့ခွကြားတွင် တင်သည်။ ဦးခေါင်းပိုင်းထည့်ထားသော အထုပ်ကို ဆိုင်ကယ်၏ ရှေ့လက်ကိုင် ညာဘက် တွင်ချိတ်ဆွဲသည်။ ထို့နောက် ဆိုင်ကယ်ကို ဘူတာလမ်းအတိုင်းမောင်းနှင် ကာ ရန်ကုန်–မန္တလေးကားလမ်းမသို့ ထွက်လာခဲ့သည်။

ရန်ကုန်–မန္တလေးကားလမ်းအတိုင်း ဖြူးမြို့ဘက်(မြောက်ဘက်)သို့ မောင်းနှင်ခဲ့သည်။ မိုင်တိုင်အမှတ် ၁၃၈/၁ အနီးအရောက် ဆိုင်ကယ်လက် ကိုင်ညာဘက်တွင် ချိတ်ဆွဲထားသော ဦးခေါင်းပြတ်ထည့်ထားသည့် အထုပ် ကို ကားလမ်း၏ ညာဘက်(အရှေ့ဘက်သို့)စွန့်ပစ်လိုက်သည်။ ထိုမှတဆင့် ဆိုင်ကယ်ကို ဆက်လက်မောင်းနှင်လာရာ မိုင်တိုင်အမှတ် ၁၃၉/၂ အရောက် တွင် ဆိုင်ကယ်ကိုလာရာလမ်းသို့ ပြန်ကွေ့ခဲ့သည်။ မိုင်တိုင်အမှတ် ၁၃၉/၂ နှင့် ၁၃၉/၁ အကြားတွင် တံတားအမှတ် ၁၄၀/၁ ဖဟားချောင်းတံတားရှိ သည်။ ထိုတံတားအရောက်တွင် ဆိုင်ကယ်ကိုရပ်သည်။ ဦးတင်စိုးက ဆိုင်ကယ်ကို ခွလျှက်အနေအထားဖြင့် ဆိုင်ကယ်ရှေ့ခွကြားရှိ ခန္ဓာကိုယ် ထည့်ထားသောအထုပ်အား ကားလမ်း၏ အနောက်ဘက်မြောင်းထဲသို့ စွန့် ပစ်ပါသည်။

သို့သော် ဦးခေါင်းပြတ်အထုပ်စွန့်ပစ်သကဲ့သို့ မလွယ်ကူပါ။ သေဆုံး သူ၏ ခန္ဓာကိုယ်အလေးချိန်ကြောင့် စွန့်ပစ်သူမှ အားစိုက်ရပါသည်။ ထိုသို့ အားစိုက်စွန့်ပစ်စဉ် ဦးတင်စိုး၏ ခြေနှစ်ချောင်းဖြင့်ခွထားသော ခွကြားရှိ ဆိုင်ကယ်မှာ ဘယ်ဘက်သို့ တုံးလုံးလဲကျခဲ့ပါသည်။ ဦးတင်စိုးလည်း တိမ်း

ရှောင်လိုက်ရာ လဲကျမလိုဖြစ်ခဲ့ပါသည်။ ထိုစဉ် ဆိုင်ကယ်ရှေ့ပစ္စည်းထည့် သောခြင်းထဲမှ လက်နှိပ်ဓာတ်မီး၊ ရေသန့်ဘူး၊ ပစ္စည်းချည်နှောင်သောကြိုး၊ ဦးတင်စိုး၏ ဘယ်ဘက်ကတ္တီပါဖိနပ်တစ်ဖက်နှင့် ဆိုင်ကယ်ဘယ်ဘက် နောက်ကြည့်မှန်တစ်ချပ်တို့ ပြုတ်ကျခဲ့ပါသည်။ လဲကျခဲ့သောဆိုင်ကယ်ကို မထူ၍ ဦးတင်စိုးလည်း နေအိမ်သို့ မောင်းထွက်ခဲ့သည်။ ခရီး(၁)မိုင်ခန့် မောင်းနှင်အပြီးတွင် ဦးတင်စိုးသည် ညာဘက်ဖိနပ်တစ်ဖက်သာပါရှိပြီး ဘယ်ဘက်ဖိနပ်တစ်ဖက်မပါရှိသည်ကို သတိထားမိလိုက်သည်။ ထို့ကြောင့် ညာဘက်ဖိနပ်တစ်ဘက်ကိုလည်း ချွတ်၍ လမ်းနံဘေးသို့ စွန့်ပစ်လိုက်သည်။

တောကျွဲအင်းသို့ရောက်သောအခါ နေအိမ်သို့မပြန်သေးဘဲ ချိန်းဆို ထားသော ဝင်းလှိုင်ဆီသို့ ဦးစွာသွားခဲ့သည်။ ဦးတင်စိုးကို မြင်တွေ့ခဲ့သူ ဝင်းလှိုင်က ..

"ဆရာစိုး ဘယ်လိုဖြစ်လာတာလဲ။ ဖိနပ်လည်းမပါ။ ဆိုင်ကယ်ဘက် မှန်တစ်ချပ်ကလည်း ကျိုးလို့ပါလား"

"အေးကွာ .. ငါ ဆိုင်ကယ်မှောက်လာလို့"

ဟု ဦးတင်စိုးက ဤသို့ဆိုပါသည်။ ထို့နောက်ဦးတင်စိုးသည် ဝင်းလှိုင် အား ဆိုင်ကယ်ပေါ်ခေါ်တင်၍ သူ၏နေအိမ်သို့ ထွက်လာခဲ့သည်။ ထိုနေ့ ညက ဝင်းလှိုင်သည် ဦးတင်စိုးနေအိမ်တွင် အတူညအိပ်ခဲ့ပါသည်။

နောက်တစ်နေ့တွင် ဦးတင်စိုးသည် အလုပ်ကိစ္စဖြင့် ပဲခူးယ်ကုန်းသို့ သွားသည်။ ထိုသို့သွားစဉ် လမ်းခရီး၌ ဦးတင်စိုးက ဆိုင်ကယ်ညာဘက် နောက်ကြည့်မှန်ကိုဖြုတ်၍ လမ်းဘေးသို့ စွန့်ပစ်လိုက်သည်။

အခင်းဖြစ်ပွားပြီးနောက် နှစ်ရက်ခန့်တွင်ဖြစ်သည်။ ဦးတင်စိုးသည် ကညွတ်ကွင်းမြို့၊ ဈေးအပြင်ဘက်ရှိ ဆိုင်ကယ်အပိုပစ္စည်းရောင်းသော ဦး ဝတုတ်ဆိုင်သို့ ရောက်ရှိခဲ့သည်။ ထိုဆိုင်တွင် ဦးတင်စိုးက မိမိ၏ ဂျဲလမတ် အမျိုးအစားဆိုင်ကယ်နောက်ကြည့်မှန်ကို ရှာဖွေကြည့်ရှုသည်။ ပစ္စည်းရှာ

နေသော ဦးတင်စိုးကို ဆိုင်ရှင်ဦးဝတုတ်က ..

''ဘာရှာတာလဲ ဆရာကြီး''

''ဂျဲလမတ်ဆိုင်ကယ်ဘက်ကြည့်မှန်တစ်စုံရချင်လို့''

''ဂျဲလမတ်ဘက်မှန်တော့ မရှိဘူးဗျ။ လော်ဂျားဆိုင်ကယ်ဘက်မှန်ပဲ ရှိတယ်''

''အဲဒါဆိုလည်း လော်ဂျားဘက်မှန်တစ်စုံပေးဗျာ။ ဘယ်လောက်ကျလဲ''

## အခန်း(၁၅)

''သုံးသောင်းကျပါတယ်''

အခင်းဖြစ်ပွားပြီးနောက် ၁၅ ရက်ကျော် ရက် ၂၀ ခန့်တွင်ဖြစ်သည်။ ဦးတင်စိုးသည် သေဆုံးသူမသန်းထွေးထံမှ ဖြုတ်ယူထားသော ရွှေဆွဲသီးပါ ဆွဲကြိုးတစ်ကုံး၊ ရွှေလက်ကောက်(၄)ကွင်း၊ နားကပ်(၁)ရံ၊ လက်စွပ်(၁)ကွင်းနှင့် ဇနီးသည်မှ ပြုပြင်ခိုင်းသော လက်ကောက်အကျိုးတစ်ကွင်းတို့အား ယူဆောင်၍ ရန်ကုန်မြို့သို့ ထွက်လာသည်။ ရန်ကုန်မြို့ တောင်ဥက္ကလာပရှိ ယခင်က သိကျွမ်းဖူးသော ဦးထွန်းဝေ၏ ပန်းထိမ်ဖိုသို့ ရောက်ရှိခဲ့သည်။ ထိုပန်းထိမ်ဖိုတွင် လက်ကောက်(၅)ကွင်း၊ လက်စွပ်(၁)ကွင်းနှင့် နားကပ်(၁)ရံတို့အား အရည်ကြိုခိုင်းရာ ရွှေ (၂)ကျပ်သားကျော်ခန့် ရရှိခဲ့သည်။

ထိုရွှေ(၂)ကျပ်သားကို (၃)ကွင်းလျှင်တစ်ကျပ်သားစီရှိ ပြောင်ချော လက်ကောက်(၆)ကွင်းလုပ်ခိုင်းသည်။ အရည်ကြိုရာမှ ကျန်ရှိသော ရွှေစများနှင့် မသန်းထွေး၏ ဆွဲသီးပါ ရွှေဆွဲကြိုးတစ်ကုံးတို့ကို ပန်းထိမ်ဆရာဦးထွန်းဝေအား ရောင်းချခိုင်းရာ ငွေကျပ် ၈ သိန်းရရှိခဲ့သည်။ ရွှေထည်များကို အရည်ကြို၍ ပြောင်ချောလက်ကောက်(၆)ကွင်းပြုလုပ်ပေးမှုအတွက် ကျသင့်ငွေကို မေးမြန်းရာ ပန်းထိမ်ဆရာဦးထွန်းဝေမှ ကျသင့်ငွေကို အထက်ပါ

စကားဖြင့် ဖြေကြားပေးသည်။

ပန်းထိမ်ဆရာဦးထွန်းဝေပြုလုပ်ပေးသော ပြောင်ချောလက်ကောက် (၆)ကွင်းအနက် (၃)ကွင်းကို သုဝဏ္ဏနေ ခယ်မဖြစ်သူအား ဝတ်ဆင်ရန် ခေတ္တပေးထားသည်။ ကျန် ပြောင်ချောလက်ကောက်(၃)ကွင်းနှင့် ရွှေထည် ရွှေစများ ရောင်းရငွေ ၈ သိန်းတို့မှာ တောကျွဲအင်းနေအိမ်ရှိ သေတ္တာ ထဲတွင် သိမ်းဆည်းထားကြောင်း ပြစ်မှုကျူးလွန်သူဦးတင်စိုးမှ ဝန်ခံထွက် ဆိုခဲ့ပါသည်။ အမှုစစ်အရာရှိ စုံထောက်စံထူးနှင့် ပြစ်မှုကျူးလွန်သူ ဦးတင်စိုး တို့၏ လှုပ်ရှားမှုရုပ်သံပုံရိပ်ဖိုင် မှတ်တမ်းတင်မှုကလည်း အဆုံးသတ်ခဲ့ပါ တော့သည်။

''အေးဗျာ ‥ အခုမှပဲ ကျွန်တော့်ရင်ထဲမှာ ပေါ့ပါးသွားသလိုပဲ''

ဟု ဦးတင်စိုးက ဆိုပါသည်။ ဒီတော့ စုံထောက်စံထူးက ‥

''မှန်တာပေါ့ဗျာ။ ရင်ထဲမှာ အောင့်ထားရတဲ့ အပူထုပ်ကြီးကို ထုတ် ပစ်လိုက်တော့ ခင်ဗျားရင်ထဲမှာ အေးသွားတာပေါ့''

ထို့နောက် ဦးတင်စိုးသည် မည်သူတစ်ဦးတစ်ယောက်ကမျှ သွေးဆောင် ခြိမ်းခြောက်၊ ကတိကဝတ်များမရှိဘဲ မိမိ၏ သဘောဆန္ဒအလျှောက် အင်းစိန်မြို့နယ်တရားရုံးတွင် ဖြောင့်ချက်ပေးပါသည်။ ထို့ပြင် ပြစ်မှုကျူးလွန် သူ ဦးတင်စိုးကိုယ်တိုင် အမှုမှသက်သေခံပစ္စည်းများဖြစ်သည့် ခယ်မထံတွင် ခေတ္တပေးအပ်ထားသော ပြောင်ချောလက်ကောက်(၃)ကွင်း၊ တောကျွဲအင်း နေအိမ်တွင် သိမ်းဆည်းထားသော ပြောင်ချောလက်ကောက်(၃)ကွင်းနှင့် ငွေကျပ် ၈ သိန်းတို့ကို အမှုစစ်အရာရှိ စုံထောက်စံထူးထံသို့ ပေးအပ်ခဲ့ ပါသည်။ ဒါတွင်မက မသန်းထွေးမသေဆုံးမီတွင် အတိုးအပွားရယူ၍ အပ် နှံထားသော ငွေများကိုလည်း ဦးတင်စိုးမှ အပ်နှံပေးသည်။

မှုခင်းရဲတပ်ဖွဲ့ မှုခင်းသိပ္ပံနည်းပညာဌာနခွဲ၊ ရူပ၊ ဓာတုဌာနစိတ်မှ ခြေပုံစံကျွမ်းကျင်သူ ပညာရှင်ကလည်း အခင်းဖြစ်အရပ်မှ ကောက်ယူရရှိ

ခဲ့သော ဝဲဘက်ကတ္တီဝါဖိနပ်ပေါ်ရှိ ခြေရာသည် နမူနာပုံစံရယူခဲ့သော ဦးတင်စိုး၏ ဝဲဘက်ခြေပုံစံရာနှင့် တစ်ထပ်တည်း တူညီနေကြောင်း တိုက်ဆိုင်စစ်ဆေးမှုကို တရားဝင်ပြန်ကြားခဲ့ပါသည်။ ထို့အတူ ရူပဗေဒပညာရှင်ကလည်း အခင်းဖြစ်အရပ်မှ အလောင်းထုပ်အား ချည်နှောင်ထားသည့် စိမ်းပြာရောင်နိုင်လွန်ဇာကြိုးနှင့် ဦးတင်စိုးနေအိမ်မှ သိမ်းယူရရှိခဲ့သော စိမ်းပြာရောင်နိုင်လွန်ဇာကြိုးတို့အား နည်းပညာအထောက်အကူပစ္စည်းများဖြင့် အသေးစိတ်နှိုင်းယှဉ်စစ်ဆေးခဲ့ရာ တစ်ထပ်တည်းတူညီကြောင်း မှတ်ချက်ပြုခဲ့ပါသည်။ ဓာတုဗေဒပညာရှင်ကလည်း သက်သေခံပစ္စည်းများပေါ်တွင် လူသွေးတွေ့ရှိကြောင်း စစ်ဆေးပြန်ကြားခဲ့ပါသည်။

ဤမျှဆိုလျှင် ဦးခေါင်းဖြတ်၍ အသတ်ခံရသော မသန်းထွေး၏အမှုတွင် ပြစ်မှုကျူးလွန်သူမှာ ဦးတင်စိုး(ခ)စိုးကြီး (၅၉)နှစ်ပင်ဖြစ်ကြောင်း လယ်ပြင်မှာ ဆင်သွားသလို အထင်အရှားရှိနေပါသည်။ သို့သော် တရားစွဲအဖွဲ့အစည်းအနေဖြင့် ခိုင်လုံသော၊ တိကျသော၊ လစ်လပ်မှုမရှိသော အထောက်အထား၊ သက်သေခံချက် စသည်တို့ကို ကုန်စင်ပြည့်စုံအောင် ဆောင်ရွက်ရပါသည်။ ချွင်းချက်မရှိ ပြီးပြည့်စုံသော အမှုတွဲနှင့်အတူ ပြစ်မှုကျူးလွန်သူ ဦးတင်စိုးအား တောင်ငူခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ကြောင်း အမှုစစ်အရာရှိစုံထောက်စံထူးက စာရေးသူအား ပြည့်စုံကုန်စင်စွာရှင်းလင်းပြခဲ့ပါသည်။

''အင်း .. လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ အကုသိုလ်အကြောင်းတရားတွေဟာ ကြီးရင်ကြီးသလို အကျိုးသက်ရောက်မှုလည်း မသေးဘူးဗျ ကိုစံထူးရဲ့''

''ဟုတ်ပါတယ် အစ်ကို၊ ဒေါသကြီးထွားလာပြီဆိုရင် အမှားအမှန်ကို မမြင်တော့ဘူး။ ဒါကြောင့် ဒေါသဖြစ်မှန်းသိနေရင် ရှေ့ဆက်မကြီးထွားဖို့ ဒေါသကို ချုပ်တည်းပြီး ပျောက်ပျက်အောင် ပြုကျင့်နိုင်ရင် ပြဿနာမဖြစ်

နိုင်တော့ဘူးပေါ့''

''ဘယ်သူမပြု မိမိမှုဆိုသလိုပေါ့ဗျာ။ အကြောင်းကောင်းရင် အကျိုးကောင်းမှာပဲ။ အကြောင်းဆိုးရင် အကျိုးလည်းဆိုးမှာပဲ''

''ဟုတ်ပါတယ် အစ်ကို''

''ဒီအမှုမှာ ပြုသူ၊ ပျက်သူတို့အကြောင်းမကောင်းလို့ အကျိုးဆိုးခဲ့ပေမယ့် ကိုစံထူးအတွက်ကတော့ အကြောင်းကောင်းလို့ အကျိုးကောင်းခဲ့တာပေါ့ဗျာ''

''ဘာကိုဆိုလိုတာလဲ အစ်ကို''

ယခုအမှုဖြစ်စဉ်တွင် အမှုစစ်အရာရှိစုံထောက်စံထူး၏ အတွေ့အကြုံရင့်ကျက်မှု၊ စုံထောက်ပညာကြွယ်ဝမှုကြောင့် အမှုစစ်အရာရှိလျှောက်လှမ်းရမည့် ခရီးကြမ်းတွင် တံတားကြီး(၃)စင်းမှာ မပျက်စီး၊ မကျိုးပဲ့ဘဲ တည်ရှိနေခဲ့သည်။ ပထမတံတားဖြစ်သော အခင်းဖြစ်အရပ်ရှိ သဲလွန်စများ၊ သက်သေခံပစ္စည်းများမှာ မပျက်စီး၊ မကျိုးပဲ့ဘဲ ရှိနေခဲ့သည်။ ဒါကို ကောက်ယူ၍ ဒုတိယတံတားဖြစ်သော ကြားမြင်သိရှိသူကို ထဲထဲဝင်ဝင် လျှို့ဝှက်စွာ စုံစမ်းဖော်ထုတ်ခဲ့သည်။ ထို့နောက် ဝိဇ္ဇာ၊ သိပ္ပံနည်းပညာကျွမ်းကျင်သူများ၏ စမ်းသပ်စစ်ဆေးတွေ့ရှိချက်ဖြင့် တတိယတံတားဖြစ်သော ပြစ်မှုကျူးလွန်သူနှင့် သက်သေခံပစ္စည်းများကို အောင်မြင်စွာဖော်ထုတ်နိုင်ခဲ့ပါသည်။

ပထမတံတားမှာ သက်သေခံပစ္စည်းများ၊ သဲလွန်စများသည် စကားမပြောတတ်သော သက်သေ၊ တစ်နည်း သက်မဲ့သက်သေခံချက် (Mute Evidence) တို့ဖြစ်သည်။ ဒုတိယတံတားမှာ ကြားမြင်သိရှိသူများသည် စကားပြောတတ်သော၊ တစ်နည်း နှုတ်သက်သေခံချက် (Oral Evience) တို့ဖြစ်သည်။ စကားမပြောတတ်သောသက်မဲ့သက်သေကို ကျွမ်းကျင်သူပညာရှင်များက အသက်သွင်းလိုက်သောအခါ စကားပြောတတ်လာသည်။ ထို့အတူ စကားပြောတတ်သော သက်ရှိသက်သေကို အမှုစစ်အရာရှိက

စုံထောက်ပညာဖြင့် စုံစမ်းဖော်ထုတ်ခဲ့သည်။

ဤအမှုတွင် ပြစ်မှုကျူးလွန်သူမှာ ဦးတင်စိုးပင်ဖြစ်ကြောင်း စကားပြောတတ်သော သက်သေများထက်၊ စကားမပြောတတ်သော သက်သေများ။ တစ်နည်း သဲလွန်စများ (Clues) က တိကျသေချာသော (Poitive) အဖြေစကားကို ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ထို့ကြောင့် အမှုစစ်အရာရှိ၏ အကြောင်းကောင်း၍ အကျိုးကောင်းရရှိခဲ့ခြင်းကို ပမာပြုကာ ဤဖြစ်ရပ်မှန်မှုခင်းဇာတ်လမ်းကိုလည်း **"စုံထောက်စံထူးနှင့် *Positive Clues*"** ဟူ၍သာ ..။

■■■


စုံထောက်
မောင်စံရှား
စုံထောက်စံရှား
နှင့်

အခန်း(၁)

တီ ... တောင် ...

မှူခင်းတပ်ဖွဲ့မှူး(ရဲမှူးချုပ်)အခန်းမှ လူခေါ်ခေါင်းလောင်းသံကြောင့် တစ်ဖက်ခန်းရှိ ဦးစီးရုံးမှ ဒုရဲအုပ်ကျော် သက်ဦးက တပ်ဖွဲ့မှူး အခန်းဆီသို့ လျှောက်လှမ်းသွားသည်။ တပ်ဖွဲ့မှူးရုံးခန်းအဝတွင် အလေးပြု၍ မတ်တတ်ရပ်လျက်ရှိစဉ် မှူခင်းတပ်ဖွဲ့မှူးမှ ..

"စစ်ဆင်ရေးဌာနခွဲမှူးကို သွားခေါ်ကွာ"

ဒုရဲအုပ်ကျော်သက်ဦးလည်း စစ်ဆင်ရေး ဌာနခွဲမှူးရှိရာ ရုံးခန်းဆီသို့။ စစ်ဆင်ရေးဌာနခွဲအရောက် ဒုရဲအုပ် ကျော်သက်ဦးက ဌာနခွဲမှူးရဲမှူး အေးစိန်သို့ သတင်းပို့သည်။ ရဲမှူးအေးစိန်လည်း စားပွဲပေါ်ရှိ မှတ်စုစာအုပ်နှင့် ဘောလ်ပင်ကိုကောက်ယူ၍ မှူခင်းတပ်ဖွဲ့မှူးရုံးခန်းသို့ ထွက်လာခဲ့သည်။ ရုံးခန်းဝင်ပေါက်မှ အလေးပြု၍ အရှိအသေပေးစဉ် ...

"လာဗျာ .. ကိုအေးစိန် ထိုင်"

မှူခင်းတပ်ဖွဲ့မှူး(ရဲမှူးချုပ်)၏ ဖိတ်ခေါ်မှုကြောင့် ရဲမှူးအေးစိန်က တပ်ဖွဲ့မှူး စားပွဲရှေ့ရှိ ထိုင်ခုံလွတ်တစ်လုံး တွင်ဝင်ထိုင်သည်။ မှူခင်းတပ်ဖွဲ့မှူးက စားပွဲပေါ်ရှိ စာတစ်စောင်ကို ရဲမှူးအေးစိန်သို့ ကမ်းပေးရင်း ..

''အဲဒီစာထဲမှာ သေဆုံးတဲ့ သန်းထွန်းလှိုင်(ခေါ်)ပေန့်ဟာ ဆိုင်ကယ်မှောက်ပြီး သွေးရိုးသားရိုးသေဆုံးတာ မဟုတ်ပါဘူးတဲ့။ တစ်ဦးတစ်ယောက်ရဲ့ပယောဂကြောင့် သေဆုံးရတာပါဆိုပြီး အဖြစ်မှန်ကို စုံစမ်းဖော်ထုတ်ပေးဖို့ သေဆုံးသူရဲ့ဖခင်က နရခကို အသနားခံစာတင်ထားတယ်ဗျ။ ကျွန်တော်တို့ဆီကိုတော့ မိတ္တူပို့ထားတာပါ''

တပ်ဖွဲ့မှူးစကားအဆုံးတွင် ရဲမှူး အေးစိန်က စာပါအကြောင်းအရာများကို ဖတ်ရှုကြည့်သည်။

ခဏအကြာ ရဲမှူးအေးစိန်က ..

''ကျွန်တော်တို့ရှစ်ဆင်ရေးအနေနဲ့ စုံစမ်းမှုဖွင့်ပြီး အလွတ်သဘောစုံစမ်းလို့ရပါတယ်''

''ကျွန်တော်လည်းအဲဒီလိုဖြစ်ချင်တဲ့ ဆန္ဒရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့လုပ်မယ့်ကိစ္စကိုတော့ နရခကို သတင်းပို့ထားဖို့လိုမယ်ဗျ''

မှန်ပါသည်။ မိမိအပေါ်ကျရောက်လာမည့် လုပ်ငန်းတာဝန်ကို အလွတ်သဘောပဲလုပ်လုပ်၊ ကြိုတင်မှုပဲပြုပြု မိမိအထက်ဌာနသို့ သတင်းပို့ခြင်း၊ အသိပေးခြင်း၊ ခွင့်ပြုမိန့်တောင်းခံခြင်းတို့သည် ဝန်ထမ်းကောင်းတစ်ယောက်၏ တာဝန်တစ်ခုပင်ဖြစ်ပါ၏။ သို့ကြောင့် မှူခင်းတပ်ဖွဲ့မှူးကိုယ်တိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ သတင်းပို့အကြောင်းကြားသလို၊ ရဲမှူးအေးစိန်ကလည်း စုံစမ်းဖော်ထုတ်မည့်အမှုစစ်အရာရှိ စုံထောက်စံထူးနှင့်အဖွဲ့ကို ရွေးချယ်တင်ပြသည်။

''ကျွန်တော့်ဘက်ကတော့ အထွေအထူးပြောစရာမရှိပါဘူး၊ အဖြစ်မှန်ကိုပဲ စုံစမ်းဖော်ထုတ်ဖို့ ပြောချင်ပါတယ်''

ဟု မှူးခင်းတပ်ဖွဲ့မှူး၏ မိန့်ဆိုမှုကို ရဲမှူးအေးစိန်က ..

''ဟုတ်ကဲ့ စိတ်ချပါတပ်ဖွဲ့မှူး၊ အမှုစစ်အဖွဲ့ကို ကျွန်တော်ကိုယ်တိုင် ကြပ်ကြပ်မတ်မတ် ပြုပေးပါ့မယ်''

''အကယ်၍ တိုင်စာရှင်ပြောတဲ့အတိုင်း အဖြစ်မှန်ပေါ်လာရင်တော့ အဲဒီအမှုကို ကျွန်တော်တို့စီအိုင်ဒီက လွှဲယူပြီး စစ်ဆေးဖို့လိုမယ်''

''ဟုတ်ကဲ့ပါ တပ်ဖွဲ့မှူး''

ဤသို့ဖြင့် မှူးခင်းတပ်ဖွဲ့မှူးနှင့် စစ်ဆင်ရေးဌာနခွဲမှူး၏ အထက်၊ အောက် လုပ်ငန်းတာဝန်များ ပေးအပ်မှုက အချိန်တိုအတွင်း စီစဉ်ပြီးမြောက်ခဲ့သည်။ လုပ်ငန်းတာဝန်ရရှိခဲ့ပြီးနောက် အမှုဖြစ်စဉ်အကြောင်းကို ခေါင်းစဉ်ပြောင်းချင်ပါသည်။

နေပြည်တော်ခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းကျေးရွာနေ အသက်(၁၉)နှစ်ရှိ စီးပွားရေးပညာ(ပထမနှစ်)ကျောင်းသား၊ (ဘ)ဦးထွန်းလှိုင်၏သား သန်းထွန်းလှိုင်(ခ)ငပန့်သည် (၁၃-၃-၂၀၁၁) ရက်နေ့ ည (၉)နာရီခန့်တွင် ပျဉ်းမနားမြို့နယ်၊ တပ်ပိုးကျေးရွာမှ အဟာရသုခဈေးသို့သွားသော မြေသားလမ်းပေါ်တွင် ဆိုင်ကယ်တိမ်းမှောက်၍ သေဆုံးသွားသည်။ ဆိုင်ကယ်စီးသူ သန်းထွန်းလှိုင်(ခ)ငပန့်သေဆုံးမှုအတွက် ပျဉ်းမနားရဲစခန်းမှ ပထမသတင်းပေးတိုင်ကြားချက်အမှတ် ၁၃၆/ ၂၀၁၁ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၄(က)ဖြင့်အမှုဖွင့်ပြီး နေပြည်တော်ခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်မှုစစ်အရာရှိမှ စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

သေဆုံးသူ သန်းထွန်းလှိုင်(ခ)ငပန့်၏ သေဆုံးမှုအသွင်သဏ္ဍာန်သည် ဆိုင်ကယ်မှောက်၍ သေဆုံးသောလက္ခဏာမဟုတ်ဘဲ တစ်ဦးတစ်ယောက်၏ပယောဂကြောင့် သေဆုံးဖွယ်ဖြစ်ကြောင်း သံသယရှိ၍ အဖြစ်မှန်ကို စုံစမ်းဖော်ထုတ်ပေးရန် သေဆုံးသူ၏ဖခင် ဦးထွန်းလှိုင်မှ အထက်ဌာနသို့ တင်ပြထားခြင်းဖြစ်သည်။

"သေဆုံးတဲ့ ကလေးအဖေသံသယရှိသလို ယာဉ်ထိန်းရဲကကော မသုံးသပ်မိဘူးလား ရဲမှူး"

စုံထောက်စံထူး၏အမေးကို ဌာနခွဲမှူးရဲမှူးအေးစိန်က ..

"အတွေ့အကြုံနဲ့ လေ့လာလိုက်စားမှု အားနည်းလို့ပေါ့ဗျာ၊ ဒီကနေ့ဆိုရင် အဲဒီအမှုဟာသုံးလတောင်ကျော်လို့ ရက်စွန်းနေပြီပဲ၊ ဦးထွန်းလှိုင်တင်ပြတဲ့အတိုင်း အဖြစ်မှန်ပေါ်လာရင် မူလအမှုစစ်အတွက် သင်ခန်းစာယူလောက်တဲ့ ဖြစ်စဉ်တစ်ခုပဲပေါ့"

"မှန်ပါတယ်ရဲမှူး၊ အမှုစစ်ဆေးကြတဲ့ အရာရှိတိုင်းဟာ မိမိကိုင်တွယ်စစ်ဆေးရတဲ့အမှုဟာ အဖြူလား၊ အမည်းလား၊ အမှန်အကန်လား၊ အကြံအဖန်လားဆိုတာကိုတော့ လေ့လာသုံးသပ်ကြည့်ဖို့လိုပါတယ်"

အမှုစုံစမ်းမေးခြင်းနှင့်ပတ်သက်၍ စုံထောက်စံထူး၏ အတွေးစကို ရေးပြချင်ပါသည်။ ဒါ[illegible] Every body respect but suspect (လူတိုင်းကိုလေးစားသည်။ သို့သော် သံသယအတွေးတော့ရှိသည်) ဆိုသော ခံစားမှုပင်ဖြစ်သည်။ ဤသံသယအတွေးက ချစ်သူရည်းစားအပေါ် တွေးဆမိ၍ စုံထောက်စံထူးတစ်ယောက် ယနေ့အထိ လူပျိုကြီးဘ၀ဖြင့်ရပ်တည်နေဆဲပင်ဖြစ်သည်။ ဒါကလည်း ကုသိုလ်ကံကောင်းခြင်းဟု တစ်နည်းအားဖြင့်ပြောလို့ရသည်။ ထောင်ဆိုလျှင် ဘယ်ထောင်ကိုမှ မ၀င်ချင်၊ မပြုချင်သောစုံထောက်စံထူးမှာ ညအိပ်ရာတွင် ခြင်ထောင်ပင်ဆောင်မထားဘဲအိပ်သည်။ စုံထောက်စံထူး၏အတွေးစကို ဝေ၀ါးသွားအောင် ဖန်တီးလိုက်သော ရဲမှူးအေးစိန်၏ သံစဉ်က ..

"အဲဒီစုံစမ်းမှုကို ခင်ဗျားအနေနဲ့ ဘယ်က စဖွင့်မလဲ"

အခန်း(၂)

"ကျွန်တော် ယာဉ်မှုစစ်က ဒုရဲအုပ်နေဦးပါ"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်။ ကျွန်တော် စီအိုင်ဒီကစုံထောက်စံထူးပါ"

တစ်ဦးနှင့်တစ်ယောက် မိတ်ဖွဲ့စကားဆိုပြီးနောက် ရှေ့ဆက်ရမည့် စုံထောက်စံထူး၏ အလုပ်က စုံစမ်းမေးမြန်းဖို့ပင်ဖြစ်သည်။ ဒါကြောင့် စုံထောက်စံထူးက သန်းထွန်းလှိုင်သေဆုံးမှုကို မေးမြန်းကြည့်သည်။ ယာဉ်မတော်တဆဖြစ်၍ ယာဉ်မောင်းသူသေဆုံးသွားသဖြင့် အမှုကို ပိတ်သိမ်းဖို့သာရှိကြောင်း ယာဉ်မှုစစ်ဒုရဲအုပ်နေဦးက သူ့အလုပ်သဘောကို ခင်းကျင်းပြသည်။

"အမှုပိတ်ဖို့တော့ မလုပ်ပါနဲ့ဦး ညီလေးရာ၊ ဒီအမှုနဲ့ပတ်သက်ပြီး ကိုယ်တို့သိချင်တာလေးတွေ စုံစမ်းမေးမြန်းစရာရှိလို့ပါ၊ အဲဒီအမှုတွဲကို ကိုယ်ခဏကြည့်ချင်ပါတယ်"

"ဟုတ်ကဲ့ ရပါတယ်ခင်ဗျ"

ဒုရဲအုပ်နေဦးထုတ်ပေးသောပုဒ်မ ၃၀၄ (က)အမှုတွဲကို စုံထောက်စံထူးက စာရွက်တစ်ရွက်ချင်းစီကို လှေ့လာကြည့်ရှုသည်။ အမှုနှင့်ပတ်သက်၍ သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းထားတာက သေဆုံးသူစီးနင်းမောင်းလာသောကန်ဘိုအမျိုးအစား ဆိုင်ကယ်တစ်စီးသာရှိသည်။ အခြားအထောက်အထားသဲလွန်စဟူ၍ ဘာမျှမရှိ။ အခင်းဖြစ်နေရာတွင် ရိုက်ကူးထားသောဓာတ်ပုံအချို့ရှိသည်။ သေဆုံးသူ ဆိုင်ကယ်တိမ်းမှောက်ပုံက ခပ်ဆန်းဆန်း၊ ဆိုင်ကယ်ကိုခွလျက် လူကောဆိုင်ကယ်ပါ မြေသားလမ်းပေါ်တွင် ဝဲဘက်သို့တုံးလုံးလဲနေသည်။ ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားသော်လည်း ဖိနပ်က နတ္ထိ၊ ဆိုင်ကယ်တိမ်းမှောက်ပုံအနေအထားကို တွေးဆကြည့်သည်။

စုံထောက်စံထူးတစ်ယောက် ဆိုင်ကယ်စီးကျွမ်းပါသည်။ သို့သော်လည်း မလွှဲမရှောင်သာသောအခြေကြောင့် ဆိုင်ကယ်သုံးကြိမ်လောက်

တိမ်းမှောက်ဖူးသည်။ သို့သော်လည်း ဆိုင်ကယ်ကိုခွလျက်၊ ဒါမှမဟုတ် ချိတ်တွဲလျက်၊ အတူပါသွားခြင်းမျိုး မရှိခဲ့ဖူးပါ။ ဆိုင်ကယ်တိမ်းမှောက်သည်နှင့် တစ်ပြိုင်နက် နံဘေးသို့ခုန်ထွက်၍ ဆိုင်ကယ်တခြားလူတခြား ဖြစ်အောင် ကြိုးစားခဲ့သည်။ ဤသို့ကြိုးစားခဲ့သော် လည်း ဆိုင်ကယ်မောင်းနှင်လာသော အရှိန် (force) ကြောင့်မောင်းနှင်စီး နင်းသူမှာ လမ်းပေါ်နှင့် လမ်းနံဘေးသို့ တလိမ့်ကောက်ကွေး ၊ဂျွမ်းထိုးမှောက်ခုံ ပြုတ်ကျကာ ဒဏ်ရာရရှိခဲ့ဖူးသည်။ ဆိုင်ကယ်အရှိန်ပြင်းချောင် ပြင်းသလို ဒဏ်ရာအနေအထားလည်းပြင်းသည်။ အခန့်မသင့်လျှင် ကျိုးပဲ့သည်မှအစ အသက်အန္တရာယ်အထိ ဖြစ်နိုင်သည်။ ယခုဓာတ်ပုံတွင် မြင်တွေ့ရသလို ဆိုင်ကယ်ကိုခွလျက် တိမ်းမှောက်ခဲ့ ပါလျှင် တိမ်းမှောက်ခဲ့သော ဘယ်ဘက် ခြမ်းရှိ ဆိုင်ကယ်စီးသူ၏ ခန္ဓာကိုယ်နှင့် မြေခင်းတို့၏ထိတွေ့မှုကို ဆိုင်ကယ် အရှိန်က ဆွဲပါသွားသဖြင့် ခန္ဓာကိုယ်တစ်ဘက်ခြမ်းတွင် စုတ်ပြဲ၊ ကျိုးပဲ့ ခြေမည်။ အထူးသဖြင့် ဆိုင်ကယ်တိမ်းမှောက်သော ဘယ်ဘက်ရှိ ခြေထောက်မှာ ဆိုင်ကယ်ဘော်ဒီနှင့် မြေခင်းတို့ ဖိညှပ်ဆွဲယူမှုအရှိန်ကြောင့် ဒဏ်ရာပြင်းထန်နိုင်သည်။ ယခု ဆိုင်ကယ်တိမ်းမှောက်၍ သေဆုံးသော သန်းထွန်းလှိုင်တွင် သွေးထွက်သံယိုပြင်ပဒဏ်ရာအဖြစ် ဓာတ်ပုံမှတ်တမ်း တွင်ဘာမျှမတွေ့။

''သေဆုံးတဲ့ သန်းထွန်းလှိုင်မှာ ပြင်ပ ဒဏ်ရာအနေနဲ့ ဘာတွေများ တွေ့ခဲ့သေးသလဲ''

စုံထောက်စံထူး၏ အမေးကို ဒုရဲအုပ် နေဦးက ..

''ပြင်ပဒဏ်ရာအနေနဲ့ကတော့ ဘယ်ညာညို့သကျည်းမှာ ဖူးရောင်နေတာပဲတွေ့ပါတယ်။ ပြီးတော့ နှာ ခေါင်းအတွင်းကသွေးထွက်နေပါတယ်''

ဦးခေါင်းပေါက်ပြဲခြင်းမရှိဘဲ နှာ ခေါင်းမှ သွေးထွက်နေခြင်းသည် ဦး ခေါင်းအတွင်း သွေးယိုစီးမှု (Internal Bleeding) ကြောင့် ဖြစ်နိုင်ခြေရှိသည်။

တစ်နည်းဆိုရလျှင် ဦးခေါင်းအတွင်း ထိခိုက်ဒဏ်ရာရရှိမှုပင်ဖြစ်သည်။ ခိုင်မာတောင့်တင်းသော ဆိုင်ကယ်စီးဦးထုပ်ကိုဆောင်းထားပါလျက် ဦးခေါင်းအတွင်းပိုင်း သွေးယိုစီးခြင်းလက္ခဏာကလည်း စဉ်းစားစရာသာဓကတစ်ခု၊ နောက်အတွေးတစ်ခု ရေးပြချင်ပါသေးသည်။ ဆိုင်ကယ်တိမ်းမှောက်မှုတွင် မောင်းနှင်လာသော အရှိန်အတိုင်းအတာရ ဆိုင်ကယ်၏ကိုယ်ထည်တွင် ကျိုးပဲ့၊ ပျက်စီး၊ ကောက်ကွေးမှုများရှိရမည်။ ယခု သန်းထွန်းလှိုင်တိမ်းမှောက်သောဆိုင်ကယ်က ပွန်းပဲ့ရာပင်မရှိ။ သေဆုံးသူ သန်းထွန်းလှိုင်နှင့် မောင်းနှင်လာသော ဆိုင်ကယ်တို့၏ တိမ်းမှောက်မှုအသွင်အပြင် လက္ခဏာက ဆိုင်ကယ်အတွေ့အကြုံရှိသူတိုင်းသိသည်။

အပြင်လက္ခဏာနှင့် အသွင်သဏ္ဍာန်က ယုံမှားသံသယဖြစ်ဖွယ်ရှိနေပါ၏။ အတွင်းသဏ္ဍာန်နှင့် ဒဏ်ရာအနေအထားကိုသိလို၍ ..

''သေဆုံးသူရဲ့ အတွင်းဒဏ်ရာနဲ့ ရင်ခွဲစစ်ဆေးတွေ့ရှိမှုက အဖြေဘယ်လိုပေးသလဲ''

စုံထော်စံထူး၏ အမေးကို ဒုရဲအုပ်နေဦးက ..

''အဲဒီနေ့ည (၁၁)နာရီခွဲလောက်မှာ သေဆုံးတဲ့ သန်းထွန်းလှိုင်ရဲ့ အလောင်းကို ပျဉ်းမနားမြို့ ခုတင်(၂၀၀)ဆေးရုံကိုပို့ပါတယ်''

နောက်တစ်နေ့ ၁၄-၃-၂၀၁၁ မနက် ၈ နာရီ ၄၀ မိနစ်တွင် တာဝန်ကျ လ/ထဆရာဝန်မှ ရင်ခွဲစစ်ဆေးသည်။ သေဆုံးချိန်ကို ၁၃-၃-၂၀၁၁ ရက်နေ့ ည(၈)နာရီဖြစ်ကြောင်း ခန့်မှန်းထားသည်။ ခန္ဓာကိုယ်ပြင်ပဒဏ်ရာအနေဖြင့် ဝဲ/ယာ ညို့သကျိုးဖူးရောင်ဒဏ်ရာများတွေ့ရှိသည်။ အတွင်းဒဏ်ရာအနေဖြင့် ခန္ဓာကိုယ်အတွင်းဒဏ်ရာ(၅)မျိုး တွေ့ရသည်။ ထိုဒဏ်ရာများမှာဦးခေါင်းတွင်းရှိ ဦးခေါင်းခွံရိုးကွဲအက်ဒဏ်ရာ၊ ငယ်ထိပ်တွင်ရှိသော ဦးရေပြားအောက် သွေးယိုသည့်ဒဏ်ရာ၊ ငယ်ထိပ်အောက်တည့်တည့်ရှိ ဦးနှောက်ဖူးရောင်ဒဏ်ရာနှင့် ဦးနှောက်မေးအောက် သွေးယို

သည့် ဒဏ်ရာ၊ ရင်အုပ်ကြွက်သားဖူးယောင်ဒဏ်ရာ၊ ဝဲဘက်ရင်အုံအတွင်း သွေး ၂၀၀ စီစီယိုနေခြင်းနှင့် ဝဲအဆုပ်တွင် ဖူးရောင်ဒဏ်ရာရနေခြင်းနှင့် စုတ်ပြဲ ဒဏ်ရာရနေခြင်းတို့ကို ရင်ခွဲစစ်ဆေးသူဆရာဝန်မှ မှတ်ချက်ပြု ထားသည်။ သေဆုံးရခြင်းအကြောင်းရင်းများမှာလည်း ဦးခေါင်းအား မာကျော၍ တုံးသောအရာဝတ္ထုဖြင့် ထိခိုက်မိသဖြင့် ဦးခေါင်းခွံရိုးကျိုးကာ ဦးနှောက်မေးအောက် သွေးယိုပြီး ဦးနှောက်ဖိညှစ်ခံရခြင်းနှင့် ဦးနှောက် ဖူးရောင်ခြင်းတို့ကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ ဆရာဝန်၏ စစ်ဆေး တွေ့ရှိချက်ကို ဒုရဲအုပ်နေဦးမှ စုံထောက်စံထူးသို့ ဖွင့်ဆိုပြသည်။

ဦးခေါင်းတွင်ရရှိသောဒဏ်ရာများအနက် ငယ်ထိပ်တည့်တည့်တွင်ရရှိ သော ဒဏ်ရာများက ဆိုင်ကယ်တိမ်းမှောက်သေဆုံးနေပုံနှင့် အငြင်းထွက် ၍ သံသယဖြစ်ဖွယ်ရှိပါသည်။ ငယ်ထိပ်ဆိုသည်မှာ ဦးခေါင်းအထက် အလယ် တည့်တည့်တွင်ရှိသောနေရာဖြစ်သည်။ ဆိုင်ကယ်တိမ်းမှောက်သေဆုံးနေပုံ က ဆိုင်ကယ်စီးဦးထုပ်ဆောင်းကာ ဆိုင်ကယ်နှင့်အတူ လက်ဝဲဘက်သို့ တုံးလုံးလဲလျက်။

''အဲဒီငယ်ထိပ်တည့်တည့်မှာ ရရှိထားတဲ့ ဒဏ်ရာအနေအထားနဲ့ ပတ်သက်လို့ သက်ဆိုင်ရာဆရာဝန်နဲ့ တွေ့ဆုံဆွေးနွေးပြီး အဖြေရှာကြည့် သေးလား''

## အခန်း(၃)

''ကျွန်တော့်အနေနဲ့ကတော့ ဆိုင်ကယ်တိမ်းမှောက်ပြီး သေတယ်လို့ပဲ ယူဆခဲ့မိပါတယ်''

ယာဉ်မှုစစ်အပိုင်းပြီးတော့၊ သေဆုံးသူ သန်းထွန်းလှိုင်၏ဖခင် ဦး ထွန်းလှိုင်၏ကဏ္ဍ။ ဦးထွန်းလှိုင်က သားဖြစ်သူ အခင်းဖြစ်ပွားပုံကို ကိုယ် တွေ့မြင်လိုက်ရသူမဟုတ်။ အခင်းဖြစ်ပြီးနောက်တစ်နေ့၊ နေ့လယ် (၁၂)နာရီ

အချိန်၊ ယာဉ်မှုစစ်မှ အကြောင်းကြား၍သာ သိရှိရသည်။ သို့သော် အခင်း ဖြစ်မြင်ကွင်းဓာတ်ပုံကို ဒုရဲအုပ်နေဦးထံမှ တောင်းယူရရှိခဲ့သည်။ အထက် ဌာနသို့ တင်ပြခဲ့ခြင်းနှင့်ပတ်သက်၍ စုံထောက်စံထူးက ဦးထွန်းလှိုင်ကို ခေါ်ယူတွေ့ဆုံ မေးမြန်းကြည့်သည်။ ဦးထွန်းလှိုင်အနေဖြင့် မူလက ဓာတ်ပုံ ကိုကြည့်၍ ဆိုင်ကယ်မှောက်သေဆုံးသည်ဟုထင်ကြောင်း၊ စုံထောက်စံထူး သို့ အထက်ပါစကားဖြင့် အဖြေပေးသည်။ ဒီတော့စုံထောက်စံထူးက ..

"ဦးထွန်းလှိုင်အနေနဲ့ ဘယ်လိုဘယ်ပုံတွေကြောင့် တစ်ဦးတစ်ယောက် ရဲ့ပယောဂလို့ ထင်ပါသလဲခင်ဗျ"

"ကျွန်တော့်သားဟာ ဖိနပ်ကို အရမ်းခရေဖိဖြစ်ပါတယ်။ တစ်ခါတစ်ရံ သူ့ဖိနပ်ကို မှားစီးသွားလို့ပဲဖြစ်ဖြစ်၊ တစ်ဦးတစ်ယောက်က ယူသွားလို့ပဲ ဖြစ်ဖြစ်၊ အိမ်ကိုခြေထောက်ပြောင်သက်သက်နဲ့ ပြန်လာပါတယ်။ အိမ် ရောက်မှ နောက်ဖိနပ်အသစ်တစ်ရံ ထပ်ဝယ်စီးပါတယ်။ ဒါက ကျွန်တော့် သားရဲ့ ဖိနပ်အပေါ်ရှူးသွပ်မှုတစ်ခုပါ။ ယခုသေဆုံးတဲ့ဓာတ်ပုံမှာ ကျွန်တော့် သားရဲ့ဖိနပ်မတွေ့ပါဘူး၊ နောက်တစ်ခုက ..."

ဦးထွန်းလှိုင်အစ်ကိုမှာ ဦးကျော်လှိုင်ဖြစ်သည်။ ဦးကျော်လှိုင်ကလည်း တူဖြစ်သူ၏ သေဆုံးနေပုံကိုကြည့်၍ ဆိုင်ကယ်မှောက်ပြီးသေဆုံးတာမဖြစ် နိုင်ကြောင်း ညီဖြစ်သူဦးထွန်းလှိုင်သို့ အကြိမ်ကြိမ်အခါခါဆိုသည်။ ဒီတော့ ဦးထွန်းလှိုင်က မည်သူ့ကိုမျှ ထိခိုက်စေလို၊ နစ်နာစေလိုသော စိတ်ရင်း မရှိဘဲ အဖြစ်မှန်ကိုတင်ပြ၍ အခင်းဖြစ်ပြီး (၃)လအကြာ၊ ၁၃-၆-၂၀၁၁ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့လိပ်မူ၍ တင်ပြခဲ့သည်။ မှုခင်း တပ်ဖွဲ့ (စီအိုင်ဒီ)သို့ မိတ္တူပေးပို့ခဲ့ကြောင်း ဦးထွန်းလှိုင်က ထွက်ဆိုပြသည်။

"ကျွန်တော့်အနေနဲ့ ဦးထွန်းလှိုင်ရဲ့သား သေဆုံးမှုကို အမှုမှန်ပေါ်ဖို့ အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးပါ့မယ်၊ ဦးထွန်းလှိုင်ဘက်ကလည်း သား ဖြစ်သူရဲ့ အသွားအလာ၊ အနေအထိုင်၊ အကျင့်စရိုက်ကအစ ကျွန်တော့်ကို

မိသားစုလိုသဘောထားပြီး ယုံယုံကြည်ကြည်နဲ့ ပြောပြစေချင်ပါတယ်''

''စိတ်ချပါခင်ဗျ။ အဖြစ်မှန်ကို သိချင်လို့ တင်ပြခဲ့တဲ့ ကျွန်တော့်အနေနဲ့ ဘာကိုမှ ဖုံးကွယ်မထားပါဘူး''

ဟု အစချီ၍ ဦးထွန်းလှိုင်က စုံထောက်စံထူးသိလိုသမျှကို အောက်ပါအတိုင်း ဖွင့်ဆိုပြသည်။

ဦးထွန်းလှိုင်နှင့် ဇနီးဒေါ်မာမာဝင်းတို့မှာ ယခင်က နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည်။ ယခု ပျဉ်းမနားမြို့တွင် ကိုယ်ပိုင်စီးပွားရေးအဖြစ် မြန်မာ့ရိုးရာခေါင်ရည်ကို လက်ကားဖြန့်ဖြူးသူဖြစ်သည်။ ဦးထွန်းလှိုင်၊ ဒေါ်မာမာဝင်းတို့တွင် သား(၂)ယောက်နှင့် သမီး(၂)ယောက် ရှိသည်။ သေဆုံးသူ သန်းထွန်းလှိုင်မှာ အငယ်ဆုံးသားဖြစ်သည်။ အထွေးဆုံးသားအတွက် မိဘနှစ်ပါးတွင် အဆွေးဆုံးခံစားမှုများရှိနေကြသည်။ သန်းထွန်းလှိုင်သည် အပေါင်းအသင်းများဖြင့် မကောင်းသတင်းကို ဆောင်ထားသည်။ အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးခြင်းနှင့် ဒိုက်ရန်ဖြစ်ပွားတတ်ခြင်းတို့ဖြစ်သည်။ ဒါတွင်မက သန်းထွန်းလှိုင်သည် နေအိမ်မှ ထွက်သွားပြီးလျှင် ၄၊ ၅ ရက်အိမ်ပြန်မလာဘဲ သူ့အပေါင်းအသင်းများအိမ်တွင် စားသောက်နေထိုင်လေ့ရှိသည်။ မိဘဆိုတာကလည်း တောင်းစုတ်ပလုံးစုတ်သာ ပစ်ရိုးထုံးစံရှိသော်လည်း သားဆိုးသမီးဆိုးကိုမူ စွန့်ပစ်ရိုးထုံးစံမရှိကြသည်က အမှန်။ သန်းထွန်းလှိုင်ဆိုးသမျှကို အဓိကခံစားနေရသူက မိခင်ဒေါ်မာမာဝင်းပင်ဖြစ်သည်။ တစ်ခါတစ်ရံသားဆိုး၏သတင်းကို ဖခင်ဖြစ်သူ ခင်ပွန်းသည်မသိအောင် ဖုံးဖုံးဖိဖိထားခဲ့ရသူမှာလည်း ဒေါ်မာမာဝင်းပင်ဖြစ်သည်။ ဒါက သေဆုံးသူ သန်းထွန်းလှိုင်၏ အသွားအလာ၊ အနေအထိုင်၊ အကျင့်စရိုက်နှင့် မိဘနှစ်ပါး၏ ရင်တွင်းစကား ..။

''အဲဒီနေ့က သန်းထွန်းလှိုင်ဟာ ဘယ်အချိန်က အိမ်ကထွက်သွားတယ်၊ ဘယ်သူပါသွားတယ်ဆိုတာကော ဦးအနေနဲ့ သိမြင်လိုက်သလား''

''ဟုတ်ကဲ့ သိပါတယ်၊ သားသေဆုံးသွားတယ်ဆိုတာကို ကြားသိတာက ၁၄ ရက်နေ့၊ နေ့လယ် ၁၂ နာရီအချိန်ပါ။ သူ အိမ်ကထွက်သွားတာက ၁၁ ရက်နေ့ ညနေ ၅ နာရီလောက်ရှိပါပြီ၊ ထွက်သွားတော့လည်း သူတစ်ယောက်တည်းပါ''

''အဲဒီနေ့ညက သူအိမ်ပြန်လာသေးလား''

''အဲဒီနေ့ညနေ အိမ်ကထွက်သွားကတည်းက သေဆုံးတဲ့သတင်းကြားတဲ့နေ့အထိ အိမ်ကိုပြန်မလာပါဘူး''

''ဒါဆို အိမ်ကထွက်သွားတဲ့နေ့နဲ့ နောက်တစ်နေ့ညတွေမှာ သန်းထွန်းလှိုင်ဟာ ဘယ်အိမ်မှာ ညအိပ်တတ်ပါသလဲ''

''အဲဒါတော့ ကျွန်တော်မသိရိုးအမှန်ပါ၊ ခုနက ကျွန်တော်ပြောခဲ့သလို ဒီကလေးကအိမ်ကထွက်သွားပြီးရင် သုံးလေးငါးရက်အိမ်ပြန်မလာတော့၊ ကျွန်တော်တို့မိဘဘက်ကလည်း ဒါ သူ့အကျင့်စရိုက်ပဲလို့သဘောမှတ်နေမိလို့ပါ''

မှန်ပါသည်။ မိဘဆိုတာကလည်း မိသားစုစားဝတ်နေရေးအတွက် လုံးပန်းနေရတာဖြစ်လို့ အရွယ်ရောက်သူသားသမီးများကို နောက်ကတကောက်ကောက်လိုက်မကြည့်နိုင်ကြပါ။ နှုတ်ဖြင့်သာ ဆုံးမနိုင်ကြပါ၏။ ဒါကို အရွယ်ရောက်သူသားသမီးတိုင်းက လိုက်နာသင့်ပါသည်။ အသွားမတော်တစ်လှမ်းဆိုသလို ယခုကဲ့သို့ အဖြစ်မျိုးဖြင့် ကြုံခဲ့ပါလျှင် အဘယ်သို့သော မိဘ၊ ဆွေမျိုးသားချင်းနှင့် ညီအစ်ကိုမောင်နှမများက သောကပရိဒေဝမီးမတောက်ဘဲ ရှိခြေအံ့နည်း။ မတော်တဆ ယာဉ်တိမ်းမှောက်၍ တိမ်းပါးကြောင်းမှန်လျှင် ဖြေဆည်နိုင်ပါသေးသည်။ ဤသို့မဟုတ်ဘဲ တစ်ဦးတစ်ယောက်ပယောဂကြောင့်ဆိုလျှင် ရင်ထုမနာဖြစ်ရခြေဦးမည်။ ရှေ့ဆက်ရမည့်အရေးအတွက် စုံထောက်စံထူး၏ အမေးက ..

''သန်းထွန်းလှိုင် သွားတတ်၊ လာတတ်၊ ပေါင်းသင်းနေထိုင်တတ်တဲ့

နေရာတွေနဲ့သူ့အပေါင်းအသင်းတွေကို သိတဲ့ ဦးထွန်းလှိုင်တို့ဘက်ကလူ ဘယ်သူရှိလဲ''

## အခန်း(၄)

''ကျွန်တော်နဲ့ သန်းထွန်းလှိုင်ကို မသိတဲ့လူတွေက ညီအစ်ကိုလို့တောင် ထင်ကြပါတယ်''

အဲဒီလိုဆိုသူက ဦးထွန်းလှိုင်အိမ်က ယာဉ်မောင်း၊ သူ့နာမည်က သန့်ဇင်ဦး။ သန်းထွန်းလှိုင်နှင့် အသက်အရွယ်ချင်းက သိပ်မကွာခြားလှ၊ ငယ်ရွယ်သူများပီပီ သွားအတူ၊ လာအတူ ရှိကြသည်။ သူ့ဆီက ‌ဆွက်ဆိုလာမည့် စကားသံကို ကြားသိလို၍ စုံထောက်စံထူးက . .

''သန်းထွန်းလှိုင်သေဆုံးတာနဲ့ ပတ်သက်ပြီး မင်းဘယ်လိုထင်သလဲ၊ သူ့အပေါင်းအသင်းတွေနဲ့ ပတ်သက်ပြီး မင်းဘယ်လိုမြင်သလဲဆိုတာ ပြောပြစမ်းပါကွာ''

အခင်းမဖြစ်မီ ၁၁ ရက်နေ့၊ ညနေ ၅ နာရီက သန်းထွန်းလှိုင်သည် ဆိုင်ကယ်ဖြင့် နေအိမ်မှ ထွက်သွားခဲ့သည်။ နေအိမ်မှမထွက်မီ သန့်ဇင်ဦးနှင့် တွေ့ဆုံ၍ ည (၇)နာရီအချိန်လောက်တွင် ငွေပြည့်စုံအသုပ်ဆိုင်၌ စောင့်နေရန် သန့်ဇင်ဦးနှင့် ချိန်းဆိုလိုက်သည်။ ယာဉ်မောင်းသန့်ဇင်ဦးလည်း လုပ်ငန်းတာဝန်ပြီး၍ သန်းထွန်းလှိုင်နှင့်ချိန်းဆိုထားသော ငွေပြည့်စုံအသုပ်ဆိုင်သို့ ထွက်လာခဲ့သည်။ အသုပ်ဆိုင်သို့ရောက်သော်လည်း ချိန်းဆိုထားသော သန်းထွန်းလှိုင်က မတွေ့၊ သို့သော် လာလိုလာငြား အတွေးဖြင့် သန့်ဇင်ဦးက ထမင်းသုပ်မှာစားပြီး စောင့်နေခဲ့သည်။ အချိန်အတော်ကြာသော်လည်း သန်းထွန်းလှိုင်ရောက်မလာ၍ သန့်ဇင်ဦးသည် အသုပ်ဆိုင်မှ နေအိမ်သို့ ပြန်လာခဲ့သည်။

နောက်တစ်နေ့ရောက်သော်လည်း သန်းထွန်းလှိုင်က အိမ်သို့ပေါက်

မလာ။ ဒါကိုလည်း အထက်တွင်ဖွင့်ဆိုခဲ့သည့်အတိုင်း ဒီသူငယ်၏ အကျင့်စရိုက်ဖြစ်လို့ ပုံမှန်ဟုပင် ထင်ခဲ့သည်။ နှစ်ရက်လွန်၍ သုံးရက်မြောက်သော ၁၃ ရက်နေ့တွင် ယာဉ်မောင်းသန့်ဇင်ဦးက ကားဖြင့် မြို့ထဲသို့သွားသည်။ သန်းထွန်းလှိုင်၏ အရိပ်အရောင်ကား ဘာမျှမတွေ့။ ဒါတွင်မက သန်းထွန်းလှိုင်နှင့် အများဆုံးတွဲသောသူ သုံးလေးဦးပင် ပျောက်ခြင်းမလုပျောက်နေသည် ကိုသန့်ဇင်ဦးက သတိထားမိခဲ့သည်။ စိတ်ထဲတွင်လည်း သန်းထွန်းလှိုင်တို့တစ်စု မူးယစ်ဆေးသုံးစွဲ၍ ဖမ်းဆီးအရေးယူခြင်းခံရလေသလားဟု တွေးဆမိကြောင်း သန့်ဇင်ဦးက ထွက်ဆိုပြသည်။

"မင်းက သန်းထွန်းလှိုင် မူးယစ်ဆေးသုံးတာ တွေ့ဖူးလို့လား"

စုံထောက်စံထူး၏ အမေးကို ယာဉ်မောင်းသန့်ဇင်ဦးက ..

"ဟုတ်ကဲ့ တွေ့ဖူးပါတယ်"

"ဆိုစမ်းပါဦးကွ၊ ဘယ်လိုတွေ့ဖူးတာလဲ"

အခင်းမဖြစ်မီအချိန်၊ နေ့လယ် ၁၁ နာရီခန့်က သန့်ဇင်ဦးသည် သူ၏ ခန္ဓာကိုယ်၌ တက်တူး (Tattoo) (ဆေးမှင်ကြောင်) ထိုးနေစဉ် သန်းထွန်းလှိုင်နှင့် အပေါင်းပါ(၂)ဦးသည် သန့်ဇင်ဦးထံသို့ ရောက်ရှိလာသည်။ ထိုစဉ် သန်းထွန်းလှိုင်က ..

"ကိုသန့်ဇင်ဦးရေ ခင်ဗျားဆီမှာ ကျွန်တော်အပ်ထားတဲ့ ငွေသုံးသောင်း ပေးပါဦးဗျာ"

"ဘာလုပ်ဖို့လဲ သန်းထွန်းလှိုင်"

"ဒီကောင်တွေနဲ့ ကျွန်တော်ဆေးသွားတင်မလို့"

သန့်ဇင်ဦးကလည်း သန်းထွန်းလှိုင်အပ်ထားသော ငွေသုံးသောင်းကို ထုတ်ပေးလိုက်သည်။ ထို့နောက် သန်းထွန်းလှိုင်ပါ သုံးဦးလည်းဆိုင်ကယ်ကိုယ်စီဖြင့် ထွက်သွားခဲ့ကြသည်။ ထိုနေ့ ညနေ ၃ နာရီခန့်တွင် သန်းထွန်းလှိုင်သည် သန့်ဇင်ဦးရှိရာ တက်တူးထိုးနေသည့်နေရာသို့ ပြန်ရောက်လာသည်။

သန်းထွန်းလှိုင်၏အသွင်သဏ္ဌာန်မှာ မူးယစ်ဆေးဝါးသုံးစွဲထား၍ ပုံမှန်အနေအထားမဟုတ်ကြောင်း မြင်တွေ့ခဲ့သည်။ ထို့ကြောင့် သန့်ဇင်ဦးက ..

"မင်းတို့ အဲဒီဆေးဘာယ်ကရတာတုန်း"

"ကျွန်တော်တော့မသိဘူးဗျ။ မိုးကြီးတို့အဖွဲ့သွားရှာလာတာ"

ဟု ပြောဆိုပြီး သန်းထွန်းလှိုင်လည်း ဆိုင်ကယ်ဖြင့် သန့်ဇင်ဦးရှိရာ တက်တူးထိုးဆိုင်မှ ပြန်လည်ထွက်သွားကြောင်း ယာဉ်မောင်း သန့်ဇင်ဦးမှ ထွက်ဆိုပြသည်။

သေဆုံးသူသန်းထွန်းလှိုင်ကို ပျဉ်းမနားမြို့ပေါ်ရှိ လူရွယ်အတော်များများက သိရှိခင်မင်ကြသည်။ ထိုအပေါင်းအသင်းများထဲတွင် အကျင့်စရိုက်တူသူများရှိကြသလို၊ အကျင့်စရိုက်မတူသူများလည်း ရှိကြသည်။ အကျင့်စရိုက်မတူသူအပေါင်းအသင်းများကို အသာထား၍ သေဆုံးသူနှင့် အကျင့်စရိုက်တူသူများကိုရွေးထုတ်ကြည့်သည်။ အထူးသဖြင့် အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်သုံးသူများကိုရွေးထုတ်သည်။ ထိုသူများထဲတွင် သေဆုံးသူ သန်းထွန်းလှိုင်နှင့်အတွဲအများဆုံး အရင်းနှီးဆုံးရှိသူများကို သိလို၍ မေးစမ်းကြည့်ရာ ..

"သန်းထွန်းလှိုင်နဲ့ အရင်းနှီးဆုံး၊ အတွဲအများဆုံးက မိုးသီဟ(ခ) မိုးကြီး၊ ဟိန်းဇော်ဖြိုး(ခ)ချစ်ကောင်းနဲ့ ပြည့်လင်းစိုး(ခ)ကိုပြည့်တို့ သုံးယောက်ပါ"

ဟု အနီးကပ်ပေါင်းသင်းနေသော ယာဉ်မောင်းသန့်ဇင်ဦးက ဆိုသည်။ ဒါကို တစ်ဆင့်တက်၍ စုံထောက်စံထူးက ..

"အဲဒီသုံးယောက်ကော အခု ပျဉ်းမနားမှာရှိနေသလား"

"မိုးကြီးကတော့ မန္တလေးကို သွားနေတယ်လို့ ပြောသံကြားတယ်။ ချစ်ကောင်းကတော့ ရန်ကုန်မှာ အလုပ်သွားလုပ်နေတယ်လို့ သိရပါတယ်။ ဒီမှာရှိနေတာက ကိုပြည့်တစ်ယောက်ပါပဲ"

''အခင်းမဖြစ်မီ တစ်ရက်နှစ်ရက်လောက်မှာ သန်းထွန်းလှိုင်ပြန်မလာလို့ မင်းလေ့လာကြည့်တော့ သူနဲ့တွဲတဲ့သူတွေကိုပါ မတွေ့မိဘူးဆိုတာက ကော ဘယ်သူ့တွေလဲ''

''ခုနက ကျွန်တော်ပြောတဲ့မိုးကြီးတို့အဖွဲ့သုံးယောက်ပါ''

''နောက်တစ်ခုထပ်မေးဦးမယ်ကွာ၊ အဲဒီသုံးယောက်ထဲမှာ သန်းထွန်းလှိုင်ဟာ ဘယ်သူနဲ့အတွဲအများဆုံးလဲ''

''မိုးကြီးနဲ့ အတွဲအများဆုံးပါ''

## အခန်း(၅)

မိုးကြီးဆိုတာက (၁၀)တန်းကို နှစ်ကြိမ်လောက်ကျရှုံးထားသူ။ အဖေက ယာဉ်မောင်း၊ အမေကကျောင်းဆရာမ၊ မိဘနှစ်ပါးက လူကြီးဆန်သလောက် မိုးကြီးက ခပ်မိုက်မိုက်ချွမ်ရှုပ်ရှုပ်။ သူများနှင့် ခိုက်ရန်ဖြစ်လျှင် မိုးကြီးက ထိပ်ဆုံးက၊ ဖြစ်စရာမရှိလျှင် အချင်းချင်းအငြင်းပွားရန်ဖြစ်လေ့ရှိသူ။ သူတို့က လက်ရောက်မှုပြု၍ ခံလိုက်ရသူတွေရှိသလို၊ သူများက လက်ရောက်မှုပြု၍ သူတို့ခံရတာတွေလည်းရှိသည်။ အဲဒီတော့ သူတို့အဖွဲ့တွင် မိုးကြီးက လူစွာတစ်ယောက်၊ မကောင်းမှုဒုစရိုက်ပြုမှုတွင်မိုးကြီးက ခေါင်းဆောင်လို ဖြစ်နေသည်။

စုံထောက်စံထူးက မိုးကြီး၏သတင်းကို အတွင်းကျကျ လေ့လာစုံစမ်းကြည့်သည်။ မိုးကြီးကနေအိမ်တွင် မရှိ၊ ၁၀ တန်းဖြေရန်အတွက် မန္တလေးမြို့တွင် ဘော်ဒါတက်နေကြောင်းဆိုသည်။ မန္တလေးမြို့ရှိ ဘော်ဒါဆောင်လိပ်စာကိုလည်းရသည်။ ထိုလိပ်စာကို ထောက်ကြည့်တော့ မိုးကြီးက ဘော်ဒါတက်နေတာမဟုတ်၊ ရေကြည်ရာ မြက်နုရာသို့သွား၍ ဝါသနာပါရာ အလုပ်ကို ပြုလုပ်နေကြောင်းသိရသည်။ ဒါက ပျဉ်းမနားမြို့တွင် ပျောက်ဆုံးနေသော မိုးကြီး၏ သတင်းစကားပင်ဖြစ်သည်။

နောက်တစ်ယောက်က ဟိန်းဇော်ဖြိုး(ခ)ချစ်ကောင်း။ သူက လည်း လူကောင်းတစ်ယောက်တော့မဟုတ်၊ သို့သော် သူတို့အုပ်စုထဲတွင် ချစ်ကောင်းက ဩဇာညှောင်းသူတစ်ယောက်၊ ယခု ချစ်ကောင်းလည်း ပျဉ်းမနားတွင် မရှိ၊ ရန်ကုန်တွင်အလုပ်သွားလုပ်နေသည်ဟု စုံစမ်းသိရသည်။

"ချစ်ကောင်းက ရန်ကုန်ဘယ်အရပ်မှာ ဘာသွားလုပ်နေတာလဲ"

စုံထောက်စံထူး၏ အမေးစကားကို ရေရေရာရာသိရှိသူက ..

"အင်းစိန်ဂျပန်လမ်းထဲမှာ ကျော်ကြီးဝပ်ရှော့ဆိုတာရှိတယ်။ ပိုင်ရှင်နာမည်က ကိုကျော်ကြီးတဲ့၊ သူက ချစ်ကောင်းရဲ့ဦးလေး။ အဲဒီဝပ်ရှော့မှာ ချစ်ကောင်းအလုပ်လုပ်နေတယ်လို့ သိရတယ်"

အင်းစိန်ရှိ စီအိုင်ဒီရုံးကိုသတင်းပေး၍ ချစ်ကောင်းကို သတင်းထောက်ခိုင်းသည်။ သတင်းစကားအတိုင်း ချစ်ကောင်းတစ်ယောက် ကျော်ကြီးဝပ်ရှော့တွင်ရှိနေသည်။

နောက်တစ်ယောက်က ပျဉ်းမနားမြို့တွင် ပူပူနွေးနွေးဇနီးမယားဖြင့် ယုဇနဈေးတွင် ဈေးရောင်းနေသော ပြည့်လင်းစိုး(ခ)ကိုပြည့်။ သူကတော့ စုံထောက်စံထူး၏ မျက်စိအောက်တွင်ရှိနေသူ။ ဒါက သေဆုံးသူ သန်းထွန်းလှိုင်နှင့် အတွဲအများဆုံး။ အနီးစပ်ဆုံးရှိကြသူသုံးဦးတို့၏ မေးပါများ၍ကြားသိရသော သတင်းစကားများပင်ဖြစ်ပါ၏။

အနာနှင့်ဆေး တည့်အောင်ပေးဖို့အတွက် ဝေဒနာရှင်၏ရောဂါကို စမ်းသပ်ရှာဖွေရပါ၏။ ဝေဒနာရှင်၏ ရောဂါကို သိရှိလာသောအခါ ရောဂါ၏ အတိမ်အနက်အတိုင်းအတာကို သိဖို့လိုပါ၏။ ဒါမှသာ ပေးသောဆေးသည် ဝေဒနာရှင်နှင့်တည့်မတ်ပြီး ရောဂါလည်းပျောက်ကင်းသလို ဆေးပေးသူလည်း ဂုဏ်သတင်းကြွယ်ပါ၏။ အနာနှင့်ဆေးတည့်အောင် မပေးခဲ့ပါလျှင်၊ ရောဂါရှင်လည်း ဒေါသတွေ့သလို၊ ဆေးပေးသူလည်း နာမည်ပျက်ရပါသည်။ ယခု စုံထောက်စံထူး၏ စုံစမ်းထောက်လှမ်းမှုတွင် ဝေဒနာရှင်(၃)ဦးရှိသည်။

ထိုဝေဒနာရှင် (၃)ဦးတွင် ရောဂါရှိနေကြောင်း စုံထောက်စံထူးက သံသယရှိသည်။ သံသယဖြင့် ဝေဒနာရှင်၏ရောဂါကို ဆေးကုပေး၍မရ၊ အနာသိမှ ဆေးရှိဆိုတာလို၊ ဝေဒနာရှင်၏အနာရောဂါသိဖို့အတွက် ..

"ကျွန်တော် စီအိုင်ဒီက စုံထောက်စံထူးပါဆရာကြီး၊ လွန်ခဲ့တဲ့ သုံးလကျော်လေးလလောက်က ဆိုင်ကယ်မှောက်လို့ သေဆုံးသွားတဲ့ သန်းထွန်းလှိုင်ရဲ့ ရင်ခွဲစစ်ဆေးတွေ့ရှိမှုနဲ့ ပတ်သက်ပြီး ကျွန်တော်သိချင်တာလေးတွေ မေးခွင့်ပြုပါခင်ဗျ"

ကျွမ်းကျင်သူ ဆေးပညာရှင်၏ ထင်မြင်ယူဆချက်သည် ရာဇဝတ်ပြစ်မှုများအတွက် အရေးပါအရာရောက်သော အထောက်အထားတစ်ခုဖြစ်သည်။ ဒါကြောင့် စုံထောက်စံထူးက ဖြစ်စဉ်နှင့် ဒဏ်ရာအနေအထား၊အထူးသဖြင့် သေဆုံးသူ၏ ခန္ဓာကိုယ်အတွင်း၌ ရရှိခဲ့သော ဒဏ်ရာအနေအထားတို့ကိုသိလို၍ နေပြည်တော်ရှိ ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ မှုခင်းဆရာဝန်ကြီးထံသို့ သွားသည်။ သွားရခြင်းအကြောင်းရင်းရှိသည်။ သေဆုံးသူ သန်းထွန်းလှိုင်၏ အလောင်းကို ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆေးရုံသို့ ပို့ကြောင်း၊ တာဝန်ကျ လ/ထ ဆရာဝန်က ရင်ခွဲစစ်ဆေးကြောင်းကို အထက်တွင် ဖွင့်ဆိုထားပြီး ဖြစ်ပါသည်။ ထိုသို့ ရင်ခွဲစစ်ဆေးစဉ်၊ တာဝန်ကျ လ/ထ ဆရာဝန်မှ မှုခင်းဆရာဝန်ကြီးကိုပါ ဖိတ်ခေါ်၍ မှုခင်းဆရာဝန်ကြီးကိုယ်တိုင်ကြည့်ရှုစစ်ဆေးခဲ့သဖြင့်၊ မှုခင်းဘက်ဆိုင်ရာ ဆရာဝန်ကြီးထံသို့ စုံထောက်စံထူးက ချဉ်းကပ်ခွင့်တောင်းသည်။ မှုခင်းဘက်ဆိုင်ရာဆရာဝန်ကြီးကလည်း သိလိုသည်များကိုမေးခွင့်ပြုသည်။ ဒီတော့ စုံထောက်စံထူးက ..

"အခင်းဖြစ်အနေအထားရဲ့ဓာတ်ပုံမှတ်တမ်းနဲ့ ယာဉ်မှုစစ်က ရဲအရာရှိရဲ့ တွေ့မြင်သိရှိချက်မှာသေဆုံးသူဟာ ဆိုင်ကယ်ကိုခွလို့ ဘယ်ဘက်ကို တုံးလုံးလဲပြီး လဲကျသေဆုံးနေတာဖြစ်ပါတယ်။ ပြီးတော့ ခိုင်မာတောင့်တင်းတဲ့ ဆိုင်ကယ်စီးဦးထုပ်ကိုဆောင်းထားပြီး၊ ပြင်ပဒဏ်ရာအနေနဲ့ ဘယ်

ညာညို့သကြီးမှာ ဖူးရောင်နေပါတယ်။ နှာခေါင်းက သွေးထွက်နေတယ်လို့ သိရပါတယ်။ အခင်းဖြစ်ဆိုင်ကယ်မှာကတော့ ဘာမျှထိခိုက်ပျက်စီးတာ မတွေ့ရပါဘူး။ အကယ်၍ ညို့သကြီးမှာ ရတဲ့ဒဏ်ရာလောက်နဲ့ကတော့ သေနိုင်ဖွယ်ရာမရှိဘူးလို့ ကျွန်တော် ထင်ပါတယ်။ ဒါကြောင့် သေဆုံးသူရဲ့ ခန္ဓာကိုယ်အတွင်းပိုင်းက ရရှိထားတဲ့ ဒဏ်ရာအနေအထားနဲ့ ဆရာကြီးရဲ့ ထင်မြင်ယူဆချက်ကို သိလိုပါတယ်''

အထက်တွင် သေဆုံးသူ၏ ပြင်ပဒဏ်ရာ၊ ရင်ခွဲစစ်ဆေးတွေ့ရှိချက် စသော ဆေးစာပါအကြောင်းအရာများကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဤသည်မှာ စာတွေ့အကြောင်းအရာသာဖြစ်၍ လက်တွေ့မဟုတ်ပါ။ လက်တွေ့ ကျကျအဖြေ ထုတ်ပေးသော မှုခင်းဆရာဝန်ကြီး၏ ဖွင့်ဆိုမှုက ..

''သေဆုံးသူရဲ့ကိုယ်တွင်းဒဏ်ရာကို နှစ်ပိုင်းခွဲကြည့်ရအောင်။ ပထမက ဦးခေါင်းပိုင်းဒဏ်ရာနဲ့ ဒုတိယက ရင်အုပ်ပိုင်းဒဏ်ရာနှစ်မျိုးတွေ့ပါတယ်။ အဲဒီဒဏ်ရာနှစ်ခုနဲ့ ညို့သကြီးက ပြင်ပဒဏ်ရာတို့ ပေါင်းစပ်ပြီးသေဆုံးသူဟာ စက်တပ်ယာဉ်တစ်မျိုးမျိုးကြောင့် ရရှိတဲ့ဒဏ်ရာလို့ အဖြေထုတ်ရတာပါ''

''ဟုတ်ကဲ့ပါဆရာကြီး၊ အကယ်၍များ သေဆုံးသူဟာ ရင်အုပ်ပိုင်းမှာ ဒဏ်ရာမရမရှိခဲ့ဖူးဆိုပါစို့။ သူရရှိထားတဲ့ ဦးခေါင်းငယ်ထိပ်တည့်တည့်ဦးရေပြားအောက်သွေးယိုစီးမှုရယ်၊ ဦးနှောက်ဖူးရောင်တာရယ်၊ အဲဒီ ဦးနှောက်မွေးအောက်မှာသွေးယိုတဲ့ ဒဏ်ရာတစ်ခုသာ ရရှိခဲ့ရင်၊ စက်တပ်ယာဉ်ကြောင့် ရရှိတဲ့ ဒဏ်ရာလို့ဆိုနိုင်ပါသလား ဆရာကြီး''

စုံထောက်စံထူး၏ ဒီမေးခွန်းက ကိုယ့်ဘက်ပါအောင် တမင်ဆွဲ၍အဖြေထုတ်နေခြင်းမဟုတ်ပါ။ မှုခင်းဆေးစာတွင် ရင်ခွဲစစ်ဆေးချက်၌ တွေ့ရှိရသော ဦးခေါင်းပိုင်းဆိုင်ရာ စစ်ဆေးတွေ့ရှိမှုတစ်ခုကို လက်တွေ့ကျကျ အဖြေထုတ်လို၍ ပုစ္ဆာပေးခြင်းပင်ဖြစ်ပါ၏။ တိကျမှန်ကန်သော ဆေးပညာ၏အဖြေတွင် စုံစမ်းထောက်လှမ်းသူ၏ ဒွိဟကို တိတိပပသိရဖို့အတွက် အဖြေထုတ်

ခြင်း ဖြစ်ပါသည်။ စုံထောက်စံထူး၏ အမေးကို မှူခင်းဆရာဝန်ကြီးက ..

''သေဆုံးသူရဲ့ ဦးခေါင်းငယ်ထိပ်တည့်တည့်က ဒဏ်ရာတစ်ခုတည်းသာဆိုရင် အဲဒီဒဏ်ရာဟာ စက်တပ်ယာဉ်ကြောင့်ရရှိတဲ့ ဒဏ်ရာအနေအထား မဖြစ်နိုင်ပါဘူး။ တစ်ဦးတစ်ယောက်က မာကြောတဲ့အရာနဲ့ ထုနှက်လို့ရရှိတဲ့ ဒဏ်ရာပဲဖြစ်နိုင်ပါတယ်''

ကျွမ်းကျင်သူ ဆေးပညာရှင် မှူခင်းဆရာဝန်ကြီး၏ အဖြေစကားက ရှေ့ဆက်လှမ်းရမည့် စုံထောက်စံထူး၏ ခရီးအတွက် လမ်းတစ်လမ်း၊ တံတားတစ်စင်းပင်ဖြစ်ပါပေတော့သည်။

## အခန်း(၆)

ဖြစ်စဉ်အနေအထား၊ ကာယကံရှင်၏ ဖွင့်ဟချက်၊ လေ့လာစုံစမ်းတွေ့ရှိမှုနှင့်မှူခင်းဆရာဝန်ကြီးထံ ချဉ်းကပ်မေးမြန်းမှုကြောင့် သန်းထွန်းလှိုင်သေဆုံးမှုမှာ သွေးရိုးသားရိုးမဟုတ်တာအမှန်။ ဒီအကြံအဖန်သရုပ်ကို မည်သူလုပ်လေသနည်း။ ဒီအရေးကို အဖြေထုတ်ဖို့အတွက် သေဆုံးသူနှင့် အသွားအလာများပြီး ပျောက်ကွယ်နေသူ မိုးကြီးနှင့်ချစ်ကောင်းကို ထိတွေ့ကြည့်ဖို့ပင်ဖြစ်သည်။ သူတို့နှစ်ယောက်တွင် ဘယ်သူက အားသာ၍ ဘယ်သူက အားပျော့လေသနည်း။ လက်ရည်စမ်းကြရာတွင် ကိုယ့်ထက်အားနည်းသူကိုဦးစွာယှဉ်ပြိုင်ပါမှ အနိုင်ရ၍ နောက်တစ်ဆင့်တက်နိုင်ခြေမည်။ အပြန်ပြန်အလှန်လှန် လေ့လာစုံစမ်းပြီးနောက် လက်ရည်စမ်းဖို့အတွက် စုံထောက်စံထူးက ချစ်ကောင်းကို စိန်ခေါ်လိုက်သည်။ ချစ်ကောင်းနှင့်အတူ ဦးလေးဖြစ်သူကျော်ကြီးလည်း အတူပါလာသည်။

''မင်းသူငယ်ချင်း သန်းထွန်းလှိုင်(ခ)ငပန် သေသွားတာကို မင်းသိလား''

စုံထောက်စံထူးက အဲဒီလိုစဖွင့်သည်။ ဒီတော့ ချစ်ကောင်းက ..

"ဟုတ်ကဲ့ သိပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်ပျဉ်းမနားမှာ ရှိပါတယ်"

"မင်းနဲ့ ငပန့်က ဘယ်လိုစရင်းနှီးခဲ့တာလဲ"

"ဟိုလွန်ခဲ့တဲ့ ၂၀၁၀ ခုနှစ်၊ သကြံန်မှာ စားသောက်လည်ပတ်ရင်း စတင်ရင်းနှီးခဲ့တာပါ။ သူသေဆုံးသွားပြီးတဲ့နောက် ကျွန်တော်လည်း ပျဉ်းမနားတက်လိုက် ဦးလေးဝပ်ရှော့ကို ဆင်းလိုက်နဲ့ပဲ ဦးလေးရဲ့ ကျော်ကြီးဝပ်ရှော့မှာ အလုပ်ဆင်းနေပါတယ်"

သန်းထွန်းလှိုင်(ခ)ငပန့် သေဆုံးစဉ်က ပျဉ်းမနားမြို့တွင် ချစ်ကောင်း ရှိနေသည်ဆိုခြင်းက စုံထောက်စံထူးအတွက် လုပ်ကွက်တစ်ခုပင်ဖြစ်သည်။

"မင်းကို ယဉ်ယဉ်ကျေးကျေးနဲ့ မြန်မာဆန်ဆန်ပြောရရင် ငါ အကူ အညီတစ်ခုတောင်းချင်တယ်။ လုပ်ငန်းသဘောအရ ပြောရရင် တာဝန်တစ်ခု ပေးချင်တယ်"

"ဟုတ်ကဲ့ ပြောပါဆရာ၊ ကျွန်တော်တတ်နိုင်တာဆိုရင် ကူညီပါ့မယ်"

ငပန့်သည် ၁၁ ရက်နေ့ ညနေ ၅ နာရီခန့်တွင် ဆိုင်ကယ်ဖြင့် နေအိမ်မှထွက်သွားပြီး ထိုနေ့ည အိမ်သို့ ပြန် ရောက်မလာ။ နောက်တစ်နေ့ ၁၂ ရက်နေ့ ညနေပိုင်းတွင် ငပန့်နှင့်မိုးကြီးတို့နှစ်ဦး ဆိုင်ကယ်တစ်စီး ဖြင့် မိုးမြင့်မိုရ်အရက်ဆိုင်မှ အပြင်သို့ထွက်သွားကြောင်း စုံစမ်းသိရသည်။ ထိုနေ့ညကလည်း ငပန့်အိမ်ပြန်မလာ။ နောက်တစ်နေ့ ၁၃ ရက်နေ့ ည ၉ နာရီတွင် ငပန့်အလောင်းနှင့်ဆိုင်ကယ်ကို အခင်းဖြစ်နေရာတွင် တွေ့ရှိ သည်။ ငပန့်မသေဆုံးမီ ရက်ပိုင်းအချိန်ပိုင်းအတွင်းတွင် အတူတကွယှဉ်တွဲ ရှိနေသူမှာ မိုးသီဟ(ခ)မိုးကြီးဖြစ်သည်။ ဒါကြောင့် ငပန့်သေဆုံးမှုကို မိုးကြီးလည်း သိနိုင်သည်။ သို့သော်မိုးကြီးက ယခု ပျဉ်းမနားတွင်မရှိ ကြောင်း စုံထောက်စံထူးက ရှင်းပြသည်။ စုံထောက်စံထူး၏ စကားအဆုံး တွင် ချစ်ကောင်းက ..

''အဲဒါတွေကိုတော့ အခုဆရာ ရှင်းပြမှပဲကျွန်တော်သိပါတယ်''

''အေး ထားလိုက်ပါတော့ကွာ၊ ငါမင်းကို တာဝန်ပေးချင်တာက မင်း သူငယ်ချင်းငပန့် အိမ်ကထွက်သွားတဲ့နေ့ ညနေ ၅ နာရီကနေ အလောင်း တွေ့တဲ့နေ့ ည ၉ နာရီအချိန် နှစ်ညအိပ်သုံးရက်အတွင်း ဘယ်အိမ်မှာ အိပ်တယ်။ ဘယ်အိမ်မှာစားတယ်ဆိုတဲ့ သူရဲ့ သွားလာလှုပ်ရှားမှုကို စုံစမ်း ပေးကွာ၊ အဲဒီလုပ်ငန်းတာဝန်ဟာ မင်းအတွက် ဘာမှအပန်းမကြီးပါဘူး။ မင်းကငါ့ကို ကိုယ်တိုင်လာတွေ့ပြီး ပြောဆိုလို့ ပတ်ဝန်းကျင်က ရိပ်မိစား မိမယ်ဆိုရင် မင်းအတွက် လုံခြုံစိတ်ချရတဲ့နေရာကနေ ငါ့ရဲ့လက်ကိုင်ဖုန်းကို ဆက်သွယ်ပြီး ပြောလို့ရပါတယ်''

စုံထောက်စံထူးက မိမိ၏အမည်နှင့် လက်ကိုင်ဖုန်းနံပါတ်အား ကို ကျော်ကြီးနှင့် ချစ်ကောင်းတို့အား ရေးမှတ်စေသည်။ ထို့နောက် တူဝရီး နှစ်ယောက်လည်း စုံထောက်စံထူးကို ကျောခိုင်း၍ ...

နောက်တစ်နေ့ အလင်းပျောက်၍ အမှောင်ဆိုက်လာသော်လည်း ချစ်ကောင်းထံမှ ဘာမျှ ဆက်သွယ်မလာသဖြင့် တစ်နေကုန်သွားခဲ့သည်။ ဒုတိယမြောက်နေ့ နေ့လယ်ပိုင်းတွင်ဖြစ်သည်။ လက်ကိုင်ဖုန်း၏ အချက် ပေးသံကြောင့် ..

''ဟုတ်ကဲ့ .. အမိန့်ရှိပါ၊ ကျွန်တော်စီအိုင်ဒီက စုံထောက်စံထူးပါ''

တစ်ဖက်မှ ဖုန်းဆက်သွယ်သူကို အဖြေပေးသည်။ ဒီတော့ တစ်ဖက် ဖုန်းဆက်သူက ..

''ဆရာ ကျွန်တော်ချစ်ကောင်းရဲ့ဦးလေး ကျော်ကြီးပါ''

''အော် ... ဟုတ်ကဲ့ ကိုကျော်ကြီး .. ပြောပါခင်ဗျ''

''ဆရာ .. ကျွန်တော့်တူချစ်ကောင်းကို အစိုးရသက်သေလုပ်ပေးလို့ ရမလားဆရာ''

ကိုကျော်ကြီးစကားက အစထွက်လာခဲ့ပြီ။ ဒီအစကိုကြားလိုက်ရ၍

ကျွန်ုပ်၏ဇာတ်ဆောင် စုံထောက်စံထူးလည်း အံ့ဩမှုဖြင့်အတူ အားတက်သွားသည်။ ဟန်ကိုယ့်ဖို့ဆိုသလို စုံထောက်စံထူးက ..

''ကိုကျော်ကြီး ဒါတွေက ကျွန်တော်အကုန်သိပြီးပါပြီ၊ ခင်ဗျားတွေကို ခေါ်တယ်ဆိုတာကလည်း အချိန်တန်လို့ ကျွန်တော်ခေါ်ရတာပါ၊ ခင်ဗျားတွေကို စုံစမ်းပေးဖို့အကူအညီတောင်းတယ်ဆိုတာကလည်း ကျွန်တော်ကိုယ်တိုင် တမင်ဖန်တီးလိုက်တာပါ။ ခင်ဗျား တွေဘက်ကသာ အရှိကိုအရှိအတိုင်း အမှန်ကိုအမှန်အတိုင်း ပြောဖို့တိုက်တွန်းပေးပါ၊ တရားဥပဒေအရ ကျွန်တော်ကူညီနိုင်တာကို အတတ်နိုင်ဆုံး အကူအညီပေးပါ့မယ်''

အထက်တွင် ဖွင့်ဆိုရေးပြထားသည့်အတိုင်း ဝေဒနာရှင်(၃)ဦးအနက် ဝေဒနာရှင်ချစ်ကောင်း၏ အနာရောဂါက စလာခဲ့ပြီ။ ဝေဒနာရှင်ချစ်ကောင်းမှ သူ၏ ရောဂါဝေဒနာကိုပြောပြဖို့၊ ဦးလေးဖြစ်သူ ကိုကျော်ကြီးက ...

''ဟုတ်ကဲ့ ဟုတ်ကဲ့ ကျွန်တော်တို့ ခုပဲ ဆရာ့ဆီလာခဲ့ပါ့မယ်''

## အခန်း(၇)

''ချစ်ကောင်းရေ .. ဟေ့ .. ချစ်ကောင်း''

အခင်းဖြစ်သည့်နေ့ ည ၈ နာရီကျော် ၉ နာရီခန့်ကဖြစ်သည်။ နေအိမ်ရှေ့မှ အော်ခေါ်သံကြောင့် ချစ်ကောင်းတစ်ယောက် အိမ်ရှေ့သို့ ပြေးထွက်လာသည်။ အိမ်ရှေ့လမ်းပေါ်တွင် မိုးကြီးကို တွေ့သည်။ ဒီတော့ ချစ်ကောင်းက ..

''ဟ .. မိုးကြီး .. ဘာဖြစ်လာတာလဲကွ''

''ငပန့်လေ .. ငပန့် .. တော်တော်ပြဿနာရှာတဲ့အကောင်ပဲကွာ''

''ငပန့် ဘာဖြစ်လို့လဲ''

ထိုနေ့ ညဦးပိုင်းက မိုးကြီးနှင့် ငပန့်တို့သည် မူးယစ်ဆေးဝါး သွားသုံးကြသည်။ ဆေးသုံးပြီး၍ မိုးကြီးအိမ်သို့ ပြန်အရောက်တွင် ငပန့်မှာ

ဆေးလွန်၍ ရှော့ခ်(Shock) ဖြစ်သွားသည်။ နေအိမ်ရှိ မိသားစုနှင့်အတူ ပေန့်ကို ဝိုင်းဝန်းပြုစုသော်လည်း ပေန့်မှာ သတိပြန်လည်မလာတော့ဘဲ နေအိမ်တွင် သေဆုံးသွားကြောင်း မိုးကြီးမှ ချစ်ကောင်းကို ရှင်းပြသည်။

''အဲဒါဆိုရင်လည်း သူ့မိဘတွေနဲ့ သက်ဆိုင်ရာကိုပြောပြလိုက်ပေါ့ကွာ''

ချစ်ကောင်းက ပြောသည်။

''သူ့အိမ်နဲ့ သက်ဆိုင်ရာကို အကြောင်းကြားရင် ငါ့ပါပြဿနာတက်လာလိမ့်မယ်ကွ''

မိုးကြီးကပြောသည်။ မှန်ပါသည်၊ မဟုတ်မတရားလုပ်သူများသည် ကိုယ့်ဘက်သို့ လည်ပတ်လာမည့်အရေးကိုတွေး၍ ကြောက်တတ်ကြသည်။ ဒီတော့မိုးကြီးက သူ့ဘက်ကိုလည်း ပြဿနာမဖက်၊ ပတ်ဝန်းကျင်အမြင်လည်းရှင်းအောင် ဆိုင်ကယ်မှောက်သည့် အသွင်သဏ္ဍာန်ဖြင့် ပေန့်၏ အလောင်းကို စွန့်ပစ်ဖို့ဆိုသည်။ အလောင်းစွန့်ပစ်ရာတွင် အကူအညီပေးဖို့ မိုးကြီးက ချစ်ကောင်းကို အကူအညီတောင်းသည်။

''ဖြစ်ပါ့မလား မိုးကြီးရာ''

''ဖြစ်ပါတယ်၊ ချစ်ကောင်းရယ် ဒီကိစ္စဟာ မင်းတို့ငါတို့ပဲသိတာ၊ တခြား ဘယ်သူမှသိကြတာမှ မဟုတ်ဘဲ''

မိတ်ဆွေအပေါင်းအသင်းဆိုတာကလည်း ကောင်းလျှင်လည်းအတူ၊ ဆိုးလျှင်လည်းအတူ ဖက်တွယ်တတ်ကြသည်မို့ ချစ်ကောင်းလည်း မိုးကြီးခေါ်ရာနောက်သို့ လိုက်ပါသွားခဲ့သည်။ ချစ်ကောင်းကိုသာမက ပေါင်းဖော်ပေါင်းဖက်၊ တွဲဖော်တွဲဖက် ဖြစ်သော ကိုပြည့်ကိုလည်း မိုးကြီးက အကျိုးအ ကြောင်းပြော၍ အဖော်ခေါ်သည်။ တိုတိုပြောရလျှင် ပြည့်လင်းစိုး(ခ) ကိုပြည့်လည်း မိုးကြီးခေါ်ရာသို့ ကောက်ကောက်ပါသွားခဲ့သည်။

မိတ်ဆွေသူငယ်ချင်း (၃)ယောက် မိုးကြီးအိမ်သို့ ရောက်ကြသည်။ နေအိမ်တွင် ပေန့်၏ရုပ်အလောင်းနှင့်အတူ မိုးကြီး၏ မိဘနှစ်ပါးလည်း

ရှိသည်။ နေအိမ်ပေါ်တွင်ရှိနေသော ပေနံ့၏ ရုပ်အလောင်းကို စွန့်ပစ်ဖို့ အတွက် မချီ သယ်ယူကြသည်။ ထိုသို့သယ်ယူရာတွင် လက်အိတ်များစွပ်၍ မိုးကြီး၊ ချစ်ကောင်း၊ ကိုပြည့်နှင့် မိုးကြီး၏ဖခင် ဦးမိုးနိုင်တို့ (၄)ဦးက မချီသယ်ယူကြသည်။ မိုးကြီး၏ မိခင်ကမူ မြင်တွေ့ကြားသိနေရသော ဖြစ်ရပ်ကို ရေငုံနှုတ်ပိတ်လျက်၊ သားဖြစ်သူ၏ဖြစ်ရပ်က ဆုပ်လည်းဆူး၊ စားလည်းရှူးမဟုတ်ပါလား။

သေဆုံးသူ ပေနံ့၏ဆိုင်ကယ်ကို မိုးကြီးက မောင်းသည်။ မိုးကြီး၏ နောက်ကျောတွင် ဆိုင်ကယ်ကိုခွလျက် ပေနံ့၏ရုပ်အလောင်း၊ ထိုရုပ် အလောင်းကို ထိန်းကျောင်းဖို့အတွက် မိုးကြီးမောင်းသည့်ဆိုင်ကယ်၏ နောက်ဆုံးနေရာတွင် ကိုပြည့်တို့ဖြစ်သည်။ မြင်တွေ့မည့် ပတ်ဝန်းကျင် အမြင်တွင် နေထိုင်မကောင်းသူ တစ်ဦးကိုလူနှစ်ဦးက ထိန်း၍ သယ်ဆောင် လာသည့် သဏ္ဍာန်။ မိုးကြီး၊ သေသူနှင့် ကိုပြည့်တို့၏ ဆိုင်ကယ်နောက်မှ ချစ်ကောင်းက ဆိုင်ကယ်တစ်စီးဖြင့်လိုက်ပါလျက်။

အလောင်းနှင့် ဆိုင်ကယ်တွေ့ရှိရာအရောက်၊ မိုးကြီးနှင့်ကိုပြည့်တို့ က ဆိုင်ကယ်ပေါ်မှဆင်း၍ ဆိုင်ကယ်နှင့်ပေနံ့ကို မြေသားလမ်းပေါ်တွင် တုံးလုံးလှဲထားခဲ့ကြသည်။ သန်းထွန်းလှိုင်(ခ)ပေနံ့စီးလာသည့် ဖိနပ်ကိုလည်း အလောင်းစွန့်ပစ်သည့် လမ်းနံဘေးတွင် စွန့်ပစ်ခဲ့ကြသည်။ အပြန်ခရီးတွင် ချစ်ကောင်းမောင်းသော ဆိုင်ကယ်ဖြင့် (၃)ယောက်အတူ စီး၍ နေအိမ်သို့ ပြန်လာခဲ့ကြကြောင်းကို ဝေဒနာရှင်ချစ်ကောင်းက သူ၏ အနာရောဂါကို စုံထောက်စံထူးသို့ ဖွင့်ဆိုပြသည်။

နောက်ဝေဒနာရှင်တစ်ယောက်က ပြည့်လင်းစိုး(ခ)ကိုပြည့်။ သူ့ အနာ ရောဂါကလည်း ချစ်ကောင်းကဲ့သို့ ထပ်တူထပ်မျှဖြစ်သည်။ ကုသမည့်သူက သိသော်လည်း ဝေဒနာရှင်ကိုယ်တိုင် ပြသပြောဆိုမှ ရောဂါအတွက် အရေး ပါအရာရောက်သည်။ ဤသို့ဖြင့် ကိုပြည့်တစ်ယောက် စုံထောက်စံထူး

ရှေ့သို့ ရောက်ရှိလာသည်။ ချစ်ကောင်းကို တွေ့တော့ ကိုပြည့်လည်းအပိုတွေ ဖြည့်မနေဘဲ သူလည်းလေ ထိုနည်းလည်းကောင်းပဲ ထွက်ဆိုပြသည်။

"ကောင်းပြီလေ၊ မင်းတို့နှစ်ယောက် ကိုယ်လုပ်မြဲအလုပ်ကိုသာ ဆက်လုပ်နေပါ၊ အခု ငါခေါ်မေးတဲ့ ကိစ္စကိုလည်း မင်းတို့နှစ်ယောက်နဲ့ ကိုကျော်ကြီးက လွဲလို့ ဘယ်သူမှ မသိပါစေနဲ့၊ ယုတ်စွအဆုံး မင်းတို့ မိန်းမတွေကိုတောင် ထုတ်မပြောပါနဲ့၊ မင်းတို့ဘက်က သတင်းပေါက်ကြား ခဲ့ရင်တော့ မင်းတို့ကို ပေးထားတဲ့ အခွင့်အရေးကို ပြန်ရုပ်သိမ်းရလိမ့် မယ်၊ တခြားတစ်မြို့ကို သွားမယ်ဆိုရင်လည်း ငါ့ကိုအကြောင်းကြားပြီးမှ သွားပါ၊ ငါ့ဘက်ကလည်း လိုအပ်ရင် မင်းတို့ကို လှမ်းခေါ်မယ်"

စုံထောက်စံထူးက အထက်ပါစကားဖြင့် ဖွင့်ဆိုပြီး ချစ်ကောင်းနှင့် ကိုပြည့်တို့ကို ကြိုးရှည်ရှည်ဖြင့် လှန်ထားခဲ့သည်။ ရောဂါသည် (၂)ယောက် လည်း သူတို့၏ဝေဒနာအတွက် သက်သာရာသက်သာကြောင်း ရရှိသွားခဲ့ သည်။ ဒါကလည်း အမှုမှန်ပေါ်ဖို့အတွက် အလွတ်သဘော စုံစမ်းရခြင်း ဖြစ်၍ အလုပ်တာဝန်ဝတ္တရားမဟုတ်သေးပါ။ သန်းထွန်းလှိုင်(ခ) ငပန့် သေဆုံးမှုကို တာဝန်ဝတ္တရားတစ်ရပ်အနေဖြင့် ရှေ့ဆက်ဖို့အတွက် ...။

## အခန်း(၈)

"ဒါဆိုရင် သေဆုံးသူရဲ့ ရုပ်အလောင်းကို စွန့်ပစ်တာတော့ သေချာ သွားပြီ ကိုစံထူးရဲ့"

"ဟုတ်ပါတယ် ရဲမှူး"

အလွတ်သဘော စုံစမ်းတွေ့ရှိမှုကို စုံထောက်စံထူးက စစ်ဆင်ရေး ဌာနခွဲမှူး(ရဲမှူး)ထံသို့ ကုန်စင်အောင် တင်ပြရပါ၏။ ဒါမှလည်း ရှေ့ဆက် လုပ်ရမည့်လုပ်ငန်းစဉ်ကို အထက်နှင့်အောက် တင်ပြညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်သည်။

''ချစ်ကောင်းနဲ့ ကိုပြည့်ကသတ်တဲ့အကြောင်းကိုတော့ ဘာမှမပြော ကြဘူးပေါ့''

''ဟုတ်ပါတယ် ရဲမှူး။ သူတို့နှစ်ယောက်က ငပန့်သေပြီးတဲ့နောက်ပိုင်း အလောင်းစွန့်ပစ်ပြီးတဲ့အထိသာ သိကြပါတယ်။ မိုးကြီးပြောတဲ့အတိုင်း ငပန့်ဟာ ဆေးလွန်ပြီးသေတယ်လို့ပဲ သူတို့ထင်မှတ်ထားကြပါတယ်''

''သေဆုံးသူမှာ ရရှိတဲ့ ဒဏ်ရာဒဏ်ချက်နဲ့ အလောင်းစွန့်ပစ်တာ သေချာသွားပြီဆိုတော့ ငပန့်သေဆုံးတာဟာ မိုးကြီးလက်ချက်ဆိုတာ သေချာသလောက်ရှိတယ်''

''ဟုတ်ပါတယ် ရဲမှူး''

''အဲဒီအမှုကို ကျွန်တော်တို့ဆီက လွှဲပြောင်းလက်ခံစစ်ဆေးဖို့ ကျွန်တော် တပ်ဖွဲ့မှူးကို သွားတင်ပြမယ်ဗျာ၊ ခင်ဗျားခဏစောင့်''

စစ်ဆင်ရေးဌာနခွဲမှူး (ရဲမှူး)ကိုယ်တိုင် တပ်ဖွဲ့မှူးဆီသို့ သွားသည်။ စုံထောက်စံထူးကိုယ်တိုင် စုံစမ်းတွေ့ရှိချက်ကို တပ်ဖွဲ့မှူးကို တင်ပြသည်။ ဌာနခွဲမှူး၏ တင်ပြချက်ကိုမှူခင်းတပ်ဖွဲ့မှူးက စိတ်ဝင်တစားနားစွင့်နေသည်။ ဌာနခွဲမှူး၏ စကားအဆုံးတွင် မှူခင်းတပ်ဖွဲ့မှူးက ..

''ဒါဆိုရင် အလောင်းစွန့်ပစ်မှုက သေချာသွားပြီဗျ''

''ဟုတ်ပါတယ် တပ်ဖွဲ့မှူး''

''ဒါဆို လူသတ်မှုနဲ့ သတ်ရခြင်း အကြောင်းရင်းကို ဆက်ဖော်ဖို့ပဲလို တော့တာပေါ့''

''ဟုတ်ပါတယ် ခင်ဗျ၊ ရှေ့ဆက်ဖော်ထုတ်ရမယ့် လုပ်ငန်းအတွက် အဲဒီအမှုကို ကျွန်တော်တို့ လွှဲပြောင်းလက်ခံရယူချင်ပါတယ်''

''ကောင်းတာပေါ့ဗျာ၊ ကျွန်တော် အခုပဲ နရခကို အမိန့်ခံလိုက်မယ်''

အောက်လက်၏တရားဝင်လုပ်ကိုင် ဆောင်ရွက်နိုင်ဖို့အတွက် ဌာန အကြီးအကဲဖြစ်သူက မိမိအထက်ဌာနသို့ တင်ပြခွင့်တောင်းရပါ၏။

သို့ကြောင့် မှုခင်းတပ်ဖွဲ့မှူးကိုယ်တိုင် စုံစမ်းပေါ်ပေါက်ချက်များကို ပြောဆိုပြီး အမှုကို မှုခင်းတပ်ဖွဲ့မှ လွှဲပြောင်းလက်ခံစစ်ဆေးနိုင်ဖို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်သို့ တင်ပြသည်။ ရဲတပ်ဖွဲ့ဌာနချုပ်မှလည်း ထိုအမှုကို မှုခင်းတပ်ဖွဲ့မှ လွှဲပြောင်းရယူ စစ်ဆေးဖော်ထုတ်ဖို့ မီးစိမ်းပြသည်။

အထက်ဌာန၏ သဘောတူခွင့်ပြုမှုကြောင့် ယာဉ်မှုစစ်မှ ပိတ်သိမ်းရန် တင်ပြထားသော ပျဉ်းမနားရဲစခန်း ပထမသတင်းပေးတိုင်တန်းချက်အမှတ် -၁၃၆/၂၀၁၁၊ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၄(က)အမှုက စုံထောက်စံထူး ၏ ပခုံးပေါ်သို့ ကျရောက်လာခဲ့သည်။ ယခင်က အလွတ်သဘောစုံစမ်းခဲ့ရ သော်လည်း ယခုမူ တာဝန်တစ်ရပ်အနေဖြင့်လည်း အပ်နှင်းရရှိခဲ့ပြီးဖြစ်၍ အမှုစစ်အရာရှိ စုံထောက်စံထူးအတွက် ဓားတစ်လက်ရရှိခဲ့သဖြင့် အား တက်သွားသည်။ အလွတ်သဘောစုံစမ်းစဉ်က လက်ထဲတွင် တုတ်ပင်မရှိ သော စံထူး၊ ယခု တာဝန်အရ ဓားတစ်လက်ရရှိသွားသည့်အတွက် ဌာနခွဲမှူးက ...

"အမှုတွဲ လက်ထဲရောက်လာပြီဆိုတော့ ခင်ဗျားဘယ်သူ့ကို စဆွဲမှာလဲ"

"မိုးကြီးကို စဆွဲပါ့မယ် ရဲမှူး။ ဒီကောင့်ကို ထိထိရောက်ရောက် စစ်ကြောလိုက်ရင် ပွဲပြီးသွားမှာပါ"

"မိုးကြီးက ပျဉ်းမနားမှာ ရှိနေလို့လား"

"လွန်ခဲ့တဲ့ ရုံးရက်လောက်ကတော့ ပျဉ်းမနားမှာ ရှိတယ်လို့ သိရပါ တယ်။ အခုတော့ ရှိ/မရှိ မသိရသေးပါဘူး"

အမှုစစ်အရာရှိစုံထောက်စံထူး၊ မိုးကြီး၏ ခြေရာကောက်ဖို့ ပျဉ်းမနား မြို့သို့ ရောက်ရှိလာသည်။ မိုးကြီးအိမ်သို့ ချဉ်းကပ်၍ အနီးကပ်လေ့လာ ကြည့်သည်။ နေအိမ်ထဲက ထွက်လာသော အဖြေစကားသံက ...

"မိုးကြီးက ဒီမှာမရှိဘူးဗျ။ ၁၀ တန်းဖြေဖို့ မန္တလေးမှာ ဘော်ဒါ တက်နေတယ်"

## အခန်း(၉)

''ဘယ်ဟုတ်ရမှာလဲ စံထူးရယ်၊ မနေ့က ညနေ ၆ နာရီလောက်၊ ငါလမ်းလျှောက်ပြန်လာတဲ့အချိန်၊ ဒီကောင်တစ်ယောက်တည်း ဆိုင်ကယ်နဲ့ မြို့ထဲထွက်သွားတာတွေ့လိုက်တယ်''

အိမ်နီးချင်းနေ စုံထောက်စံထူး၏ ကျောင်းနေဖက်သူငယ်ချင်း ကိုမောင်မောင်အေးက အထက်ပါစကားဖြင့် သတင်းပေးပါ၏။ စုံထောက်စံထူး၏ ဇာတိကပျဉ်းမနားသား၊ ငယ်စဉ်က အထက်တန်းပညာကို ပျဉ်းမနားမြို့တွင် ကိုမောင်မောင်အေးနှင့်အတူ ကျောင်းတက်ကျောင်းဆင်းရှိခဲ့ကြသည်။ တက္ကသိုလ်ဆက်တက်မှပင် စံထူးနှင့်မောင်မောင်အေးတို့ အတွဲပျက်ခဲ့ကြသည်။ ကျောင်းပြီးတော့ စံထူးက ရဲထဲရောက်၊ မောင်မောင်အေးက ကိုယ်ပိုင်စီးပွားရေးဖြင့် နေအိမ်တွင် ကုန်စုံဆိုင် စဖွင့်ရာမှ ယခုဆိုလျှင် မီနီစတိုးအဆင့်ဖြင့် တိုးမြှင့်ဖွင့်လှစ်ထားသည်။ မိုးကြီးရှိမရှိ သိလို၍ စုံထောက်စံထူးက ငယ်သူငယ်ချင်းလည်းဖြစ် မိုးကြီးနှင့်အိမ်နီးနားချင်းနေ ကိုမောင်မောင်အေးကို တီးခေါက်ကြည့်ရာ ကိုမောင်မောင်အေးက အထက်ပါစကားဖြင့် အဖြေပေးသည်။ ဒါကို စုံထောက်စံထူးက ...

''ဟုတ်ရဲ့လား ကိုအေးရယ်''

''ငါမျက်စိ မရှမ်းပါဘူးကွ၊ ဘာလဲ မင်းက သူ့ကို မူးယစ်မှုနဲ့ ဆွဲစေ့မလို့လား''

''မဟုတ်ပါဘူးဗျာ၊ သူတို့လိုင်းက ကျွန်တော်သိချင်တဲ့ သူတစ်ယောက်အကြောင်းကို တိုးတိုးတိတ်တိတ် မေးချင်လို့ပါ''

စုံထောက်ဆိုတာကလည်း ငယ်သူငယ်ချင်းအရင်းကိုပင် အဖြစ်မှန်ကိုဖုံးကွယ်၍ လမ်းကြောင်းလွှဲနေခြင်းမှာ Every body respect but suspect ပင် ဖြစ်ပါ၏။

''ဒါဆိုလည်း မင်းကိုယ်တိုင် သူ့အိမ်ထဲဝင်မေးလိုက်ပေါ့ကွ''

''အဲဒီလိုလည်း မဖြစ်သေးဘူးဗျ''

''ဘာဖြစ်လို့လဲကွ''

''ကျွန်တော်ဝင်ထွက်တာကို ပတ်ဝန်းကျင်နဲ့ သူတို့အသိုင်းအဝိုင်းက မြင်တွေ့ကြားသိသွားရင် သူ့အတွက်လည်း မကောင်းဘူး။ ကျွန်တော့်အတွက်လည်း အောင်မြင်မှုမရှိဖြစ်သွားမှာစိုးလို့ပါ''

''အေး ‥ ဒါတော့လည်း ဟုတ်တယ်ကွ၊ မဟုတ်တာလုပ်တဲ့အိမ်ကို ရဲဝင်သွားရင် ဖမ်းဖို့နဲ့ စားဖို့နှစ်ခုထဲက တစ်ခုခုပဲဆိုတာ ရိပ်စားနေကြတာ၊ အဲဒီတော့ ငါကဘာလုပ်ပေးရမှာလဲ၊ မင်းကကော ဘာသိချင်တာလဲ''

''သူတို့အိမ်ဝိုင်းထဲမှာ အိမ်က လေးလုံးရှိတယ်ဗျ''

''ဟုတ်တယ်လေ ‥ တစ်လုံးက မိုးကြီးရဲ့ အဘိုးအဘွားနေတယ်၊ နောက်တစ်လုံးက မိုးကြီးမိသားစုနေတယ်၊ တစ်လုံးက ငှားထားတယ်နဲ့ တူတယ်ကွ၊ နောက်တစ်လုံးက အိမ်အလွတ်ပဲ၊ အဲဒီအိမ်အလွတ်ရဲ့အောက်ထပ်မှာ မိုးကြီးတစ်ယောက်တည်း နေတယ်ကွ''

''သူက မိဘအိမ်မှာ အတူမနေဘူးလား''

''အခြေအနေအေးတဲ့ အချိန်လောက်ပဲ မိဘအိမ်ပေါ် တက်တာတွေ့ရတယ်၊ ကိုယ့်အရိပ်တောင် ကိုယ်ကြောက်နေရတဲ့သူဆိုတော့ ကျန်တဲ့အချိန်တွေ အဲဒီနှစ်ထပ်အိမ်အလွတ်ရဲ့အောက်ထပ်မှာ ရှိတယ်ကွ''

''ဒါဆို ကိုမောင်မောင်အေး ကျွန်တော့်ကိုအကူအညီတစ်ခုပေးဗျာ''

''ဆိုစမ်းပါဦး၊ ဘယ်လိုကူညီရမှာလဲ''

''မိုးကြီး သူနေတဲ့အိမ်အောက်ထပ်မှာရှိနေတဲ့အချိန်၊ ကျွန်တော့်ကို ဖုန်းဆက်ပေးဗျာ၊ သူတို့အသိုင်းအဝိုင်းထဲက မိုးကြီးနဲ့ရင်းနှီးတဲ့သူ တစ်ယောက်ကိုလွှတ်ပြီး တိုးတိုးတိတ်တိတ် ကျွန်တော်အခေါ်ခိုင်းလိုက်မယ်။ ဒါဆို သူတို့အချင်းချင်းဆိုတော့ ပတ်ဝန်းကျင်ကလည်း သံသယကင်းတာပေါ့ဗျာ''

"ကောင်းပြီလေ၊ ငါ မင်းရဲ့ ရုံးဖုန်းဆက်ရမလား။ ဟမ်းဖုန်းဆက်ပေးရမလား"

"ကျွန်တော့်ဟမ်းဖုန်းကိုသာ ဆက်ပေးပါ"

ဤသို့ဖြင့် အမှုစစ်အရာရှိ စုံထောက်စံထူးလည်း ငယ်သူငယ်ချင်းဖြစ်သူ ကိုမောင်မောင်အေးထံမှ နေပြည်တော် စီအိုင်ဒီသို့ထွက်လာခဲ့သည်။ စီအိုင်ဒီရုံးအရောက်တွင် စစ်ဆင်ရေးဌာနခွဲမှူးအား အခြေအနေကို တင်ပြသည်။ ပတ်ဝန်းကျင်သတင်းစကားကြောင့် အမှုဖြင့် အလိုရှိနေသော မိုးကြီးထွက်ပြေးတိမ်းရှောင်ခြင်း မပြုနိုင်စေရန် ယာဉ်၊ ရထား၊ အဝေးပြေး ကားဂိတ်များတွင် စောင့်ကြည့်ဖမ်းဆီးရေးအတွက် စုံထောက်များကိုတာဝန်ချထားသည်။

မကြာလိုက်ပါ၊ နောက်တစ်နေ့ နေ့လယ် ၃ နာရီခန့်တွင်ဖြစ်သည်။ ခါးကြားရှိ လက်ကိုင်ဖုန်းမြည်သံကြောင့် စုံထောက်စံထူးက ဖုန်းကိုထုတ်၍ သင်္ကေတအမှတ်အသားကို နှိပ်ပြီး ..

"ဟုတ်ကဲ့ ... အမိန့်ရှိပါ၊ ကျွန်တော် စုံထောက်စံထူးပါ"

"သူငယ်ချင်း . ငါမောင်မောင်အေးပါ၊ မင်းတွေ့ချင်တဲ့မိုးကြီး သူနေတဲ့ အိမ်အောက်ထပ်မှာ ရှိနေတယ်၊ အဲဒါ မင်းကိုလှမ်းပြောတာပါ"

"ကျေးဇူးပါပဲ သူငယ်ချင်းရာ၊ မိုးကြီးနဲ့ ရင်းနှီးတဲ့သူတစ်ယောက်ကို ငါဆက်ပြောပြီး ခေါ်ခိုင်းလိုက်မယ်"

ချက်ချင်းဆိုသလို စုံထောက်စံထူး ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် မိုးကြီးရှိရာ နေအိမ်အဆောက်အဦသို့။ ထိုနေ့ ၇-၈ -၂၀၁၁၊ ညနေ ၄ နာရီ အချိန်ခန့်တွင် မိုးကြီးတစ်ဦးတည်းနေထိုင်ရာ နှစ်ထပ်အိမ်တစ်လုံး၏ အောက်ထပ်တွင် လက်ရဖမ်းမိခဲ့သည်။ ရုတ်တရက်ဖြစ်ပွားခဲ့သော အခြေအနေကြောင့် မိုးသီဟ(ခ)မိုးကြီးတစ်ယောက် မင်သက်မိလျက်။ ဖမ်းဆီးလာသော မိုးကြီးကို နေပြည်တော် စီအိုင်ဒီရုံးသို့ ခေါ်ဆောင်လာစဉ် ခါးကြားရှိ

လက်ကိုင်ဖုန်းမြည်သံကြောင့် စုံထောက်စံထူးက ဖုန်းကို ဖြုတ်ယူ၍ နားတွင် ကပ်လိုက်စဉ် ...

''သူငယ်ချင်းငါမောင်မောင်အေးပါ၊ ငါ့ကိုပြောတော့ တစ်မျိုး၊ မင်း လုပ်တာက တစ်မျိုးဆိုတော့ ငါ ဘယ်လိုနားလည်ရမှန်းတောင်မသိတော့ဘူး''

''ငါတောင်းပန်ပါတယ် သူငယ်ချင်း၊ တို့စုံထောက်ဆိုတာ လျှို့ဝှက် အပ်တဲ့အမှု၊ လျှို့ဝှက်အပ်တဲ့ ကိစ္စမှန်သမျှကို သိသင့်သိထိုက်တဲ့သူကလွဲလို့ အိမ်ကသားမယားကိုတောင် အသိပေးခွင့်မရှိတဲ့ ငါတို့ရဲ့အလုပ်အပေါ် သူငယ်ချင်းနားလည်ပေးပါကွာ''

အခန်း(၁၀)

''နားလည်ပါတယ်ခင်ဗျာ၊ ကျွန်တော်နားလည်ပါတယ်''

မိုးသီဟ(ခ)မိုးကြီးကို စစ်ကြောရေးစခန်းသို့ သွင်းသည်။ အမှုစစ် အရာရှိ စုံထောက်စံထူးက သန်းထွန်းလှိုင်(ခ)ငပန့် သေဆုံးမှုနှင့် အလောင်း စွန့်ပစ်မှုတို့ကို မချွင်းမချန်ဘဲ အဖြစ်မှန်ကို အမှန်အတိုင်း ပြောရန်ရှင်းပြ သည်။ ကိုယ်တိုင်ပါဝင်ကျူးလွန်ခဲ့သောပြစ်မှုတွင် သိုဝှက်ထိန်ချန်ထားပါက ပြစ်မှုကျူးလွန်သူအနေဖြင့် စစ်မေးသူ၏ ပြုသမျှကိုခံရမှာဖြစ်ကြောင်း ရှင်း ပြသည်။ စုံထောက်စံထူး၏ ဖွင့်ဆိုရှင်းပြမှုကိုနားလည်သ ဘောပေါက်ကြောင်း တရားခံမိုးကြီးက အထက်ပါစကားဖြင့် ဆိုသည်။ မိုးကြီး၏ စကားအဆုံးတွင် စုံထောက်စံထူးက ..

''မင်းကို ငါထပ်ပြောမယ်၊ အမှန်အတိုင်းပြောတာထက် ပြောတဲ့ အတိုင်း မှန်ဖို့လိုတယ်နော်''

''ဟုတ်ကဲ့ပါခင်ဗျ''

ဟုဆို၍ တရားခံမိုးသီဟ(ခ)မိုးကြီးမှ ပြစ်မှုကျူးလွန်ခဲ့ပုံကို အောက်ပါ အတိုင်း ထွက်ဆိုပြသည်။

၂၀၁၁ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့၊ ည ၇ နာရီအချိန်၊ မိုးကြီးနှင့် သန်းထွန်းလှိုင်တို့သည် သေဆုံးသူပိုင် ဆိုင်ကယ်ဖြင့် ရွာမကျေးရွာအုပ်စု၊ ရွှေပြည်ကျေးရွာနေ ကျော်စိုးထံမှ ဘိန်းဖြူသုံးသောင်းဖိုး ဝယ်ယူခဲ့သည်။ ကျသင့်ငွေကို သေဆုံးသူသန်းထွန်းလှိုင်(ခ)ပေန့်မှ ထုတ်ပေးသည်။ ထိုမှတစ်ဆင့် ၎င်းတို့နှစ်ဦးသည် လယ်ဝေးမြို့နယ်၊ ကြို့ပင်ကြီးကျေးရွာအနီးရှိ လှည်းလမ်းဘေးသို့ သွားသည်။ ထိုလှည်းလမ်းဘေးတွင် ပါလာသော မူးယစ်ဆေးဝါးများကို ဆေးထိုးအပ်ဖြင့် လက်မောင်းအတွင်းသို့ တစ်လှည့်စီ ထိုးသွင်းကြသည်။ ဤသို့ ထိုးသွင်းရာတွင် မူးယစ်ဆေးဝါး၏ သုံးပုံနှစ်ပုံကို တရားခံမိုးကြီးက အသုံးပြု၍ ကျန်သုံးပုံတစ်ပုံကို ပေန့်က အသုံးပြုကြသည်။ မူးယစ်ဆေးဝါးသုံးစွဲပြီး၍ ပြန်မည်အပြုတွင် ပေန့်မှာ မထနိုင်ဘဲ ဆိုင်ကယ်နောက်တန်းကို ဆွဲကိုင်ကာ ဆေးလွန်၍ သတိလစ်သွားခဲ့သည်။ ဒီတော့ မိုးကြီးက ပေန့်ကို မချို၍ ဆိုင်ကယ်နောက်တွင်ခွတင်ကာ ပေန့်၏လက်တစ်ဖက်ကို မိုးကြီး၏ လက်တစ်ဖက်ဖြင့် ယှက်နွယ်၍ ကျန်လက်တစ်ဖက်တည်းဖြင့် မိုးကြီးက ဆိုင်ကယ်မောင်းထွက်ခဲ့သည်။ ပေ ၂၀/၂၅ပေခန့် အရောက် သတိလစ်နေသော ပေန့်မှာ ဆိုင်ကယ်နောက်မှ ပြုတ်ကျသွားခဲ့သည်။

မိုးကြီးလည်း ပေန့်ကိုပြုတ်ကျသောနေရာတွင် ထားရှိခဲ့ပြီး ရွှေပြည်ကျေးရွာသို့ ထွက်သွားသည်။ ရွှေပြည်ကျေးရွာအရောက်တွင် ကျော်စိုး(ဘိန်းဖြူရောင်းသူ)နှင့် မျိုးဇော်(ခ)ပတ်ပျော့တို့အား အကူအညီတောင်း၍ ပေန့်ရှိရာနေရာသို့ ထွက်လာကြသည်။ ပေန့်ရှိရာ လှည်းလမ်းပေါ်တွင် သတိလစ်နေသော ပေန့်ကို ပါးစပ်ထဲဆားထည့်၊ ရေလောင်းစသည်ဖြင့် သတိလည်လာအောင် လုပ်ဆောင်ကြသည်။ သို့သော် ပေန့်က တုတ်တုတ်မျှမလှုပ်၊ ဒါတွင်မက သတိလစ်နေသော ပေန့်ကို သတိလည်လာစေရန် ရင်အုပ်ကိုဖိ၍ နှိပ်နယ်ပြုစုခဲ့သည်။ ရင်အုပ်ပြီးတော့ ပေန့်ကို မှောက်ခုံ

ထား၍ ကျောကို လက်ဖြင့် ဖိနှိပ်ပေးပြီး သတိလည်လာစေရန် ပြုဆောင်ကြသည်။ သို့သော် ပေန့်က ဘာမျှထူးခြားမလာ။

ဤသို့ဖြင့် သတိလစ်နေသော ပေန့်အား ကျော်စိုး၏ မိခင်ဒေါ်ညိုဝင်းနှင့်အတူ မြောက်ကျောင်းစုကျေးရွာရှိ ဦးသန်းထွန်းအိမ်သို့ သွားရောက်ခဲ့သည်။ အလျှင်းသင့်၍ ဦးသန်းထွန်းအကြောင်း ဖွင့်ပြချင်သည်။ ဦးသန်းထွန်းဆိုသူက ရမ်းကုဒေါက်တာ တစ်ယောက်ဖြစ်သည်။ သတိလစ်၍ ရောက်ရှိလာသော ပေန့်ကို ဦးသန်းထွန်းက သွေးပေါင်ချိန်ကိရိယာဖြင့် သွေးပေါင်ချိန်ကြည့်သည်။ ပေန့်၏ သွေးပေါင်ချိန်သည်အဆင့်မှာ ပြနေသည်။ ဒီတော့ ဦးသန်းထွန်းက ..

''ဆေးထိုးလိုက်ရင်တော့ သွေးပေါင်တက်လာပြီး အသက်ရှင်ချင်လည်း ရှင်လာနိုင်တယ်၊ ဒါမှမဟုတ် သေချင်လည်း သေသွားနိုင်တယ်''

''ဟုတ်ကဲ့ အသက်ရှင်လို့ရှင်ငြား ဆေးထိုးပေးပါဆရာရယ်''

''မင်းတို့ဘက်က ဟိုတိုင်ဒီတိုင် မလုပ်ဘူးဆိုရင်လည်း ငါဆေးထိုးပေးလိုက်မယ်''

ဒေါက်တာရမ်းကု၏ စကားကလည်း ပညာသားပါလှသည်။ သူ့ကိုပတ်မည့်အရေးကိုတော့ ကြိုတင်တွေးတတ်သည်။ ဒီလိုလူမျိုးကို သိလျက်နှင့် ဝိဘက်ကြမ္မာငင်သူဟု ဆိုချင်ပါသည်။ နောက်တစ်နည်း၊ ဘယ်သူသေသေ ငတေမာပြီးရော ဆိုသလိုပင်မဟုတ်ပါလား။ ရှိပါစေတော့၊ နောက်ပိုင်းတွင် စုံထောက်စံထူးနှင့် ဒေါက်တာရမ်းကုအခန်း၌ ဦးသန်းထွန်း၏ကြမ္မာကို ဆက်ရှုစေချင်ပါသည်။

နှစ်ဦးနှစ်ဖက်သဘောတူညီမှုဖြင့် ဦးသန်းထွန်းက သတိလစ်နေသော ပေန့်ကို ဆေးနှစ်လုံးထိုးပေးသည်။ ဆေးဝါးကုသစရိတ်အဖြစ် ငွေကျပ်ခုနစ်ထောင်ပေးခဲ့ရသည်။ အတူပါ ကျော်စိုး၊ ပတ်ပျော့တို့ အကူအညီဖြင့် သတိလစ်နေသော ပေန့်ကို ဦးသန်းထွန်း၏ တရားမဝင်ဆေးကုခန်းမှ

မိုးကြီးနေထိုင်ရာ နေအိမ်သို့ သယ်မခဲ့သည်။ နေအိမ်အရောက်တွင် မိုးကြီးက ဖြစ်စဉ်ကို မိဘနှစ်ပါးအား ပြောဆိုအသိပေးပြီး နေအိမ်အပေါ်ထပ်ရှိ အိပ်ခန်းတွင် ထားရှိခဲ့သည်။ ဤသို့ထားရှိစဉ် ၁၂ ရက်နေ့ ညဥ့်နက်လွန်၍ ၁၃-၃-၂၀၁၁ ရက်နေ့အကူး ညဥ့် ၁ နာရီခွဲအချိန်တွင် ငပေန့သေဆုံးသွားသည်။ ငပေန့သေဆုံးမှုက မိုးကြီးအတွက် ဆုပ်လည်းဆူး၊ စားလည်းရှူးဆိုသလို ဖြစ်နေရသည်။ မည်သို့ လုပ်ဆောင်ရမည်ကိုမသိသော မိုးကြီးက မိဘများကို တိုင်ပင်သည်။ မိဘနှစ်ပါးကလည်း သားဖြစ်သူအပြစ်ရမည်ကိုလည်း စိုးရိမ်တကြီးရှိသည်။ ငပေန့သေဆုံးမှုကို တရားဥပဒေဖြင့်အညီအကြောင်းကြားခြင်း၊ သေဆုံးသူ၏ မိဘများထံ အသိပေးခြင်းပြုခဲ့ပါလျှင်ဦးစွာပထမ အချုပ်ထဲဝင်ရမည့်သူမှာ မိုးကြီးဖြစ်သည်။ သေသူက သေသွားသော်လည်း မိုးကြီးက မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့် အရေးယူခံရမှာသေချာသည်။

ထို့ကြောင့် မိုးကြီး၏ ဆန္ဒ၊ မိဘနှစ်ပါး၏ ကန့်ကွက်မှုမရှိသောသဘောတို့ဖြင့် သေဆုံးသူငပေန့ကို သူငယ်ချင်းဖြစ်သူ ချစ်ကောင်း၊ ကိုပြည့်တို့အား အကူအညီတောင်းပြီး ဖခင်ဦးမိုးနိုင်၏ ဝိုင်းဝန်းကူညီမှုဖြင့် ၁၃-၃-၂၀၁၁ နေ့၊ ည ၉ နာရီအချိန်ခန့်၌ အလောင်းတွေ့ရှိသည့်နေရာတွင် ဆိုင်ကယ်မှောက်၍ သေဆုံးသည့်အသွင်သဏ္ဌာန်ဖန်တီးခဲ့ကြသည်။ သေဆုံးသူစီးသောဖိနပ်ကိုလည်း အလောင်းစွန့်ပစ်ရာနေရာအနီးရှိ လမ်းဘေးတွင် စွန့်ပစ်ခဲ့သည်။ နေအိမ်သို့အပြန်တွင် အလောင်းမစဉ်က အသုံးပြုခဲ့သော လက်အိတ်များကို ငလိုက်ချောင်းကူးတံတားဘေးတွင် စွန့်ပစ်ခဲ့သည်။ ထို့အတူ မိုးကြီးဝတ်ဆင်သော Paul Smith စာသားပါ ခဲရောင်ကျားဝတ်ရုပ် အင်္ကျီနှင့်လုံချည်တို့ကို မြို့ဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဝါးရုံတောထဲသို့ စွန့်ပစ်ခဲ့ကြောင်း တရားခံမိုးသီဟ(ခ)မိုးကြီးမှ ဝန်ခံထွက်ဆိုပြသည်။ မိုးကြီး၏စကားအဆုံးတွင် စုံထောက်စံထူးက ..

''အလောင်းစွန့်ပစ်တုန်းက မင်းတို့သုံးတဲ့ လက်အိတ်တွေကို စွန့်ပစ်

တယ်ဆိုတာက ဟုတ်ပါပြီ၊ မင်းဝတ်ဆင်တဲ့ အင်္ကျီနဲ့ လုံချည်က ဘာဖြစ်လို့ စွန့်ပစ်ရတာလဲ''

''သေသွားတဲ့ ငပန့်ကိုယ်က အနံ့အသက်တွေရှိနေလို့ ကျွန်တော်လည်း အင်္ကျီနဲ့လုံချည်ကိုစွန့်ပစ်လိုက်တာပါ''

## အခန်း(၁၁)

''ဒီအဖြေက အပြည့်အဝမှန်ကန်မှုမရှိဘူး ကိုစံထူးရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သေဆုံးတဲ့ ငပန့်ရဲ့ ရုပ်အလောင်းကို သူ့အိမ်ပေါ်မှာ အချိန်နာရီ(၂၀)နီးပါး ထားရှိခဲ့တယ်၊ ပြီးတော့ ရာသီဥတုက ပူပြင်းတဲ့ကာလ၊ သေဆုံးသူက မူးယစ်ဆေးဝါး သုံးစွဲထားသူဆိုတော့ အနံ့အသက်တော့ ရှိချင်ရှိမှာပေါ့ဗျာ၊ ဒါပေမဲ့ ဒီတစ်ခုတည်းနဲ့တော့ မဖြစ်နိုင်ဘူးဗျ''

''ဟုတ်ပါတယ်ရဲမှူး၊ ကျွန်တော် စုံစမ်းမေးမြန်းမှုနဲ့ ရုပ်အလောင်းအနေအထားအရ သုံးသပ်ပြချင်ပါတယ်''

''ဆိုစမ်းပါဦး၊ ဘယ်လိုများ ယူဆလို့လဲ''

''သေဆုံးသူ ငပန့်ရဲ့ ရုပ်အလောင်းမှာ သွေးထွက်သံယိုဆိုလို့ နှာခေါင်းနှစ်ပေါက်က သွေးယိုစီးတဲ့ အနေအထားပဲရှိပါတယ်''

''အဲဒီရုပ်အလောင်းကိုဆိုင်ကယ်ပေါ် ခွတင်ပြီး နောက်ကတစ်ယောက်က ထိန်းကျောင်းထားလို့ သေသူဟာ ဆိုင်ကယ်ပေါ်ကပြုတ်မကျဘဲ အလိုက်သင့် အလျားသင့်ပါသွားမှာပါ''

''မှန်တာပေါ့ဗျာ''

''ဒါပေမယ့် သေဆုံးသူနှာခေါင်းက ယိုစီးနေတဲ့ သွေးစသွေးနတွေဟာ ဆိုင်ကယ်မောင်းတဲ့ မိုးကြီးရဲ့ အင်္ကျီနောက်ကျောကို စွန်းထင်းမှာသေချာသလောက်ရှိမှာပါ''

''ဟုတ်တာပေါ့ဗျာ''

"အဲဒီ သက်သေခံအကျီကိုရလို့ ဓာတုဗေဒဝန်ဆီမှာ စမ်းသပ်စစ်ဆေး လိုက်ရင် လူသွေးတွေ့မတွေ့ အဖြေထွက်လာမှာပါ ရဲမှူး"

"စမ်းသပ်စစ်ဆေးလို့ လူသွေးတွေ့ပါတယ်လို့ အဖြေရရင် အဲဒါဟာ Relevant Facts လို့ ဆိုတဲ့ စပ်ဆိုင်တဲ့ အချင်းအရာတွေပေါ့"

"ဟုတ်ပါတယ် ရဲမှူး။ နောက်တစ်ခုက သေဆုံးသူရဲ့ ဦးခေါင်းမှာရတဲ့ ဒဏ်ရာကတော့ အဖြေမပေါ်သေးပါဘူး"

"ဘာဖြစ်လို့လဲဗျ"

"အဲဒီအပိုင်းကို မိုးကြီးက ဖြောင့်ကွယ် ကွယ်ထားပါတယ်၊ သေသူရဲ့ ရင်အုပ်အတွင်းပိုင်းမှာရတဲ့ ဒဏ်ရာနဲ့ ညီ့သူကြီးက ဒဏ်ရာတို့ဟာ သတိ လစ်နေတဲ့ပေပန့်ကို သတိလည်လာဖို့ အင်နဲ့အားနဲ့ ဖိနှိပ်ထုနက်ကြလို့ ရရှိတဲ့ ဒဏ်ရာ၊ ဒါမှမဟုတ် သတိလစ်စဉ် ဆိုင်ကယ်ပေါ်က ပြုတ်ကျလို့ ရခဲ့တာဆိုတာ မလွဲနိုင်ပါဘူး"

အမှုစစ်အရာရှိ စုံထောက်စံထူး၏ အမှုနှင့်ရရှိသော ဒဏ်ရာတို့အပေါ် သုံးသပ်ပြမှုတို့ကို စစ်ဆင်ရေးဌာနခွဲမှူးက ဆိတ်ငြိမ်စွာဖြင့် နားစွင့်နေ သည်။ ထို့နောက် အမှုဖြင့်ဆက်နွယ်နေသူ ဦးမိုးနိုင်နှင့် ဦးသန်းထွန်းတို့ ကို အရေးယူဆောင်ရွက်ဖို့နှင့် ခိုင်လုံသောသက်သေများမှ ကြိုတင်ထွက်ဆို ချက်ပေးလိုသော ဆန္ဒရှိက ဥပဒေနှင့်အညီ စီစဉ်ဆောင်ရွက်ပေးဖို့ လမ်းညွှန် မှုပြုသည်။ အမှုနှင့်ပတ်သက်သော သက်သေခံပစ္စည်းများကိုလည်း အချိန် နှင့်တစ်ပြေးညီ ကောက်ယူရရှိရန် ညွှန်ကြားသည်။

"စိတ်ချပါ ရဲမှူး၊ အခုလောလောဆယ်တော့ မိုးကြီးဖုံးအုပ်ထားတာ ကို အရင်ဖော်လိုက်ပါရစေ"

"လုပ်ပါ ‥ ဆက်လုပ်ပါ"

"မိုးကြီး ‥‥ မိုးကြီး မင်းပြောတာမှန်ပါတယ်၊ ဒါပေမဲ့ အမှန်ပြော တာမဟုတ်သေးဘူးကွ၊ မင်းက ချန်ပြီးပြောနေတာ"

''မချန်ပါဘူးဆရာရယ်၊ ကျွန်တော်အမှန်အတိုင်း ပြောတာပါ၊ ဆရာကိုယ်တိုင် ချစ်ကောင်းတို့ ကိုပြည့်တို့ကို မေးထားပြီးပြီပဲ''

''အဲဒါကြောင့် မင်းပြောတာမှန်ပါတယ်၊ ဒါပေမဲ့ အမှန်ပြောတာ မဟုတ်သေးဘူးလို့ ငါပြောတာပေါ့၊ ချစ်ကောင်းတို့ ကိုပြည့်တို့က ပေန့်သေဆုံးပြီးနောက် မင်းနဲ့သူတို့လုပ်ဆောင်ချက်က မှန်ပါတယ်၊ ပေန့်မသေခင် ဦးခေါင်းငယ်ထိပ်တည့်တည့်က ရရှိတဲ့ဒဏ်ရာကိုတော့ မင်းအသိဆုံးပဲ''

''အဲဒါက သူသတိလစ်နေတုန်း ကျွန်တော်ဆိုင်ကယ်သယ်လာတော့ ပြုတ်ကျလို့ရတဲ့ ဒဏ်ရာဖြစ်မှာပေါ့''

''မင်းလည်း ဆိုင်ကယ်သမားတစ်ယောက်ပဲ၊ ဆိုင်ကယ်တိမ်းမှောက်လို့ ဒါမှမဟုတ် ဆိုင်ကယ်ပေါ်က ပြုတ်ကျလို့ ဦးခေါင်းမှာ ဒဏ်ရာရခဲ့ရင် ဘယ်တော့မှ ငယ်ထိပ်တည့်တည့်မှာ မဖြစ်နိုင်ဘူး။ ဒါကြောင့်မို့ ပေန့်ရဲ့ ငယ်ထိပ်တည့်တည့်က ဒဏ်ရာဟာ တစ်ဦးတစ်ယောက်က ထုနှက်လို့ရတဲ့ ဒဏ်ရာ၊ မင်းမဟုတ်ရင် ဘယ်သူထုတာလဲ ပြော''

စုံထောက်စံထူးက တင်းမာသောလေသံဖြင့် သွယ်ဝိုက်မနေဘဲ မိုးကြီး၏ အရှိုက်ကို တိုက်ရိုက်ထိုးသွင်းလိုက်သည်။ တိမ်းရှောင်ဝေ့ဝိုက်နေသော မိုးကြီး၊ စုံထောက်စံထူး၏ ထိုးနှက်မှုကြောင့် ...

''ဟုတ်ပါတယ်၊ ကျောက်ခဲတစ်လုံးနဲ့ ပေန့်ခေါင်းကို ကျွန်တော် ထုလိုက်တာပါ''

ဟု မိုးကြီးက ဝန်ခံကာ ဖြစ်စဉ်တစ်ပိုင်းကို အောက်ပါအတိုင်း ထွက်ဆိုပြသည်။

ဝယ်ယူရရှိခဲ့သောမူးယစ်ဆေးဝါးကို (၄)ပုံခွဲသည်။ တစ်ပုံက ပေန့်၊ နှစ်ပုံက မိုးကြီးတို့ သုံးစွဲကြပြီး ကျန်တစ်ပုံကို မိုးကြီးက သူ့အတွက် ချန်ထားသည်။ ဒါကို ပေန့်က တောင်းသည်။ မိုးကြီးကမပေး။ ဒီတော့ ပေန့်က သူ့ငွေကြေးဖြင့် ဝယ်ယူရရှိထားသော ပစ္စည်းဖြစ်၍ သူ့ဥစ္စာဖြစ်

ကြောင်း ဆိုသည်။ ဒါကို မိုးကြီးက ဒေါသအမျက်ထွက်သည်။ ရပ်ထားသော ဆိုင်ကယ်မီးရောင်ကြောင့် မြင်တွေ့ရသော အနီးအနားရှိ အာလူးကျောက် (အာလူးသဏ္ဍာန်ကျောက်စရစ်)တစ်လုံးကို မိုးကြီးက ကောက်ယူလိုက်သည်။ လက်ထဲတွင် ရှိနေသော အာလူးကျောက်ဖြင့် မိုးကြီးက ပေန့်၏ ဦးခေါင်း ငယ်ထိပ်တည့်တည့်သို့ ထုနှက်လိုက်ပြီး ထိုအာလူးကျောက်ကိုအနီးရှိ လယ်ကွင်းထဲသို့ စွန့်ပစ်ခဲ့ကြောင်းကို မိုးကြီးက ဝန်ခံထွက်ဆိုခဲ့သည်။

မူလက မူးယစ်ဆေးဝါး အရှိန်ရှိနေသူ ပေန့်၊ မိုးကြီးရဲ့ ထုနှက်မှုကြောင့် ငယ်ထိပ်မြွေပေါက်သလို ဆောက်တည်ရာမရ ဖြစ်သွားခဲ့သည်။ ထိုင်ရာမှမထနိုင်တော့ဘဲ တုံးလုံးလဲသွားမည်စိုး၍ အနီးရှိ ဆိုင်ကယ်နောက်တန်းကို ဆွဲကိုင်ကာ ပေန့်တစ်ယောက် သတိလက်လွှတ်ဖြစ်သွားခဲ့သည်။ သတိလက်လွှတ်ဖြစ်သွားသော ပေန့်ကို ထိုအချိန်မှစ၍ အလောင်းစွန့်ပစ်သည့် အချိန်အထိ တရားခံမိုးကြီးကိုယ်တိုင် ပါဝင်ကျူးလွန်ခဲ့ကြောင်း စစ်မေးပေါ်ပေါက်ခဲ့လေတော့သည်။

## အခန်း(၁၂)

ဖမ်းဆီးရမိခဲ့သူ တရားခံမိုးကြီးအား နောက်တစ်နေ့တွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံသို့ ပို့အပ်၍ မူးယစ်ဆေးဝါးသုံးစွဲခြင်းရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့သည်။ ဒါကလည်း အမှုစစ်အရာရှိ တစ်ယောက်အတွက် ရဲလုပ်ငန်းကို ကုန်စင်အောင်ဆောင်ရွက် ခြင်းဖြစ်သည်။ ဆေးဆရာဝန်၏ စစ်ဆေးပြန်ကြားချက်တွင်ကာယကံရှင်၏ ဝန်ခံချက်အရ ယခင်က မူးယစ်ဆေးဝါးသုံးစွဲဖူးကြောင်းသိရသည်။ ယခု စမ်းသပ်စစ်ဆေးမှုတွင် မူးယစ်ဆေးဝါးသုံးစွဲထားခြင်းမရှိကြောင်း ပြန်ကြားလာသည်။ ဒါကလည်း အခင်းဖြစ်ပွားချိန် ပတ်ဝန်းကျင်က သုံးစွဲခဲ့သော မူးယစ်ဆေးဝါးအာနိသင်မှာ ယခု စမ်းသပ်ချိန်တွင် လပေါင်းများစွာ ကြာမြင့်ခဲ့ပြီးဖြစ်လို့ ကာယကံရှင်က

ဝန်ခံသော်လည်း အာနိသင်က ပျက်ပြယ်နေပြီဖြစ်ချေပြီ။

မူးယစ်ဆေးဝါးသုံးစွဲမှုအထောက်အထားကို ခဏထား၍ အမှုအတွက် ပြစ်မှုကျူးလွန်ကြောင်း အထောက်အထား သဲလွန်စများ (Clues) ကို ကောက်ယူဖို့ဆက်လိုသည်။ ဤကဏ္ဍတွင် ပြစ်မှုကျူးလွန်သူကိုယ်တိုင် ပြောဆိုပြသထုတ်ပေး၍ ကောက်ယူရရှိခဲ့သော သက်သေခံပစ္စည်း (သဲလွန်စ) သည် ဥပဒေအရ အထောက်အထားသက်သေခံချက်ပင်ဖြစ်သည်။ ဤအထောက်အထားကို Mute Evidence (သက်မဲ့သက်သေခံချက်၊ တစ်နည်း စကားမပြောသော သက်သေ)ဟု ဆိုပါသည်။ ယခုဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူ မိုးကြီးသည် ပြည့်စုံစွာဝန်ခံခဲ့ပြီးဖြစ်သည်။ သို့ကြောင့် သက်သေခံအထောက်အထားကို ကောက်ယူဖို့ အမှုစစ်အရာရှိ စုံထောက်စံထူးနှင့် အဖွဲ့သည် သက်သေများဖြင့်အတူ တရားခံမိုးကြီးခေါ်ဆောင်ရာသို့ လိုက်ပါခဲ့ကြသည်။

ငလိုက်ချောင်းကူး၊တံတားသို့ ရောက်သည်။ မိုးကြီး၏ ညွှန်ပြချက်အရ တံတား၏ယာဘက်ဘေးလယ်ကွက်တွင် ရော်ဘာလက်အိတ် (၄)ခု တွေ့သည်။ ဒါက တရားခံပြောဆို၊ ပြသ၍ ကောက်ယူရရှိခဲ့သော သဲလွန်စတစ်ခု၊ ထိုမှတစ်ဆင့်တက်၍ ပျဉ်းမနားမြို့၊ မြို့ဦးဘုန်းတော်ကြီးကျောင်းသို့ ရောက်သည်။ ဘုန်းကြီးကျောင်း၏ အနောက်ဘက်ရှိ ဝါးရုံတောသို့ မိုးကြီးက ခေါ်ဆောင်သွားသည်။ ဝါးရုံတောအတွင်းမှ Paul Smith စာသားပါ၊ ခဲရောင်ကျားဝတ်ရုပ်အင်္ကျီလက်တို တစ်ထည်က တရားခံမိုးကြီးကို ဆွဲခေါ်နေသည်။ ဒါက အထောက်အထားတစ်ခု။ ထိုမှတစ်ဆင့် ကြို့ပင်ကြီးကျေးရွာအနီးရှိ လှည်းလမ်းဘေးသို့။ ထိုနေရာကား တရားခံမိုးကြီးနှင့် သေဆုံးသူတို့ မူးယစ်ဆေးသုံးစွဲသည့်နေရာ။ မိုးကြီးကိုယ်တိုင် လိုက်လံပြသသောနေရာတွင် အပ်ပါဆေးထိုးပိုက် (၂)ခု၊ အပ်မပါ ဆေးထိုးပိုက် (၁)ခု၊ မိုးရေ ပုလင်းခွံ(အဟောင်း)(၁)လုံး၊ အဖုံးပါ ဆေးထိုးအပ် (၂)ခုနှင့် အပ်မပါ

အပ်ဖုံး (၂)ခုတို့က အထောက်အထားတစ်ရပ်။ နောက်ထပ်အထောက်အထားတစ်ခုက ထိုနေရာအနီးလှည်းလမ်းဘေးရှိ လယ်ကွက်ပေါ်မှ အလေးချိန် (၃၀)ကျပ်သားခန့်ရှိ အာလူးကျောက်တစ်လုံးကို တရားခံမိုးကြီးကိုယ်တိုင် ကောက်ယူအပ်ပေးသည်။ ပြစ်မှုကျူးလွန်သူ ကိုယ်တိုင်ပြသအပ်ပေး၍ အမှုစစ်အရာရှိ စုံထောက်စံထူးက ဥပဒေနှင့်အညီ စီမံဆောင်ရွက်ရသည်။

အမှုအတွက် နိုင်လုံသော အထောက်အထား တစ်ခုကိုကောက်ချက်ပြုချင်ပါသည်။ ဒါက ကျွမ်းကျင်သူပါရဂူ (Expert Opinion) ၏ ထင်မြင်ချက်ပင်ဖြစ်သည်။ ကျွမ်းကျင်သူ၏ ထင်မြင်မှုကလည်း အမှုအတွက် အထောက်အထားတစ်ရပ်ဖြစ်သလို တရားရုံးတွင် သက်သေခံဝင်သည်။ ဒါကြောင့် အခင်းဖြစ်စဉ်က မိုးကြီးဝတ်ဆင်၍ စွန့်ပစ်ရာမှ သိမ်းယူရရှိခဲ့သော ရှပ်အင်္ကျီကို လူသွေးတွေ့၊ မတွေ့ စမ်းသပ်ပြန်ကြားပေးရန် ဓာတုဗေဒဝန်ထံပို့သည်။ ဓာတုဗေဒဝန်၏ စမ်းသပ်စစ်ဆေးပြန်ကြားချက်တွင် ပေးပို့သောရှပ်အင်္ကျီ၌ လူသွေးတွေ့ရှိပါကြောင်းဟု ဆိုသည်။ တွေ့ရှိသော လူသွေးကား သေဆုံးသူ ပေနှံ့၏နှာခေါင်းမှ ယိုစိမ့်ထွက်လာသော အမှတ်အသားတစ်ခုဆိုလျှင် မှားမည်မဟုတ်ပါ။

သက်ရှိသက်သေ၊ သက်မဲ့သက်သေနှင့် ပြစ်မှုကျူးလွန်သူတို့၏ ထင်ရှားသောအထောက်အထား၊ ဝန်ခံချက်တို့က တရားခံမိုးကြီးသည် လူသတ်၍ အလောင်းဖျောက်ဖျက်မှုကို ကျူးလွန်ခဲ့ကြောင်း ပေါ်လွင်ထင်ရှားခဲ့ခြေပြီ။ မူးယစ်ဆေးအနည်းငယ်ကို ရယူလိုသော လောဘ၊ မထိန်းသိမ်းနိုင်သော ဒေါသ၊ အမှားအမှန်ကို ခွဲခြားမသိသော မောဟ စသော အကုသိုလ်တရားများ လွှမ်းမိုးမှုကြောင့် ခင်မင်သော မိတ်ဆွေအပေါင်းအသင်းကိုပင် လက်ရောက်မှုပြုကာ အမှုလမ်းကြောင်းလွဲအောင်ဖန်တီး၍ သေသူ၏ အလောင်းကိုပင် စွန့်ပစ်ခဲ့သည်။ မိုးကြီး၏ အကုသိုလ်တရားကို မောဟဖုံး၍ ပွားများနာယူလိုက်ကြသူများ ရှိသေးသည်။ သူတို့က မိုးကြီး၏ဖခင် ဦး

မိုးနိုင်၊ မိတ်ဆွေအပေါင်းအသင်းများဖြစ်သော ချစ်ကောင်းနှင့် ကိုပြည့်တို့ ပင်ဖြစ်သည်။ အမှန်တရားသည် ဖုံးကွယ်၍မရပါ။ တစ်နေ့မဟုတ်၊ တစ်နေ့ ပေါ်ထွက်လာမှာ ကေန်မုချဖြစ်သည်။ ဘယ်သူမပြုမိမိမှုဆိုသလို မိမိပြုသောအမှုကြောင့် ဖခင်အရင်းနှင့် မိတ်ဆွေအပေါင်းအသင်းများကိုပင် အတိဒုက္ခရှိခြေဦးတော့မည့် အကြောင်းတရားနှင့် အကျိုးဆက်တို့ကို အမှုစစ်အရာရှိ စုံထောက်စံထူးက ပြစ်မှုကျူးလွန်သူတရားခံ မိုးကြီးကို တရားပြစကားဆိုသည်။ စုံထောက်စံထူး၏ စကားအဆုံးတွင် မိုးကြီးက ..

''ကျွန်တော့်အပြစ်ကို ကျွန်တော်ပဲ ခံပါရစေ၊ တရားရုံးမှာ အမှန်အတိုင်းပြောဆိုလည်း ပြောပါ့မယ်၊ အဖေနဲ့ ကျွန်တော့်သူငယ်ချင်းတွေကိုတော့ ဆရာခွင့်လွှတ်ပေးပါ''

''တရားရုံးမှာ အမှန်အတိုင်းပြောတာ၊ မပြောတာက မင်းအလုပ်ပါ၊ တရားဥပဒေနဲ့အညီ ဆောင်ရွက်ပေးဖို့က တို့အလုပ်ပါ။ ငါတို့အနေနဲ့ ဘယ်သူ့ကိုမှ သာစေနာစေဆိုတဲ့ ဘက်လိုက်မှုမရှိပါဘူး''

''ကျွန်တော်တရားရုံးမှာ ဖြောင့်ချက်ပေးချင်ပါတယ်၊ ဆရာ ကျွန်တော့်ကို အကူအညီပေးပါ''

ပြစ်မှုကျူးလွန်သူ၏ စိတ်ဆန္ဒဖြင့် ကတိကဝတ်ကင်းသောဖြောင့်ချက်ခံယူပေးဖို့အတွက် တရားခံမိုးသီဟ(ခ)မိုးကြီးကို ပျဉ်းမနားမြို့နယ် တရားရုံးသို့ တင်ပို့ပေးသည်။ မြို့နယ်တရားရုံး၏ ပြစ်မှုအထွေထွေအမှုအမှတ် ၆၂/၂၀၁၁ တွင် တရားခံမိုးကြီး၏ ဖြောင့်ချက်က မှတ်တမ်းတင်ရှိနေပါတော့သည်။

## အခန်း(၁၃)

သန်းထွန်းလှိုင်(ခ)ငပန့်သေဆုံးမှုတွင် မဟုတ်မတရား လုပ်စားသူ နောင်ဦးရှိနေသေးသည်။ သူတို့က ဘိန်းဖြူရောင်းသော ကျော်စိုးနှင့် ဒေါက်

တာ ရမ်းကုဦးသန်းထွန်းတို့ဖြစ်သည်။ ဦးစွာပထမ၊ ရွာမအုပ်စု၊ ရွှေပြည် ကျေးရွာနေ ကျော်စိုးအိမ်သို့ ဝိုင်းပတ်ပိတ်ဆို့စီးနင်းကြသည်။ နေအိမ်တွင် ကျော်စိုးက မရှိ၊ နေအိမ်တွင် မွှေနှောက်ရှာဖွေသော်လည်း မူးယစ်ဆေးဝါးနှင့်ပတ်သက်သော သက်သေခံအထောက်အထား တစ်စုံတစ်ရာမတွေ့။ ကျော်စိုးအကြောင်း မေးမြန်းကြည့်တော့ ကျော်စိုးသည် ပျဉ်းမနားရဲစခန်းမှ မူးယစ်ဆေးဝါးဥပဒေပုဒ်မ ၁၅/၁၆(ဂ)/၂၁ ဖြင့် ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေးတစ်ဦးဖြစ်ကြောင်းသိခဲ့ရသည်။ တရားခံပြေးဆိုတော့လည်း နေအိမ်တွင်နေရဲသူမဟုတ်၊ တောချုံအုံကြားမှာပင် အနေများပေလိမ့်မည်။ မိမိဘက်မှ တာဝန်ကျေပြီးဖြစ်၍ တရားခံပြေးဖမ်းမိရေးက မြို့နယ်ရဲတပ်ဖွဲ့၏ အလုပ်။

ထိုမှတစ်ဆင့် မြောက်ကျောင်းစုကျေးရွာရှိ ဦးသန်းထွန်းနေအိမ်သို့ ချီတက်ကြသည်။ စုံထောက်စံထူးနှင့်အဖွဲ့က ဦးသန်းထွန်းအိမ်ကို မွှေနှောက်ကြသည်။ ဦးသန်းထွန်း၏နေအိမ်နှင့် လက်ဝယ်တွင် နိုင်ငံခြားဆေးများနှင့် ဆရာဝန် အသုံးအဆောင်ပစ္စည်း(၂၄)မျိုးတို့ကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ ဥပဒေဖြင့် မလွတ်ကင်းသော လက်ဝယ်ထားရှိသည့် ဆေးပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများကို ဥပဒေဖြင့်အညီ သိမ်းယူကြသည်။

"အဲဒီနေ့ညက ကျော်စိုးနဲ့သူ့အမေ ဒေါ်ညိုဝင်း၊ ပတ်ပျော့တို့နဲ့အတူ ပါလာတဲ့ သတိလစ်နေသူတစ်ယောက်ကို ခင်ဗျားက ဆေးထိုးကုသပေးလိုက်တယ်ဆိုတာ ဟုတ်သလား"

စုံထောက်စံထူး၏ မေးခွန်းကို ဦးသန်းထွန်းက အငြင်းမပွား။ခေါင်းညိတ် ၍ မှန်ကန်ကြောင်း ဖွင့်ဆိုပြသည်။ အခင်းမသာ၍ မငြင်းသာသော ဦးသန်းထွန်းကို စုံထောက်စံထူးမှ တရားလိုပြုလုပ်၍ ဒက္ခိဏသီရိမြို့နယ်၊ ပေါက်တောရဲစခန်းတွင် အမှုဖွင့်အရေးယူသည်။

ပထမတစ်မှုက အမှုမှ သေဆုံးသူ သန်းထွန်းလှိုင်အား တရားမဝင်

ဆေးကုသရာတွင် ကိုင်ဆောင်အသုံးပြုသည့် ဆေးထိုးအပ်၊ ဆေးထိုးပိုက်နှင့် အသုံးအဆောင်ပစ္စည်းများအား လက်ဝယ်ထားရှိကုသပေးကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ဒါကြောင့် ဦးသန်းထွန်းကို ပေါက်တောရဲစခန်း (ပ)၁၃၉/၂၀၁၁၊ ယစ်မျိုးအက်ဥပဒေပုဒ်မ–၃၃ ဖြင့် တစ်မှု။

နောက်တစ်မှုက သေဆုံးသူအား တရားဝင်ဆေးကုသခွင့်လိုင်စင်မရှိဘဲ ဆေးဝါးကုသပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့၍ ပေါက်တောရဲစခန်း (ပ)၁၄၀/၂၀၁၁၊ မြန်မာနိုင်ငံဆေးကောင်စီဥပဒေပုဒ်မ–၄၁ ဖြင့် တစ်မှု။

စုံစမ်း၊ စစ်ဆေး၊ မေးမြန်းရသောအမှုစစ်အရာရှိသည် မိမိအမှုမှ တရားခံမဟုတ်သော်လည်း အမှုနှင့်ဆက်နွယ်ပတ်သက်၍ မဟုတ်မတရား လုပ်စားသူများကို စုံစမ်းသိရှိလာပါက ထိန်ချန်မထားဘဲ တစ်နည်း ခြိမ်းခြောက်သွေးဆောင်လုပ်မစားဘဲ အရှိကိုအရှိအတိုင်း ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းသည် ကြိုတင်ကာကွယ်တားဆီးခြင်းပင်ဖြစ်ပါ၏။ ယခုအမှုတွင် ကျော်စိုးနှင့် ဦးသန်းထွန်းသည် အမှုစစ်အရာရှိ စုံထောက်စံထူး၏ ရန်သူလည်းမဟုတ်၊ အငြိုးအတေးရှိကြသူများလည်းမဟုတ်၊ တာဝန်သိသိ သစ္စာရှိရှိဖြင့် မိမိ၏လုပ်ငန်းကို မကြွင်းမကျန်ရလေအောင် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်သည်။ ဒါတွင်မက အမှန်တကယ် ပြစ်မှုကျူးလွန်ခဲ့ကြသူများကိုလည်း ထိရောက်သည့်ပြစ်ဒဏ်ရရှိရေးအတွက် အလေးထားဆောင်ရွက်ရပါ၏။ ဒါကလည်း နောက်နောင် ဤကဲ့သို့ ပြစ်မှုမျိုးမဖြစ်ပွားရလေအောင် ဟန့်တားသည့် သဘောဆောင်ပါ၏။

ဒါကြောင့် ကြိုးရှည်ရှည်ဖြင့် လှန်ထားသော ဟိန်းဇော်ဖြိုး(ခ) ချစ်ကောင်းနှင့် ပြည့်လင်းစိုး(ခ) ကိုပြည့်တို့ကို ဆင့်ဆိုခေါ်ယူလိုက်သည်။ စုံထောက်စံထူးရှေ့သို့ ရောက်ရှိလာသော ချစ်ကောင်းနှင့် ကိုပြည့်တို့က မိမိတို့၏ဆန္ဒအလျောက် တရားရုံးတွင် ကြိုတင်ထွက်ဆိုချက်ပေးလိုကြောင်း တောင်းဆိုလာသည်။

"အဲဒါဆိုလည်း မင်းတို့ကိုယ်တိုင် တရားရုံးကိုသွား၊ တရားသူကြီးနဲ့ ဝင်တွေ့ပြီး အကျိုးအကြောင်းပြောပြ၊ ပြီးတော့ မင်းတို့ဖြစ်စဉ်ကို ပြောပြလိုက်ရုံပဲပေါ့ကွာ"

ချစ်ကောင်းနှင့် ကိုပြည့်တို့လည်း ပျဉ်းမနားမြို့နယ်၊ တရားရုံးသို့ သွားမည်ဟုဆိုကာ စုံထောက်စံထူးအပါးမှ ထွက်ခွာသွားခဲ့ကြသည်။ ညနေရုံးဆင်းချိန်တန်တော့၊ တရားရုံးကို ဆက်သွယ်ကြည့်သည်။ ပျဉ်းမနားမြို့နယ် တရားရုံးမှ ချစ်ကောင်း၏ ကြိုတင်ထွက်ဆိုချက်ကို ပြစ်မှုအထွေထွေအမှုအမှတ်–၆၃/၂၀၁၁ဖြင့်လည်းကောင်း၊ ကိုပြည့်၏ ကြိုတင်ထွက်ဆိုချက်ကို ပြစ်မှုအထွေထွေအမှုအမှတ် –၆၄ / ၂၀၁၁ဖြင့် ရယူထားပြီးဖြစ်ကြောင်း သိရသည်။ ဒါက ကတိတရားကင်းကင်းဖြင့် ပေးဆက်သွားသော ကြိုတင်ထွက်ဆိုချက်။

နောက်တစ်ယောက်က ဒေါ်ညိုဝင်း။ သူက သတိလစ်နေသော ငပန့်ကို သားဖြစ်သူ ကျော်စိုးနှင့် မျိုးဇော်(ခ)ပတ်ပျော့တို့နှင့်အတူ ဦးသန်းထွန်း၏ တရားမဝင်ဆေးကုခန်းသို့ ပို့ဆောင်ပေးသူဖြစ်သည်။ တရားခံမိုးကြီး၏ စကားကိုယုံမှတ်၍ သဘောရိုးဖြင့်ကူညီပေးကြောင်းဆိုသည်။ ဒေါ်ညိုဝင်း၏ သဘောရိုးကို ကြိုတင်ထွက်ဆိုမှုပြုရန် ပျဉ်းမနားမြို့နယ်တရားရုံးသို့ စေလွှတ်ပေးသည်။ ဒေါ်ညိုဝင်းကိုယ်တိုင် မြို့နယ်တရားရုံးတွင် ကြိုတင်ထွက်ဆိုချက်ပေးသည်။ မြို့နယ်တရားရုံးမှ ပြစ်မှုအထွေထွေအမှုအမှတ် ၆၅/၂၀၁၁ တွင် ဒေါ်ညိုဝင်း၏ ကြိုတင်ထွက်ဆိုချက်က အထင်အရှားရှိသည်။

ပြစ်မှုတစ်ခုကို တရားမစွဲဆိုမီ ကျူးလွန်သူ၏ ပြစ်မှု၊ ပြစ်ဒဏ်မှန်မှန်ကန်ကန် ရှိစေရေးအတွက် သက်ဆိုင်ရာဥပဒေပညာရှင်များထံ တင်ပြညှိနှိုင်းရပါသည်။ လိုအပ်ပါက ဥပဒေပညာရှင်၏ အကြံပြုမှုကို ဖြည့်စွက်ပြုစုပေးရပါ၏။ ထို့ကြောင့် စုံထောက်စံထူးသည် သန်းထွန်းလှိုင်(ခ)ငပန့် သေဆုံးမှုအတွက် ဥပဒေပညာရှင်ဖြင့် တင်ပြညှိနှိုင်းရပါသည်။

မှုလက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသော ပျဉ်းမနားရဲစခန်း (ပ)၁၃၆/၂၀၁၁၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က)သည် စုံထောက်စံထူး၏ စွမ်းပကားကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ--၃၀၂/၂၀၁ သို့ ကူးပြောင်းခဲ့သည်။ ထို့အတူ ဆေးကုသခွင့်ကို လိုင်စင်မရှိဘဲ ဆေးဝါးနှင့် ဆရာဝန်သုံးပစ္စည်းများကိုင်ဆောင်၍ တရားမဝင် ဆေးကုသမှုတို့ကလည်း အဆစ်ပါလာခဲ့သည်။

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ဖြစ်သည်။ ပျဉ်းမနားရဲစခန်း (ပ)၁၃၆/၂၀၁၁ အမှုတွင် ပြစ်မှုကျူးလွန်သူ တရားခံမိုးသီဟ (ခ)မိုးကြီး၊ ဦးမိုးနိုင်(မိုးကြီး၏ဖခင်)၊ ဟိန်းဇော်ဖြိုး(ခ)ချစ်ကောင်းနှင့် ပြည့်လင်းစိုး(ခ)ကိုပြည့်တို့ (၄)ဦးကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၂၀၁ဖြင့်လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ပေါက်တောရဲစခန်း(ပ) ၁၃၉/၂၀၁၁ အမှုတွင် တရားခံဦးသန်းထွန်းအား ယစ်မျိုးအက်ဥပဒေပုဒ်မ--၃၃နှင့် (ပ)၁၄၀/၂၀၁၁ မြန်မာနိုင်ငံဆေးကောင်စီဥပဒေပုဒ်မ--၄၁တို့ဖြင့် အမှုစစ်အရာရှိ စုံထောက်စံထူးကိုယ်တိုင် နေပြည်တော်ခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့လိုက်ရလေတော့သည်။

## အခန်း(၁၄)

ဖြစ်ရပ်မှန်မှုခင်းဇာတ်လမ်းတစ်ခုပြီးဆုံးတိုင်း ပြစ်မှုဖြစ်ပွားရခြင်းအကြောင်းရင်း (Motive) ကို စမ်းစစ်ရပါသည်။ ယခုဖြစ်စဉ်တွင် သေဆုံးသူနှင့် ပြစ်မှုကျူးလွန်သူတို့သည် သွားအတူ၊ လာအတူ၊ သောက်အတူ၊ မူးယစ်ဆေးထိုးအတူ ရှိခဲ့ကြသော မိတ်ဆွေရင်းများဖြစ်ကြသည်။ အလိုလောဘကို အကြောင်းပြု၍ သတ်သူ၏ ဒေါသမီးက ကြီးပွားလာခဲ့သည်။ တောက်လောင်နေသော ဒေါသမီးကို မငြိမ်းမသတ်ဘဲ လောင်စာမော်ဟာဖုံးလွှမ်းမှုဖြင့် လက်ရောက်မှုပြုခဲ့သည်။ ဤသည်မှာ မဖြစ်စလောက် တန်ဖိုး

မျှသာရှိသောငွေကြေးနှင့် ပြစ်မှုကျူးလွန်သူ၏ အကုသိုလ်မီးတောက်မီးလျှံများပင်ဖြစ်သည်။ အကျည်းတန်သော ဒေါသမီးလျှံကို အသာထား၊ အမှားအမှန်ကို မဝေဖန်၊ မပိုင်းခြားဘဲ မောဟဖုံးလွှမ်းသူများဘက်သို့ ဆက်ချင်ပါသည်။

ပြစ်မှုကျူးလွန်သူ၏ဖြစ်စဉ်ကို အမှန်အတိုင်းသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ မိမိ၏ အရိပ်အာဝါသအောက်တွင် သေဆုံးသွားသော တူသားအရွယ်၊ လူငယ်တစ်ဦးကို အသွင်သဏ္ဍာန်ထုဆစ်၍ စွန့်ပစ်ရာတွင် သဘောတူညီစွာဖြင့် ကိုယ်ထိလက်ရောက်ပါဝင်ခဲ့သော တရားခံ၏ ဖခင်နှင့် ဝိုင်းဝန်းကူညီခဲ့ကြသော မိတ်ဆွေအပေါင်းအသင်းများ၊ လုပ်သင့်တာကိုမလုပ်၊ မလုပ်သင့်တာကို လုပ်ခဲ့ကြသော ထိုသူများအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၁ ဖြင့် ပူးတွဲကာ အလူးအလဲခံရပေဦးမည်။ တစ်နည်းတွေးဆကြည့်လျှင် အဘယ်သို့သော မိဘသည် ကိုယ့်သားသမီးကို ထောင်သွင်းအကျဉ်းကျမည်ကို မြင်ရက်၊ ရှုရက်နိုင်ပါမည်နည်း။ ယခုမူ သားသမီးမကောင်း၍ မိဘခမျာအကျဉ်းကျခံရပေဦးမည်။ ထားတော့ . . မကောင်းသော အပေါင်းအသင်းက မကောင်းသောအကြောင်းအရင်းကိုဖြစ်စေတတ်သော သဘောရှိ၍အတူပါ မိတ်ဆွေ နှစ်ယောက်လည်း အပေါင်းအသင်းနှင့်အတူ ခံရပေဦးမည်။

နောက်တစ်ယောက်က သိလျက်နှင့် ဝိဘက်ကြမ္မာငင်သူ၊ ဘယ်သူသေသေ ငတေမာပြီးရော ဆိုသလို မိမိ၏ စားဝတ်နေရေးအတွက် သမ္မာအာဇီဝအမှုကိုမပြုဘဲ တရားဥပဒေဖြင့်ဆန့်ကျင်သော အမှုကို ပြုခဲ့သည်။ မိမိပြုသော အကြောင်းတရားက မိမိကို အကျိုးပေးခြေတော့မည်။

မည်သို့ရှိစေ၊ အမှန်ဖြစ်တာကို မဆို၊ အဖြစ်မှန်ကို ဖုံးဖိ၊ လူမသိသူမသိအောင် ဖန်တီး၊ အမှုလမ်းကြောင်းလွဲအောင်စီမံ၍ မိုးကြိုးပစ်ရာ ထန်းလက်ဖြင့်ကာခဲ့ကြသူများကို အမှုစစ်အရာရှိ စုံထောက်စံထူးမှ အချိန်တိုတို

အတွင်း အဖြစ်မှန်ကို အနှစ်ပါမကျန်အောင် စုံစမ်းဖော်ထုတ်နိုင်ခဲ့သည်။ ဘယ်သူမပြု မိမိမှုဆိုသလို မိမိပြုသော အကြောင်းတရားကမိမိကိုအကျိုးသက်ရောက်မှာ ဧကန်ဖြစ်ပါ၏။ ဒါကပစ္စုပ္ပန် ဘ၀၊ နောင်သံသရာတွင်ကား တွေးဆ၍ရေးပြရလျှင် ဆုံးမည်မထင်တော့ပါ။ ဖြစ်စဉ်နှင့် အကြောင်းတရားပြုသူများအတွက် ပေးဆပ်ချင်သည်က **"စုံထောက်စံထူးနှင့် အမှုဝါဒီများ"** ဟူ၍သာ . . .။

■■■



ပန်းချီ မင်းထက်နိုင်

စုံထောက်

# မဟင်ရေခဲ

စုံထောက်ဝံရှူး

နှင့်

ဒေါက်တာဝပ်ဆင်

အခန်း(၁)

"လာ ‥ ကိုစံထူး ‥ ထိုင်ဗျာ"

အင်းစိန်၊ စီအိုင်ဒီရှိ စုံစမ်းစစ်ဆေးရေးဌာနခွဲမှူး၏ ရုံးခန်းတွင်ဖြစ်သည်။ ရုံးခန်းဝင်ပေါက်မှ အလေးပြု၍ရပ်နေသော စုံထောက်စံထူးကို မြင်တွေ့သဖြင့် ဌာနခွဲမှူးမှ အထက်ပါစကားဖြင့် ဖိတ်ခေါ်လိုက်၏။ စုံထောက်စံထူးက ဌာနခွဲမှူးစားပွဲရှေ့ရှိ ထိုင်ခုံလွတ်တစ်လုံးတွင်ဝင်ထိုင်၏။ ထို့နောက် ဆုံလည်ကုလားထိုင်ကို ကျောမှီ၍ လက်နှစ်ဖက်ကို လက်တန်းတွင်တင်ကာ ဌာနခွဲမှူးက ‥

"လွန်ခဲ့တဲ့နှစ်လလောက်က ခရမ်းမြို့မှာ ကျောင်းဆရာမတစ်ယောက် အသတ်ခံလိုက်ရတယ်။ အဲဒီအမှုကို ခရမ်းမြို့နယ်ရဲတပ်ဖွဲ့နဲ့ ရန်ကုန်တိုင်းရဲတပ်ဖွဲ့တို့က စုံစမ်းဖော်ထုတ်နေတယ်။ ဒါပေမဲ့ ဘယ်လို အခက်အခဲအကျပ်အတည်းတွေရှိနေခဲ့လို့လည်းဆိုတာတော့ မပြောတတ်ဘူးဗျ။ အဲဒီအမှုကို

ကျွန်တော်တို့ စီအိုင်ဒီကို လွှဲပြောင်းလက်ခံစစ်ဆေးနိုင်ဖို့ တိုင်းရဲတပ်ဖွဲ့မှူးက ရဲချုပ်ကို တင်ပြတယ်။ ရဲချုပ်က အဲဒီအမှုကို ကျွန်တော်တို့ စီအိုင်ဒီက လက်ခံစစ်ဆေးပေးဖို့ အခုပဲ ညွှန်ကြားစာ ရောက်လာတယ်။ အဲဒီတာဝန်ပေးစာကိုဖတ်ကြည့်ပြီး အဲဒီအမှုကို ခင်ဗျားကိုယ်တိုင်ပဲ တာဝန်ယူစုံစမ်းဖော်ထုတ်ပေးပါ''

ဟု ပြောဆိုကာ စားပွဲပေါ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ပေးညွှန်ကြားစာကို စုံထောက်စံထူးသို့ ကမ်းပေး၏။ ဌာနခွဲမှူးပေးသောစာကိုလှမ်းယူ၍ စုံထောက်စံထူးမှ ဖတ်ရှုကြည့်၏။ အမှုဖြစ်စဉ်နှင့် တာဝန်ပေးစာတွင် အောက်ပါအတိုင်း ဖော်ပြပါရှိသည်။

၂၀၁၀ ပြည့်နှစ်၊ ဖွန်လ ၂၂ ရက်၊ ညနေ ၃ နာရီ ၄၅ မိနစ်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ အောင်မင်္ဂလာလမ်းအမှတ်(၃၉၆)နေ ကျောင်းဆရာမ ဒေါ်ဥမ္မာခင်သည် ကျောင်းချိန်ပြီးဆုံး၍ ကျောင်းမှနေအိမ်သို့ ရောက်ရှိခဲ့သည်။ နေအိမ်၌ အတူနေ အစ်မဖြစ်သူ ကျောင်းဆရာမ ဒေါ်မွှေးမွှေးခင်အား မတွေ့၍ အစ်မဖြစ်သူ၏ အိပ်ခန်းသို့ ဝင်ရောက်ရှာဖွေကြည့်၏။ ထိုအိပ်ခန်းအတွင်း မရှိ၍ ဒေါ်ဥမ္မာခင်လည်း အဝတ်အထည်လဲရန် မိမိအိပ်ခန်းသို့ သွား၏။ ထိုစဉ် ဒေါ်ဥမ္မာခင်၏ အိပ်ခန်းခုတင်ခေါင်းရင်းရှိ ဆက်တီကုလားထိုင်ပေါ်တွင် အစ်မဖြစ်သူ ဒေါ်မွှေးမွှေးခင်မှာ စက်ဘီးတုတ်သည့် အနီရောင်ရာဘာကြိုးဖြင့် လည်ပင်းအား ရစ်ပတ်လျှက် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

ထို့ပြင် နေအိမ်အတွင်းမှ ရွှေ၊ ငွေ၊ ရတနာပစ္စည်း စုစုပေါင်းတန်ဖိုး (၅၉)သိန်းကျော်ခန့် ပါဆုံးသွား၍ ခရမ်းရဲစခန်းမှ (ပ)၂၀၃/၂၀၁၀၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုဖွင့်ထားရှိခဲ့သည်။ အဆိုပါအမှုကို

ခရမ်းမြို့နယ်ရဲတပ်ဖွဲ့နှင့် ရန်ကုန်တိုင်းရဲတပ်ဖွဲ့တို့မှ စစ်ဆေးဆောင်ရွက်ခဲ့သော်လည်း ဖြစ်ရပ်မှန်ပေါ်ပေါက်ရေးနှင့် အမှုအား ခိုင်မာစွာတည်ဆောက်တရားစွဲတင်ပို့နိုင်ရေးအတွက် မှုခင်းဆိုင်ရာ အထူးတာဝန်တစ်ရပ်အနေဖြင့် သီးသန့်ဆောင်ရွက်နိုင်စွမ်းရှိသော မှုခင်းတပ်ဖွဲ့သို့ လွှဲပြောင်းစစ်ဆေးခွင့်ပြုပါရန် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြခဲ့သည်။ ဤသို့တင်ပြချက်အပေါ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲချုပ်က ပေါ်ပေါက်ရန်ခက်ခဲနေ၍ စီအိုင်ဒီသို့လွှဲရန်ဟု မှတ်ချက်ပြုညွှန်ကြားခဲ့ပါသည်။

ဖတ်ရှုပြီးသော တာဝန်ပေးညွှန်ကြားစာကို စုံထောက်စံထူးက ဌာနခွဲမှူးသို့ ကမ်းပေး၏။ စာကို လှမ်းယူပြီးနောက် ဌာနခွဲမှူးက ..

''အဲဒီ တာဝန်ပေးစာမှာ အမှုလက်ခံစစ်ဆေးမယ့် ခင်ဗျားအတွက် တစ်နည်းပြောရလျှင် ကျွန်တော်တို့ စီအိုင်ဒီအတွက် စဉ်းစားသုံးသပ်ပြီး စုံစမ်းဖော်ထုတ်နိုင်ဖို့ အသိပေးထားတဲ့ စကားရပ်လေးတစ်ခုပါတယ်။ ခင်ဗျားသတိထားဖတ်မိရဲ့လား''

''ဟုတ်ကဲ့ ကျွန်တော် သတိထားမိပါတယ် ရဲမှူး။ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေးနဲ့ အမှုကို ခိုင်မာစွာတည်ဆောက်တရားစွဲနိုင်ရေးအတွက် ကျွန်တော်တို့ စီအိုင်ဒီကို လွှဲသင့်ကြောင်း ညွှန်းဆိုထားပါတယ်''

''ဟုတ်တယ်ဗျ။ အဲဒီအမှုကို မြို့နယ်နဲ့ တိုင်းရဲကလည်း အစွမ်းကုန်စစ်ကြမှာပဲ။ ဒါပေမဲ့ ကျွန်တော် စောစောက ပြောခဲ့သလို ဘယ်လိုအကြောင်းအခြင်းအရာတွေနဲ့ ဆုံတွေ့နေလို့လည်းတော့ မသိဘူးဗျ''

''ဒါကလည်း အမှုစစ်ဆေးတဲ့သူတိုင်း ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောပါ။ တစ်ခါတစ်လေ ကျွန်တော်တို့ ကိုယ်တိုင်တောင်မှ ပြစ်မှုကျူးလွန်သူရဲ့လှည့်စားခြင်းကို ခံရသေးတာပဲ။ အခုအမှုမှာလည်း ပြစ်မှုကျူးလွန်သူ၊ သက်သေမကောင်းသူကပဲ လှည့်စားနေလို့လား။ ဒါမှမဟုတ် ခိုင်ခိုင်မာမာ မပြနိုင်

လို့ပဲလားဆိုတာကိုတော့ ကိုယ်တိုင်ထိတွေ့ကြည့်မှပဲ အဖြေထွက်လာမှာပါ ရဲမှူး''

''အဲဒီတော့ ဒီကနေပဲ ခင်ဗျား အမှုသွားလက်ခံလိုက်ဗျာ။ ခင်ဗျား အတွက် အကူတွဲဖက်တစ်ယောက်တော့ ခေါ်သွားဗျာ။ စုံစမ်းတွေ့ရှိမှုနဲ့ ပတ်သက်လို့ ထူးခြားရင် ထူးခြားမှုရှိတိုင်း သတင်းပို့ဗျာ''

''ဟုတ်ကဲ့ပါ ရဲမှူး''

## အခန်း(၂)

၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၂ ရက်။

အခင်းဖြစ်ပွားပြီး (၂)လအကြာတွင် စီအိုင်ဒီမှ စုံထောက်စံထူးနှင့် တပည့်ရဲအုပ်အောင်မြင်တို့က ဆရာမဒေါ်မွေးမွေးခင် အသတ်ခံရမှုကို စတင် လက်ခံ၍ စုံစမ်းစစ်မေးရေး စီစဉ်ခဲ့ကြသည်။

''အောင်မြင်ရေ ‥ မကျေနပ်ရင် တစ်ကပြန်စဆိုတာလိုပဲ ဒီအမှုကို တို့ တစ်က ပြန်စကြရအောင်''

စုံထောက်စံထူး၏ အဆိုကို အထာပေါက်ထားပြီးဖြစ်သော တပည့် ကျော် အောင်မြင်က ‥‥

''မှန်တာပေါ့ အာစရိရယ်၊ တစ်ကပြန်စရတယ် ဆိုတာက ကျွန်တော် တို့ရဲ့ သမားရိုးကျလုပ်ငန်းစဉ်ပဲလေ။ ဒါမှလည်း ဂဃနဏ အဖြေထွက် လာမှာပါ''

ဤသို့ဖြင့် စုံထောက်စံထူးနှင့် စုံထောက်အောင်မြင်တို့သည် ခရမ်းမြို့ ရှိ အခင်းဖြစ်ပွားရာနေအိမ်သို့ ဦးတည်ခဲ့ကြလေ၏။

အခင်းဖြစ်ပွားမှုမှာ နှစ်လတာကြာမြင့်ခဲ့ပြီဖြစ်၍ မှုခင်းဖော်ထုတ်ရေး အတွက် ကောင်းမွန်နိုင်မည်သော အထောက်အထားများ မရရှိနိုင်ခဲ့ပါ။

သို့သော် ‥ ဖြစ်နိုင်သောအခြေကို သုံးသပ်ကြည့်ဖို့ အခင်းဖြစ်နေအိမ်နှင့် ပတ်ဝန်းကျင်ကို လေ့လာသုံးသပ်ကြည့်၏။ အခင်းဖြစ်နေအိမ်မှာ ခရမ်း ရဲစခန်း၏ အရှေ့ဘက်(၃)ဖာလုံခန့်အကွာတွင် တည်ရှိပြီး တစ်ထပ်တိုက်ဖြစ် သည်။ နေအိမ်ခြံဝင်းကို အုတ်တံတိုင်းကာရံထားပြီး ခြံဝင်းသံပန်းတံခါး အခိုင်အခန့်ရှိ၏။ ၄နေအိမ်ဝင်ထွက်ပေါက်ကို သံဘာဂျာတံခါးတပ်ဆင်ထား၍ ပြတင်းပေါက်ကို သံချောင်း၊ သံတိုင်များ တပ်ဆင်ထား၏။ နေအိမ်ခြံဝင်း ၏ နောက်ဘက်တွင် ဝင်ထွက်တံခါးပေါက်တစ်ခုရှိ၍ ထိုတံခါးကို အမြဲ သော့ခတ်ထားလေ့ရှိသည်။ ထိုခြံဝင်းနှင့် နေအိမ်အတွင်းတွင် သေဆုံးသူ ဆရာမ ဒေါ်မွှေးမွှေးခင်နှင့် ညီမဖြစ်သူ ကျောင်းဆရာမ ဒေါ်ဥမ္မာခင်တို့ နှစ်ဦးသာ နေထိုင်ကြ၏။ ညီအစ်မနှစ်ဦးစလုံးမှာ အိမ်ထောင်မရှိသူ အပျိုကြီး များဖြစ်ကြသည်။

အခင်းဖြစ်နေအိမ်အတွင်းကြည့်ရှုရာ အိမ်ရှေ့တွင် ဧည့်ခန်းတစ်ခန်း၊ အလယ်တွင် ဝဲ/ယာ မျက်နှာချင်းဆိုင် အိပ်ခန်းနှစ်ခန်း၊ နောက်ဘက်တွင် ထမင်းစားခန်း၊ ရေချိုးခန်းနှင့် ရေအိမ်တို့မှာ အိမ်မကြီးအတွင်း တည်ရှိဖွဲ့ စည်းထား၏။

''ဒီအိပ်ခန်းနှစ်ခန်းမှာ ဘယ်သူက ဘယ်အခန်းမှာ အိပ်ကြတာလဲ''

စုံထောက်စံထူး၏ အမေးကို ဒေါ်ဥမ္မာခင်က ‥

''လက်ယာဘက်အခန်းက အစ်မကြီးအိပ်ခန်းပါ။ ဟောဒီ လက်ဝဲ ဘက်ကတော့ ကျွန်မအိပ်ခန်းပါ''

''အလောင်းတွေ့တဲ့ ဒေါ်ဥမ္မာခင်ရဲ့အိပ်ခန်းမှာ သေဆုံးသူရဲ့ အနေ အထားကို ပြောပြပါလား''

''ဟုတ်ကဲ့ ‥ ကျွန်မအိပ်ခန်းရဲ့ ခုတင်ခေါင်းရင်းမှာ ဆက်တီကုလား ထိုင်အဟောင်းတစ်လုံးရှိပါတယ်။ အဲဒီကုလားထိုင်ပေါ်မှာ သေဆုံးသူ

ဒေါ်မွှေးမွှေးခင်ဟာ ညာဘက်လက်တန်းပေါ်မှာ ညာခြေတစ်ဖက်တင်ပြီး ခန္ဓာကိုယ်ဟာ ညာဘက်လက်တင်ဘက်သို့ မျက်နှာမူပြီး ခေါင်းငိုက်စိုက်ကျကာ ဆံပင်ဖားလျားကျ၍ မျက်နှာသို့ ဖုံးအုပ်နေပါတယ်။ ဘယ်ခြေထောက်မှာ ဆက်တီခုံရှေ့သို့ တန်းမတ်စွာရှိနေပြီး လည်ပင်းမှာ စက်ဘီးတုတ်သည့် အနီရောင်ကြိုးတစ်ချောင်းရစ်ပတ်၍ ကြိုးစနှစ်ဖက်၏ သံချိတ်ကောက်များကို အနီးရှိပြတင်းမှ သံတိုင်ဖြင့် ချိတ်တွယ်လျှက် သေဆုံးနေတာကို တွေ့ရပါတယ်''

ဒေါ်ဥမ္မာခင်မှ ရှင်းပြပါသည်။

ဒါကိုကြည့်လျှင် သေဆုံးသူသည် မိမိကိုယ်မိမိ ကြိုးဆွဲချ (Hanging) သေဆုံးခြင်းဟု မှတ်ယူဖွယ်ရာဖြစ်ပါ၏။ သို့သော် သေဆုံးသူသည် မိမိကိုယ်မိမိ သတ်သေလောက်အောင် စိတ်ထိခိုက်ကျဆင်းနေသူမဟုတ်။ အမှုလမ်းကြောင်းလွဲမှားစေရန် ပြစ်မှုကျူးလွန်သူမှ ဖန်တီးခဲ့ခြင်းဖြစ်ပေမည်။ ဒါကလည်း လူမသိသူမသိပြစ်မှုမျိုးတွင် ပြစ်မှုကျူးလွန်သူတို့၏ လှည့်စားမှုတစ်ရပ်ဖြစ်ပါ၏။ ပို၍သေချာစေရန် ရှေ့တစ်ဆင့်တက်၍ စုံထောက်စံထူးက ..

''ပါဆုံးသွားတဲ့ ရွှေထည်လက် ဝတ်ပစ္စည်းစာရင်းကတော့ အမှုတွဲမှာ အသေးစိတ်ရှိပါတယ်။ အဲဒီပစ္စည်းတွေ ထားရှိတဲ့နေရာမှာ မွှေနှောက်ရှာဖွေထားတာတို့ ခြေရာလက်ရာပျက်နေတဲ့ အနေအထားတို့ကို ပြောပြပါလား''

''ခြေရာလက်ရာပျက်တာတို့၊ မွှေနှောက်ရှာဖွေထားတာတို့ လုံးဝမရှိပါဘူး''

ဒေါ်ဥမ္မာခင်သည်အဝတ်အထည်ထည့်သော ဘီဒိုကို သော့ခတ်လေ့မရှိ။ ထို့အတူ လက်ဝတ်ပစ္စည်းများထည့်သော ဘီဒိုအတွင်းရှိ အံဆွဲကိုလည်း သော့မခတ်ဘဲထားလေ့ရှိ၏။ ထို့အတူ သေဆုံးသူ ဒေါ်မွှေးမွှေးခင်

မှလည်း အဝတ်ဘီဒိုကို သော့ခတ်လော့မရှိ၊ သို့သော် ဘီဒိုအတွင်း လက်ဝတ် ပစ္စည်းထားရှိသော အံဆွဲကိုမူ အမြဲသော့ခတ်ထားလော့ရှိ၏။ ထိုနေ့က ဒေါ် ဥမ္မာခင်သည် ဒေါ်မွှေးမွှေးခင် သော့ထားရှိသောနေရာမှ အသင့်တွေ့ရှိ သော သော့ကိုယူ၍ သေဆုံးသူ၏ ဘီဒိုအတွင်းလက်ဝတ်ပစ္စည်းများထား ရှိသော အံဆွဲသော့ကို ဖွင့်ကြည့်သည်။ အံဆွဲအတွင်း လက်ဝတ်ပစ္စည်း ထည့်သော ဘူးငယ်များကို တွေ့၏။ ထိုဘူးငယ်များကို တစ်ဘူးချင်းစီ ဖွင့်ကြည့်ရာ ဘူးအတွင်းမှ လက်ဝတ်ပစ္စည်းများကမရှိ၊ ဘူးခွံများသာ ကျန်ရှိနေကြောင်း ဒေါ်ဥမ္မာခင်မှ ဖွင့်ဆိုပြသည်။

အမှုမှ လက်ဝတ်ရတနာပစ္စည်းများ ထားရှိသောနေရာကိုလည်းသိ၊ ထိုသော့တွဲကိုယူ၍ ဘီဒိုအံဆွဲဖွင့်ကာ လက်ဝတ်ပစ္စည်းများရယူပြီး အံဆွဲ ကို သော့ခတ်၊ သော့တွဲကို နေရာမပျက် ထားရှိခဲ့ခြင်းသည် အပြင်လူစိမ်း မဖြစ်နိုင်၊ ခတ်သိအပ်သိထဲက အတွင်းလူသာဖြစ်နိုင်ကြောင်း အမှုစစ် အရာရှိ စုံထောက်စံထူးမှ တွေးဆထားခဲ့ပါတော့သည်။

## အခန်း(၃)

''ပျောက်ဆုံးနေတဲ့ လက်ဝတ်ရတနာပစ္စည်းတွေရဲ့ ပုံသဏ္ဍာန်နဲ့ ကာလပေါက်ဈေး အသေးစိတ်ကို ဆရာမ သိသလား''

စုံထောက်စံထူး၏ အမေးကို ဆရာမ ဒေါ်ဥမ္မာခင်က ..

''ဟုတ်ကဲ့ သိပါတယ်''

''ဒါဆို ပြောပြပေးပါလား''

သေဆုံးသူ ဒေါ်မွှေးမွှေးခင်၏ အဝတ်ဘီဒို(အံဆွဲ)အတွင်းမှ သူမပိုင် ဖြစ်သော လော့ကတ်သီးပါ တစ်ကျပ်သား ရွှေဆွဲကြိုးတစ်ကုံး၊ ကာလပေါက် ဈေး ၆ သိန်းကျပ်။ နှစ်ကျပ်သားခန့်ရှိ ငါးရိုးပုံ ရွှေဆွဲကြိုးတစ်ကုံး၊ ကာလ

ပေါက်စျေး ၁၂ သိန်းကျပ်။ အရွက်(၄)ပွင့်ပါ ပတ္တမြားနားကပ်တစ်ရံ၊ တန်ဖိုး ၁ သိန်း ၈ သောင်းကျပ်။ သုံးမတ်သားခန့်ရှိ ရွှေလက်ကောက်ပြောင်ကွင်း(၂)ကွင်း၊ တန်ဖိုး(၉)သိန်းကျပ်။ တစ်မတ်သားခန့်ရှိ ပတ္တမြားလက်စွပ်(၁)ကွင်း၊ တန်ဖိုး ၁ သိန်း ၈ သောင်း ကျပ်နှင့် ဒေါ်မွှေးမွှေးခင်ပိုင်ငွေစက္ကူ ကျပ် ၁၀ သိန်းတို့ ဖြစ်သည်။

ထို့ပြင် ဒေါ်ဥမ္မာခင်၏ အဝတ်ဘီဒိုအတွင်းမှ အလေးချိန် တစ်ကျပ်သားခန့် ပတ္တမြားဆွဲကြိုး(၁)ကုံး၊ တန်ဖိုး(၆)သိန်းကျပ်။ ငါးမူးသားခန့်ရှိ ပတ္တမြားလက်ကောက်(၁)ကွင်း၊ တန်ဖိုး (၃)သိန်းကျပ်တို့ဖြစ်သည်။

ပါဆုံးသွားသော ညီအစ်မနှစ်ယောက်၏ လက်ဝတ်ရတနာပစ္စည်းနှင့် ငွေသားစုစုပေါင်းတန်ဖိုးမှာ ၅၉ သိန်း ၁ သောင်း ဖြစ်သည်။ အခင်းဖြစ်ပွားပြီးနောက် ရက်ပေါင်း(၂၀)အကြာ ပါဆုံးသော ပစ္စည်းများထဲမှ ဒေါ်မွှေးမွှေးခင် ပိုင် အရွက်(၄)ရွက်အပွင့်ပါ ပတ္တမြား နားကပ်တစ်ရံကို ဒေါ်မွှေးမွှေးခင်၏ အိပ်ခန်းအတွင်းရှိ မှန်တင်ခုံအတွင်းမှ ပြန်လည်တွေ့ရှိခဲ့ပုံကို ဒေါ်ဥမ္မာခင်မှ ရှင်းလင်းပြောဆိုပြသည်။

''ဆရာမတို့ ညီအစ်မနှစ်ယောက်ရဲ့ တာဝန်ထမ်းဆောင်တဲ့ ကျောင်းတို့ကို သိပါရစေ''

''ကျွန်မတို့ ညီအစ်မနှစ်ယောက်စလုံးက အထက်တန်းပြဆရာမတွေပါ။ အစ်မကြီးဒေါ်မွှေးမွှေးခင်က အထက(၂)မှာဖြစ်ပြီး ကျောင်းချိန်က မနက် ၇ နာရီမှ နေ့လယ် ၁၂ နာရီဖြစ်ပါတယ်။ ကျွန်မက အထက(၁)မှာပါ။ ကျောင်းချိန်က မနက် ၉ နာရီခွဲကနေ ညနေ ၃ နာရီခွဲအထိပါ''

''ဆရာမတို့ ညီအစ်မနှစ်ယောက်ရဲ့ စားသောက်နေထိုင်ရေးကို ဘယ်သူက အကုန်အကျခံသလဲ''

''ထမင်းကတော့ အငြင်းပွားစရာမရှိလို့ တစ်အိုးတည်းအတူစားကြ

ပါတယ်။ ဟင်းကတော့ အကြိုက်ချင်းမတူလို့ တစ်ခါတစ်ရံမှာ ကိုယ်ကြိုက်တာ ကိုယ်ချက်စားကြပါတယ်။ အိမ်နှင့်စားစရိတ်ကုန်ကျမှုကိုတော့ တစ်ယောက်တစ်ဝက်စီ တာဝန်ယူကြပါတယ်''

''အခင်းဖြစ်တဲ့နေ့ မနက်ပိုင်းမှာ ဆရာမနဲ့ အစ်မကြီးဒေါ်မွေးမွေးခင်တို့ ဘယ်အချိန်ထိ အတူရှိနေခဲ့တာလဲ''

''အဲဒီနေ့ မနက် ၇ နာရီ မထိုးခင်လောက်မှာ ကြက်သားသည်လာလို့ ကျွန်မကြက်သားဝယ်နေပါတယ်။ အစ်မလည်း အိမ်ကနေ ကျောင်းကိုအထွက်မှာ သူ့အတွက်လည်း ကြက်သားဝယ်ဖို့မှာပြီး ကြက်သားဖိုးကျသင့်ငွေကို ရှင်းပေးပါတယ်။ အဲဒီအချိန်ဟာ အစ်မကို အသက်ရှင်လျက်နောက်ဆုံးတွေ့လိုက်ရတဲ့အချိန်ပါ''

''ဆရာမ ကျောင်းကပြန်လာပြီး အစ်မကြီးဒေါ်မွေးမွေးခင်အလောင်းကို တွေ့တဲ့အချိန်မှာ အစ်မကြီးဟာ ကျောင်းဝတ်စုံနဲ့ပဲလား။ ဒါမှမဟုတ် ဘယ်လိုအဝတ်အထည် လဲထားပါသလဲ။ ပြီးတော့ အစ်မကြီးဟာ နေ့လယ်စာစားပြီးမပြီး ဘယ်လိုအသွင်သဏ္ဍာန်တွေ့ရသလဲ''

စုံထောက်စံထူး၏ မေးခွန်းက အခင်းဖြစ်ပွားချိန်ကို သိလို၍ ပုစ္ဆာထုတ်ခြင်းပင် ဖြစ်ပါ၏။ ထိုနေ့က သေဆုံးသူ ဒေါ်မွေးမွေးခင်သည် ကျောင်းဝတ်စုံမှ အင်္ကျီအဖြူကို လဲလှယ်ဝတ်ဆင်ထားပြီး ထဘီမှာ ကျောင်းစိမ်းထဘီဖြင့် ဖြစ်ပါသည်။ မီးဖိုခန်းရှိ အိုးခွက်ပန်းကန်များမှာလည်း နေ့လယ်စာမစားရသေးဘဲ တည်ရှိနေပုံကို ဒေါ်ဉမ္မာခင်မှ ရှင်းလင်းပြ၏။ ဒါကိုကြည့်လျှင် အခင်းဖြစ်ပွားချိန်သည် ဒေါ်မွေးမွေးခင် ကျောင်းမှအိမ်သို့ ရောက်ရှိခဲ့ပြီး နေ့လယ်စာမစားမီ နေ့လယ် ၁၂ နာရီနှင့် ၁ နာရီအတွင်း ဖြစ်နိုင်ကြောင်း သုံးသပ်ရပါသည်။

အခင်းဖြစ်နေအိမ်၏ အနီးပတ်ဝန်းကျင်ရှိ နေအိမ်များကို မေးမြန်း

ကြည့်၏။ အခင်းဖြစ်နေအိမ်၏ မြောက်ဘက်တွင် အငြိမ်းစားကျောင်းဆရာမ ဒေါ်တင်နွဲ့၊ အရှေ့ဘက်တွင် ဘုန်းကြီး ကျောင်းသွားလမ်း၊ တောင်ဘက်တွင် အသက်(၇၀)အရွယ်ရှိ ဒေါ်ငွေကြည်နှင့် တူမ မသီဂီလှိုင်၊ အနောက်ဘက်တွင် စောလွင်မြင့်နှင့် အေးလွင်တို့၏ နေအိမ်များ တည်ရှိကြသည်။ အခင်းဖြစ်နေအိမ်နှင့် ပတ်ဝန်းကျင်ရှိ အိမ်များမှာ ကိုယ့်ဝင်းကိုယ့်ခြံနှင့်ဖြစ်ပြီး တိတ်ဆိတ်ငြိမ်သက်သော အနေအထားရှိကြောင်း ဒေါ်ဥမ္မာခင်မှ ရှင်းလင်းပြသည်။ ဒေါ်ဥမ္မာခင်၏ စကားအဆုံးတွင် အမှုစစ်အရာရှိ စုံထောက်စံထူးက ..

"ကျေးဇူးတင်ပါတယ် ဆရာမ။ ကျွန်တော်တို့ သိချင်တာလေးတွေရှိလာခဲ့ရင်လည်း ထပ်မေးပါရစေ"

## အခန်း(၄)

"ဟုတ်ကဲ့ မေးပါ၊ ကျွန်မသိရှိသ၍ ပြောပြပါ့မယ်"

ဆရာမ ဒေါ်ဥမ္မာခင်၏ ကဏ္ဍပြီး၍ အိမ်နီးချင်းနေ အငြိမ်းစားကျောင်းဆရာမ ဒေါ်တင်နွဲ့ဆီသို့ ကူးပြောင်းခဲ့၏။ နေအိမ်တွင် အသင့်တွေ့ရှိသော ဒေါ်တင်နွဲ့ကို စုံထောက်စံထူးမှ အမှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းလိုကြောင်း ခွင့်တောင်းရာ ဒေါ်တင်နွဲ့မှ အထက်ပါစကားဖြင့် ဖြေကြားပါ၏။ ထို့ကြောင့် စုံထောက်စံထူးက ..

"ဆရာ ဒေါ်မွေးမွေးခင်သေဆုံးမှုကို အန်တီ့အနေနဲ့ ဘယ်အချိန်လောက်မှာ သိရတယ်။ ပြီးတော့ သေဆုံးကြောင်း မသိခင်အချိန်မှာ သေဆုံးသူနဲ့ ပြောဆိုဆက်ဆံခဲ့ဖူးတာရှိခဲ့ရင်လည်း အပြည့်အစုံပြောပြပေးပါ ခင်ဗျ"

ဒေါ်တင်နွဲ့၏ နေအိမ်သည် အခင်းဖြစ်နေအိမ်၏မြောက်ဘက် ခြံချင်းကပ်လျှက်ဖြစ်၏။ နေအိမ်ပြတင်း တံခါးများကို ဖွင့်ထားပါက တစ်ဖက်နှင့်တစ်ဖက် နေအိမ်အတွင်းခန်းများသို့ မြင်နိုင်ကြားနိုင်စွမ်းရှိပါ၏။ ထိုနေ့

က ဒေါ်တင်နွဲ့နှင့်အတူ တူမဖြစ်သူ မအေးမြတ်ခိုင်လည်းရှိနေ၏။ ဒေါ်တင်နွဲ့နှင့်တူမဖြစ်သူတို့သည် နေ့လယ်စာကို နေ့စဉ်ပုံမှန် ၁၂ နာရီတွင် စားသုံးလေ့ရှိကြ၏။ ထိုနေ့ နေ့လယ် ၁၂ နာရီ အချိန်ခန့်တွင် ဒေါ်တင်နွဲ့က ..

''မခိုင်ရေ ... ထမင်းစားကြရအောင်''

''ခဏလေးစောင့်ပါလား ကြီးမေ၊ သမီး ကန်စွန်းရွက်လေးကြော်လိုက်ဦးမယ်''

မအေးမြတ်ခိုင်၏စကားအဆုံးတွင် ဒေါ်တင်နွဲ့လည်း ထမင်းစား စားပွဲသို့ ရောက်ရှိသွား၏။ ထမင်းစားပွဲတွင် ဒေါ်မွှေးမွှေးခင်အိမ်ဘက်သို့ မျက်နှာမူ၍ထိုင်နေ၏။ ဒေါ်တင်နွဲ့ထိုင်နေသော ထမင်းစားပွဲထိုင်ခုံသည် ထမင်းစားခန်းပြတင်းပေါက်မှ ဒေါ်မွှေးမွှေးခင်နေအိမ်ပြတင်းသို့ တည့်မတ်စွာရှိ၍ ကောင်းစွာမြင်ရ၏။ ထိုစဉ် တစ်ဖက်အိမ်ပြတင်းမှ ဒေါ်မွှေးမွှေးခင်က ..

''အစ်မနွဲ့ စားပြီးပြီလား''

''အေး .. အခုပဲ စားမလို့ကွဲ့၊ မွှေးမွှေးကော စားပြီးပြီလား။ လာစားဦးလေ''

''မစားရသေးဘူး အန်တီနွဲ့ရဲ့၊ ခဏနေ အဝတ်လဲပြီးရင် စားမှာပါ''

ဟု ဤကဲ့သို့ အပြန်အလှန်ပြော ဆိုခဲ့၏။ ထို့နောက် ဒေါ်မွှေးမွှေးခင်သည် သူမ၏ အိပ်ခန်း အဝတ်ဘီဒို ရှေ့နားတွင် ရပ်နေ၏။ ဒေါ်မွှေးမွှေးခင် ဝတ်ဆင်ထားသော အပေါ်အင်္ကျီမှာ ဘာအရောင်ဖြစ်သည်ကို ဒေါ်တင်နွဲ့မသိ။ သို့သော် ကျောင်းဝတ်စုံအင်္ကျီ အဖြူမဟုတ်သည်ကိုတော့ ကောင်းစွာပြောနိုင်၏။ နေ့လယ်စာ စားသုံးပြီးနောက် ဒေါ်တင်နွဲ့လည်းတရေးတမောအိပ်စက်နားနေခဲ့၏။ အိပ်ရာမှနိုး၍ ညနေ ၃ နာရီခွဲခန့်တွင် ဒေါ်တင်နွဲ့သည် အိမ်ရှေ့ဧည့်ခန်းဆက်တီ၌ အခင်းဖြစ်နေအိမ်ကို ကျောပေး၍ထိုင်နေ၏။ ထိုစဉ် ဒေါ်မွှေးမွှေးခင်အိမ်ဘက်မှ အကြီးမွှေး .. အကြီးမွှေးဟု ခေါ်သံ

ကြား၏။ ခဏအကြာတွင် ဒေါ်ဥမ္မာခင်က ••

"အစ်မနွဲ့ရေ •• မွှေးမွှေး အဲဒီဘက်လာသလား"

ဟု လှမ်းမေး၏။ ဒီတော့ ဒေါ်တင်နွဲ့က •••

"မလာပါဘူး ဥမ္မာရေ"

ဟု ပြန်ပြောပြီးနောက် ခဏအကြာ ••

"အစ်မနွဲ့ရေ •• အစ်မနွဲ့လာပါဦး၊ မွှေးမွှေးမူးလဲနေလို့ လာပါဦး"

ဥမ္မာခင်၏ အော်ဟစ်ခေါ်ဆိုသံကြောင့် ဒေါ်တင်နွဲ့လည်း ထိုင်ရာမှထကာ ဥမ္မာခင်၏ အိမ်ဖက်သို့ ကူးသွားခဲ့၏။ ဥမ္မာခင်၏ နေအိမ်ခြံဝသို့ ရောက်သောအခါ အိမ်နီးချင်းနေ မသီဂီလှိုင်နှင့်တွေ့၍ နှစ်ဦးအတူ ဥမ္မာခင်ရှိရာသို့ ဝင်သွားကြ၏။ ထိုစဉ် ဒေါ်မွှေးမွှေးခင်မှာ ဒေါ်ဥမ္မာခင်အိပ်ခန်း ခုတင်ခေါင်းရင်းရှိ ဆက်တီခုံတွင် အထက်၌ဖွင့်ဆိုထားသည့်အတိုင်း တွေ့မြင်ရကြောင်း အငြိမ်းစားဆရာမ ဒေါ်တင်နွဲ့က ဖွင့်ဆိုပြခဲ့ပါသည်။

"ဆရာမအနေနဲ့ အဲဒီနေ့က သေဆုံးသူ ဒေါ်မွှေးမွှေးခင်ရဲ့ ရုပ်အလောင်းကို အနီးကပ်မြင်လိုက်ရတော့ ဝတ်ဆင်ထားတဲ့ ဝတ်စုံကို မှတ်မိလိုက်သလား"

စုံထောက်စံထူး၏ အမေးကို ဒေါ်တင်နွဲ့က •••

"ဟုတ်ကဲ့ မှတ်မိလိုက်ပါတယ်။ အင်္ကျီက ပါတိတ်ဆင် အနီရောင်ပါ။ ထဘီကတော့ ကျောင်းစိမ်းထဘီပါ"

ဟု အဆိုပြုပါ၏။ ဒေါ်တင်နွဲ့၏ ထွက်ဆိုချက်သည် ဒေါ်ဥမ္မာခင်သက်သေ့သို့ သေဆုံးသူမှာ ကျောင်းမှပြန်လာပြီး နေ့လယ်စာမစားမီ သေဆုံးခြင်းဖြစ်ကြောင်း ထပ်တူကျပါ၏။ ဒါတွင်မက သေဆုံးသူ ဒေါ်မွှေးမွှေးခင်နှင့် ကျောင်းမှအပြန် ကျူရှင်သို့အသွား ကိုယ်တိုင်ကြုံဆုံခဲ့သော (၁၀)တန်း ကျောင်းသူ မဝေဝေဖြိုးကျော်အား တွေ့ဆုံမေးမြန်းကြည့်သည်။

အခင်းဖြစ်သည့်နေ့ နေ့လယ် ၁၁ နာရီ ၄၅ မိနစ်တွင် ကျောင်းဆင်းပြီး၍ မဝေဝေဖြိုးကျော်သည် စက်ဘီးဖြင့် အိမ်သို့ပြန်လာ၏။ သူမနှင့်အတူ သေဆုံးသူ ဆရာမ ဒေါ်မွှေးမွှေးခင်လည်း စက်ဘီးဖြင့် အတူပါလာ၏။ ဆရာတပည့်နှစ်ယောက် စကားအတူပြော၍ စီးနင်းလာကြစဉ် နေအိမ်ရှေ့အရောက်တွင် ဆရာမဒေါ်မွှေးမွှေးခင်မှ နေအိမ်ခြံဝင်းဘက် ချိုးဝင်သွား၏။ မဝေဝေဖြိုးကျော်လည်း ဆရာမအားနှုတ်ဆက်ပြီး သူမ၏အိမ်သို့ ဆက်၍စီးနင်းလာ၏။ နေ့လယ် ၁ နာရီတွင် စနေလမ်းရှိ ဆရာမ ဒေါ်မွှေးမွှေးခင်ပို့ချသော ကျူရှင်သို့ တက်ရောက်ရမည်ဖြစ်၍ နေအိမ်မှ ၁ နာရီမထိုးမီထွက်လာခဲ့၏။ ဆရာမ ဒေါ်မွှေးမွှေးခင်၏ ခြံဝင်းရှေ့အရောက်တွင် နေအိမ်ရှေ့၌ ဆရာမ၏စက်ဘီး ရပ်ထားသည်ကို တွေ့၏။ မဝေဝေဖြိုးကျော်မှ ဆရာမခြံဝင်းထဲသို့ဝင်၍ ဆရာမ ဒေါ်မွှေးမွှေးခင်အားခေါ်ရာ နေအိမ်အတွင်းမှ ဘာသံမျှမကြားရသဖြင့် ဆရာမ ရေအိမ်တက်နေသည် ထင်၍ မဝေဝေဖြိုးကျော်လည်း ကျူရှင်ရှိရာ စနေလမ်းသို့ ထွက်လာခဲ့၏။ ထိုအချိန်မှာ နေ့လယ် ၁ နာရီထိုးဖို့ ၅ မိနစ် ၁၀ မိနစ်ခန့်ရှိမည်ထင်၏။ နေ့လယ် ၁ နာရီ ကျူရှင်စချိန်ဖြစ်သော်လည်း ဆရာမဒေါ်မွှေးမွှေးခင်ရောက်ရှိမလာ၍ ကျူရှင်သင်မည့် ကျောင်းသူ ကျောင်းသားများက စောင့်ဆိုင်းနေကြ၏။ နေ့လယ် ၁ နာရီကျော်ခန့်တွင် ကျူရှင်မှကျောင်းသား(၄)ဦးက ဆရာမဒေါ်မွှေးမွှေးခင် နေအိမ်သို့ ဖုန်းဆက်ကြည့်၏။ တယ်လီဖုန်းမှအသံခေါ်ဆိုသော်လည်း ဖုန်းမကိုင်ကြောင်း ဖုန်းဆက်သူ ကျောင်းသားများမှပြောပြ၍ သိရှိရကြောင်း ကျောင်းသူ မဝေဝေဖြိုးကျော်မှ ထွက်ဆိုပြသည်။

စုံစမ်းစစ်မေးခဲ့သော သေဆုံးသူ၏ အနီးပတ်ဝန်းကျင်မှ သက်သေများ၏ ထွက်ဆိုချက်အရ အခင်းဖြစ်ပွားချိန်မှာ နေ့လယ် ၁၂ နာရီမှ နေ့လယ် ၁ နာရီမထိုးမီ(၁၅)မိနစ်ခန့်အလို အချိန်အတိုင်းအတာဖြစ်နိုင်ခြေရှိပါသည်။

## အခန်း(၅)

''ကျွန်မနဲ့ အန်တီနွဲ့ နေ့လယ်စာ စားပြီးချိန်က နေ့လယ် ၁၂ နာရီ ၁၀/၁၅ မိနစ်လောက်ရှိပါပြီ။ အန်တီနွဲ့က အိပ်ခန်းထဲမှာ လဲလျောင်းနေပြီး ကျွန်မက ညှိခန်းဆက်တီမှာ စာကျက်နေပါတယ်''

ဟု အိမ်နီးချင်းနေ အငြိမ်းစား ကျောင်းဆရာမ ဒေါ်တင်နွဲ့၏ တူမ မအေးမြတ်နိုင်မှ အထက်ပါစကားဖြင့် ထွက်ဆိုပြ၏။

ထိုသို့ စာကျက်နေစဉ် ဆရာမ ဒေါ်မွှေးမွှေးခင်၏ အိပ်ဝင်ပေါက်မှ ''ဆရာမရေ ‥ ဆရာမ''ဟု ခေါ်သံကြားရပါသည်။ မအေးမြတ်နိုင်ကလည်း လှည့်မကြည့်ဘဲ စာကိုကျက်မြဲအတိုင်း ကျက်နေခဲ့ပါသည်။ ''ဆရာမ ‥ ဆရာမ'' ဟု နောက်ထပ် ၃/၄ ကြိမ်ခန့် ခေါ်သံကြား၍ မအေးမြတ်နိုင်မှ အသံလာရာသို့ လှည့်ကြည့်၏။ လူကို မမြင်ရသော်လည်း နေအိမ်ရှေ့ အုတ်ကန်အနီး၌ နေအိမ်ဘက်သို့ ခေါင်းတည်ရပ်ထားသော ဆိုင်ကယ် တစ်စီး ကို မြင်၏။ ထိုဆိုင်ကယ်မှာ ရှေ့ရင်ဖုံး အနီရောင်၊ နောက်ထိုင်ခုံ အနက်ရောင်ဖြစ်၍ နောက်ကြည့်မှန်မပါသည်ကို သတိထားမိလိုက်သည်။ ဆိုင်ကယ်၏ ဘေးတစ်ဖက်တွင် ဆရာမဒေါ်မွှေးမွှေးခင် စီးနင်းသော စက်ဘီး ရပ်ထားသည်ကိုလည်း မြင်ရ၏။ ထိုဆိုင်ကယ် ဘယ်အချိန်ထွက်သွားသည် ကို သတိမပြုမိကြောင်း မအေးမြတ်နိုင်မှ ဖွင့်ဆိုပြသည်။

''ဆရာမ ‥ ဆရာမလို့ အိမ်ရှေ့က အော်ခေါ်တဲ့အသံဟာ ယောကျ်ား လေးသံလား ‥ မိန်းကလေးအသံလား''

ဟု စုံထောက်စံထူး၏ အမေးကို မအေးမြတ်နိုင်က ‥‥

''ယောကျ်ားလေး အသံပါ''

''ဆရာမအိမ်ကိုလာတဲ့ ညှိသည်ကျောင်းသားတွေတိုင်း အဲဒီလို အိမ် ပေါက်ကနေ အော်ခေါ်လေ့ရှိသလား''

''ဆရာမရဲ့တပည့် အောင်ကျော်ဖြိုးသာ ဆရာမအိမ်ကိုလာတိုင်း အိမ်ပေါက်ဝကနေ အဲဒီလို အော်ခေါ်လေ့ရှိပါတယ်''

''အဲဒီနေ့က အိမ်ပေါက်ဝမှာ အော်ခေါ်တဲ့အသံဟာ အောင်ကျော်ဖြိုးအသံလား''

''အသံက ခပ်အုပ်အုပ်ဖြစ်နေလို့ မည်သူမည်ဝါဆိုတာ ကျွန်မလည်းမမှန်းတတ်ပါဘူး''

''အောင်ကျော်ဖြိုးနဲ့ ရင်းနှီးတာ ဘယ်လောက်ကြာပြီလဲ''

''လွန်ခဲ့တဲ့ တစ်နှစ်လောက်က စတင်ရင်းနှီးခဲ့တာပါ''

''ဘယ်လိုစတင်ရင်းနှီးခဲ့တာလဲ''

အောင်ကျော်ဖြိုးသည် သေဆုံးသူ ဆရာမမွှေးမွှေးခင်၏ တပည့်ရင်းတစ်ယောက်ဖြစ်၏။ ဆရာမအိမ်၏ အမှုကိစ္စတွင် အောင်ကျော်ဖြိုးသည် လက်တိုလက်တောင်း ဝိုင်းဝန်းကူညီပေးသော တပည့်တစ်ယောက်ဖြစ်၏။ လွန်ခဲ့သော တစ်နှစ်ခန့်ကစ၍ ဆရာမ ဒေါ်မွှေးမွှေးခင်နှင့်အတူ နေအိမ်သို့ အလည်အပတ်ရောက်ရှိလာရာမှ အောင်ကျော်ဖြိုးနှင့် စတင်ရင်းနှီးခဲ့ရကြောင်း မအေးမြတ်ခိုင်မှ ပြောဆိုပြသည်။

''ဆရာမ ဒေါ်မွှေးမွှေးခင်အိမ်မှာ အောင်ကျော်ဖြိုးလိုပဲ ဝင်ထွက်သွားလာပြီး အိမ်မှုကိစ္စကူလုပ်ပေးတဲ့ တခြားကျောင်းသားဘယ်သူရှိသေးလဲ''

၄ ၄ ၄

''မရှိပါဘူး။ အောင်ကျော်ဖြိုးတစ်ဦးတည်းသာ သားတပည့်လို ဝင်ထွက်သွားလာပြီး လုပ်ကိုင်ပေးတာပါ။ ကျွန်မကတော့ သူ့ကို ဘာမှမခိုင်းပါဘူး။ အစ်မကြီးမွှေးမွှေးကသာ သူ့တပည့်ကို သူ ယုံကြည်စွာနဲ့ ခိုင်းလေ့ခိုင်းထပြုပါတယ်''

ဟု သေဆုံးသူနှင့် အတူနေညီမ တရားလို ဒေါ်ဥမ္မာခင်မှ ဖွင့်ဆိုပြ၏။

"ဆရာမတို့ ညီအစ်မနှစ်ယောက်ရဲ့ အိမ်တွင်းပစ္စည်းကို ညီအစ်မနှစ်ယောက်အပြင် အောင်ကျော်ဖြိုးကော မသိနိုင်ဘူးလား"

စုံထောက်စံထူးမှ အတွင်းပစ္စည်းကိုမေး၏။ ဒီတော့ ဒေါ်ဥမ္မာခင်က ..

"သိနိုင်တာပေါ့ရှင်၊ သူ ကောင်းကောင်းသိနိုင်တာပေါ့"

အခင်းမဖြစ်မီ နှစ်ရက်ခန့်က နေအိမ်မှ မီးချောင်းပျက်၍ အစ်မဖြစ်သူ ဒေါ်မွေးမွေးခင်မှ အောင်ကျော်ဖြိုးအား ပြင်ခိုင်း၏။ ကျသင့်ငွေကိုထုတ်ပေးရန်အတွက် အစ်မဖြစ်သူမှ ဘီဒိုနှင့် အံဆွဲကိုဖွင့်၏။ ထိုစဉ် အောင်ကျော်ဖြိုးလည်း အနီးအနားတွင်ရှိနေ၍ မြင်တွေ့နိုင်၏။ ထို့ပြင် အောင်ကျော်ဖြိုးသည် နေအိမ်သို့လာတိုင်း အိမ်အဝင်ပေါက်မှ ဆရာမ .. ဆရာမ .. ဟု အော်ဟစ်အသံပေး၍ အိမ်အတွင်းသို့ ဝင်လာလေ့ရှိ၏။ နေအိမ်အတွင်း မတွေ့ပါက လိုက်လံရှာဖွေလေ့ရှိပြီး တစ်ဦးမဟုတ်တစ်ဦး တွေ့ရှိမှသာ အိမ်မှပြန်ထွက်သွားလေ့ရှိကြောင်း အောင်ကျော်ဖြိုး၏ အတွင်းရေးနှင့် အကျင့်စရိုက်ကို ဒေါ်ဥမ္မာခင်က ထွက်ဆိုပြသည်။

ဆရာမ ဒေါ်မွေးမွေးခင် အသတ်ခံရပြီး လက်ဝတ်ရတနာပစ္စည်းနှင့် ငွေများပါဆုံးသွားမှုတွင် တပည့်ရင်းဖြစ်သူ အောင်ကျော်ဖြိုးသည် မြစ်မှူကျူးလွန်သူ ဖြစ်နိုင်ခြေရှိကြောင်း မီးမောင်းထိုးပြနေပါသည်။ သို့ကြောင့် စုံထောက်စံထူးက ..

"အောင်ကျော်ဖြိုးကို မှုလအမှုစစ်ဖြစ်တဲ့ မြို့နယ်ရဲက ဖမ်းဆီးစစ်မေးတာမလုပ်ဘူးလား"

အခန်း(၆)

"ဖမ်းပါတယ်၊ အချုပ်ထဲမှာ တစ်လနီးပါးလောက် ဖမ်းထားပြီး စစ်မေးတာခံခဲ့ရပါတယ်"

ဟု သက်သေမကောင်းသူ အောင်ကျော်ဖြိုးမှ ထွက်ဆိုပြသည်။ စားပွဲရှေ့တွင် ရှိနေသော အောင်ကျော်ဖြိုးကို စူးစူးစိုက်စိုက်ကြည့်လျက် အမှုစစ်အရာရှိ စုံထောက်စံထူးက ..

''မင်းကို ရဲက ဘာကြောင့်ဖမ်းတာလဲ''

အခင်းဖြစ်သည့်နေ့ နေ့လယ် ၁ နာရီကျော်ခန့်တွင် အောင်ကျော်ဖြိုးသည် ၎င်းပိုင် ခေါင်းနီကိုယ်နက်ဆိုင်ကယ်ဖြင့် သေဆုံးသူ ဆရာမ ဒေါ်မွှေးမွှေးခင်နေအိမ်သို့ ရောက်ရှိခဲ့သည်။ နေအိမ်တံခါးနှင့် ပြတင်းများပွင့်နေသည်ကို တွေ့၏။ နေအိမ်ဝင်ပေါက်မှ ''ဆရာမ .. ဆရာမ'' ဟု သုံးလေးငါးခွန်းခေါ်သော်လည်း ထူးသံမကြားဘဲ ရှိနေ၏။ အိမ်ရှေ့တွင်လည်း ဆရာမစီးသောစက်ဘီးနှင့် စက်ဘီးရှေ့ခြင်းထဲတွင် ထီးတစ်လက်ထည့်ထားသည်ကိုတွေ့၏။ ထို့နောက် အောင်ကျော်ဖြိုးသည် ဧည့်ခန်းသို့ဝင်ကာ ဂျာနယ်တစ်စောင်ကို ဖတ်နေ၏။ ခဏအကြာ ဆရာမသည် နှစ်လုံးချဲထီထိုးခြင်းကို ဝါသနာပါ၍ ဧည့်ခန်းရှိ ပို့က်ဘုတ်တွင် ချဲထီဂဏန်း ''၃၀/၄၅ အဂ်ီ အောင်ကျော်ဖြိုး'' ဟု ရေးထားခဲ့ပြီး ဆရာမ နေအိမ်မှ ၎င်းဆိုင်ကယ်အားစီး၍ ပြန်ထွက်ခဲ့ကြောင်း အောင်ကျော်ဖြိုးမှ ထွက်ဆိုပြသည်။ အောင်ကျော်ဖြိုး၏ စကားအဆုံးတွင် စုံထောက်စံထူးက-

''မင်းဟာ .. ဆရာမရဲ့တပည့်ရင်း တစ်ယောက်ဖြစ်သလို သွေးသားရင်းကဲ့သို့ ဆရာမရဲ့အိမ်မှာ ဝင်ထွက်သွားလာ လုပ်ကိုင်ပေးသူဆိုတာ ဟုတ်သလား''

''ဟုတ်ပါတယ်''

''မင်းလိုပဲ အဲဒီအိမ်မှာ တရင်းတနှီး ဝင်ထွက်သွားလာတတ်တဲ့သူ အခြားဘယ်သူရှိသေးလဲ''

''ကျွန်တော်သိသလောက်တော့ ကျွန်တော်တစ်ဦးတည်းပဲရှိပါတယ်''

''ဟုတ်ပြီ ..အဲဒီနေ့က ဆရာမ ဒေါ်မွေးမွေးခင်ကို ညှော်ခန်းမှာ မတွေ့တော့ မင်းအိမ်ထဲ ဝင်မရှာဘူးလား''

''မရှာခဲ့ပါဘူး''

''ခါတိုင်း ..ဆရာမအိမ်ကိုလာတိုင်း ဆရာမကို မတွေ့မချင်း မင်း လိုက်ရှာနေကျ၊ အဲဒီနေ့ကျမှ မင်း ဘာကြောင့် ဆရာမကို တွေ့အောင်မ ရှာတာလဲ''

''ကျွန်တော် ဆိုင်ကယ်ပြင်ဖို့ ချိန်းထားလို့ပါ''

''ဆရာမ ဒေါ်မွေးမွေးခင်ဟာ နေ့လယ်တစ်နာရီကနေ ညနေ ၆ နာရီအထိ အပြင်မှာ ကျူရှင်ပြတယ်ဆိုတာ မင်းသိလား''

''သိပါတယ်''

''အဲဒီနေ့က မင်း ဆရာမအိမ်ရောက်တော့ နေ့လယ်တစ်နာရီကျော် ရှိနေပြီပဲ။ 'ဆရာမ ကျူရှင် ဘာဖြစ်လို့ မသွားပါလိမ့်' လို့ မင်းအနေနဲ့ တွေးဆမကြည့်ဘူးလား။ အဲဒီလို တွေးဆမိလို့ မင်းက ဆရာမကို ရှာမိခဲ့ရင် မင်းအပေါ်မှာ သက်ာမကင်းစရာမရှိဘဲ ဆရာမသေဆုံးမှုကို ဦးစွာပထမ တွေ့ရှိသူအဖြစ် ကျေးဇူးတောင် တင်ရဦးမယ်''

ဟု စုံထောက်စံထူး၏ ပြောဆိုမှုကို အောင်ကျော်ဖြိုးက ဆိတ်ငြိမ်စွာ ဖြင့် နားစွင့်နေ၏။ ထို့နောက် ချဲထီနှစ်လုံးဂဏန်းပေးသည့်ကိစ္စတွင် နှစ် လုံးချဲထီသည် တစ်နေ့တွင် နေ့လယ် ၁၂ နာရီနှင့် ညနေ ၄ နာရီတွင် တစ်နေ့နှစ်ကြိမ် ပေါက်ဂဏန်းအဖြေထွက်၏။ အောင်ကျော်ဖြိုးကိုယ်တိုင် ပိုက်ဘုတ်တွင် ရေးပေးသွားသော ချဲထီနံပါတ်သည် နေ့လယ် တစ်နာရီထိုးပြီး ဖြစ်၍ မနက်ပိုင်းပေါက်ဂဏန်း မဖြစ်နိုင်တော့ပါ။ ညနေဂဏန်းဆိုရပြန် လည်း ဆရာမ ဒေါ်မွေးမွေးခင်သည် ကျူရှင်ပြရာမှ ညနေ ၆ နာရီတွင် အိမ်ပြန်ရောက်သူဖြစ်၍ အောင်ကျော်ဖြိုးရေးပေးသွားသော နှစ်လုံးဂဏန်း

ကို ထိုးဖို့ လုံးဝမဖြစ်နိုင်သော အခြေတွင်ရှိပါ၏။ ဤသည်ကိုကြည့်လျှင် အောင်ကျော်ဖြိုးသည် ဆရာမ ဒေါ်မွှေးမွှေးခင် နေအိမ်သို့ ရောက်ရှိခဲ့သည်မှာ အထင်အရှားဖြစ်၏။

''မင်း ‥ ဆရာမအိမ်လာတော့ မင်းနဲ့အတူ တခြားဘယ်သူပါသေးလဲ''

''မပါပါဘူးခင်ဗျ။ ကျွန်တော်တစ်ယောက်ထဲပါ''

အောင်ကျော်ဖြိုးသည် သေဆုံးသူနေအိမ်မှ ပြန်ထွက်သွားပြီးနောက် ထိုနေ့ နေ့လယ် ၂ နာရီခန့်တွင် ဆရာမ ဒေါ်မွှေးမွှေးခင်အိမ်သို့ ဆိုင်ကယ်ဖြင့် ဒုတိယအကြိမ် ဝင်ရောက်ခဲ့၏။ နေအိမ်မြင်ကွင်းမှာ ပထမအကြိမ်ဝင်ရောက်စဉ်က အခြေအနေတိုင်းဖြစ်၏။ နေအိမ်ပေါက်မှ အော်ခေါ်သော်လည်းထူးသံမကြား၍ ဆရာမဒေါ်မွှေးမွှေးခင် အိပ်ခန်းသို့ ဝင်ကြည့်၏။ ဆရာမကို မတွေ့။ မျက်နှာချင်းဆိုင်အိပ်ခန်းရှိ ဆရာမ ဒေါ်ဥမ္မာခင်၏ အိပ်ခန်းတံခါးမှာလည်း စေ့ရုံသာစေ့ထားပြီး အိပ်ခန်းအတွင်းရှိ ပြတင်းတံခါးတစ်ချပ်မှာ ဟနေ၍ အလင်းရောင်ဝင်နေ၏။ ထို အိပ်ခန်းတံခါးဝမှ အတွင်းသို့ကြည့်ရာ ဆရာမဒေါ်ဥမ္မာခင်၏ အိပ်ရာခုတင်ရှိ ခြင်ထောင်မှာ ချထားသည်ကို မြင်တွေ့ရကြောင်း အောင်ကျော်ဖြိုးမှ ထွက်ဆိုပြသည်။

''ဆရာမဒေါ်ဥမ္မာခင် အိပ်ခန်းထဲကိုတော့ ဘာဖြစ်လို့ ဝင်မရှာတာလဲ''

''အိပ်ခန်းပေါက်ဝကနေ အတွင်းကို ထင်ထင်လင်းလင်းမြင်နေရပြီး အိပ်ခန်းထဲမှာ ဘယ်သူမှမရှိလို့ ကျွန်တော်လည်း ဝင်မရှာခဲ့ပါဘူး''

ထိုနေ့ နေ့လယ် ၂ နာရီကျော်ခန့်တွင် အောင်ကျော်ဖြိုးသည် အခင်းဖြစ်နေအိမ်မှ သူ၏ဆိုင်ကယ်ပြင်ဆိုင်သို့ ထွက်လာ၏။ ထိုနေ့ညနေပိုင်းတွင် ဆရာမဒေါ်မွှေးမွှေးခင် အသတ်ခံရကြောင်း ကြားသိရ၍ ဆရာမ၏ နေအိမ်တွင် ညဉ့် ၁၁ နာရီအထိ နာရေးကိစ္စအား ဝိုင်းဝန်းကူညီခဲ့သည်။

နောက်တစ်နေ့တွင် အခင်းဖြစ်နေ့က သေဆုံးသူ ဆရာမအိမ်သို့ ခေါင်းနီကိုယ်နက် ဆိုင်ကယ်တစ်စီးဝင်လာသည်ကို ရဲမှ ကြားသိ၍ စုံစမ်းနေကြောင်း သိရ၏။ သို့ကြောင့် ထိုနေ့က ခေါင်းနီကိုယ်နက် ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူမှာ မိမိဖြစ်ကြောင်း ရဲစခန်းသို့ ကိုယ်တိုင်သွားရောက်ပြောဆိုခဲ့စဉ် ဖမ်းဆီးခြင်းခံခဲ့ရကြောင်း အောင်ကျော်ဖြိုးမှ ထွက်ဆိုပြသည်။

"မင်းက တော်တော် အပြောကောင်းတာပဲ"

အမှုစစ်အရာရှိ စုံထောက်စံထူး၏ ရိသဲ့သဲ့စကားကို အောင်ကျော်ဖြိုးက ..

"ကျွန်တော် အမှန်အတိုင်းပြောပြတာပါ"

"အမှန်ပြောတာထက် အပြောမှန်ဖို့ လိုတယ်ကွ။ မင်း ပြောတဲ့အဖြစ်မှန်ကို ငါလည်း သိထားပြီးသားပါ"

ဤမျှဆိုလျှင် ဆရာမဒေါ်မွေးမွေးခင် သေဆုံးမှုတွင် သွေးသားရင်းပမာရှိသော တပည့်ရင်းအောင်ကျော်ဖြိုးသည် လုံးလုံးလျားလျား သက်သေမကင်းဖွယ်ရှိနေပါ၏။ သို့သော် အောင်ကျော်ဖြိုးကို ကိုင်တွယ်ဖို့ရာ စုံထောက်စံထူးတွင် အခွင့်အာဏာမရှိ ဖြစ်နေ၏။ သင်္ကာမကင်းသူ အောင်ကျော်ဖြိုးကို မြို့နယ်ရဲတပ်ဖွဲ့မှ ချုပ်ရက်အပြည့်ဖမ်းဆီးစစ်မေးခဲ့ပြီး ခံဝန်သူနှစ်ဦးနှင့် အာမခံဖြင့် လွှတ်ထားခဲ့၏။ ဤသို့သော ဖြစ်စဉ်မျိုးကို အမှုစုံစမ်းစစ်မေးကြသော စုံထောက်အရာရှိတိုင်း ကြုံဖြဲဆုံဖြဲ အကြောင်းအရာတစ်ရပ်ပင် ဖြစ်ပါပေတော့သည်။

## အခန်း(၇)

"ကျွန်တော့်နာမည်က ဦးတင်ရွှေပါ၊ အလုပ်ကတော့ ဆိုက္ကားနင်းပါတယ်၊ ခရမ်းမြို့ဇာတိသားဖြစ်ပါတယ်"

ဦးတင်ရွှေ၏သမီး မချောစုဝင်းသည် သေဆုံးသူ ဆရာမဒေါ်မွှေးမွှေးခင်၏ အ.ထ.က(၂)မှ ကျောင်းသူတစ်ဦးဖြစ်၏။ အခင်းဖြစ်သည့်နေ့က ဦးတင်ရွှေသည် ဆိုက်ကားဖြင့် နေအိမ်မှ သမီးရှိရာကျောင်းသို့ ထွက်လာ၏။ ထိုနေ့(၁၁း၄၅)အချိန် ကျောင်းဆင်း၍ သမီးကိုဆိုက်ကားဖြင့် ကြိုလာ၏။ တစ်နေရာအရောက်တွင် ဆရာမဒေါ်မွှေးမွှေးခင် စီးနင်းလာသောစက်ဘီးသည် ဦးတင်ရွှေ၏ဆိုက္ကားကို ကျော်တက်သွား၏။ ထိုနေ့ နေ့လယ် (၁၂)နာရီတွင် ဦးတင်ရွှေနှင့်သမီးတို့ နေအိမ်သို့ ပြန်ရောက်၏။ နေအိမ်တွင် သမီးကိုထားခဲ့ပြီး ဦးတင်ရွှေလည်း ဆိုက်ကားနင်းဖို့ ဂိတ်သို့ထွက်လာခဲ့သည်။

''ဦးတင်ရွှေကြီး ..ဆိုက္ကားအားလား''

ငှက်ကျောင်းလမ်းနှင့် (၁)လမ်းထိပ်အရောက် ဆိုင်ကယ်ပြင်ဆိုင်မှ ကိုဝင်းကျော်မှ ဆိုက္ကားကိုတား၍ အထက်ပါစကားဖြင့်မေး၏။ ဒီတော့ ဦးတင်ရွှေက ..

''အားပါတယ် ...မောင်ဝင်းကျော်ရဲ့၊ ဘယ်ပို့ပေးရမလဲ''

''သူ့ကို ..မြေနီလမ်းမှာရှိတဲ့ ဆိုင်ကယ်စလစ်ဘိုးရိန်းဆိုင်ကို ပို့ပေးပါလား''

ကိုဝင်းကျော်နှင့်အတူ လက်ထဲတွင် စလစ်ဘိုးရိန်းကိုင်ထားသော အသက် ၂၅ နှစ်ခန့်ရှိ ဆံပင်ရှည်ရှည် (ဂုတ်ထောက်)၊ ခန္ဓာကိုယ်တောင့်တောင့်တင်းတင်း လူရွယ်တစ်ယောက်ကို တွေ့၏။ ထိုလူရွယ်ကို စက်ပစ္စည်းပြင်ဆိုင်သို့ ပို့ပေးရန် ကိုဝင်းကျော်မှပြောဆို၏။ ဦးတင်ရွှေလည်း ထိုလူရွယ်ကိုတင်ဆောင်ကာ ဆိုင်ကယ်စလစ်ဘိုးရိန်းဆိုင်သို့ ထွက်လာ၏။ ဆိုင်အရောက်တွင် ထိုလူရွယ်က ဘိုးရိန်းဆရာအား ဆိုင်ကယ်စလစ်ဘိုးရိန်းကို အပ်၏။ ဘိုးရိန်းဆရာက နေ့လယ် ၂ နာရီမှ လာယူရန် ပြော၏။ ထို့ကြောင့် ထိုလူရွယ်နှင့် ဦးတင်ရွှေလည်း ဘိုးရိန်းဆိုင်မှ ပြန်ထွက်လာ၏။ ကျောက်တိုင်

လမ်းရှိ အောင်စည်ဟိန်းလက်ဖက်ရည်ဆိုင်ရှေ့အရောက် ..

''ဆိုက်ကားဆရာကြီး .. လက်ဘက်ရည်သောက်ကြရအောင်ဗျာ''

လူရွယ်၏တောင်းဆိုမှုကြောင့် ဦးတင်ရွှေက ဆိုက်ကားကို အောင်စည်ဟိန်းလက်ဘက်ရည်ဆိုင်ရှေ့သို့ ထိုးရပ်ပေး၏။ လူရွယ်က ဦးတင်ရွှေကိုပါ လက်ဖက်ရည်သောက်ဖို့ ဖိတ်ခေါ်၏။ ထို့ကြောင့် ဦးတင်ရွှေနှင့် လူရွယ်တို့လည်း လက်ဘက်ရည်ဆိုင်အတွင်း တစ်ဝိုင်းတည်း အတူထိုင်ခဲ့ကြ၏။

''ငါ့တူက .. ခရမ်းမြို့ကပဲလား''

''မြို့ပေါ်ကတော့ မဟုတ်ဘူးဗျ၊ ရွှေဘိုစုရွာကပါ''

''နာမည်က ဘယ်လိုခေါ်သလဲ''

''ဇော်လွင်ဦးပါခင်ဗျ''

ခဏအကြာ လက်ဖက်ရည်ဆိုင်သို့ ဆိုင်ကယ် ခေါင်းနီ၊ ကိုယ်နက်တစ်စီးဖြင့် လူရွယ်တစ်ဦး ရောက်ရှိလာ၏။ ထိုလူရွယ်ကို ဇော်လွင်ဦးမှ ကွက်သစ်ဘက်သို့ပို့ပေးရန်ပြောဆိုကာ သူမောင်းနှင်လာသောဆိုင်ကယ်ဖြင့် တင်ဆောင်ခေါ်ယူ၍ ကျောက်တိုင်လမ်းအတိုင်း အရှေ့ဘက်သို့ မောင်းနှင်သွား၏။

''သူတို့နှစ်ယောက် .. ဆိုင်ကထွက်သွားတာ ဘယ်အချိန်လောက်လို့ ဦးတင်ရွှေထင်သလဲ''

စုံထောက်စံထူး၏အမေးကို ဆိုက်ကားဆရာ ဦးတင်ရွှေက ..

'''ကျွန်တော် အိမ်ကထွက်လာတော့ နေ့လယ် ၁၂ နာရီ၊ ကိုဝင်းကျော်ဆိုင်နဲ့ ဘိုးရိန်းဆိုင် အသွားအပြန်ဆိုတော့ ၁၂ နာရီ မခွဲလောက်သေးဘူးလို့ထင်ပါတယ်''

ထိုနေ့က .. ဦးတင်ရွှေသည် အောင်စည်ဟိန်းလက်ဘက်ရည်ဆိုင်ရှေ့တွင် ဆိုက်ကားထိုးထားစဉ် နေ့လယ် ၂ နာရီ အချိန်ခန့်က ဇော်လွင်ဦး

နှင့် ထိုလူရွှယ်တို့သည် ခေါင်းနီ၊ ကိုယ်နက် ဆိုင်ကယ်ဖြင့် အောင်စည်ဟိန်း လက်ဘက်ရည်ဆိုင်ရှေ့သို့ ရောက်လာခဲ့၏။ ဇော်လွင်ဦးမှာ လက်ဘက်ရည်ဆိုင်ရှေ့တွင် ဆင်းကျန်ခဲ့ပြီး ဆိုင်ကယ်မောင်းသူမှာ ကျောက်တိုင်လမ်းအတိုင်း အနောက်ဘက်သို့ မောင်းနှင်ထွက်သွား၏။ ထိုနေ့ နေ့လယ် ၂ နာရီကျော်ခန့်တွင် ဇော်လွင်ဦးမှာ ဦးတင်ရွှေ၏ ဆိုက်ကားဖြင့် ဘိုးရိန်းဆိုင်သို့သွား၍ ဆိုင်ကယ်ဘိုးရိန်းစလစ်အားရွေးယူပြီး ကိုဝင်းကျော် ဆိုင်ကယ်ပြင်ဆိုင်သို့ ပို့ဆောင်ပေးခဲ့ရကြောင်း ဆိုက်ကားနင်းသူ ဦးတင်ရွှေမှ အမှုစစ်အရာရှိ စုံထောက်စံထူးသို့ ထွက်ဆိုပြသည်။

"ဦးတင်ရွှေက ... ဆရာမ ဒေါ်မွှေးမွှေးခင်ရဲ့နေအိမ်ကို သိလား"

စုံထောက်စံထူးက မေး၏။ ဒီတော့ ဦးတင်ရွှေက–

"ဟုတ်ကဲ့ ... သိပါတယ်၊ ကျွန်တော်နဲ့ တစ်ရပ်ကွက်ထဲနေပြီး ဆရာမက အောင်မင်္ဂလာလမ်းမှာ နေပါတယ်၊ ကျွန်တော်က အောင်တေဇလမ်းမှာပါ၊ ကျွန်တော်နေတဲ့လမ်းကနေ အနောက်ဘက်ထွက်လိုက်ရင် အောင်မင်္ဂလာလမ်းဆုံ၊ အောင်တေဇလမ်းထိပ်တိုက်တည့်တည့်မှာ ဆရာမ ဒေါ်မွှေးမွှေးခင်တို့အိမ် ဖြစ်ပါတယ်"

အောင်စည်ဟိန်းလက်ဘက်ရည်ဆိုင်သည် ကျောက်တိုင်လမ်းပေါ်တွင် ဖြစ်၏။ ထိုလက်ဘက်ရည်ဆိုင်မှ ကျောက်တိုင်လမ်းအတိုင်း အရှေ့ဘက်သို့သွားလျှင် အောင်မင်္ဂလာလမ်းမနှင့် သံတံတားလမ်းထိပ်၊ ထိုမှတစ်ဆင့် အောင်မင်္ဂလာလမ်းမအတိုင်း တောင်ဘက်သို့သွားလျှင် အောင်မင်္ဂလာနှင့်မြေနီလမ်းထိပ်၊ အောင်မင်္ဂလာနှင့် အောင်တေဇလမ်းထိပ်၊ အောင်မင်္ဂလာနှင့် အောင်သစ္စာလမ်းဆုံတို့ ရှိသည်။ ဦးတင်ရွှေ၏ ထွက်ဆိုချက်တွင် အတူရှိနေသူ ဇော်လွင်ဦးနှင့် ခေါင်းနီကိုယ်နက် ဆိုင်ကယ်မောင်းသူတို့မှာ ကျောက်တိုင်လမ်းအတိုင်း အရှေ့ဘက်သို့ မောင်းနှင်သွားသည်ဟု ဆို၏။

အချိန်အတော်အတန် ကြာသောအခါ ထိုလူရွယ်နှစ်ဦးမှာ အောင်စည်ဟိုင်း လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိလာပြီး ဇော်လွင်ဦးမှ ဆင်းကျန်ကာ ဆိုင်ကယ်မောင်းသူ လူရွယ်မှာ ကျောက်တိုင်လမ်းအတိုင်း အနောက်ဘက်သို့ မောင်းထွက်သွားခဲ့သည်။ ဆိုင်ကယ်မောင်းသူ အောင်ကျော်ဖြိုး၏ နေအိမ်မှာ ကျောက်တိုင်လမ်း၏အနောက်ဘက်ရှိ ဗိုလ်မြတ်ထွန်းလမ်းတွင် ဖြစ်၏။ ဤသည်မှာ အောင်ကျော်ဖြိုးနှင့် ဇော်လွင်ဦးတို့၏ သွားလာရာလမ်းကြောင်းနှင့် အချိန်အတိုင်းအတာပင်ဖြစ်ပါသည်။

''ဦးတင်ရွှေအနေနဲ့ .. အဲဒီနေ့က ဆိုင်ကယ်မောင်းတဲ့လူနဲ့ ဇော်လွင်ဦးတို့ကို နောက်ပိုင်း ဘယ်နေ့မှာ ထပ်တွေ့မိသေးလဲ''

အခင်းဖြစ်ပြီးတစ်ပတ်ခန့်အကြာ မြို့နယ်ရဲတပ်ဖွဲ့မှ ဦးတင်ရွှေအား ခေါ်ယူခဲ့သည်။ ထိုနေ့က ဆိုင်ကယ်မောင်းသူနှင့် ဇော်လွင်ဦးတို့အား ဟုတ်၊ မဟုတ် ခေါ်ယူပြသ၏။ ဦးတင်ရွှေမှ ထိုနေ့က ဆိုင်ကယ်မောင်းသူ ဟုတ်မှန်ကြောင်းနှင့် ဇော်လွင်ဦးဖြစ်ကြောင်း အတည်ပြုပေးသည်။ ထူးခြားသည်မှာ ထိုစဉ်က တွေ့ရှိသော ဇော်လွင်ဦးသည် ဆံပင်ရှည်(ဂုတ်ထောက်)ဖြစ်သော်လည်း ယခုမူ ဆံပင်ကတုံးဖြစ်နေသည်ကို တွေ့မြင်ရကြောင်း ဦးတင်ရွှေမှ ဖွင့်ဆိုပြ သည်။

ဦးတင်ရွှေ၏ ထွက်ဆိုချက်အရ အခင်းဖြစ်ချိန်ပတ်ဝန်းကျင်တွင် အောင်ကျော်ဖြိုးနှင့် ဇော်လွင်ဦးတို့မှာ ခေါင်းနီကိုယ်နက်ဆိုင်ကယ်တစ်စီးဖြင့် လှုပ်ရှားသွားလာလျက် ရှိနေလေတော့သည်။

* * *

## အခန်း(၈)

''ဟုတ်ပါတယ် .. အဲဒီနေ့မနက်ပိုင်းမှာ ဇော်လွင်ဦးဟာ သူ့ကိုယ်ပိုင်ဆိုင်ကယ်အပြာရောင်နဲ့ သူတစ်ယောက်တည်းပါ၊ နေ့လယ်ပိုင်းကျတော့

သူ့ဆိုင်ကယ်နဲ့မဟုတ်တော့ဘဲ ခေါင်းနီကိုယ်နက် ဆိုင်ကယ်မောင်းသူနဲ့ နှစ်ယောက်အတူ တွေ့ရပါတယ်''

လမ်းဘေးတွင် ကွမ်းယာရောင်းသော မောင်ဟိန်းလင်းထက်မှ မြင်တွေ့မှုကိုဖွင့်ဆိုသမှုပြုပါ၏။ ဟိန်းလင်းထက်သည် ဇော်လွင်ဦးကို ကောင်းစွာသိ၏။ ဇော်လွင်ဦး၏အစ်မ သင်းသင်းယုသည် ဟိန်းလင်းထက်၏ ကွမ်းယာဆိုင်ရှေ့တွင် ကုန်စုံဆိုင်ဖွင့်ထား၏။ အကြောင်းအပေါင်းသင့်၍ ဟိန်းလင်းထက်က ဇော်လွင်ဦးကို သိရှိနေခြင်းပင် ဖြစ်သည်။

ဟိန်းလင်းထက်သည် မနက် ၆ နာရီမှ ည ၇ နာရီအထိ ကွမ်းယာရောင်းသောအလုပ်ကိုလုပ်သည်။ ထိုနေ့ ၂၂–၆–၂၀၁၀၊ မနက် ၈ နာရီခွဲအချိန်ခန့်တွင် ဇော်လွင်ဦးသည် ဆိုင်ကယ်အပြာရောင်စီး၍ ဟိန်းလင်းထက်ဆိုင်သို့ ရောက်ရှိလာ၏။ ထိုစဉ် ဟိန်းလင်းထက်မှ ..

''စောစောစီးစီး ဘယ်သွားမလို့လဲ ကိုဇော်လွင်ဦး''

''ဆိုင်ကယ်မကောင်းလို့ လာပြတာပါ''

ဟုဆိုပြီး ဇော်လွင်ဦးမှ ဟိန်းလင်းထက်၏ကွမ်းယာဆိုင်တွင် ဝင်ထိုင်ကာ ဂျာနယ်တစ်စောင်ကို ဖတ်ရှုနေ၏။ ငါးမိနစ်ခန့်အကြာ ဇော်လွင်ဦးလည်း ဆိုင်ကယ်အပြာရောင်ကို မောင်းနှင်၍ ကွမ်းယာဆိုင်မှ ထွက်သွားခဲ့သည်။

ထိုနေ့ နေ့လယ် ၁၂ နာရီကျော်ခန့်တွင်ဖြစ်သည်။ ဇော်လွင်ဦးသည် သူ၏ဆိုင်ကယ်ဖြင့်မဟုတ်ဘဲ ခေါင်းနီကိုယ်နက် ဆိုင်ကယ်မောင်းသူတစ်ဦးနှင့်အတူ ဟိန်းလင်းထက်ကွမ်းယာဆိုင်သို့ ရောက်လာခဲ့၏။ ဟိန်းလင်းထက်မှ အကျိုးအကြောင်းမေးရာ ဇော်လွင်ဦးမှ ဆိုင်ကယ်ပြင်ဖို့ ငွေလို၍ အစ်မဖြစ်သူ မသင်းသင်းယုထံတွင် ငွေလာချေးကြောင်းပြော၏။ ထို့နောက် ကွမ်းတစ်ရာဖိုး ယာထားပေးရန်မှာပြီး ဇော်လွင်ဦးမှာ မသင်းသင်းယုနေအိမ်

သို့ လျှောက်သွား၏။ ထိုစဉ် စီးလာသော ဆိုင်ကယ်နှင့် မောင်းနှင်သူမှာ ဟိန်းလင်းထက်၏ကွမ်းယာဆိုင်တွင် စောင့်ဆိုင်းနေ၏။ ခဏအကြာ ဇော်လွင်ဦးမှာ ကွမ်းယာဆိုင်သို့ပြန်ရောက်လာပြီး ကွမ်းယာဖိုးအတွက် ကျသင့်ငွေပေး၍ ခေါင်းနီကိုယ်နက်ဆိုင်ကယ်မောင်းသူနှင့်အတူလိုက်ပါသွားကြောင်း ကွမ်းယာရောင်းသူ မောင်ဟိန်းလင်းထက်မှ ထွက်ဆိုပြသည်။ ဟိန်းလင်းထက်၏စကားအဆုံးတွင် စုံထောက်စံထူးက–

''ဇော်လွင်ဦး ‥သူ့အစ်မဆီ ငွေလာချေးတဲ့ အချိန်မှာ ညီလေး နေ့လယ်စာ စားပြီးပြီလား''

''မစားရသေးပါဘူး''

''ညီလေးက ‥‥နေ့လယ်စာကို ဘယ်အချိန်မှာ စားတတ်သလဲ''

''အစောဆုံး နေ့လယ် ၁၂ နာရီ နဲ့ နောက်အကျဆုံး မွန်းလွဲ ၁ နာရီအ တွင်း စားတတ်ပါတယ်''

''အဲဒီနေ့က ဘယ်အချိန်လောက်မှာ နေ့လယ်စာ စားဖြစ်သလဲ''

§ § §

''အဲဒီနေ့က ‥‥ကျွန်မ နေ့လယ်စာ မစားရသေးပါဘူး''

ကွမ်းယာသည် ဟိန်းလင်းထက်ကိုဖြတ်၍ ကုန်စုံသည် မသင်းသင်းယုသို့ ကူးကြည့်၏။ ထိုနေ့က မောင်ဝမ်းကွဲတော်စပ်သူ ဇော်လွင်ဦးရောက်ရှိလာကြောင်း သူရောက်ရှိလာချိန်တွင် သူမမှာ နေ့လယ်စာမစားရသေးကြောင်းကို အထက်ပါစကားဖြင့် စုံထောက်စံထူးသို့ ဖွင့်ဆိုပြသည်။

''ဇော်လွင်ဦးက ‥ငါ့ညီမဆီ ဘာလာလုပ်တာလဲ''

စုံထောက်စံထူး၏ အမေးကို မသင်းသင်းယုက–

''သူ့ဆိုင်ကယ်ပြင်ဖို့ ငွေလိုတာနဲ့ ငွေနှစ်သောင်းလာချေးတာပါ''

''သူတစ်ယောက်ထဲပဲလား ‥အခြား ဘယ်သူပါသေးလဲ''

ထိုနေ့က မသင်းသင်းယုဆိုင်သို့ ဖော်လွင်ဦးတစ်ဦးတည်းသာ ဝင်ရောက်လာ၏။ မောင်ဖြစ်သူ ဖော်လွင်ဦးနှင့်အတူ အဖော်တစ်ယောက်ပါ၏။ ထိုအဖော်မှာ သင်းသင်းယုဆိုင်ရှေ့ရှိ ကွမ်းယာဆိုင်တွင် ဆိုင်ကယ်ဖြင့် ရပ်စောင့်နေ၏။ ထိုအဖော်မှာ မည်သူမည်ဝါဖြစ်ကြောင်း မသိသော်လည်း အဖြူရောင်အင်္ကျီနှင့် ရှောပင်ဝတ်ထားသည်ကို မြင်၏။ ထိုနေ့က ဖော်လွင်ဦး လာချေးသော ငွေနှစ်သောင်းကို ချက်ချင်းပင် ထုတ်ပေးခဲ့၏။ ထို့နောက် ဖော်လွင်ဦးလည်း မိမိဆိုင်မှ တစ်ဘက်လမ်းနံဘေးရှိ ကွမ်းယာဆိုင်သို့ ထွက်သွား၏။ ကွမ်းယာဆိုင်အရောက်တွင် ဖော်လွင်ဦးလည်း ဆိုင်ကယ်ဖြင့်စောင့်နေသော အဖော်နှင့်အတူ ကွမ်းယာဆိုင်မှ ထွက်သွားသည်ကို မြင်တွေ့ရကြောင်း မသင်းသင်းယုမှ ထွက်ဆိုပြခဲ့လေသည်။

ဆိုက္ကားနင်းသူ ဦးတင်ရွှေ၊ ကွမ်းယာရောင်းသူ မောင်ဟိန်းလင်းထက်နှင့် ကုန်စုံသည်မသင်းသင်းယုတို့က အခင်းမဖြစ်မီအချိန်တွင် အောင်ကျော်ဖြိုးနှင့် ဖော်လွင်ဦးတို့အတူရှိနေကြကြောင်း ဖော်ညွှန်းနေကြပါ၏။ သက်ာမကင်းသူ အောင်ကျော်ဖြိုးကလည်း ဆရာမ ဒေါ်မွေးမွေးခင် သေဆုံးမှုကို လုံးဝမသိမမြင်ကြောင်း မိမိတစ်ဦးတည်းသာ သွားလာလှုပ်ရှားမှုရှိကြောင်း ဆိုပါ၏။ ထို့ကြောင့် သေဆုံးသူ ဆရာမ ဒေါ်မွေးမွေးခင်ကို သတ်သူမှာ ...။

꧁ ꧁ ꧁

အခန်း(၉)

''ကျွန်တော်နဲ့အောင်ကျော်ဖြိုးပါ''

ဟု ဖော်လွင်ဦးမှ ထွက်ဆိုပါ၏။ ထို့ကြောင့် အမှုစစ်အရာရှိ စုံထောက်စံထူးက–

''မင်း ... အဲဒီလိုလွယ်လွယ်ပြောလို့တော့ မရဘူးလေကွာ၊ အကျိုး

အကြောင်း ... အဆက်အစပ်နဲ့ အထောက်အထားရှိရှိ ပြောမှပေါ့"

ဟု ပြောဆို၏။ သို့ကြောင့် ဇော်လွင်ဦးသည် ဆရာမဒေါ်မွှေးမွှေးခင် သေဆုံးမှုတွင် ပါဝင်ပတ်သက်ခဲ့သော မိမိနှင့် အောင်ကျော်ဖြိုးတို့၏ ပြစ်မှုကျူးလွန်ခဲ့ပုံကို အောက်ပါအတိုင်း ဖွင့်ဆိုပြခဲ့ပါသည်။

ဇော်လွင်ဦးသည် ၂၀၀၄ ခုနှစ်၊ ၁၀ တန်းကျောင်းသားဘဝကတည်းက အောင်ကျော်ဖြိုးနှင့် ခင်မင်ရင်းနှီးခဲ့ကြ၏။ အခင်းဖြစ်သည့်နေ့ ၂၂-၆-၂၀၁၀ ရက် မနက် ၉ နာရီခန့်တွင် ဆိုင်ကယ်ပြင်ရန်အတွက် ရွှေဘိုစုရွာမှ ခရမ်းမြို့သို့ ရောက်ရှိခဲ့၏။ ခရမ်းမြို့အဝင် ကွက်သစ်ရပ်ရှိ ဟိန်းလင်းထက်(ခ)ကိုဟိန်း၏ ကွမ်းယာဆိုင်သို့ဝင်ကာ ကွမ်းစားရင်း စာအုပ်ထိုင်ဖတ်နေ၏။ ခဏအကြာ ကိုဟိန်းကွမ်းယာဆိုင်မှ ကိုဝင်းကျော်၏ ဆိုင်ကယ်ပြင်ဆိုင်သို့ ထွက်လာခဲ့၏။ ဆိုင်ကယ်ပြင်ဆိုင်မှ စလစ်ဘိုးရိန်းအသစ်လုပ်ရမည်ပြော၍ စလစ်ဘိုးရိန်းအား ဖြုတ်ယူပြီး ဦးတင်ရွှေဆိုသူ၏ ဆိုက်ကားဖြင့် ဘိုးရိန်းဆိုင်သို့သွား၏။ ဘိုးရိန်းဆိုင်မှ နေ့လယ် ၂ နာရီမှ လာပြန်ယူရန် ချိန်း၏။ ထို့ကြောင့် ဦးတင်ရွှေ ဆိုက်ကားနှင့် ဘိုးရိန်းဆိုင်မှ အောင်စည်ဟိန်းလက်ဘက်ရည်ဆိုင်သို့သွား၍ ဆိုက္ကားနင်းသူ ဦးတင်ရွှေနှင့်အတူ လက်ဘက်ရည်သောက်နေ၏။ ထိုစဉ် အောင်ကျော်ဖြိုးသည် ခေါင်းနီကရိုယ်နက်ဆိုင်ကယ်ကိုမောင်းနှင်၍ လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်သွား၏။ ဇော်လွင်ဦးမှ အောင်ကျော်ဖြိုးအား အော်ခေါ်ရာ အောင်ကျော်ဖြိုးသည် ဇော်လွင်ဦးရှိရာသို့ ရောက်လာ၏။ အောင်ကျော်ဖြိုးသည် အကျႌအဖြူရောင် ဘောင်းဘီဒူးဖုံးကို ဝတ်ဆင်ထား၏။ ထိုစဉ် ဇော်လွင်ဦးက–

"ငါ့ဆိုင်ကယ်လာပြင်တာ ... ပိုက်ဆံမလောက်လို့ အစ်မဆီမှာ သွားချေးမလို့ မင်းလိုက်ပို့ပေးပါလား"

ဟု ပြော၏။ ထိုအခါ အောင်ကျော်ဖြိုးက ..

''ဘယ်ကိုပို့ပေးရမလဲ''

''ကွက်သစ်ထဲက ... ဗဲ့ဗျူထွန်းကုန်စုံဆိုင်ကို ပို့ပေးပါကွာ''

မိတ်ဆွေအပေါင်းအသင်းလည်းဖြစ် သွားရေးလာရေး အခက်တွေ့နေ၍ အောင်ကျော်ဖြိုးက ဇော်လွင်ဦးကို တင်ဆောင်ကာ ကွက်သစ်ရပ်သို့ မောင်းနှင်ခဲ့၏။ ဗဲ့ဗျူထွန်းကုန်စုံဆိုင်ရှေ့အရောက်တွင် မျက်နှာချင်းဆိုင်ရှိ ကိုဟိန်း၏ ကွမ်းယာဆိုင်၌ ဆိုင်ကယ်ကိုရပ်၏။ ဆိုင်ကယ်နှင့်အတူ ကွမ်းယာဆိုင်တွင် အောင်ကျော်ဖြိုးမှ စောင့်ဆိုင်းနေပြီး ဇော်လွင်ဦးမှာ ကုန်စုံဆိုင်ရှိ အစ်မဖြစ်သူ မသင်းသင်းယုထံသို့ ငွေချေးရန်ထွက်သွား၏။ နှစ်မိနစ် သုံးမိနစ်ခန့်အကြာ ဇော်လွင်ဦးသည် ကုန်စုံဆိုင်မှ အောင်ကျော်ဖြိုးရှိရာ ကွမ်းယာဆိုင်သို့ထွက်လာ၏။ ထို့နောက် အောင်ကျော်ဖြိုးနှင့် ဇော်လွင်ဦး တို့သည် ကွက်သစ်ရပ်ရှိ ကိုဟိန်းကွမ်းယာဆိုင်မှ ခရမ်းမြို့ထဲသို့ မောင်းနှင် ခဲ့ကြသည်။

''ငွေရမယ့် ဂွင်ရှိတယ်၊ မင်းလိုက်မှာလား''

ဆိုင်ကယ်မောင်းနှင်ရင်း အောင်ကျော်ဖြိုးမှ အဲဒီလိုဖွင့်ဆို၏။ ဒီတော့ ဇော်လွင်ဦးက ..

''နေ့ခင်းကြောင်တောင်ကြီးကွာ၊ မင်းဟာက .ဟုတ်ကော ဟုတ်ရဲ့လား''

''ဟုတ်ပါတယ်ကွ ... လိုက်ခဲ့စမ်းပါ''

ဆိုင်ကယ်မောင်းနှင်သူ အောင်ကျော်ဖြိုးဦးတည်ရာသို့ ဇော်လွင်ဦး လည်း လိုက်ပါခဲ့၏။ ဆရာမ ဒေါ်မွေးမွေးခင်နေအိမ် ခြံဝင်းရှေ့အရောက် အောင်ကျော်ဖြိုးက ဆိုင်ကယ်ကို ခြံဝင်းတံခါးသို့ ဦးတည်လိုက်၏။ စေ့ရုံ သာစေ့ထားသောဝင်းတံခါးကို ဇော်လွင်ဦးမှဆင်း၍ တွန်းဖွင့်ပေး၏။

အောင်ကျော်ဖြိုးမှ ဆိုင်ကယ်ကို ခြံဝင်းအတွင်းမောင်းဝင်၍ ဇော်လွင်ဦးက နောက်မှလိုက်သွား၏။ အောင်ကျော်ဖြိုးက ဆိုင်ကယ်ကို အိမ်ဝင်ပေါက် တွင်ရပ်၏။ နေအိမ်အဝင်တွင် စက်ဘီးတစ်စီးရပ်ထားသည်ကို တွေ့၏။ သော့ခတ်မထားသော သံပန်းတံခါးကို အောင်ကျော်ဖြိုးက တွန်းဖွင့်၍ နေအိမ်ခေါင်းရင်းဘက်ခန်းသို့ဝင်သွား၏။ ဇော်လွင်ဦးမှာ အိမ်ပေါက်ဝတွင် ရပ်စောင့်နေ၏။ ထိုစဉ် နေအိမ်ခြေရင်းဘက်ခန်းမှ ဆရာမ ဒေါ်မွေးမွေးခင် ထွက်လာ၏။ အိမ်ပေါက်ဝတွင်ရပ်နေသော လူစိမ်းဇော်လွင်ဦးကို မြင်တွေ့ သွားရာ ဆရာမဒေါ်မွေးမွေးခင်က ..

"သူခိုး ... သူခိုး"

ဟု အော်၏။ ကြံရာမရဖြစ်နေသူ ဇော်လွင်ဦး စိုးရိမ်ကြီးစွာဖြင့် ဆရာမ ဒေါ်မွေးမွေးခင်အား ဝင်လုံး၍ ဝဲလက်ဖြင့် ဆရာမ၏ပါးစပ်ကိုပိတ်ပြီး ယာ လက်ဖြင့် လည်ပင်းကိုသိုင်းဖက်ကာ ချုပ်ထားလိုက်၏။ ခဏအကြာ ဆရာမမှာ ဇော်လွင်ဦး၏လက်ပေါ်တွင် ပျော့ခွေကျသွား၏။ ထိုစဉ် အောင် ကျော်ဖြိုးမှာ တစ်ဖက်ခန်းမှပြန်ထွက်လာပြီး ..

"ဆရာမ ဆရာမ .. ဆရာမ"

ဟု ခေါ်ကြည့်သော်လည်း ဆရာမထံမှ ဘာသံမှထွက်မလာ။ ထို့ကြောင့် ဇော်လွင်ဦးနှင့် အောင်ကျော်ဖြိုးတို့သည် ဆရာမကို မ,ချီ၍ နေအိမ်ခေါင်း ရင်းဘက်အိပ်ခန်းအတွင်းသို့ သယ်ယူသွား၏။ ထိုအိပ်ခန်းအတွင်းရှိ ဆက်တီထိုင်ခုံပေါ်သို့ တင်ဆောင်ကာ တံခါးဝမှတွေ့ရသော စက်ဘီးချည် သည့် ရာဘာကြိုးအနီကိုယူ၏။ ထိုကြိုးဖြင့် ဆရာမလည် ပင်းကိုရစ်ပတ် ကာ ကြိုးစမှချိတ်နှစ်ဘက်ကို အနီးရှိ ပြတင်းတံခါးမှ သံတိုင်ဖြင့်ချိတ်ထား ပြီး ဆွဲကြိုးချသည့် အသွင်သဏ္ဍာန်ကို ဖန်တီးခဲ့ကြ၏။ ထို့နောက် ဇော်လွင်ဦး မှာ အခင်းဖြစ်နေအိမ်ခြံဝင်းအတွင်းမှ ထွက်လာပြီး အောင်ကျော်ဖြိုးမှာ

နေအိမ်အတွင်း ကျန်ရှိနေခဲ့ကြောင်း ပြစ်မှုကျူးလွန်သူ ဖော်လွှင်ဦးမှ ဝန်ခံထွက်ဆိုပြသည်။

''အဲဒီနေ့က . . ဆရာမဒေါ်မွေးမွေးခင်မှာ ဘယ်လိုဝတ်စုံဝတ်ထားလဲ၊ ကျောင်းဝတ်စုံလား အရပ်ဝတ်စုံလား''

ထိုမေးခွန်းကို ဖော်လွှင်ဦးက–

''အကျီကတော့ . . အဖြူမဟုတ်ဘူး၊ လုံချည်ကတော့ ကျောင်းစိမ်းလုံချည်ပါ''

''မင်းတို့ . . . အိမ်ထဲဝင်တော့ နေ့လယ်ဘယ်အချိန်လောက်ရှိပြီလဲ''

''အတိအကျတော့ မသိဘူးဗျ၊ နေ့လယ် ၁၂ နာရီခွဲဝန်းကျင်လောက်ရှိမယ်ထင်ပါတယ်''

''မင်းနဲ့ . . . အောင်ကျော်ဖြိုးတို့ ဘယ်မှာဆုံဖြစ်ကြသလဲ''

ဖော်လွှင်ဦးသည် အခင်းဖြစ်နေအိမ်မှ ခြေလျင်လျှောက်၍ထွက်လာစဉ် ရွှေထန်းကုန်းဆိုင်အနီးအရောက် နောက်မှ ဆိုင်ကယ်ဖြင့်ရောက်လာသော အောင်ကျော်ဖြိုးနှင့်ဆုံတွေ့၏။ ထို့နောက်ဆိုင်ကယ်ပေါ်တက်၍ အောင်ကျော်ဖြိုးနှင့်အတူ ထွက်လာ၏။ ထိုစဉ် အောင်ကျော်ဖြိုးမှ ဖော်လွှင်ဦးအား ငွေထုပ်ဟုဆိုကာ အထုပ်တစ်ထုပ်ပေး၏။ ဆိုင်ကယ်ပေါ်တွင် ဖော်လွှင်ဦးမှ အထုပ်ကိုဖွင့်ကြည့်ရာ ငွေငါးသိန်းပါရှိသည်ကို တွေ့၏။ အောင်စည်ဟိန်း လက်ဖက်ရည်ဆိုင်ရှေ့တွင် ဖော်လွှင်ဦးမှ ဆင်းကျန်ခဲ့ပြီး အောင်ကျော်ဖြိုးမှာ ဆိုင်ကယ်ဖြင့် ပြန်သွားခဲ့သည်။

အောင်ကျော်ဖြိုးပေးသော ငွေ ၅ သိန်းကို ကောက်ရသည်ဟုဆိုကာ မိခင် ဒေါ်ခင်မာဝင်းအား ပေးအပ်ခဲ့ကြောင်း ပြစ်မှုကျူးလွန်သူ ဖော်လွှင်ဦးမှ ထွက်ဆိုပြသည်။ ဖော်လွှင်ဦး၏စကားအဆုံးတွင် အမှုစစ်အရာရှိ စုံထောက် စံထူးက–

"ငွေငါးသိန်းပဲလား ‥ တခြား လက်ဝတ်ရတနာပစ္စည်းတွေက ဘယ်ရောက်ကုန်ပြီလဲ"

§ § §

အခန်း(၁၀)

"အဲဒီ လက်ဝတ်ရတနာပစ္စည်းတွေကြောင့်ပဲ ဒီကလေးဟာ ကျွန်တော့်ဆေးရုံကိုရောက်လာခဲ့ပါတယ်"

ဟု ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်စိုးမှ ပြောဆိုပါ၏။ တရားခံဖော်လွင်ဦး ဆေးရုံရောက်ရှိလာပုံ အကြောင်းစုံကို စုံထောက်စံထူးမှ မေးမြန်းကြည့်ရာ ဒေါက်တာမြင့်စိုးမှ အောက်ပါအတိုင်း ဖွင့်ဆိုပြခဲ့ပါသည်။

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ မနက်ပိုင်းတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်စိုးသည် ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာများကို လိုက်လံကြည့်ရှုစစ်ဆေးနေ၏။ ထိုစဉ် ခရမ်းမြို့မှ ကျောင်းဆရာမကို သတ်မှုဖြင့် ဆေးရုံတက်ရောက်ကုသနေသော လူနာတရားခံဖော်လွင်ဦး ခုတင်သို့ရောက်၏။ လည်ပင်းတွင် ဒဏ်ရာရရှိထားသော လူနာတရားခံဖော်လွင်ဦးကို စမ်းသပ်ကြည့်ရှုရင်း ဒေါက်တာမြင့်စိုးက ‥

"မင်းက ဘာဖြစ်တာလဲ"

"ကျွန်တော်က ‥ ကျောင်းဆရာမကို သတ်မှုနဲ့ အဖမ်းခံနေရတဲ့ အချုပ်သားတစ်ယောက်ပါ၊ အဲဒီအမှုမှာ ကျွန်တော်နဲ့အတူ ပြစ်မှုကျူးလွန်တဲ့ အောင်ကျော်ဖြိုးက ကျွန်တော့်ကို ငွေငါးသိန်းပေးပါတယ်"

ထို ငွေ ၅ သိန်းရရှိကြောင်းကိုလည်း မြို့နယ်ရဲစခန်းမှာ ဝန်ခံခဲ့ပါ၏။ ဒါကို ရဲက လက်ဝတ်ရတနာပစ္စည်းများကိုပါ ထုတ်ပေးရန် တောင်းဆို၏။ မိမိကလည်း ငွေ ၅ သိန်းမှလွဲ၍ မည်သည့်ပစ္စည်းကိုမျှ မရကြောင်းပြော၏။

သို့သော်လည်း ရဲစခန်းမှ သက်သေခံပစ္စည်းများထုတ်ပေးရန်ကိုသာ ထပ်ခါတလဲလဲ စစ်မေးနေ၏။ ထို့ကြောင့် စိတ်ညစ်လာ၍ အချုပ်ခန်းရေအိမ်အတွင်း သွားကာ ရေအိမ်အတွင်း ခြင်ဆေးခွေ ထွန်းညှိသော သံပြားဖြင့် မိမိ၏ လည်ပင်းကို ထိုးဖြတ်ခဲ့၍ ဒဏ်ရာရရှိခဲ့ကြောင်း ပြောပြသည်။

"မင်း ပြောတာတွေဟာ အမှန်ပဲလား"

"ဟုတ်ပါတယ် ‥ ဆရာကြီး၊ ကျွန်တော် အမှန်အတိုင်းပြောတာပါ၊ အဲဒီဖြစ်စဉ်ကိုလည်း ကျွန်တော်ကိုယ်တိုင် တရားရုံးမှာ ဖြောင့်ချက်ပေးထားပါတယ်"

ဒေါက်တာမြင့်စိုးသည် တရားခံ ဇော်လွင်ဦး၏ပြောပြချက်ကို အနီးတွင် အတူရှိနေသော အထက်တန်းသူနာပြုဆရာမကြီးဒေါ်တင်သန်းအား စာဖြင့် ရေး၍ မှတ်တမ်းတင်စေပြီး ထိုစာတွင် ဒေါက်တာမြင့်စိုးကိုယ်တိုင် လက်မှတ် ရေးထိုးထားကြောင်း မြို့နယ်ဆရာဝန်ကြီးမှ အမှုစစ်အရာရှိ စုံထောက်စံထူး သို့ ရှင်းလင်းပြသည်။

"ကျွန်တော် ‥ တစ်ခုလောက်မေးပါရစေ ဆရာကြီး"

"ဟုတ်ကဲ့ မေးပါဗျ"

"တရားခံ ဇော်လွင်ဦးက ဆရာကြီးကို ပြောပြတဲ့အချိန် တရားခံရဲ့ အနီးပတ်ဝန်းကျင် မြင်နိုင်ကြားနိုင်တဲ့နေရာမှာ ရဲ ဒါမှမဟုတ် ရဲနဲ့ပတ်သက်သူ တစ်ဦးတစ်ယောက် ရှိနေပါသလားခင်ဗျ"

"ကျွန်တော်တို့ Round လုပ်တဲ့အချိန် Ward ထဲမှာ လူနာနဲ့ ပြုစုကုသတဲ့ တာဝန်ရှိသူနာပြုကလွဲလို့ တခြားဘယ်သူ့ကိုမှ ပေးမဝင်ပါဘူး၊ အဲဒီလိုပါပဲ ‥ တရားခံက ကျွန်တော့်ကို ပြောပြတဲ့အချိန်မှာ ကျွန်တော်နဲ့ တာဝန်ကျ ဆရာဝန်၊ ဆရာမ၊ သူနာပြုကလွဲလို့ တခြား ဘယ်သူမှ မရှိကြပါဘူး"

ခြိမ်းခြောက်ခြင်း၊ ကတိကဝတ်ပြုခြင်း၊ စိုးရိမ်ကြောင့်ကျကင်းရှင်းမှုများဖြင့် အဖြစ်မှန်ကို ဖွင့်ဆိုပြခြင်းသည် သက်သေခံအထောက်အထားတစ်ခုပင်ဖြစ်ပါ၏။ ထို့နောက် အမှုစစ်အရာရှိ စုံထောက်စံထူးက–

''ပြင်ပဒဏ်ရာအနေအထားနဲ့ ပတ်သက်ပြီး ဆရာကြီးအနေနဲ့ ဘယ်လိုထင်မြင်ယူဆပါသလဲခင်ဗျ''

## အခန်း(၁၁)

''သေဆုံးသူ ... ဒေါ်မွှေးမွှေးခင်ရဲ့ ရုပ်အလောင်းကို အခင်းဖြစ်တဲ့နေ့ ညနေ ၅ နာရီ ၂၀ မိနစ်မှာ ကျွန်တော် စတင်ကြည့်ရှုပြီး ရင်ခွဲစစ်ဆေးခဲ့ပါတယ်၊ ပြင်ပဒဏ်ရာအနေနဲ့ သွေးထွက်သံယိုပေါက်ပြဲတာတွေ မရှိ ပါဘူး''

တရားခံဇော်လွင်ဦး၏ကဏ္ဍကိုရပ်၍ သေဆုံးသူ ဆရာမဒေါ်မွှေးမွှေးခင်၏ ပြင်ပဒဏ်ရာအနေအထားကို မေးမြန်းကြည့်၏။ ထို့ကြောင့် ရင်ခွဲစစ်ဆေးခဲ့သော မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်စိုးမှ သေဆုံးသူ၏ပြင်ပဒဏ်ရာကို အထက်ပါအတိုင်း ဖွင့်ဆိုပြ၏။ ထို့နောက် ရင်ခွဲစစ်ဆေးတွေ့ရှိမှုကိုသိလို၍ စုံထောက်စံထူးမှ မေးမြန်းကြည့်ရာ ဒေါက်တာမြင့်စိုးမှ အောက်ပါအတိုင်း ရှင်းလင်းပြခဲ့ပါသည်။

သေဆုံးသူ၏ ဘယ်ဘက်လက်ဖဝါးသည် လက်သီးဆုပ်လျက် လက်သည်းပြာနေ၏။ ညာဘက်လက်တံတောင်ကွေးလျက် လက်သည်းပြာနေ၏။ ဦးခေါင်းပိုင်းတွင် နဖူးတပြင်လုံး အရောင်ပြောင်း၍ ညိုနေ၏။ မျက်လုံးနှစ်ဖက်ပိတ်လျက် မျက်ခွံနှစ်ခုလုံး ညိုမဲနေ၏။ လျှာထွက်လျက် လျှာကိုကိုက်ထားပြီး လျှာမှာညိုမဲနေ၏။ နှုတ်ခမ်းသားနှင့် နှာခေါင်းတို့မှာ ညိုမဲနေပြီး နှာခေါင်းမှ သွေးစသွေးနအနည်းငယ် ထွက်နေ၏။ ဘယ်ဘက်လည်ပင်းမှနေ၍ ကြိုးရာတစ်ပတ်၊ နောက်ထပ်ကြိုးရာတစ်ခုနှင့် ဘယ်ဘက်တွင် ကြိုးရာဆုံနေ၏။

ကြိုးရာနှစ်ခုလုံး လည်ပင်းရှေ့တွင် ပို၍ထင်ရှား၏။ လည်ပင်းနောက်ဘက်တွင် ရှေ့ကြိုးရာနှင့် တစ်တန်းတည်းပတ်လည်ညိုမဲဒဏ်ရာရှိနေ၏။ ခန္ဓာကိုယ်အတွင်းရှိ ကလီဇာများမှာ ပုံမှန်အတိုင်းရှိနေကြောင်း ဒေါက်တာမြင့်စိုးမှ ဖွင့်ဆိုပြသည်။

"သေဆုံးသူရဲ့ အစာအိမ်နဲ့ပတ်သက်ပြီး အစာစားထားခြင်း အစာဟောင်းများရှိနေခြင်း ရှိ/မရှိ သိပါရစေ ဆရာ"

"သေဆုံးသူရဲ့ အစာအိမ်ထဲမှာ အစာဟောင်း၊ အစာသစ် လုံးဝမတွေ့ရပါဘူး"

ဤအဖြေကိုကြည့်လျှင် သေဆုံးသူသည် အစားအစာမစားမီ သေဆုံးရခြင်းဖြစ်ကြောင်း ထင်ရှားပါ၏။ ထို့နောက် အမှုစစ်အရာရှိ စုံထောက်စံထူးက ..

"သေဆုံးရခြင်းအကြောင်းရင်းကို ဆရာ ဘယ်လိုထင်မြင်ပါသလဲ"

"လည်ပင်းပေါ်က ... ကြိုးရာများကြောင့် အသက်ရှူလမ်းကြောင်းပိတ်ပြီး သေဆုံးရတာပါ"

"သူ့ကိုယ်သူ ကြိုးဆွဲချပြီး သတ်သေတာကောမဖြစ်နိုင်ဘူးလား ဆရာ"

"မဖြစ်နိုင်ဘူးဗျ ... ဘာဖြစ်လို့လဲဆိုတော့ လည်ပင်းရှေ့မှာ ထင်ထင်ရှားရှားရှိနေတဲ့ ကြိုးရာတွေဟာ တစ်စုံတစ်ဦးကြောင့်ဆိုတာ သိသာထင်ရှားပါတယ်၊ ကိုယ့်ကိုကိုယ် ဆွဲကြိုးချမယ်ဆိုရင် အဲဒီလောက် နှစ်ပတ် သုံးပတ်ပတ်နေစရာမလိုပါဘူး၊ ကွင်းလျှောကြိုးတစ်ပတ်တည်းနဲ့ ကိစ္စပြီးပါတယ်"

အမှုစစ်အရာရှိ၏ အမေးက ပညာပါလှသလို ကျွမ်းကျင်သူဆေးပညာရှင်၏မှုခင်းဆိုင်ရာ ဆေးပညာ (Forensic Medicine) ကလည်း တိကျလှပါ၏။ ဤသည်မှာ အမှုစစ်ဆေးသည့် လမ်းကြောင်း (Line of Investiga-

tion) ပေါ်မှ ပြစ်မှုအဝန်းအဝိုင်း၊ တစ်နည်း ပြစ်မှုနယ်ပယ် (Crime Scope)ကို ကျဉ်းပြခြင်းဖြစ်ပါ၏။ သို့မှသာ အမှုစစ်အရာရှိ၏ စုံစမ်းစစ်မေးတွေ့ရှိချက်၊ ပြစ်မှုကျူးလွန်သူ၏ဝန်ခံချက်နှင့် ကျွမ်းကျင်သူ(ပါရဂူ)(Expert Opinion) ၏ ထင်မြင်ချက်တို့မှာ တစ်ထပ်တည်းကျပါ၏။ ဖြစ်စဉ်တစ်ခုအတွက် အဖြစ်မှန်ကို ထပ်တူညီမျှစွာ ပြုမူ၊ မြင်တွေ့၊ ကြားသိ၊ ထင်မြင်ကြသူများ၏ စပ်ဆိုင်မှုအချင်းအရာ Relevant facts များသည် ခိုင်လုံသော အထောက်အထားများပင် ဖြစ်ပါပေသည်။ သေချာသည်ထက်သေချာအောင် သိရှိလို၍ စုံထောက်စံထူး၏ အမေးက ..

''ဆရာမ ဒေါ်မွေးမွေးခင်ရဲ့ သေဆုံးချိန်ကို ဆရာ .. ဘယ်လိုမှန်းဆပါသလဲ''

''ကျွန်တော် .. စတင်စစ်ဆေးချိန်ကနေ .. လွန်ခဲ့သော လေးနာရီလောက်မှာ သေဆုံးတယ်လို့ မှန်းဆရပါတယ်''

သေဆုံးသူ၏ ရုပ်အလောင်းကို ဒေါက်တာမြင့်စိုး စတင်စစ်ဆေးချိန်နှင့် သေဆုံးချိန်မှန်းဆမှုကို ခြားနားကြည့်ပါလျှင် ဆရာမ ဒေါ်မွေးမွေးခင်သည် အခင်းဖြစ်သည့်နေ့ နေ့လယ် ၁ နာရီ ဝန်းကျင်တွင် သေဆုံးကြောင်း မီးမောင်းထိုးပြလျက်ရှိပေသည်။

§ § §

## အခန်း(၁၂)

''အကြောင်းအခြင်းအရာတစ်ခုမှာ အတူတကွပါဝင်တဲ့သူက ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံတယ်၊ တရားရုံးမှာလည်း .. ဖြောင့်ချက်ပေးတယ်၊ ပြစ်မှုကျူးလွန်ရာမှရရှိခဲ့တဲ့ ငွေအချို့ကိုလည်းအပ်တယ်၊ ပြစ်မှုကျူးလွန်ရာမှာ အသုံးပြုတဲ့ဆိုင်ကယ်နဲ့ စက်ဘီးတုတ်ကြိုးကိုလည်း ရရှိထားတယ်၊ ပြစ်မှုကျူးလွန်သူနှစ်ဦးရဲ့ သွားလာလှုပ်ရှားမှုကိုလည်း မြင်တွေ့သူများက

အချိန်၊ အရောင်အသွေးနဲ့တကွ ထွက်ဆိုကြတယ်၊ ကျွမ်းကျင်သူဆေးပညာရှင်ကလည်း သေဆုံးသူရဲ့ဒဏ်ရာအနေအထားနဲ့ ပြစ်မှုကျူးလွန်သူရဲ့ ဝန်ခံချက်ကို မှတ်တမ်းပြုထားတယ်''

အမှုနှင့်ပတ်သက်၍ စုံစမ်းစစ် ဆေးပေါ်ပေါက်မှုတို့ကို အမှုစစ်အရာရှိဖြစ်သူက ဥပဒေပညာရှင်သို့ အကြံဉာဏ်များတောင်းခံရပါ၏။ ဥပဒေပညာရှင်သည် အမှုတစ်ခုအတွက် လိုအပ်သည်ကို ထောက်ရှုပြပါ၏။ ထိုထောက်ကွက်ကို အမှုစစ်အရာရှိက အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရပါ၏။ ယခုလည်း အမှုစစ်အရာရှိ စုံထောက်စံထူးမှ ဆရာမဒေါ်မွေးမွေးခင်အသတ်ခံရမှုကို ဥပဒေပညာရှင်သို့ တင်ပြ၏။ ထိုတင်ပြချက်အပေါ် ဥပဒေပညာရှင်မှ အထက်ပါစကားဖြင့် ဖွင့်ဆိုနေပါ၏။

''ဟုတ်ပါတယ် ‥ ဆရာ၊ အမှုနဲ့ပတ်သက်ပြီး ကျွန်တော့်ဘက်က ဘာများဆက်လုပ်ဖို့ ရှိပါသေးလဲလို့''

စုံထောက်စံထူး၏ မေတ္တာရပ်ခံချက်ကို ဥပဒေပညာရှင်က ‥

''ခင်ဗျားဘက်က ကုန်စင်အောင် လုပ်ထားပြီးပြီပဲ၊ ကျွန်တော် ‥ ဖြည့်စွက်စရာမရှိပါဘူး''

''ဟုတ်ပါတယ် ဆရာ၊ ဒါပေမဲ့ အဓိကကျတဲ့တရားခံက လုံးဝငြင်းနေပါတယ်''

''တရားခံဆိုတာ ငြင်းမှာပဲဗျ၊ ဒါ သူ့အလုပ်လေ၊ သူ ကျူးလွန်တဲ့ပြစ်မှုအတွက် ကျွန်တော်တို့ဘက်က ခိုင်လုံတိကျတဲ့ ပေါ်ပေါက်မှုမျိုးရထားရင် သူ ငြင်းလည်း အပိုပါပဲ၊ အခု ‥ ကြည့် လေ၊ သူက ‥ တစ်ယောက်တည်း ဖင်ပိတ်ငြင်းနေတာ၊ သူနဲ့အတူပါတဲ့ ဝန်ခံသူရဲ့ထွက်ဆိုမှုကို မျက်မြင်တွေ့ရှိသူတွေက တိတိပပ ပြောဆိုပြနေတော့ အမှုအတွက် ၉၅ ရာခိုင်နှုန်းအောင် မြင်ပြီးမြောက်နေပြီပဲ ဆက်လုပ်ပါ''

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါ တယ်ဆရာ"

ဤသို့ဖြင့် စီအိုင်ဒီမှ အမှုစစ်အရာရှိ စုံထောက်စံထူးသည် ဆရာမ ဒေါ်မွေးမွေးခင် အသတ်ခံရမှုတွင် ပြစ်မှုကျူးလွန်သူတရားခံ အောင်ကျော်ဖြိုး (ခ)အရှည်ကြီး (၂၂)နှစ်၊ ခရမ်းမြို့နှင့် တရားခံဇော်လွင်ဦး(ခ)ဇော်လွင် (၂၂)နှစ်၊ ရွှေဘိုစုကျေးရွာ၊ ခရမ်းမြို့နယ်နေ သူတို့နှစ်ဦးအပေါ် ခရမ်းမြို့နယ် ရဲတပ်ဖွဲ့စခန်း(ပ)၂၀၃/၂၀၁၀၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂/၃၉၂ ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်တရားရုံးသို့ ခိုင်လုံသော အထောက် အထားများဖြင့် တရားစွဲဆို တင်ပို့ခဲ့သည်။

တောင်ပိုင်းခရိုင်တရားရုံးသည် အဆိုပါအမှုကို ပြစ်မှုကြီးအမှတ် ၄၄/ ၂၀၁၁ ဖြင့် လက်ခံစစ်ဆေးခဲ့၏။ တရားရုံး၏ စစ်မေးပေါ်ပေါက်မှုအရ တရားခံဇော်လွင်ဦး(ခ)ဇော်လွင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ဂ) အရ သေဒဏ်နှင့် တရားခံအောင်ကျော်ဖြိုး(ခ)အရှည်ကြီးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ဂ)/၁၁၄ အရ သေဒဏ်ကျခံစေရန် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်နေ့တွင် အသီးသီးအမိန့်ချမှတ်ခဲ့ပါသည်။

အသိတရားဖြင့် သတိပွား၍ ဖြစ်စဉ်ကို သုံးသပ်ကြည့်စေချင်ပါသည်။ တရားခံအောင်ကျော်ဖြိုး(ခ)အရှည်ကြီးသည် သေဆုံးသူ ဆရာမ ဒေါ်မွေးမွေး ခင်၏တပည့်ရင်းထက်ပိုကာ သားတပည့်တစ်ယောက် ဖြစ်ပါ၏။ မူလတန်း ကျောင်းသားဘဝမှ အထက်တန်းကျောင်းသားဖြစ်သည်အထိ ဆရာမ၏ အရိပ်အာဝါသအောက်တွင် မှီခိုခဲ့ရပြီး ဆရာမနေအိမ်သို့ အတားမရှိ၊ တံခါး မရှိ ဝင်ထွက်သွားလာ နေထိုင်ခဲ့သူဖြစ်၏။ ဆရာမ ဒေါ်မွေးမွေးခင်အနေ ဖြင့် တပည့်ဖြစ်သူ အောင်ကျော်ဖြိုးအပေါ် ပညာလည်းပေး၊ စားစရာ လည်းကျွေး၍ ငါးဖြာကျင့်ဝတ် ညီညွတ်စွာဖြင့် ပြုကျင့်ခဲ့သူဖြစ်ပါ၏။

"ဆရာ"ဆိုသည်မှာ ပါဠိဝေါဟာရ"ဆာယာ"မှ ဆင်းသက်လာသော

စကားဖြစ်ပါ၏။ ''ဆာယာ''ဆိုသည်ကား ''အရိပ်အာဝါသ''၊ ''အရိပ်အရောင်''ဟု အဓိပ္ပာယ်ပြုပါ၏။ ထို့ကြောင့် ဆရာ ခေါ် ဆာယာသည် အရိပ်အာဝါသနှင့် အရိပ်အရောင်ပင် ဖြစ်ပါ၏။ ထို အရိပ်အာဝါသနှင့် အရိပ်အရောင်သည် မည်သူ့အတွက် ဖြစ်ပါသနည်း။ အရိပ်အောက်တွင် လာရောက်မှီခိုသော တပည့်များအတွက် ဖြစ်ပါ၏။ ဆရာသည် လာရောက်မှီခိုသူ တပည့်များအား အရိပ်အာဝါသပေးရုံတွင်မက တောက်ပြောင်အောင် အရောင်တင်ပေးသလို လမ်းမှန်အောင် အလင်းရောင်ကိုလည်းပေး၏။ ဆရာသည် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဖြစ်သလို ပူဇော်ခံထိုက်သော ခင်ပွန်းကြီး (၁၀)ပါးတွင် တစ်ပါးအပါအဝင် ဖြစ်ပါ၏။ ကျေးဇူးအနန္တကြီးမားလှသော ဆရာအား အသက်ဆုံးရှုံးသည်အထိ ပြစ်မှားခဲ့သောတပည့်သည် ကံကြီးထိုက်၍ ခင်ပွန်းကြီး(၁၀)ပါး ဘေးဒဏ်သင့်ခြင်းခံရပေဦးမည်။ ဆရာကိုသတ်သည့် တပည့်မိုက်သည် ပစ္စုပ္ပန်တွင် တရားဥပဒေမှပေးသောပြစ်ဒဏ်ကို မရှုမလှ ခံစားရမှာဖြစ်၏။ နောင် အနာဂတ်သံသရာတွင် ခံစားရမည့် ဘေးဒုက္ခက ဘုရားရှင်ပွင့်တော်မူသော်လည်း အဝီစိမှလွတ်မြောက်နိုင်မည်မ ဟုတ်တော့ပါ။

ဆရာအတင်မှား၍ ဖခင်အရင်းကို သတ်ခဲ့မိသော အဇာတသတ်နှင့် ကျေးဇူးတော်ရှင်ဘုရားသခင်ကို အသက်သေစေရန် ကြံစည်အားထုတ် ပြုလုပ်ခဲ့သော ဒေဝဒတ်တို့မှာ ယခုအချိန်အထိ အဝီစိငရဲတွင် ရှိနေဆဲပင် ဖြစ်ပါ၏။ အနန္တဂိုဏ်းဝင် ဆရာသခင်ကို ပြစ်မှားခဲ့သော တပည့်မိုက်၏ဖြစ်စဉ်ကိုလည်း ''စုံထောက်စံထူးနှင့်ခေတ်သစ် ဒေဝဒတ်'' ဟူ၍သာ ‥။

■■■



ဝုံထောက်

# မောင်ရေချ

ဝုံ့ထောက်ဂိတ်ဝံရေး

နှင့်

ကိုက်ကြီးသပ်နှုပ်ပွားသောမိတ်ဆွေများ

ပန်းချီ မင်းထက်နိုင်

## အခန်း(၁)

"မင်္ဂလာပါဆရာ"

ရုံးခန်းဝင်ပေါက်မှ နှုတ်ဆက်သံကြောင့် အသံလာရာသို့ မော့ကြည့်မိသည်။ ရုံးခန်းဝင်ပေါက်တွင် မတ်တတ်ရပ်ကာ အလေးပြုလျက် အပြုံးဖြင့် နှုတ်ဆက်နေသော စုံထောက်စံထူးကို တွေ့၏။ သို့ကြောင့် ကျွန်ုပ်က –

"လာကွာ မောင်စံထူး ..၊ မင်းလည်း ပျောက်ချက်သားကောင်းလှချည်လား"

ဟု ဖိတ်ခေါ်မှုကြောင့် စုံထောက်စံထူးမှာ ကျွန်ုပ်စားပွဲရှေ့သို့ လျှောက်လှမ်းလာခဲ့သည်။ စားပွဲရှေ့ရှိ ထိုင်ခုံ လွတ်တွင်ဝင်ထိုင်ကာ စုံထောက်စံထူးက –

"နေကောင်းတယ်နော် ဆရာ"

"အေး .. အသက်ကြီးလာတော့ ကောင်းအောင်နေရတာပေါ့ကွာ၊ မင်းလည်း ဘယ်ကနေဘယ်လို မျက်စိလည်လာတာတုန်း"

"တိုင်းတရားရုံးကိုလာရင်း ဆရာ့ကို မတွေ့တာကြာလို့ သတိတရရှိတာနဲ့ လာနှုတ်ဆက်တာပါ ဆရာ"

ဟုတ်ပါသည် ကျွန်ုပ်နှင့်မောင်စံထူးတို့ မတွေ့ဖြစ်သည်မှာ အတော်အတန်ကြာခဲ့ပါပြီ။ သူကလည်း သူ့လုပ်ငန်းတာဝန်ဖြင့် အရပ်တကာလှည့်လည်သွားလာနေရသလို၊ ကျွန်ုပ်ကလည်း စားပွဲပေါ်ရှိ စာရွက်ဖြူပေါ်တွင် ကလောင်တစ်ချောင်းနှင့် နေရာအနှံ့ထိုင်ရာမထဘဲ စိတ်ကူးဖြင့် သွားလာလှုပ်ရှားနေရသူ ဖြစ်ပါသည်။ အမှန်တကယ် သွားလာလှုပ်ရှားနေသူက စိတ်ကူးဖြင့် သွားလာရပ်တည်နေသူကို ယခုလို လာရောက်တွေ့ဆုံမှသာ ကြုံဆုံဖြစ်ကြပါသည်။ ဒီသဘောသဘာဝကို နားလည်ထားသော ကျွန်ုပ်၏ ဇာတ်ဆောင် စုံထောက်စံထူးက လမ်းကြုံတိုင်း ကျွန်ုပ်ထံသို့ လာရောက်တွေ့ဆုံခြင်းဖြစ်ပါသည်။ ဒါကြောင့် ဧည့်သည်ဖြစ်သူ မောင်စံထူးကို ကျွန်ုပ်က ..

"နေ့လယ်စာ စားခဲ့ပြီးပြီဆိုတော့ အပူသောက်မလား၊ အအေးသောက်မလား"

"အအေးပဲ သောက်ပါမယ် ဆရာ"

မောင်စံထူး၏အပြေစကားကြောင့် ကျွန်ုပ်က တပည့်ဖြစ်သူ မောင်ကျော်စွာကို အအေးနှစ်လုံးမှာပေးဖို့ပြော၏။ မောင်ကျော်စွာလည်း အအေးမှာဖို့ ရုံးခန်းမှ အပြင်သို့ထွက်သွားခဲ့ပါသည်။

ကျွန်ုပ်၏စားပွဲရှေ့တွင်ရှိနေသော စုံထောက်စံထူးသည် ကျွန်ုပ်၏ လက်ယာဘက်ဦးခေါင်းအထက် နံရံတွင်ချိတ်ဆွဲထားသော ၁၈ လက်မ x ၂၀ လက်မ အရွယ်ရှိ ဓာတ်ပုံကို စူးစိုက်စွာကြည့်နေ၏။

ထိုဓာတ်ပုံမှာ ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားသော ရှေးဟောင်း(Antique) ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၏ ဓာတ်ပုံဖြစ်သည်။ ဆင်းတု

တော်၏ဓာတ်ပုံကို ဖူးမြော်ကြည်ညိုရင်း စုံထောက်စံထူးက ..

"အတော့်ကို သပ္ပါယ်တာပဲဆရာရယ်၊ ဖူးမြင်ရသူအတွက် ရင်ထဲမှာ အေးငြိမ်းသွားတာပဲ"

"အေး .. ဆရာလည်း ဗုဒ္ဓသမိုင်းပြတိုက်မှာတွေ့ခဲ့ရလို့ ကြည်ညိုချင်တာနဲ့ ဓာတ်ပုံရိုက်လာတာ၊ ရုံးမှာတစ်ပုံ အိမ်မှာတစ်ပုံ ကိုးကွယ်ထားတယ်၊ မင်း ကိုးကွယ်ချင်လို့လား ဆရာ့မင်မိုရီစတစ်ထဲမှာ ရှိပါတယ်"

ထိုစဉ် တပည့်ဖြစ်သူ မောင်ကျော်စွာမှ အအေးနှစ်လုံးကို ယူဆောင်လာပြီး ကျွန်ုပ်နှင့်မောင်စံထူးတို့ရှေ့ စားပွဲပေါ်သို့ အသာချပေး၏။ ကျွန်ုပ်နှင့် စုံထောက်စံထူးလည်း အအေးပုလင်းထဲမှ အချိုရည်ကို ပိုက်ဖြင့်စုပ်သောက်ကြ၏။ စုံထောက်စံထူးသည် အအေးတစ်ငုံခန့်သောက်ပြီးနောက် ဆင်းတုတော်ဓာတ်ပုံကိုကြည့်၍ ဆိတ်ငြိမ်စွာရှိနေပါ၏။ ဒီတော့ မောင်စံထူးကိုကြည့်ရင်း ကျွန်ုပ်က ..

"ဒီဓာတ်ပုံချိတ်ဆွဲထားတာ လွဲမှားနေလို့လား မောင်စံထူးရဲ့"

"မလွဲပါဘူး ဆရာ၊ မလွဲမှားပါဘူး"

"ဒါဖြင့် .. မင်းဘာကြောင့် အဲဒီလောက် စိတ်ဝင်တစားဖြစ်နေတာလဲ"

"မူရင်းဆင်းတုတော် မဟုတ်ဘဲ ဓာတ်ပုံရုပ်ပွားတော်ကိုတောင် ဆရာတို့ ကျွန်တော်တို့ အဲဒီလောက်ကြည်ညိုနေရင် မူရင်းဆင်းတုတော် ပိုင်ရှင်ဆိုရင် ဘယ်လိုနေမလဲ ဆရာ"

"ဟာ .. ဘိုးစဉ်ဘောင်ဆက်၊ သားစဉ်မြေးဆက်၊ ဆွေခုနှစ်ဆက် မျိုးခုနှစ်ဆက် ကိုးကွယ်ဆည်းကပ် ထိန်းသိမ်းထားရမှာပေါ့၊ ဒါ ရှေးဟောင်း အမွေအနှစ်ဖြစ်တဲ့ သမိုင်းဝင်လေ"

"ဟုတ်ပါတယ်ဆရာ၊ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံက တချို့လူနည်းစုဟာ ရှေးဟောင်းပစ္စည်းဆိုတာလည်း သိတယ်၊ သမိုင်းဝင်ပစ္စည်းဆိုတာ

လည်း သိတယ်၊ ဒါကို မထိန်းသိမ်းမစောင့်ရှောက်ဘဲ ရောင်းကုန်အဖြစ် သတ်မှတ်ပြီး ပြည်တွင်းပြည်ပကို ရောင်းစားခဲ့ကြတယ်''

ဒါတွင်မက လစ်လျှင်လစ်သလို ဘုရားစိန်ဖူးတော်နှင့် ရတနာပစ္စည်းများ တက်ခိုးခြင်း၊ ဘုရားရွှေခွာခြင်း၊ ဆင်းတုတော်များကို ခိုးယူခြင်း၊ ယုတ်စွအဆုံး အလှူခံပုံးတောင် ချမ်းသာမပေး ဖောက်ထွင်းခိုးယူမှုများပင် ရှိခဲ့ကြပါသည်။ ထို့ကြောင့် စုံထောက်စံထူး ကိုယ်တိုင် ရှေးဟောင်းပစ္စည်း (Antique) ဖြစ်သော ဗုဒ္ဓဆင်းတုတော်များ၊ အသုံးအဆောင်များနှင့် သမိုင်းဝင်(Historic)ဖြစ်သော မြန်မာ့ပန်းပု လက်ရာနှင့် အသုံးအဆောင်ပစ္စည်းများ အမြောက်အများတို့ကို စုံစမ်းဖော်ထုတ် ဖမ်းဆီးရမိခဲ့သည်။ ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားနှင့် မြန်မာနိုင်ငံသားတို့ကို ထိရောက်ဟန့်တားသော ပြစ်ဒဏ်များပေးခဲ့ဖူးသည်။ ယခု ကျွန်ုပ်ဦးခေါင်းအထက်နံရံ၌ ချိတ်ဆွဲကိုးကွယ်ထားသော ရှေးဟောင်းဗုဒ္ဓဆင်းတုတော်၏ဓာတ်ပုံကို မြင်တွေ့ရသဖြင့် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ဖြစ်စဉ်ကို ပြန်လည်သတိရမိကြောင်း စုံထောက်စံထူးမှ ဖွင့်ဆိုပြသည်။

စုံထောက်စံထူး၏ အဖွင့်စကားကို ကျွန်ုပ်ကလည်း စိတ်ဝင်စားသည်။ စုံထောက်ပညာရပ် အပြည့်အဝမပါသော်လည်း ရှေးဟောင်းပစ္စည်း၊ သမိုင်းဝင်ပစ္စည်းများနှင့်ပတ်သက်၍ စာဖတ်သူတို့ကိုလည်း အသိပညာပေးချင်သည်။ ထို့ကြောင့် ဖြစ်စဉ်အပြည့်အစုံနှင့် စုံစမ်းတွေ့ရှိပုံအစုံစုံကို ပြောဆိုပေးဖို့ ကျွန်ုပ်က စုံထောက်စံထူးသို့ တောင်းဆိုခဲ့ပါသည်။

အခန်း(၂)

နိုင်ငံတစ်ခု လူမျိုးတစ်စုတွင် ခေတ်ကာလအလိုက် ထိုနိုင်ငံ၊ ထိုလူမျိုးစုတို့၏ အနုပညာ၊ လက်မှုပညာ၊ အသုံးအဆောင်၊ ဝတ္ထုပစ္စည်း အသီး

သီးရှိကြပါ၏။ ထိုဝတ္ထုပစ္စည်းနှင့် အသုံးအဆောင်များသည် နှစ်ပေါင်းမြောက်မြားစွာ ကြာမြင့်လာသောအခါ ရှေးဟောင်းအမွေအနှစ်အဖြစ် တည်ရှိနေကြပါ၏။ ထိုရှေးဟောင်းအမွေအနှစ်ဝတ္ထုပစ္စည်းများကို မပျောက်မပျက်ရအောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ထားရမှာက နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ပါ၏။

ထို့အတူ ကျွန်ုပ်တို့နိုင်ငံတွင်လည်း ခေတ်ကာလအလိုက် လူမျိုးစုများ၏ ရှေးဟောင်းအသုံးအဆောင်၊ ဝတ္ထုပစ္စည်းများ ရှိနေပါ၏။ ဒါကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ဖို့မှာ ကျွန်ုပ်တို့နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်။ ယနေ့ ကျွန်ုပ်တို့နိုင်ငံသည် အမျိုးသားရေးတာဝန်ကိုအလေးထား၍ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါ၏။ မြေပေါ်တွင်ရှိနေသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို သာမက မြေအောက်တွင်တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော ရှေးဟောင်းအမွေအနှစ်များကိုပင် တူးဖော် ထိန်းသိမ်းထားရှိနေသည်မှာ အများအသိပင်ဖြစ်ပါ၏။ အမိနိုင်ငံတော်၏ စေတနာကိုနားလည်သဘောပေါက်သူတိုင်းက ထိုအမျိုးသားရေးတာဝန်ကို ဝိုင်းဝန်းကူညီပံ့ပိုးသင့်ပါ၏။ အချို့သောနိုင်ငံသားများက ထိုတာဝန်ကို လစ်လျူရှုထားကြပါ၏။ ရှိပါစေ၊ တာဝန်မသိ၍ တာဝန်မရှိဆိုတာကို သည်းခံခွင့်လွှတ်နိုင်ပါသေး၏။ တချို့ကမူ ဤသို့မဟုတ် အမိနိုင်ငံ၏ အမျိုးသားရေးတာဝန်ကို ပျက်ပြားအောင်၊ မြန်မာတို့၏ ရှေးဟောင်းအမွေအနှစ်ဝတ္ထုပစ္စည်းများကို ခိုးယူခြင်း၊ ကိုးကွယ်မှုဆိုင်ရာ ရုပ်ပွားဆင်းတုတော်များကို ဖြတ်တောက်ခိုးယူ၍ ရောင်းစားခြင်းစသည့် အကုသိုလ်အမှုများကို ပြုနေကြပါ၏။ ထို့ထက်ဆိုးရွားသော ဖြစ်စဉ်မှာ မြန်မာတို့၏ ရှေးဟောင်းအမွေအနှစ်ဝတ္ထုပစ္စည်းနှင့်ကိုးကွယ်မှု ဆိုင်ရာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ

ကိုပိုင်းဖြတ်၍ တိုင်းတစ်ပါးသို့ တင်ပို့ရန် နိုင်ငံခြားငွေ(ဒေါ်လာ)ဖြင့် ရောင်းချခဲ့ခြင်း၊ ရောင်းချရန်စီစဉ်ကမ်းလှမ်းနေခြင်းပင် ဖြစ်၏။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလကဖြစ်သည်။ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်တွင် ရွှေတောင်ကြားရပ်ကွက်ရှိသည်။ ထိုရပ်ကွက်သည် ခြံဝင်းတိုက်တာအဆောက်အဦးများဖြင့် လူဂုဏ်တန်များ အနေများသည်။ ထိုရပ်ကွက်၏ အဓိကကျသော လမ်းမတစ်ခုတွင် Art Only ဟု အမည်ပြုထားသော ခြံဝင်း၊ တိုက်တာဖြင့် အနုပညာပစ္စည်း အရောင်းဆိုင်တစ်ခုရှိသည်။ ထို Art Only အရောင်းဆိုင်တွင် မူလက မြန်မာမှုလက်ရာပန်းချီ၊ ပန်းပုနှင့်ယွန်းထည်ပစ္စည်းများကို ရောင်းချခဲ့သည်။

ယခုနောက်ပိုင်းတွင် မြန်မာ့ရှေးရာ ရှေးဟောင်းပစ္စည်းများ၊ သမိုင်းဝင်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာသမိုင်းဝင်ပစ္စည်းများ၊ ထီးသုံးနန်းသုံးလက်မှုပစ္စည်းများ၊ ရှေးဟောင်းဆင်းတုတော်နှင့် ရုပ်ပွားတော်များကို နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် တိုင်းတစ်ပါးသားများသို့ ရောင်းချခဲ့သည်။

အဆိုးရွားဆုံးသော ဖြစ်စဉ်မှာ၊ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ ကိုးကွယ်မှုဆိုင်ရာ ဗုဒ္ဓဆင်းတုတော်များကို ဦးခေါင်းတော်မှဖြတ်၍လည်းကောင်း၊ ရင်ညွန့်မှဖြတ်၍လည်းကောင်း နိုင်ငံခြားသို့ ရောင်းချနေခြင်းဖြစ်သည်။ အဆိုပါ အရောင်းဆိုင်ကို နိုင်ငံခြားသားတစ်ဦးမှ ဦးစီးကြီးကြပ်၍ အရောင်းဝန်ထမ်းများမှာ မြန်မာအမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ဖြစ်သည်။ ထို့ကြောင့် ဘာသာရေးနှင့်အမျိုးသားရေးကို ထိပါးစော်ကားနေသော ထို Art Only အရောင်းဆိုင်အား လိုအပ်သလို အရေးယူဆောင်ရွက်ရန် တာဝန်ပေးသည့်သတင်းစကား ဝင်လာခဲ့သည်။ ထိုသတင်းကို စုံစမ်းဖော်ထုတ်ရန် စုံထောက်စံထူးနှင့် တွဲဖက်စုံထောက် အောင်မင်းထွန်းတို့

တာဝန်ယူဆောင်ရွက်ခဲ့ရသည်။

"ကုန်ပစ္စည်းအရောင်းဆိုင်ဆိုတော့ ဝင်ရထွက်ရတာ အခက်အခဲမရှိဘူးလို့ ထင်တယ်"

ဟု ကျွန်ုပ်ကမေး၏။

ဒီတော့ စုံထောက်စံထူးက ..

"ဟုတ်ပါတယ် ဆရာ၊ ဒါပေမဲ့ သူ့အရပ်နဲ့သူဇာတ်ဆိုတာလို၊ နိုင်ငံခြားသားရဲ့ ကိုယ်စားလှယ်၊ နိုင်ငံခြားသားရဲ့ ညွှန်ကြားသူ ညွှန်လမ်းညွှန်သူ အသွင်မျိုးနဲ့ ဝင်ရပါတယ်"

"မှန်တာပေါ့ကွာ၊ ဒါမှလည်း မင်းတို့အယုံသွင်းတာကို သူတို့လက်ခံမှာပေါ့"

"ဒါပေမဲ့ ဆရာရယ် ..၊ မြင်လိုက်ရတဲ့မြင်ကွင်းက စိတ်မချမ်းသာစရာပါ"

"ဘာဖြစ်လို့လည်း မောင်စံထူးရဲ့"

"ဘိုးဘွားပိုင်ပစ္စည်းကို ငွေလိုလို့ ရောင်းချင်ရောင်းပါ၊ ကျွန်တော်အပြစ် မဆိုချင်ပါဘူး၊ ကိုးကွယ်မှုဆိုင်ရာ ဗုဒ္ဓဆင်းတုတော်တွေရဲ့ ဦးခေါင်းပိုင်းနဲ့ ရင်ညွှန့်အထက်ပိုင်းကို ရောင်းစားဖို့ ဖြတ်ထားတာတွေ့တော့ ကျွန်တော့်စိတ်ထဲ မချိတင်ကဲဖြစ်မိတယ်"

"အေးပေါ့ကွာ၊ ဗုဒ္ဓဘာသာကို ကြည်ညိုလေးစားသူတစ်ယောက်အနေနဲ့ ခံစားရတာပေါ့၊ ပြီးတော့ အဲဒီ ဦးခေါင်းဖြတ်၊ ရင်ညွှန့်ဖြတ်ထားတဲ့ ဆင်းတုတော်တွေကို အဲဒီဘာသာခြားတွေက ကိုးကွယ်မှာမဟုတ်ဘူး၊ သူတို့ရဲ့ညှော်ခန်းတွေမှာ အလှပန်းအိုးထားသလို ပြထားမှာကွ"

"ဟုတ်ပါတယ်ဆရာ၊ တခြားလူ့အသုံးအဆောင် သမိုင်းဝင်ပစ္စည်းကို အလှချိတ်ဆွဲ ပြသထားတာကို လက်ခံနိုင်စရာရှိပါတယ်၊ အခု သူ့ဟာက

ဗုဒ္ဓဘာသာဝင်တွေ အထွဋ်အမြတ်ထားတဲ့ ဆင်းတုတော်ကို ဖျက်ဆီးပြီး အလှပြဖို့ နိုင်ငံခြားငွေနဲ့ရောင်းစားတယ်ဆိုတော့ အတော်ကိုခံပြင်းစရာပါ''

''ဦးခေါင်းဖြတ်၊ ရင်ညွန့်ဖြတ်ထားတဲ့ ဆင်းတုတော်တွေရဲ့ ရောင်းဈေးက ဘယ်လောက်လဲ''

## အခန်း(၃)

''အနည်းဆုံး ယူအက်(စ်) ၁၅၀ ကနေ၊ အများဆုံး ယူအက်(စ်) ၉၅၀ ထိ ရှိပါတယ်''

နောက်ဆုံးပေါ် ဆလွန်းကားအဖြူရောင်တစ်စီးမှာ Art Only အနုပညာပစ္စည်း အရောင်းဆိုင်ခြံဝင်းထဲသို့ ဝင်ရောက်လာသည်။ ကားပေါ်တွင် ယာဉ်မောင်းသူနှင့်အတူ အမျိုးသားတစ်ဦးလည်း အတူလိုက်ပါလာသည်။ ထိုသူနှစ်ဦးစလုံးမှာ သန့်ရှင်းသပ်ရပ်၍ တောက်ပြောင်သော အနောက်တိုင်းဝတ်စုံများကို ဝတ်ဆင်ထားသည်။ သို့သော် နိုင်ငံခြားသားများမဟုတ်၊ မြန်မာနိုင်ငံသားများဖြစ်ကြသော စုံထောက်စံထူးနှင့် စုံထောက်အောင်မင်းထွန်းတို့ ဖြစ်ကြသည်။ ယာဉ်မောင်းအောင်မင်းထွန်းက ကားကို ပတ်ကင်ထိုးရမည့်နေရာတွင် စနစ်တကျ ရပ်တန့်၏။ ထိုစဉ် ကားစောင့်လူရွယ်တစ်ဦးက ရှေ့ခန်းတံခါးကိုဖွင့်ပေးပြီး၊ စုံထောက်စံထူးကို ကောင်းသောနံနက်ခင်းပါဟု အင်္ဂလိပ်ဘာသာစကားဖြင့် ကြိုဆိုနှုတ်ဆက်ပါသည်။ စုံထောက်စံထူးကလည်း ရောင်းသူဝယ်သူ အသံတူစွာဖြင့် ပြန်လည်နှုတ်ဆက်ပါသည်။

ထို့နောက် စုံထောက်စံထူးနှင့် စုံထောက်အောင်မင်းထွန်းတို့မှာ အရောင်းခန်းမရှိရာသို့ လျှောက်လှမ်းခဲ့သည်။ ခန်းမအတွင်းရှိ အရောင်းကောင်တာတွင် အသက်(၂၀)ကျော် (၂၅)နှစ်ဝန်းကျင်ရှိ မြန်မာဝတ်စုံဖြင့်

အရောင်အသွေး တောက်ပြောင်နေသော မိန်းမချောလေးနှစ်ဦးကို တွေ့သည်။ ထိုမိန်းကလေးနှစ်ဦးက လက်အုပ်ချီ၍ မြန်မာတိုင်းရင်းသားမှန်း သိနေသော စုံထောက်နှစ်ဦးကို မင်္ဂလာပါဟု မြန်မာလိုဆို၍ ဂါရဝပြု၏။ စုံထောက်နှစ်ဦးကလည်း မင်္ဂလာစကားဖြင့် နှုတ်ခွန်းဆက်၏။

ထို့နောက် စုံထောက်စံထူးက မိမိတို့သည် နိုင်ငံခြားသားခရီးသွားလုပ်ငန်းမှ ဧည့်လမ်းညွှန်(Tourist Guide)များ ဖြစ်ကြပါကြောင်း၊ မကြာမီ ရောက်လာမည့် ပြင်သစ်နိုင်ငံသားတစ်ဦးက မြန်မာ့ရှေးဟောင်းပစ္စည်းအချို့ကို ဝယ်ယူလို၍ ယခုကြိုတင်လာရောက် လေ့လာကြည့်ရှုခြင်း ဖြစ်ပါကြောင်း ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံ၍ မိတ်ဖွဲ့ပါသည်။ ဝယ်လက်က ကမ်းလှမ်းလာတော့ ရောင်းသူဘက်ကလည်း မိမိတို့ရောင်းကုန်ပစ္စည်းကို အစွမ်းကုန်ညွှန်းဆိုကြသည်။ စုံထောက်စံထူးကလည်း လိုက်လိုက်လျောလျောပြောဆိုပြီး အရောင်းကောင်တာအတွင်းသို့ မျက်စိကစားကြည့်သည်။ ထိုကောင်တာအတွင်း ခင်းကျင်းပြသထားသော စကျင်ကျောက်၊ ကြေးသွန်း၊ သတ္တုနှင့် သစ်သားဖြင့်ပြုလုပ်ထားသည့် ဦးခေါင်းပြတ်နှင့် ရင်ညွန့်မှဖြတ်ထားသော ဗုဒ္ဓဆင်းတုတော်အချို့ကို တွေ့သည်။ ထိုဆင်းတုတော်များ၏ အနိမ့်ဆုံးနှင့် အမြင့်ဆုံးတန်ဖိုးကို မေးမြန်းကြည့်၏။ ထိုကြောင့် အရောင်းမန်နေဂျာ မိန်းမချောလေးက ထိုဆင်းတုတော်၏တန်ဖိုးကို အထက်ပါစကားဖြင့် ဖွင့်ဆိုပြသည်။

''ဒီထက် တန်ကြေးကြီးတဲ့ ပစ္စည်းတွေကိုလည်း ခန်းမထဲမှာ ပြထားပါတယ်၊ အစ်ကိုတို့ တစ်ခါတည်း ကြည့်သွားလိုက်လေ၊ ညီမလိုက်ပြပေးပါ့မယ်''

''ကောင်းသားပဲ၊ ဒါနဲ့ ပစ္စည်းအရောင်းအဝယ်ဖြစ်ရင် အစ်ကိုတို့ Guide တွေကို ဘယ်လိုအကျိုးအမြတ်ပေးလဲ''

''ပစ္စည်းတန်ကြေးရဲ့ တစ်ဆယ်ရာခိုင်နှုန်းကို ချိုးမြှင့်ပါတယ်''

''မဆိုးဘူးပဲ၊ ဒါနဲ့ ဆိုင်ပိုင်ရှင်က အစ်ကိုတို့နိုင်ငံသားပဲလား''

''မဟုတ်ဘူးအစ်ကို၊ ပိုင်ရှင်က နယ်သာလန်နိုင်ငံသား Mr. Antonius Ferwerda ပါ''

''သူက ဒီမှာမထိုင်ဘူးလား''

''ထိုင်ပါတယ်၊ အခု သူ နိုင်ငံခြားခဏထွက်သွားလို့ပါ''

အသွင်ယူထားသော စုံထောက်နှစ်ယောက်မှာ အရောင်းမန်နေဂျာ မိန်းမချောလေးနှင့် စကားပြောရင်း သူမဦးဆောင်ရာသို့ လိုက်ပါခဲ့ကြသည်။

''Art Only''အရောင်းဆိုင်တွင် အရောင်းပြခန်းနှစ်ခန်းကို မြင်တွေ့ရသည်။ ပထမတစ်ခန်းမှာ'' Decorative Art Only''(ပြင်ဆင်မွမ်းမံရန် သင့်လျော်သော အနုပညာပစ္စည်း) ဟု စာသားချိတ်ဆွဲထားသည်။ ထိုပြခန်းတွင် ဗုဒ္ဓဦးခေါင်းတော်ပြတ်များ၊ ပေပရပိုဒ်များ၊ နန်းဝတ်နန်းစားများ၊ မြန်မာ့ဝါးအမျိုးမျိုး၊ ယွန်းထည်ပစ္စည်းအမျိုးမျိုး၊ ရှမ်းစော်ဘွားများ လက်ထက်က ပန်းကနုတ်ကျောင်းဆောင်များနှင့် အခြား ပန်းပုလက်ရာမျိုးစုံတို့ကို တွေ့ရသည်။

ဒုတိယအရောင်းပြခန်းကို ''Antique Art Only''(ရှေးဟောင်းအနုပညာပစ္စည်း) ဟု ကမ္ပည်းချိတ်ထားသည်။ ထိုပြခန်းတွင် ပုဂံခေတ်၊ ပျူခေတ်၊ ရတနာပုံခေတ်နှင့် ကုန်းဘောင်ခေတ်တို့မှ ဘုရားဆင်းတုတော်မျိုးစုံ၊ သစ်သားနတ်ရုပ်မျိုးစုံ၊ ရွှေဖြင့်ပြုလုပ်ထားသော ဌာပနာဘုရားစေတီများ၊ ငွေဖြင့်ပြုလုပ်ထားသော ဌာပနာဘုရားစေတီများ၊ သတ္တုဖြင့်ပြုလုပ်ထားသော ဌာပနာဘုရားစေတီများ၊ ကျောက်စိမ်းဘုရားများ၊ ဆင်စွယ်ဘုရားများ၊ ဆင်စွယ်ပန်းပုရုပ်မျိုးစုံ၊ သစ်သားပန်းဆွဲများ၊ သစ်သားဖောင်းကြွပန်းပုပန်းချီများ၊ ရှေးခေတ်ပန်းပုကနုတ်ပန်းများ၊ ရွှေပိန်းချကျွန်းတိုင်လုံး

များနှင့် ယွန်းထည်ပစ္စည်းမျိုးစုံတို့ကို ပြသထားသည်။

ပြသထားသော ပစ္စည်းတစ်ခုချင်းစီပေါ်တွင် ပစ္စည်း၏ရောင်းဈေးတန်ဖိုးကို အမေရိကန်ဒေါ်လာဖြင့် ရေးသားဖော်ပြ၍ စတေကာကပ်ထားသည်။ ပစ္စည်းတစ်ခု၏ အနည်းဆုံးတန်ဖိုးမှာ "US$ - 50"မှ ပစ္စည်းတစ်ခု၏ အများဆုံးတန်ဖိုးမှာ "US$ - 50000"တို့ အကြားတွင်ဖြစ်သည်။ ပြသထားသော ပစ္စည်းအမျိုးအစား (၃၀၀)ကျော်ခန့်ရှိပြီး၊ ပစ္စည်းအရေအတွက်မှာ (၅၀၀)ကျော်ခန့်ရှိသည်။ ခင်းကျင်းပြသမှုမှာ နိုင်ငံတော်အဆင့်ပြခန်းများကဲ့သို့ စွဲဆောင်မှုရှိသည်။

ဒါတွင်မက ဆိုင်သို့ရောက်ရှိလာသူ နိုင်ငံခြားသားများကို ဧည့်ခန်းတွင် ၄၈ လက်မ Flat TV ဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ရှေးဟောင်းနယ်မြေများမှ ယဉ်ကျေးမှုအမွေအနှစ်များကို မှတ်တမ်းတင်ရိုက်ကူးထားသည့် ဗီဒီယိုကားကို ပြသသည်။ ထို့နောက် ဗီဒီယိုကား၌ ပါရှိသော ရှေးဟောင်းနှင့် သမိုင်းဝင်ပစ္စည်းများကို အရောင်းပြခန်းတွင် လိုက်လံပြသပြီး ဝယ်လက်များကို ရိုက်စားလုပ်ရောင်းသည်။ ထို့ပြင် ကျယ်ကျယ်ပြန့်ပြန့် နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် အင်တာနက်ဝက်ဘ်ဆိုဒ်တွင်လည်း ဖော်ပြကမ်းလှမ်းထားကြောင်း စုံစမ်းတွေ့ရှိခံစားမှုကို စုံထောက်စံထူးမှ မီးမောင်းထိုးပြခဲ့သည်။ စုံထောက်စံထူး စကားအဆုံးတွင် ကျွန်ုပ်က –

"တို့နိုင်ငံ တို့လူမျိုးတွေရဲ့ ရှေးဟောင်းအမွေအနှစ်တွေကို တိုင်းတစ်ပါးကို ထုတ်ရောင်း၊ တို့ကိုးကွယ်ဆည်းကပ်တဲ့ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တွေကို ခေါင်းဖြတ်၊ ရန်ညွှန့်ကဖြတ်ပြီး ဝိသမလောဘအလုပ်ဟာ အတော်ကို အကျည်းတန်အရုပ်ဆိုးပြီး တို့ဘာသာသာသနာကို စော်ကားတာပဲ"

## အခန်း(၄)

"သူကတော့ တိုင်းတစ်ပါးသားလည်းဖြစ်၊ ဘာသာခြားလည်းဖြစ်တော့ ဒါတွေကို သူဘာယ်သိမှာလဲ"

အသွင်ယူ စုံစမ်းလေ့လာပြီးနောက်၊ မကြာမီတွင် စုံထောက်စံထူး ဦးဆောင်သောအဖွဲ့သည် လိုအပ်သလိုအရေးယူဆောင်ရွက်ဖို့အတွက် "Art Only" အရောင်းပြခန်းကို စီးနင်းခဲ့ပါသည်။ ခန်းမအတွင်း မြင်တွေ့ခဲ့ရသော မရှုစိမ့်ဖွယ်မြင်ကွင်းကြောင့် အတူပါသက်သေတစ်ဦးက ဘာသာ သာသနာစော်ကားမှု၊ ရှေးဟောင်းအမွေအနှစ်များ ဖျောက်ဖျက်မှုကို နာကျည်းဖွယ်ရာ ပြောဆိုပြသည်။ ဒါကို အရောင်းမန်နေဂျာ မိန်းကလေး တစ်ဦးက သူတို့၏လုပ်ငန်းရှင်မှာ နိုင်ငံခြားသားဖြစ်၍ အကျိုးအကြောင်း မသိကြောင်း အထက်ပါစကားဖြင့် ဖြေသိမ့်ပြောဆိုပါသည်။ ဒီစကားကို ကြားသိလိုက်သော စုံထောက်စံထူးက ..

"အဲဒီလို ပြောလို့မရဘူးလေ မိန်းကလေးရဲ့၊ မင်း .. မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"မင်းရဲ့ ပညာအရည်အချင်းကကော"

"သမိုင်းနဲ့ ဘွဲ့ရပြီးပါပြီ"

ဘုရား .. ဘုရား၊ သမိုင်းနဲ့ဘွဲ့ရထားသူက ရှေးဟောင်းအမွေအနှစ်နဲ့ သမိုင်းဝင်ပစ္စည်း အရောင်းဆိုင်မှာ အရောင်းမန်နေဂျာ ဖြစ်နေသည်။ ဒါကလည်း နိုင်ငံခြားသားလုပ်ငန်းရှင်၏ တတ်သိနားလည်မှုပင် ဖြစ်မည်။ မည်သို့ရှိစေ၊ လူတခြား ကိုးကွယ်သည့် ဘာသာ၊ သာသနာကို စော်ကားရန်အကြံဖြင့် ဖြစ်စေ၊ ကိုးကွယ်ဝတ်ပြုသော နေရာကိုသော်လည်းကောင်း၊ အထွဋ်အမြတ်ထားသော အရာဝတ္ထုကိုသော်လည်းကောင်း၊ ဖျက်ဆီးခြင်း

ဒါမှမဟုတ်၊ ပျက်စီးနစ်နာစေခြင်း၊ ဒါမှမဟုတ် ယုတ်ညံ့စေခြင်းပြုလျှင် ထိုသူသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅ ကို ကျူးလွန်သူဖြစ်ကြောင်း စုံထောက်စံထူးမှ ဖွင့်ဆိုပြသည်။

ထို့နောက်''Art Only''အရောင်းခန်းမတွင် တာဝန်ရှိသူများကို စုံစမ်းမေးမြန်းကြည့်သည်။ အဆောက်အဦးနှင့် လုပ်ငန်းရှင်မှာ နယ်သာလန်နိုင်ငံသား မစ္စတာအန်တိုနီရပ်(စ်)ဖီဝါဒတ် (Mr. Antonius Ferwerda) ဖြစ်သည်။ လုပ်ငန်းရှင်၏လက်အောက်တွင် ပစ္စည်းဝယ်ယူရေးနှင့် ကျွမ်းကျင်သူမန်နေဂျာမှာ အချွန်(ခ)ချောင်ရင်ချွန်(ခ)ဉာဏ်ထွန်းလှိုင်ဖြစ်သည်။ အချွန်(ခ)ဉာဏ်ထွန်းလှိုင်သည် တရုတ်လူမျိုး ဧည့်နိုင်ငံသား(FRC) တစ်ယောက်ဖြစ်သည်။ ပစ္စည်းအရောင်း မန်နေဂျာမှာ မနီလာနှင့် မသီတာတို့ ညီအစ်မနှစ်ဦးဖြစ်သည်။

အရောင်းခန်းမတွင် လုပ်ငန်းရှင် မစ္စတာအန်တိုနီရပ်(စ်)နှင့် ကျွမ်းကျင်သူ မန်နေဂျာအချွန်တို့မရှိ။ အရောင်းမန်နေဂျာ မနီလာနှင့် မသီတာတို့နှစ်ဦးသာရှိသည်။ နိုင်ငံခြားသားလုပ်ငန်းရှင်၏ နေအိမ်မှာ ဒဂုံမြို့နယ် ခရေပင်လမ်းတွင်ဖြစ်ပြီး၊ အချွန်၏နေအိမ်မှာ လှိုင်မြို့နယ် အမှတ်(၉)ရပ်ကွက်တွင် ဖြစ်ကြောင်း သိရသည်။ စုံထောက်စံထူးအနေဖြင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများကို အမှုဖွင့်အရေးယူဖို့လိုသည်။ ထို့ကြောင့် ''Art Only''အရောင်းဆိုင်ကို လုပ်ငန်းလိုင်စင်ကို တောင်းယူကြည့်၏။ လုပ်ငန်းလိုင်စင်၏ တရားဝင်အမည်ပေါက်သူမှာ မနီလာနှင့် မသီတာတို့ဖြစ်သည်။ အဆိုပါလုပ်ငန်းလိုင်စင်၏ ကုမ္ပဏီများ မှတ်ပုံတင်ရုံးမှ ခွင့်ပြုထားသောလုပ်ငန်းမှာ သစ်တောထွက်ပစ္စည်း၊ သစ်အခြေခံကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်နှင့် အထည်အလိပ်လုပ်ငန်းများသာ ဖြစ်သည်။ တရားဝင်ခွင့်ပြုသော ကုန်ပစ္စည်းနှင့်

လက်တွေ့ဝယ်ယူရောင်းချနေသော ပစ္စည်းများက အဖြူနှင့် အမည်းလို ဆန့်ကျင်ဘက်ဖြစ်နေသည်။

အရောင်းခန်းမအတွင်းရှိ ရှေးဟောင်း''Antique''နှင့် သမိုင်းဝင် ''Historic''ပစ္စည်းများက များပြားလှသည်။ ဘယ်ပစ္စည်းသည် ရှေးဟောင်း၊ ဘယ်ပစ္စည်းသည် သမိုင်းဝင်ဖြစ်သည်ကို စုံထောက်စံထူး မခွဲခြားတတ်။ စုံထောက်စံထူး ခွဲခြားတတ်သည်က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၂၉၅ ဖြင့် အကျုံးဝင်သော ကိုးကွယ်မှုဆိုင်ရာ အထွဋ်အမြတ်ထားသောပစ္စည်းကို ဖျက်စီးခြင်း၊ ပျက်စီးနစ်နာစေခြင်းပင် ဖြစ်သည်။ ထို့ကြောင့် စုံထောက်စံထူးက–

''အောင်မင်းထွန်းရေ၊ ဦးခေါင်း၊ လည်ပင်းနဲ့ ရင်ညွှန့်တို့က ဖြတ်ထားတဲ့ ဗုဒ္ဓဆင်းတုတော်တွေကို စာရင်းကောက်ပြီး အရင်သိမ်းကွာ''

ဟု တွဲဖက်အမှုစစ် အောင်မင်းထွန်းကို ပြော၏။ အောင်မင်းထွန်းက အတူပါသက်သေများဖြင့် ဗုဒ္ဓဦးခေါင်းတော်ပြတ်ရုပ်ပွားတော်များကို စိစစ်ကောက်ယူ၏။ ထိုသို့ကောက်ယူရာတွင် သစ်သားဦးတော်ပြတ်၊ ကြေးနှင့်သတ္တုဦးခေါင်းတော်ပြတ်နှင့် စကျင်ကျောက်ဦးခေါင်းတော်ပြတ် စုစုပေါင်း ဗုဒ္ဓဦးခေါင်းတော်ပြတ်(၃၉)ဆူ ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ ကိုးကွယ်ဆည်းကပ် အထွဋ်အမြတ်ထားရာ ဆင်းတုတော်များကို ဖျက်စီး၍ နစ်နာဆုံးရှုံးအောင် ပြုကျင့်ခဲ့သူများမှာ လုပ်ငန်းရှင်မစ္စတာအန်တိုနီရပ်(စ်)၊ ကျွမ်းကျင်သူမန်နေဂျာ အချွန်၊ လုပ်ငန်းအမည်ပေါက်နှင့် အရောင်းမန်နေဂျာ မနီလာနှင့် မသီတာတို့ ဖြစ်သည်။ အမှုမှ ပါဝင်ပတ်သက်သူ(၄)ဦးကို ဗဟန်းရဲစခန်းမှ (ပ)၈၁၇/၂၀၀၉ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ– ၂၉၅ အရ စုံထောက်စံထူးမှ တရားလိုပြုလုပ်၍ အမှုဖွင့်အရေးယူခဲ့သည်။

''ဦးခေါင်းတော်ပြတ် ဆင်းတုတော်တွေကလည်း မနည်းပါလား

မောင်စံထူးရယ် ...''

ဟု ကျွန်ုပ်က လေးသွဲ့စွာဖြင့် ဖွင့်ဆိုသည်ကို စုံထောက်စံထူးက ..

''ဟုတ်ပါတယ်ဆရာ၊ ဒါက အသေးအဖွဲလောက်ပဲ ရှိပါသေးတယ်၊ နောက်ထပ် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်နဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ သမိုင်းဝင်ပစ္စည်းတွေ အများကြီး ရှိသေးတယ်''

''အဲဒီပစ္စည်းတွေနဲ့ ပတ်သက်ပြီး မင်းဘယ်လိုဆက်လုပ်မှာလဲ''

''ဒါက ကျွမ်းကျင်သူတွေရဲ့အပိုင်းရောက်သွားပါပြီ၊ ဘယ်ပစ္စည်းဟာ ရှေးဟောင်းကျတယ်၊ ဘယ်ပစ္စည်းဟာ သမိုင်းဝင်ဖြစ်တယ်ဆိုတာ သက်ဆိုင်ရာကျွမ်းကျင်သူက မှတ်တမ်းမှတ်ရာအရ တရားဝင်ဆုံးဖြတ်ပေးမှ ကျွန်တော်ဆက်လုပ်လို့ရမှာပါ''

''မှန်တာပေါ့ကွာ၊ သိပ်မှန်တာပေါ့''

''ကျွမ်းကျင်သူ ပညာရှင်ဆီက အဖြေမရခင် ကျွန်တော်လုပ်ရမယ့် အလုပ်ကိုတော့ ဂိတ်ဆုံးလုပ်ခဲ့ပါတယ်''

ထိုနေ့မှာပင် စုံထောက်စံထူးနှင့် အဖွဲ့သည် လှိုင်မြို့နယ်နေ ညှိနိုင်ငံသား အချုပ်(ခ)ချောင်ရင်ချုပ်(ခ)ဉာဏ်ထွန်းလှိုင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေသည်။ သက်သေခံဆက်စပ်ပစ္စည်းများလည်းမတွေ့၊ အချုပ်လည်း နေအိမ်တွင်မရှိ။ ဒါကြောင့် ဒဂုံမြို့နယ် ခရေပင်လမ်းရှိ လုပ်ငန်းရှင် မစ္စတာအန်တို နီရပ်(စ်)အိမ်သို့ ဝင်သည်။ လုပ်ငန်းရှင် နိုင်ငံခြားသားက မရှိ၊ နေအိမ်တွင် ရှေးဟောင်းပစ္စည်းဟုယူဆရသော ဗုဒ္ဓဆင်းတုတော်များ၊ သမိုင်းဝင်ပစ္စည်းဟု ယူဆရသော အသုံးအဆောင်ပစ္စည်းများကို တွေ့သည်။ ဒါကိုလည်း သေချာမှ အဖြေရှာဖို့ စီစဉ်ထားရှိကြောင်း စုံထောက်စံထူးက ဆိုသည်။

''ညှိနိုင်ငံသားအချုပ်နဲ့ နိုင်ငံခြားသားလုပ်ငန်းရှင်က ဘယ်ပျောက်နေတာလဲ''

ကျွန်ုပ်၏အမေးကို မောင်စံထူးက ..

''အချွန်ကတော့ ထွက်ပြေးတိမ်းရှောင်သွားပါတယ်၊ မစ္စတာအန်တိုနီ ရပ်(စ်)ကတော့ မှုဒိန်းမှုနဲ့အဖမ်းခံနေရပါတယ်''

''ဘာသာသာသနာကို စော်ကားရုံမက လူမှုရေးဖောက်ပြန်ပြီး အဓမ္မပြု ကျင့်တယ်ဆိုတော့ အတော်ကို မိုက်ရိုင်းတာပဲ''

''ဟုတ်ပါတယ်ဆရာ၊ အဲဒီ အဓမ္မပြုကျင့်တဲ့အမှုဟာလည်း အတော်ကို သင်ခန်းစာယူဖို့ကောင်းပါတယ်၊ အဲဒီအမှုကိုတော့ နောက်မှ ကျွန်တော် ရှင်းပြပါ့မယ်၊ သိမ်းဆည်းရမိတဲ့ ပစ္စည်းတွေနဲ့ပတ်သက်ပြီး ဘယ်ပစ္စည်းဟာ ရှေးဟောင်း၊ ဘယ်ပစ္စည်း ဟာ သမိုင်းဝင်ဆိုတာ ဆက်ကြရအောင်ပါ''

## အခန်း(၅)

''ဒီကနေ့ကနေ လွန်ခဲ့သောနှစ်ပေါင်းတစ်ရာမှအထက် သက်တမ်းရှိ သောအဆောက်အဦး၊ အသုံးအဆောင်နဲ့ဝတ္ထုပစ္စည်းကို ရှေးဟောင်း ''Antique'' လို့ သတ်မှတ်ပါတယ်၊ နှစ်ပေါင်းရှစ်ဆယ်မှ နှစ်ပေါင်းတစ်ရာ အတွင်း သက်တမ်းရှိပစ္စည်းကို သမိုင်းဝင် ''Historic'' ပစ္စည်းလို့ သတ် မှတ်ပါတယ်''

ဘာသာ၊ သာသနာစော်ကားမှု (ပြစ်မှုပုဒ်မ – ၂၉၅)ကို အကောင် အထည်ဖော်ဆောင်ပြီးနောက်၊ ရှေးဟောင်းနှင့် သမိုင်းဝင်ပစ္စည်းများ အတွက် အရေးယူဆောင်ရွက်ဖို့ လိုအပ်လာပါသည်။ ထို့ကြောင့် ကျွမ်းကျင်သူ ပညာရှင်၏ အထောက်အကူ လိုအပ်ပါ၏။ မြန်မာ့ရိုးရာနှင့် တိုင်းရင်းသား ရိုးရာပစ္စည်းများ၏ သက်တမ်းနှင့် သတ်မှတ်ချက်ကို သိရှိသူမှာ ရှေး ဟောင်းသုတေသနမှ ပညာရှင်များပင် ဖြစ်ပါသည်။ ထို့အတွက် ရှေးဟောင်း သုတေသနဌာနမှ ကျွမ်းကျင်သူပညာရှင်များ၊ သုတေသီများကို ဖိတ်ကြား

ပြသရပါသည်။ ရှေးဟောင်းပစ္စည်းနှင့် သမိုင်းဝင်ပစ္စည်းတို့၏ ကာလသက်တမ်း ခွဲခြားသတ်မှတ်မှုကို ကျွမ်းကျင်သူ သုတေသီတစ်ဦးက အထက်ပါစကားဖြင့် ဖွင့်ဆိုခဲ့ပါသည်။

ဦးစွာပထမ ''Art Only'' အရောင်းခန်းမအတွင်း ရောင်းချရန်ခင်းကျင်းပြသထားသော ရှေးဟောင်းပစ္စည်းများကို ရှေးဟောင်းနှင့် သမိုင်းဝင်ပစ္စည်း ခွဲခြားသတ်မှတ်စေပါသည်။ အဆိုပါခန်းမတွင် စကျင်ကျောက်၊ ကြေးသွန်း၊ သစ်သားတို့ဖြင့် ထုဆစ်ထားသော ရုပ်တော်မူ၊ ထိုင်တော်မူ၊ လျောင်းတော်မူဆင်းတုတော်ရုပ်ပွားနှင့် ပစ္စည်းများမှာ ဉာဏ်တော် (၃) လက်မမှ (၉)ပေအထိ အရွယ်အစားရှိပါသည်။

များပြားလှသော ခန်းမအတွင်းရှိ ပစ္စည်းများထဲမှ ဗုဒ္ဓဆင်းတုဟော် (၁၅၀)ဆူ၊ ရွှေပြားအုတ်စေတီ(၂)ဆူ၊ ငွေပြားအုတ်စေတီ(၂)ဆူ၊ ငွေပြားအုတ်ထိုင်တော်မူ ဘုရားဆင်းတု(၁၆)ဆူ၊ ကြေးသွန်းရဟန္တာဆင်းတု(၂၈)ဆူ၊ ကြေးသွန်း အမတ်ရုပ်တု(၂၆)ရုပ်၊ ကြေးသွန်း မင်းသမီးရုပ်(၄)ရုပ်၊ ရုပ်တော်မူ ဗုဒ္ဓကျွန်းသားရုပ်တု(၉)ဆူ၊ ပေပုရပိုဒ်(၃၂)ခု၊ ပျူခေတ်ပုယင်းပုတီးစေ့ (၁၅)လုံး၊ ပျူခေတ်ကျောက်ပုတီးစေ့ (၃)လုံး၊ ပျူခေတ်သုံးငွေဒင်္ဂါး (၂၃)ပြား၊ ကြေးအရိုးအိုး(၁)လုံး၊ ကြေးဓားရိုး(၃)ခု၊ ကြေးပဲခွပ်(၃)ခု၊ လှံသွား(၁)ချောင်း၊ ကြေးခလောက်(၃)လုံး၊ ရွှေပိန်းချကျွန်းသေတ္တာ(၁၀)လုံး၊ သရိုးကိုင်ကျွန်း သေတ္တာ(၁၀)လုံး၊ မှန်စီရွှေချကျွန်းသေတ္တာ(၁၀)လုံး၊ မှန်စီရွှေချပလ္လင်(၁)ခု၊ မှန်စီရွှေချတံကဲ(၁)ခု၊ မှန်စီရွှေချ ပွဲတော်အုပ်(၁)လုံး၊ ရွှေပိန်းချရုပ်လုံးကြွသစ်ထွင်းပန်းချီ(၂)ချပ်၊ ရွှေပိန်းချ သစ်သားပန်းပြား (၃)ချပ်၊ ရွှေပိန်းချသစ်သားမျက်နှာကျက်(၄)ခု၊ ယွန်းဆွမ်းအုပ်(၃)လုံးနှင့် ရုပ်လုံးကြွစဉ့်အုပ်ခွက်(၁)ခုတို့မှာ ရှေးဟောင်းပစ္စည်း (Antique) များဖြစ်ကြောင်း ကျွမ်းကျင်သူသုတေသီမှ ခွဲခြားသတ်မှတ်ပေးပါသည်။

ဤမျှ များပြားလှသော ရှေးဟောင်းပစ္စည်းများကို ပြည်ပနိုင်ငံသို့ တင်ပို့ရောင်းချရန်အတွက် အားထုတ်သူ၊ ကူညီသူများဖြစ်သော မစ္စတာအန်တိုနီရပ်(စ်)ဖီဝါဒတ် (Mr.Antonius Ferwerd)၊ အချုပ်(ခ)ချောင်ရင်ချုပ်(ခ) ဉာဏ်ထွန်းလှိုင်၊ မနီလာနှင့်မသီတာတို့(၄)ဦးအား စုံထောက်စံထူးမှ တရားလိုပြုလုပ်၍ ဗဟန်းရဲစခန်းမှ (ပ)၁၃/ ၂၀၁၀ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေပုဒ်မ ၇(၅)အရ အမှုဖွင့် အရေးယူခဲ့ပါသည်။

''သမိုင်းဝင်ပစ္စည်းအနေနဲ့ အရေးယူခဲ့တာကော ရှိသလား''

''ဟုတ်ကဲ့ ရှိပါတယ်ဆရာ''

အဆိုပါ အရောင်းခန်းမအတွင်း၌ အထက်ပါ ရှေးဟောင်းပစ္စည်းများနှင့်အတူ သက်တမ်းနှစ်(၈၀)ရှိ ချင်းအမျိုးသားများ၏ သချိုင်းရိုးရာတိုင် (၆)တိုင်ကို နိုင်ငံခြားငွေဖြင့် ရောင်းချရန် ပြသထားသည်။ ထိုဝတ္ထုပစ္စည်း (၆)ခုမှာ သမိုင်းဝင်ပစ္စည်းဟု သုတေသီမှ မှတ်ချက်ပြုသည်။ ကျွမ်းကျင်သူပညာရှင်၏ အဖြေစကားကြောင့် အထက်ပါ မိစ္ဆာဒိဋ္ဌိ(၄)ကောင်ကို ဗဟန်းရဲစခန်းမှ (ပ)၁၄၄/၂၀၁၀၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ) အက်ဥပဒေပုဒ်မ ၅(၃)ဖြင့် အမှုဖွင့်ရပြန်သည်။

ဒါတွင်မက Art Only အရောင်းခန်းမတွင် ရှေးဟောင်းနှင့် သမိုင်းဝင်ပစ္စည်းများအပြင်၊ ဆင်စွယ်နှင့်လက်မှုပစ္စည်းများကို ပြည်ပသို့ နိုင်ငံခြားငွေဖြင့် ရောင်းချရန် ပြသထားသည်။ ထိုပစ္စည်းများမှာ ငွေမောင်းချိတ်ဆွဲထားသော ဆင်စွယ်(၂)ချောင်း၊ ထိုင်တော်မူ ဗုဒ္ဓဆင်းတုတော်(၃)ဆူ၊ ရပ်တော်မူ ဗုဒ္ဓဆင်းတုတော်(၃)ဆူ၊ ဆင်စွယ်ဓားအိမ်နှင့် ဓားရိုးပါ(၃)ချောင်း၊ ဆင်စွယ်ဆံထိုး(၂)ချောင်း၊ ဆင်စွယ်ဖြင့်ထုလုပ်ထားသော ပန်းပုရုပ်(၁၆)ခုတို့ ဖြစ်သည်။ တောရိုင်းတိရိစ္ဆာန်၊ သဘာဝပေါက်ပင်နှင့် သစ်တောထွက်ပစ္စည်းများသည် သစ်တောဦးစီးဌာနနှင့် ပတ်သက်သည်။ တွေ့ရှိသိမ်းဆည်းထား

သော ဆင်စွယ်ပစ္စည်းများသည် တောရိုင်းတိရိစ္ဆာန်၏ ပင်ကိုယ်ပစ္စည်း ဟုတ်မဟုတ် အဖြေထုတ်ဖို့လိုသည်။ ထို့ကြောင့် အဆိုပါပစ္စည်းများကို စစ်ဆေးပေးဖို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာန(တိရိစ္ဆာန် အစာ၊ ဆေးဝါး၊ ဓာတ်ခွဲခန်း)သို့ ပေးပို့ရသည်။

ဓာတ်ခွဲခန်းက အဖြေထွက်လာသည်။ ပေးပို့ခဲ့သော သက်သေခံ ပစ္စည်းများမှာ ဆင်စွယ်၊ ဆင်ရိုးတို့ဖြင့် ပြုလုပ်ထားသော ပစ္စည်းများဖြစ်ကြောင်း ပြန်ကြားလာသည်။ ဒီတော့ သစ်တောဦးစီးဌာနမှ တရားလိုပြုလုပ်၍ Art Only မှ Four Only ကို ဗဟန်းရဲစခန်းမှ (ပ)၈၇/၂၀၁၀၊ တိရိစ္ဆာန်၊ သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေပုဒ်မ–၃၇(က) ဖြင့် အမှုဖွင့် အရေးယူခဲ့ရသည်။

စုံထောက်စံထူးက ပြောလက်စ စကားကိုရပ်၍ စားပွဲပေါ်ရှိ အအေး ပုလင်းကိုကောက်ယူပြီး ပိုက်ဖြင့် စုပ်သောက်နေ၏။ ထို့ကြောင့် ကျွန်ုပ်က ••

''ဗုဒ္ဓဘာသာကို ကြည်ညိုလေးစားတဲ့ ငါတို့လူမျိုးမှာ ဂိုဏ်းသင့် တယ်ဆိုတဲ့ ဖြစ်ရပ်ကို စွဲစွဲမြဲမြဲ ယုံကြည်မှုရှိကြတယ်၊ ''ဂိုဏ်းသင့်တယ်'' ဆိုတာက ''ရှိသေအပ်သည်တို့ကို ပြစ်မှားမိလို့ ဘေးအန္တရာယ်ဖြစ်ခြင်း''လို့ ဆိုတယ်ကွ၊ အခု မင်းပြောခဲ့တဲ့ အမှုဖြစ်စဉ်မှာ အဲဒီမိစ္ဆာလေးယောက်ဟာ ဘုရားဂိုဏ်းသင့်တာပဲကွ''

''ဟုတ်ပါတယ်ဆရာ''

''လွန်ခဲ့တဲ့နှစ်ပေါင်း(၁၆၀)နီးပါးလောက်က ဘုရားဂိုဏ်းသင့်သွားတဲ့ ဘာသာခြားတွေရဲ့ အဖြစ်မှန်ကို ဆရာပြောပြမယ်''

''ဟုတ်ကဲ့ပါဆရာ''

## အခန်း(၆)

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၊ ဇလွန်မြို့တွင် ''မာရ်အောင်မြင် ပြည်တော်ပြန်''မြတ်စွာဘုရားဆင်းတုတော် တစ်ဆူရှိသည်။ ဗုဒ္ဓဆင်းတုတော်မြတ်၏ မူရင်းဘွဲ့တော်မှာ ''မာရ်အောင်မြင်မုနိ''ဖြစ်သည်။ အဆိုပါ ဆင်းတုတော်နှင့်ပတ်သက်၍ မုနိ(၄)ဆူရှိပါသည်။ ရခိုင်ပြည်နယ်၊ ဓညဝတီမြို့တွင် ''ရှင်ကျော်မုနိ''၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့အနောက်ဘက် ရွှေဘုံသာရွာတွင် ''ရွှေဘုံသာမုနိ''၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် ''မဟာမုနိ''ဘုရားကြီးနှင့် ယခုဇလွန်မြို့မှ ''မာရ်အောင်မြင်မုနိ''တို့ ဖြစ်သည်။

မြန်မာသက္ကရာဇ် (၁၂၁၄)ခုနှစ်တွင် ပြည်နှင့်တောင်ငူအောက်ရှိ အောက်မြန်မာနိုင်ငံတစ်ဝှမ်းလုံးကို အင်္ဂလိပ်နယ်ချဲ့တို့က သိမ်းယူခဲ့သည်။ သက္ကရာဇ်(၁၂၁၇)ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် ''မာရ်အောင်မြင်မုနိ'' ဆင်းတုတော်အပါအဝင် ဗုဒ္ဓကြေးဆင်းတုတော်များ၊ ကြေးထည်ပစ္စည်းများကို သင်္ဘောကြီးဖြင့် အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ သယ်ဆောင်သွားခဲ့ပါသည်။

ဘုံဘေမြို့သို့ ရောက်ရှိတော်မူကြကုန်သော ''မာရ်အောင်မြင်မုနိ'' ရုပ်ပွားတော်နှင့် ကြေးဆင်းတုတော်များ၊ ကြေးထည်ပစ္စည်းများကို ဂိုထောင်ကြီးတစ်လုံးအတွင်း၌ အမှိုက်ပုံကဲ့သို့ ပစ်စလက်ခတ်စွန့်ပစ်ထားကြသည်။ ကြေးပိုက်ဆံ၊ ဗုံးဆန်နှင့် အမြောက်ကျည်ဆန်ပြုလုပ်သူများက ကြေးဆင်းတုတော်များကို ဖိုကျင်ထိုးကာ အရည်ကျိုကြသည်။ ''မာရ်အောင်မြင်မုနိ'' မြတ်စွာဘုရားမှာမူ ဖိုကျင်လေးလုံးဆိုင်၍ အပြိုင်ထိုးကြသော်လည်း အရည်မပျော်ဘဲ ရှိနေခဲ့သည်။ လေးလံကြီးမားသော တူများဖြင့် ထုသော်လည်း ဆင်းတုတော်မြတ်မှာ လုံးဝအရာမထင်ဘဲ မူလပကတိအတိုင်း ရှိနေခဲ့ပုံကို

ကျွန်ုပ်မှ ဖွင့်ဆိုပြပါသည်။

ထိုအခါ စုံထောက်စံထူးက ..

"အတော်ကို အံ့ဩဖို့ကောင်းတာပဲ ဆရာရယ်"

"ဒါတွင်ဘယ်ကဦးမလဲ မောင်စံထူးရဲ့၊ အဲဒီအချိန်မှာ မိုးမှောင်ကြီး ကျလာပြီး ဆင်းတုတော်အတွင်းမှာ ဌာပနာထားတဲ့ ဓာတ်တော်တွေဟာ ကွန့်မြူးလို့ ရောင်ခြည်တော်တွေ လွှတ်တော်မူတယ်"

"ဖျက်လိုဖျက်စီးလုပ်တဲ့ ဘာသာခြားတွေကော ဘယ်လိုဖြစ်သွား သေးလဲ ဆရာ"

"ဘာပြောကောင်းမလဲ၊ ပျက်စီးအောင် ဖျက်စီးခဲ့ကြတဲ့ ဘာသာခြား မိစ္ဆာ(၆၄)ယောက်စလုံး သေဆုံးခဲ့ကြတယ်၊ တချို့က သွေးအန်သေတယ်၊ တချို့က ဝမ်းလျှောပြီး သေဆုံးသွားကြတယ်၊ ဒါကို တိုက်ဆိုင်လို့ဖြစ်တာပါ လို့ ပြောလာရင် .. မတိုက်ဆိုင်တဲ့ အကြောင်းနဲ့ တကယ့်ဂိုဏ်းသင့်တဲ့ အကြောင်းကို ထပ်ပြောပြမယ်"

"ဟုတ်ကဲ့ပါဆရာ"

အထူးခြားဆုံးဖြစ်စဉ်တစ်ခုမှာ ဗိတိုရိယဘုရင်မသည် အင်္ဂလန်ပြည် မှာ ရာဇဘိသိက်ခံယူပြီးနောက် အိန္ဒိယပြည် ဒေလီမြို့မှာ ခေတ္တလာရောက် စံမြန်းနေပါသည်။ ထိုစဉ် ဗိတိုရိယဘုရင်မမှာ ဦးခေါင်းအပြင်းအထန် ကိုက်ခဲသော ဝေဒနာကို ခံစားနေရသည်။ ကျွမ်းကျင်သောသမားတော် များ၊ ဆရာဝန်များနှင့် ကုသသော်လည်း ဝေဒနာကမသက်သာ၊ မချိမ ဆန့်ခံစားနေရသည်။ ခေါင်းကိုက်ဝေဒနာကို အပြင်းအထန်ခံစားရင်း တစ်ညသောအခါတွင် ဗိတိုရိယဘုရင်မမှာ ထူးခြားသောအိပ်မက်ကို မြင် မက်သည်။

ထိုအိပ်မက်မှာ ဘုရင်မကြီး၏ ခေါင်းကိုက်ဝေဒနာ ပျောက်ကင်းလိုပါ

က မြန်မာပြည်မှသယ်ဆောင်လာသော "မာရ်အောင်မြင်မုနိ"ရုပ်ပွားဆင်းတု တော်မြတ်အား နေရင်းဒေသသို့ မရောက်ရောက်အောင် ပြန်ပို့ပေးရမည်။ ပြန်မပို့ဘဲနေပါက ဘုရင်မ၏ အသက်ဘေးအန္တရာယ်၊ တိုင်းပြည်မြို့ ရွာ အန္တရာယ်ကြီးစွာဖြစ်မည်။ ဗုဒ္ဓမြတ်စွာဘုရားကို ဖျက်စီးသော တိုင်း နိုင်ငံသည် ကပ်ကြီးများဆိုက်၍ သေကြေပျက်စီးဆုံးရှုံးရတတ်သည်ဟု အိပ်မက်ကို မြင်မက်ခဲ့သည်။

ဘုရင်မကြီးသည် အိပ်ရာမှလန့်နိုးပြီး ထိတ်လန့်တုန်လှုပ်လျက်ရှိ သည်။ မိမိ၏ မှူးမတ်များကို ချက်ချင်းခေါ်စေပြီး "မာရ်အောင်မြင်မုနိ" ရုပ်ပွားဆင်းတုတော်မြတ်ကို ရှာဖွေခိုင်း၏။ ဘုံဘေမြို့ဂိုထောင်အတွင်း ထားရှိသော ကြေးဆင်းတုတော်တို့ကြားဝယ် ထူးခြားသောဆင်းတုတော် မြတ်တစ်ဆူကို တွေ့သည်။ ထိုဆင်းတုတော်မှာ ရောင်ခြည်တော်များ ကွန့်မြူး တောက်ပနေသည်ကို ထူးကဲစွာ တွေ့မြင်ကြသည်။ ဒါကို လူယုတ်မာ မိစ္ဆာများက ဂိုထောင်အတွင်းမှ မြန်မာဘုရားမှာ စုန်းတောက်စားနေသည် ဟု ဗိတိုရိယဘုရင်မအား လျှောက်တင်ကြသည်။

"တော်တော်မိုက်ရိုင်းတဲ့ ဘာသာခြားတွေပဲ"

"ဒါကြောင့်မို့လဲ ဘုရားကိုထားသင့်တာပေါ့ မောင်စံထူးရဲ့၊ ဒါကို တိုက်ဆိုင်လို့ဖြစ်တာပါလို့ ပြောလို့မရဘူးကွ"

"ဟုတ်ပါတယ်ဆရာ"

ဒါကြောင့် ဗိတိုရိယဘုရင်မကြီးသည် ထိုကဲ့သို့ ထူးခြားတော်မူသော ရုပ်တုတော်မှာ မိမိမြင်မက်သည့် အိပ်မက်အရ "မာရ်အောင်မြင်မုနိ"ဘုရား ဖြစ်မည်ဟု တထစ်ချယုံကြည်ခဲ့သည်။ ယုံကြည်သည့်အတိုင်း ထိုဆင်းတု တော်ကိုသယ်ယူလာခဲ့သော မူရင်းဒေသသို့ အမြန်ပို့ဆောင်ရန် ဘုရင်မကြီး က အမိန့်ချမှတ်ခဲ့သည်။ ထိုအချိန်မှစ၍ ဗိတိုရိယဘုရင်မကြီး၏ ခေါင်း

ကိုက်ခဲသောဝေဒနာမှာ ယူပစ်သလို ပျောက်ကင်းသွားခဲ့ပါသည်။

''မာရ်အောင်မြင်မုနိ''ဗုဒ္ဓရုပ်ပွားတော်မှာလည်း မူရင်းဒေသ ဇလွန်မြို့သို့ ပြန်လည်ကြွမြန်း သီတင်းသုံးလျက်ရှိသလို၊ ယနေ့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးဟု သမိုင်းတွင် အထင်အရှား တည်ရှိနေခဲ့ပါသည်။

''အဲဒီဖြစ်စဉ်ဟာ လုပ်ကြံပြီး ဆရာပြောနေတာ မဟုတ်ဘူး၊ ဘုရားသမိုင်းမှာ အထင်အရှားရှိပြီးသား မောင်စံထူးရဲ့''

''ဟုတ်ကဲ့ပါဆရာ''

''ဒါကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းဟာ ရတနာမြတ်သုံးပါး၊ ကျေးဇူးရှင်မိဘ၊ ဆရာသမားနဲ့ ခင်ပွန်းကြီးဆယ်ပါးတို့အပေါ်မှာ ကံသုံးပါးနဲ့ လုံးဝမပစ်မှားရဘူး၊ ပစ်မှားတဲ့သူရှိခဲ့ရင်လည်း နောင်ဘဝမကူးခင် လက်ရှိဘဝမှာပင် ဂိုဏ်းသင့်တတ်တယ်''

## အခန်း(၇)

''ဟုတ်ကဲ့ပါဆရာ''

ကျွန်ုပ်ပြောဆိုခဲ့သော ဘုရားဂိုဏ်းသင့်သည့်ဖြစ်စဉ်ကို ရပ်နားပြီးနောက်၊ မိစ္ဆာတီတ္ထိများ၏အမှုကိုဆက်ရန် တောင်းဆို၏။ ထို့ကြောင့် အမှုစစ်အရာရှိ စုံထောက်စံထူးက အထက်ပါစကားဖြင့် အဖြေပေး၏။

စုံထောက်စံထူးနှင့်အဖွဲ့သည် ရှေးဟောင်းသုတေသန ပညာရှင်များနှင့်အတူ ဒဂုံမြို့နယ် ခရေပင်လမ်းရှိ မစ္စတာအန်တိုနီရပ်(စ်) ငှားရမ်းနေထိုင်ရာ နေအိမ်ခြံဝင်းသို့ ရောက်ရှိကြသည်။ နေအိမ်အတွင်းရှိ ပစ္စည်းများအနက် ရှေးဟောင်း(Antique) ပစ္စည်းစာရင်းများကို သုတေသီများက ရွေးထုတ်ပေး၏။ ထိုပစ္စည်းများမှာ ၈ ပေခန့်ရှိ သစ်သားထိုင်တော်မူ ဘုရားတစ်ဆူ၊

သစ်သားစေတီတစ်ဆူ၊ ဘုရားဆင်းတုပါ သစ်သားတိုင်တစ်လုံး၊ သစ်သား ရုပ်တော်မှုနတ်ရုပ်တစ်ရုပ်၊ မှန်စီရွှေချပလ္လင်သုံးလုံးနှင့် ရွှေပိန်းချ ကျွန်း သေတ္တာရှစ်လုံးတို့ ဖြစ်သည်။ ထို့ကြောင့် စုံထောက်စံထူးမှ တရားလိုပြု လုပ်၍ မစ္စတာအန်တိုနီရပ်(စ်)ပါ (၄)ဦးကို ဒဂုံမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ (ပ)၅/ ၂၀၁၀၊ ရှေးဟောင်းပစ္စည်းများအက်ဥပဒေပုဒ်မ ၇(၅)ဖြင့် အရေးယူ အမှုဖွင့်ရသည်။

ကျန်ရှိသောပစ္စည်းများထဲမှ သမိုင်းဝင်(Historic) ပစ္စည်းများကို သုတေသီများက ဇကာချပေး၏။ ထိုပစ္စည်းများမှာ မှန်စီရွှေချဂဠုန်ရုပ် နှစ်ရုပ်၊ မှန်စီရွှေချနောက်ခံသစ်သား တံကဲတစ်ခု၊ မှန်စီရွှေချပလ္လင်တစ်ခု၊ ရွှေပိန်းချပလ္လင်တစ်ခု၊ မှန်စီရွှေချသစ်သားသေတ္တာသုံးလုံးနှင့် မှန်စီရွှေချ ကျောင်းဆောင်တစ်ခုတို့ဖြစ်သည်။ နေအိမ်တွင်းရှိ ပစ္စည်းအားလုံးကို ရောင်းချရန်အတွက် US$ ဈေးနှုန်းများ ကပ်ထားသည်ကို တွေ့ရ၏။ ထိုသမိုင်းဝင်ပစ္စည်းများနှင့်ပတ်သက်၍ မစ္စတာအန်တိုနီရပ်(စ်)ပါ (၄)ဦးကို ဒဂုံမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ (ပ)၁၄၄/၂၀၁၀ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ)အက်ဥပဒေပုဒ်မ ၅(၃)ဖြင့် အရေးယူရပြန်သည်။

"ဒါဆို မိစ္ဆာတိတ္ထိလေးယောက်ဟာ ဗဟန်းမှာလေးမှု၊ ဒဂုံမှာနှစ်မှု အားလုံး ခြောက်မှုပေါ့"

ကျွန်ုပ်ကပြော၏။ ဒီတော့ စုံထောက်စံထူးက ..

"နောက်ထပ် ကွင်းဆက်တစ်ခု ထပ်ပေါ်လာလို့ မင်္ဂလာတောင်ညွန့်မှာ တစ်မှုထပ်ဖွင့်ရပါသေးတယ်"

"ဘယ်လို ကွင်းဆက်ရခဲ့တာလဲ"

ခရေပင်လမ်းနေအိမ်ကိုရှာဖွေရာ ရှေးဟောင်းနှင့် သမိုင်းဝင်ပစ္စည်းများ ကို ကျောက်တံတားမြို့နယ်အတွင်းရှိ ကုမ္ပဏီတစ်ခုမှ နိုင်ငံခြားသို့တင်ပို့ပေး

ရန် ပစ္စည်းအပ်ထားသော ပြေစာတစ်စောင်ကို တွေ့သည်။ ထိုပြေစာဖြင့် ကုန် ပစ္စည်းအပ်ထားသော ကုမ္ပဏီသို့လိုက်၏။ ကံကောင်းထောက်မစွာဖြင့် ထိုကုန်ပစ္စည်းမှာ နိုင်ငံခြားသို့ မပို့ရသေးဘဲ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းကိုထောင်တွင် ရှိနေကြောင်းသိရ၏။ ထို့ကြောင့် ပစ္စည်းရှိရာကို ထောင်သို့ ချီတက်ကြသည်။ စက်ဆန်းရှိ ဆိပ်ကမ်းကိုထောင်တွင် Art Only မှ တင်ပို့ထားသော အမြင့်(၁၂)ပေခန့်ရှိ ရာဇပလ္လင်တစ်ခုနှင့် ပန်းပုပစ္စည်း(၂၁)မျိုးကို တွေ့၏။ သုတေသီများကိုယ်တိုင် စစ်ဆေးတွေ့ရှိချက်အရ ရာဇပလ္လင်မှာ နှစ်ပေါင်း(၈၀) သက်တမ်းရှိ သမိုင်းဝင်ပစ္စည်း ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် စုံထောက်စံထူးမှ တရားလိုပြုလုပ်၍ Art Only မှ မစ္စတာအန်တိုနီရပ်(စ်)ပါ (၄)ဦးကို မင်္ဂလာတော်ညွန့်ရဲစခန်းမှ (ပ)၂၀၂/၂၀၁၀၊ သွင်းကုန် ထုတ်ကုန်(ယာယီ) ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၅(၃) ဖြင့် အမှုဖွင့်အရေးယူခဲ့ရသည်။

''အဲဒီ(၇)မှုစလုံးကို သက်ဆိုင်ရာ မြို့နယ်တွေမှာပဲ တရားစွဲလိုက်တာလား''

ဟု ကျွန်ုပ်၏အမေးကို အမှုစစ်အရာရှိ စုံထောက်စံထူးက –

''မြို့နယ်မခွဲတော့ဘူး ဆရာ၊ သီးသန့်တရားရုံးတစ်ခုတည်းနဲ့ (၇)မှုစလုံးကို တရားစွဲတင်ပါတယ်၊ အချွန်ကိုတော့ တရားခံပြေးနဲ့ တင်ပါတယ်''

'လက်ရှိ နိုင်ငံခြားသားနဲ့ ပါဝင်ပတ်သက်တဲ့ မိန်းကလေးနှစ်ဦးကို တရားရုံးက ဘယ်လိုအပြစ်ပေးလဲ''

''ကျူးလွန်တဲ့ပြစ်မှုနဲ့ ပြစ်ဒဏ်က မျှတပါတယ်''

ပြစ်မှုကျူးလွန်ခဲ့ကြသော တရားခံမစ္စတာအန်တိုနီရပ်(စ်) ဖီဝါဒတ် (Mr.Antonius Ferwerda)၊ မနီလာနှင့် မသီတာတို့(၃)ဦးအား ဗဟန်းရဲစခန်းမှ (ပ)၈၁၇/၂၀၀၉ ပြစ်မှုပုဒ်မ ၂၉၅ အရ ထောင်ဒဏ်(၂)နှစ်စီ၊

ဗဟန်းရဲစခန်းမှ (ပ)၁၃/၂၀၁၀၊ ရှေးဟောင်းပစ္စည်းအက်ဥပဒေပုဒ်မ ၇(၅) အရ ထောင်ဒဏ်(၂)နှစ်စီ၊ ဗဟန်းရဲစခန်းမှ(ပ)၈၇/ ၂၀၁၀ သစ်တောဥပဒေပုဒ်မ ၄၁(က) အရ ထောင်ဒဏ်(၁)နှစ်စီနှင့် ဗဟန်းရဲစခန်းမှ(ပ) ၁၄၄/၂၀၁၀ သွင်းကုန်ထုတ်ကုန်အက်ဥပဒေပုဒ်မ ၅(၃)အရ ထောင်ဒဏ် (၅)နှစ်စီ ချမှတ်ခဲ့သည်။ ထို့ကြောင့် ဗဟန်းရဲစခန်းမှ ပြစ်မှု(၄)မှုတွင် တစ်ဦးလျှင် ထောင်ဒဏ်(၁၀)နှစ်စီ ဖြစ်သည်။

ဒဂုံရဲစခန်းမှ (ပ)၁၀/၂၀၁၀ ရှေးဟောင်းပစ္စည်းအက်ဥပဒေပုဒ်မ ၇(၅) အရ ထောင်ဒဏ်(၂)နှစ်စီ၊ ဒဂုံရဲစခန်းမှ (ပ)၅၂/၂၀၁၀ သွင်းကုန်ထုတ်ကုန် အက်ဥပဒေပုဒ်မ ၅(၃)အရ ထောင်ဒဏ်(၅)နှစ်စီနှင့် မင်္ဂလာတောင်ညွန့် ရဲစခန်းမှ (ပ)၂၀၂/၂၀၁၀ သွင်းကုန်ထုတ်ကုန်အက်ဥပဒေပုဒ်မ ၅(၃)အရ ထောင်ဒဏ်(၅)နှစ်စီ ချမှတ်ခဲ့သည်။ ဒဂုံနှင့် မင်္ဂလာတောင်ညွန့် အမှု(၃)မှု တွင် တစ်ဦးလျှင် ထောင်ဒဏ်(၁၂)နှစ်စီ ဖြစ်သည်။

ဗဟန်းမြို့နယ်၊ ဒဂုံမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့တွင် ဖြစ်ပွားခဲ့သော ပြစ်မှုများအတွက် ချမှတ်ခဲ့သောပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် သီးသန့်တရားရုံးမှ အမိန့်ချမှတ်ခဲ့သည်ကို စုံထောက်စံထူးမှ ဖွင့်ဆိုပြခဲ့ပါသည်။ စုံထောက်စံထူး၏ စကားအဆုံးတွင် ကျွန်ုပ်က ..

''တို့ မြန်မာစကားပုံမှာ အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုပ်ဆိုတဲ့ စကားရှိတယ်''

''ဟုတ်ပါတယ် ဆရာ''

''အခု ဒီဖြစ်စဉ်မှာပဲကြည့်လေ၊ Art Only အရောင်းပြခန်းရဲ့ လုပ်ငန်းလိုင်စင်ကို မနီလာနဲ့မသီတာ ညီအစ်မနှစ်ဦးအမည်ပေါက်နဲ့လုပ်ထားတယ်၊ သူက နောက်ကွယ်ကကြိုးကိုင်ပြီး လုပ်ချင်သလိုလုပ်နေတယ်၊ ဒါကိုသိလျက်နဲ့ မျက်မျက်ကလေးစားရတော့ ဟိုညီအစ်မ,ကလည်း မသိကျိုးကျွံလုပ်နေ

တယ်၊ အခု အမှုဖြစ်လာတော့ သူတို့ညီမနှစ်ယောက်လည်း ခံကြရတာပဲ မဟုတ်လား''

''ဟုတ်ပါတယ် ဆရာ''

''တိုင်းတစ်ပါးသားပဲဖြစ်ဖြစ်၊ တို့နိုင်ငံသားပဲဖြစ်ဖြစ် သူတို့ရဲ့ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းမှာ သူတို့အမည်ပေါက် မှတ်ပုံမတင်ဘဲ တစ်ဦးတစ်ယောက် အမည်ပေါက်နဲ့မှတ်ပုံတင်ရင် အဲဒီ အမည်ပေါက်မှတ်ပုံတင်ဟာ နစ်မြုပ် သွားမယ့် လုပ်ငန်းလိုင်စင်လား၊ ငွေရှာနိုင်မယ့် လုပ်ငန်းလိုင်စင်လား စဉ်းစားရမယ်ကွ''

''ဟုတ်ပါတယ်ဆရာ၊ အခုပဲကြည့်လေ၊ သံသရာမှာ ငရဲကိုသွားမယ့် အမည်ပေါက်မှတ်ပုံတင်ခဲ့မိလို့ အခု ပစ္စုပ္ပန်မှာ အဲဒီညီအစ်မနှစ်ယောက် လောကငရဲမှာ ခံစားနေရပြီလေ''

''ဘယ်သူမပြု မိမိမှုလို့ပဲ မှတ်ယူရမှာပေါ့ကွာ''

## အခန်း(၈)

''ပြုသူအတွက် ခံစားရတဲ့အမှုဟာ ဓမ္မတာသဘောပေါ့ဆရာရယ်၊ ဒါပေမဲ့ အပြုခံရတဲ့သူ ပျက်သွားတာကတော့ အတော့်ကိုနာကျည်းကြေကွဲ ဖွယ်ကောင်းပါတယ်''

''ဘာကိုဆိုလိုတာလဲ မောင်စံထူးရဲ့''

''အဲဒီ နိုင်ငံခြားသားက အရွယ်မရောက်သေးတဲ့ မိန်းကလေးကို သားမယားအဖြစ် အဓမ္မပြုကျင့်မှုကို ဆိုတာပါ''

''အေး ‥ ဟုတ်သားပဲ၊ ရှေ့ပိုင်းမှာ မင်းအဖွင့်ပြထားပြီး အပိတ်မပြော သေးဘူးလေ၊ လုပ်စမ်းပါဦး အဲဒီဖြစ်စဉ်ကို''

ကျွန်ုပ်၏ တောင်းဆိုမှုကြောင့် Art Only အရောင်းပြခန်း၏ပိုင်ရှင်

နယ်သာလန်နိုင်ငံသား မစ္စတာအန်တို နီရပ်(စ်)ဖီဝါဒတ် (Mr.Antonius Ferwerda) ၏ လူမဆန်စွာပြုကျင့်မှုကို စုံထောက်စံထူးမှ ဤသို့ဖွင့်ဆိုပြပါသည်။

ဒေါ်မြနှင့် မလှတို့သားအမိသည် ဧရာဝတီတိုင်း ဓနုဖြူမြို့နယ်ရှိ ရွာတစ်ရွာမှ ဖြစ်ကြသည်။ ဒေါ်မြ၏အသက်မှာ (၃၅)နှစ်ခန့်သာရှိသေး၍ သမီးမလှ၏ အသက်မှာ (၁၃)နှစ်ကျော်ခန့်ဖြစ်သည်။ သူတို့သားအမိသည် လယ်ယာနှင့်နီး ချောဖျာယက်လုပ်သောအလုပ်ဖြင့် အသက်မွေးမှုပြုကြသည်။ တစ်နေ့တွင် သမီးမလှက ..

''အမေရယ် .. သမီးမှာလည်း တစ်နေ့ တစ်နေ့ ဖျာယက်ရတာ လက်တွေလည်း ပေါက်လှပါပြီ၊ ရန်ကုန်မှာ အလုပ်အကိုင်လေး ရှာပေးပါလား''

''ရန်ကုန်လို့မြို့ကြီးမှာ အလုပ်အကိုင်ရဖို့ဆိုတာက လွယ်တာမဟုတ်ဘူး သမီးရဲ့၊ အလုပ်အကိုင်ရမယ်ဆိုပြီး လူကောင်းနဲ့တွေ့ရင်တော်ရဲ့၊ လူလိမ်လူညာနဲ့တွေ့ရင် ဒုက္ခ''

''ရန်ကုန်မှာ အဖွားဒေါ်မြမေတစ်ယောက်လုံးရှိတာပဲ၊ အဖွားကို အကူအညီတောင်းမှာပေါ့၊ အဖွားက စိတ်ချရတယ်ဆိုရင် ဘာပူစရာလိုလည်း အမေရယ်''

ဒေါ်မြ၏မိခင်၊ မလှ၏အဖွား ဒေါ်မြမေသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် နေထိုင်ပါသည်။ ဒေါ်မြမေကလည်း ပြည့်စုံကြွယ်ဝသူမဟုတ်၊ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တစ်ဦး ဖြစ်သည်။ မိခင်ကို အပူမကပ်လို၍ ဒေါ်မြက သမီးမလှကို ဖျောင်းဖျနှစ်သိမ့်သော်လည်းမရ၊ သတိတရရှိတိုင်း မလှက မိခင်ဒေါ်မြကို နားပူနားဆာလုပ်သည်။ နောက်ဆုံး မည်သို့မျှဖြေသိမ့်မရသဖြင့် ဒေါ်မြလည်း သမီးမလှ၏အလိုကို လိုက်လျောခဲ့ရသည်။

ထို့ကြောင့် သားအမိနှစ်ယောက်သည် ဓနုဖြူမြို့မှ ရန်ကုန်မြို့သို့ ထွက်လာခဲ့ကြသည်။ ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ်ရှိ မိခင်ဒေါ်မြမေအိမ်တွင် တည်းခိုကြသည်။ မိခင်ဒေါ်မြမေကိုလည်း လာရင်းအကြောင်းကို ပြောဆိုပြ၏။ ဒေါ်မြမေကလည်း မြေးဖြစ်သူ မလှအတွက် ယုံကြည်စိတ်ချရသူရှိက အလုပ်အပ်ပေးမည့်အကြောင်း ပြောဆိုပြသည်။

တစ်နေ့ မနက်ပိုင်းတွင်ဖြစ်သည်။ ဒေါ်မြမေက စားဝတ်နေရေးအတွက် ဈေးရောင်းထွက်သွား၏။ နေအိမ်တွင် ကျန်ရှိခဲ့သော ဒေါ်မြနှင့် သမီးမလှတို့ကလည်း ရောက်တုန်းရောက်ခိုက် ဘုရားဖူးရန် နေအိမ်မှ မြောက်ဥက္ကလာပရှိ မယ်လမုဘုရားသို့ သွားကြသည်။ သားအမိနှစ်ယောက်သည် ဘုရားဝတ်ပြု၊ သီလဆောက်တည်ပြီးနောက် ဘုရားပရဝဏ်အတွင်း လှည့်လည်လေ့လာကြသည်။

''အစ်မတို့က ဘယ်မြို့က လာကြတာလဲ''

အနီးအနားမှ မိန်းမသားတစ်ဦး၏အသံကြောင့် ဒေါ်မြက အသံလာရာသို့ လှည့်ကြည့်လိုက်သည်။ သူတို့သားအမိ၏ နံဘေးတွင် အသက်(၆၀)ခန့် အမျိုးသမီးကြီးတစ်ဦးနှင့် အသက်(၃၀)ကျော်ခန့် အမျိုးသမီးတစ်ဦးတို့ကို တွေ့သည်။ ထို့ကြောင့် အသံရှင်အမျိုးသမီးကို ဒေါ်မြက ..

''အစ်မတို့ ဓနုဖြူမြို့ကပါကွယ်''

''ဘုရားဖူးသက်သက်ပဲလား''

''အင်း .. ဘုရားလည်းဖူး၊ သမီးလေးအတွက် အဆင်ပြေမယ့်အလုပ်အကိုင်လေးလည်းရှာပေးဖို့ ရွာက ထွက်လာကြတာပါ''

''အစ်မတို့က ဘာအလုပ်လုပ်ချင်လို့လဲ''

''အလုပ်ကတော့ မရွေးပါဘူးကွယ်၊ သမီးလေးအတွက် စိတ်အေးရမယ့်အလုပ်မျိုးဖြစ်ရင် ပြီးတာပါပဲ''

ဒေါ်မြ၏ ရိုးသားပွင့်လင်းသောစကားက ထိုအမျိုးသမီးနှင့် သူမ၏ မိခင်တို့အတွက် အကွက်ဝင်လာခဲ့ပါသည်။ ထို့ကြောင့် အမျိုးသမီးက မိမိ၏အမည်မှာ မဝါဖြစ်၍ အတူပါမိခင်မှာ ဒေါ်သိန်းဖြစ်ကြောင်းနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)တွင် နေထိုင်ကြောင်း အိမ်လိပ်စာကိုပါ ပြောဆိုပါသည်။ ဒေါ်မြကလည်း သူမ၏အမည်နှင့် သမီးလေး၏အမည်ကိုပါပြော၍ အပြန်အလှန်မိတ်ဖွဲ့ခဲ့ကြပါသည်။ မိန်းမသားချင်းဆိုတော့ ဒေါ်မြက မဝါတို့သားအမိကို ယုံကြည်စိတ်ချပါသည်။ ဒါကြောင့် ဖြစ်ကြောင်းကုန်စင်ကို ဒေါ်မြက မဝါတို့သားအမိကို ရှင်းပြသည်။

ဒေါ်သိန်းနှင့်မဝါကလည်း ဒေါ်မြ၏သမီးမလှကို မြင်လျှင်မြင်ချင်း သွေးသားရင်းကဲ့သို့ သံယောဇဉ်ရှိကြောင်း ဂရုဏာစကားဆိုသည်။ လတ်တလော မလှအတွက် အဆင်ပြေနိုင်သောအလုပ်မှာ အိမ်ဖော်ဖြစ်သည်။ တစ်လနှစ်သောင်းခွဲ လုပ်ခရမည်။ လုပ်ရမည့်အိမ်ကလည်း ခြံဝင်းတိုက်တာဖြင့် လူကြီးလူကောင်းအိမ်ဖြစ်၍ မလှအတွက် စိတ်ချရသည်။ မလှလိမ္မာ၍ တာဝန်ကျေပြီး စိတ်ချရလျှင် အိမ်ရှင်က မလှကို လွှဲအပ်ထားမှာဖြစ်သည်။ မိမိတို့ ဆောင်ကြဉ်းပေးနိုင်သော အိမ်ဖော်အလုပ်ကို လုပ်လိုသည်ဆိုပါက မိမိတို့နေထိုင်ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်သို့ တစ်ပါတည်းလိုက်ခဲ့ရန် ခေါ်သည်။

ဒေါ်မြကလည်း သမီးမလှ၏ သဘောထားကို မေးသည်။ မလှကလည်း နဂိုကမှ ညိုမြဖြစ်နေသူမို့ ချက်ချင်းပင် လိုက်သွားဖို့ ဆန္ဒပြုသည်။ ရိုးသားဖြူစင်သော ဒေါ်မြနှင့် သမီးမလှတို့သည် အပြင်သဏ္ဍာန်ဖြူး၍ အတွင်းသရုပ်ကောက်ကျစ်သော ဒေါ်သိန်းနှင့် သမီးမဝါတို့ ခေါ်ဆောင်ရာသို့ ကောက်ကောက်ပါသွားခဲ့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) နေအိမ်ရောက်တော့ မဝါက ဒေါ်မြတို့သား

အမိကို မိသားစုနှင့်မိတ်ဆက်ပေးသည်။ မဝါတို့မိသားစုကို တွေ့မြင်ရသော ဒေါ်မြမှာ သမီးမလှအတွက် ရတက်အေးခဲ့ရသည်။ ဒါကြောင့် ဒေါ်မြက သမီးမလှကို မဝါတို့မိသားစုထံ အပ်နှံ၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်မှ မိခင်ဒေါ်မြမေရှိရာ နေအိမ်သို့ ပြန်လာခဲ့ပါသည်။

## အခန်း(၉)

"လာ မမမြ ထိုင်၊ သမီးမလှကို တစ်နေ့ကပဲ ကျမကိုယ်တိုင် သူဌေးအိမ်မှာ အလုပ်အပ်ပေးလိုက်ပြီ၊ သမီးက လိမ္မာတော့ အိမ်ရှင်နဲ့ အဆင်ပြေမှာပါ"

မလှကိုအပ်ပြီး နှစ်ရက်အကြာ ဒေါ်မြက မဝါအိမ်သို့ရောက်လာသည်။ ထို့ကြောင့် မဝါက ဒေါ်မြကို အထက်ပါစကားဖြင့် ခရီးဦးကြိုသည်။ ဒီတော့ ဒေါ်မြက ..

"ကျေးဇူးတင်ပါတယ် မဝါရယ်၊ အစ်မလည်း မနက်ဖြန် ရွာပြန်တော့မှာမို့ သမီးလေးကို နှုတ်ဆက်ရင်း မှာစရာရှိတာ မှာခဲ့ချင်ပါတယ်၊ အဲဒါကြောင့် သမီးရှိတဲ့နေရာကို လိုက်ပို့ပေးပါလား"

"ဟုတ်ကဲ့ မမမြ၊ ကျွန်မလိုက်ပို့ပေးပါမယ်"

ဒေါ်မြနှင့် မဝါတို့သည် မလှအိမ်ဖော်လုပ်ရာ ဒဂုံမြို့သစ် ခရေပင်လမ်းရှိ မစ္စတာအန်တိုနီရပ်(စ်)ဖီဝါဒတ် နေအိမ်သို့ ထွက်လာကြသည်။ ထိုနေအိမ်အရောက်တွင် ခြံစောင့်မှ မလှကို သွား ခေါ်ပေးသည်။ ဒေါ်မြနှင့်မဝါတို့မှာ ခြံ ပေါက်ဝမှာပင် စောင့်နေရသည်။ ခဏအကြာ ခြံစောင့်နှင့်အတူ မလှပါလာသည်။ ခြံပေါက်ဝတွင် မိခင်ကိုတွေ့မြင်ရသော မလှသည် မိခင်အား ပြေးဖက်၍ ရှိုက်ကြီးတငင်ဖြင့် ငိုကြွေးပါတော့သည်။

အမှတ်မထင် အသွင်သဏ္ဍာန်သံရုပ်က မိခင်ဒေါ်မြအတွက် တုန်လှုပ်

စရာပင်ဖြစ်ပါသည်။ တတ်နိုင်သမျှ စိတ်ကိုထိန်း၍ သမီးမလုကို မေးမြန်းကြည့်သည်။ မလုက ထိုအိမ်သို့ ရောက်ရှိသည့် မနေ့ညကပင် အိမ်ရှင်နိုင်ငံခြားသားမှ မိမိအား သားမယားအဖြစ် အဓမ္မပြုကျင့်ကြောင်း ကြေကွဲဝမ်းနည်းစွာ ပြောပြခဲ့သည်။ သမီးမလု၏စကားက မိခင်ဒေါ်မြတွင် ငယ်ထိပ်သို့ မြွေခဲသလို ကြေကွဲဖွယ်အတိဖြင့် ခံစားခဲ့ရပါသည်။

ထို့ကြောင့် ဒေါ်မြသည် သမီး မလုကိုလက်စွဲ၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) ရဲစခန်းသို့ သွားခဲ့ကြသည်။ ရဲစခန်းတွင် ဖြစ်စဉ်အကျိုးအကြောင်းကို ရှင်းပြကြသည်။ မြို့နယ်ရဲတပ်ဖွဲ့မှ စုံစမ်းပေါ်ပေါက်မှုအရ ဒေါ်သိန်း၊ သမီးမဝါနှင့် မစ္စတာအန်တိုနီရပ်(စ်)ဖီဝါဒတ်တို့ကို ဒဂုံမြို့သစ်(မြောက်ပိုင်း)ရဲစခန်းမှ (ပ)၄၆၄/၂၀၀၉ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၆(က) (ကာမပွဲစားအဖြစ်ဖြင့်အရွယ်မရောက်သေးသော မိန်းကလေးကို ရှာပေးခြင်း)ဖြင့် အမှုဖွင့်အရေးယူသည်။ ထို့ပြင် အဓမ္မပြုကျင့်ခံရသော မလုကိုလည်း တရားဝင်ဆေးရုံသို့ ပို့အပ်၍ ဆေးစစ်ခံယူစေသည်။ ဆေးဆရာဝန်၏ စမ်းသပ်စစ်ဆေးတွေ့ရှိချက်တွင် မလု၏မိန်းမကိုယ်၌ လတ်တလော အဓမ္မပြုကျင့်ခံရသောလက္ခဏာ တွေ့ရှိကြောင်း သိရသည်။ ထို့ကြောင့် နယ်သာလန်နိုင်ငံသားမစ္စတာအန်တိုနီရပ်(စ်)ဖီဝါဒတ် (Mr. Antonus Ferwerda) ကို ဒဂုံရဲစခန်းမှ (ပ)၃၁၄/၂၀၀၉ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ (မုဒိန်းမှု) ဖြင့် အရေးယူမှုများ ရှိခဲ့ကြောင်း စုံထောက်စံထူးမှ ခင်းကျင်းပြခဲ့ပါသည်။

''အဲဒီ ကာမပွဲစားသားအမိနဲ့ လူ့တိရစ္ဆာန်တို့ကော အပြစ်မကျဘူးလား''

''အပြစ်ကျပါတယ် ဆရာ၊ ဒေါ်သိန်းနဲ့ သမီးမဝါတို့ကို ထောင် ၁၀ နှစ်စီနဲ့ အဓမ္မပြုကျင့်တဲ့ နိုင်ငံခြားသားကိုလည်း ထောင် ၁၀ နှစ် အမိန့်ချခဲ့ပါတယ်''

''အေးကွာ ..၊ သူ့ အကုသိုလ်နဲ့သူ ခံစားရတာတော့ ဥပက္ခော တရားနဲ့ပဲ ရှုပွားရမှာပေါ့။ မသိနားမလည်တဲ့ ဒေါ်မြနဲ့ သမီးမလှအတွက် ကတော့ ရင်နင့်ဖွယ်ရာပါ''

''ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် တို့နိုင်ငံက တောသူတောင်သား အများစုဟာ ရိုးသားကြတယ်။ သဘောကောင်းတယ်။ ယုံလွယ်တတ်တယ်။ ဒါကြောင့် ကောက်ကျစ်ပြီး မတော်မတရားလုပ်တဲ့သူနဲ့ ကြုံဆုံလာတဲ့အခါ မဖြစ်သင့်တာတွေ ဖြစ်လာခဲ့ရပါတယ်''

''မှန်တာပေါ့ မောင်စံထူးရယ်၊ လူလိမ်ခံရတယ်ဆိုတာဟာ ရိုးသားပြီး သဘောလွယ်တဲ့သူနဲ့ လောဘတတ်တဲ့ သူနှစ်မျိုးပဲရှိတယ်။ အခုဖြစ်စဉ်မှာ ဒေါ်မြတို့သားအမိဟာ ရိုးသားလွန်းလို့ လူလိမ်ခံလိုက်ရတာပဲ''

''ဟုတ်ပါတယ် ဆရာ''

''အေး .. လောဘတက်လို့ လူလိမ်ခံလိုက်ရတဲ့ ဆရာ့ရဲ့ ကိုယ်တွေ့ ဖြစ်စဉ်တစ်ခုကို ပြောပြမယ်''

''ဟုတ်ကဲ့ ပြောပါ ဆရာ၊ ကျွန်တော်ကော ဆရာ့စာဖတ်ပရိသတ် ကော ဗဟုသုတဖြစ်တာပေါ့''

လွန်ခဲ့သော ၁၀ နှစ်ဝန်းကျင်ခန့်ဟု ထင်ပါသည်။ ထိုစဉ်က စာရေးသူ သည် အင်းစိန်(စီအိုင်ဒီ)တွင် တာဝန် ထမ်းဆောင်ဆဲဖြစ်ပါသည်။ ထိုအချိန် တွင် မြန်မာ့ဆက်သွယ်ရေးမှ ၁၅ သိန်းတန် လက်ကိုင်ဖုန်းများချပေးဖို့ လျှောက်လွှာခေါ်ယူချိန်ဖြစ်ပါသည်။ စာရေးသူလည်း စုံထောက်အရာရှိတစ် ဦးဖြစ်၍ အမှန်တကယ်လိုအပ်သောကြောင့် ထို ၁၅ သိန်းတန်ဖုန်းကို တရားဝင်လျှောက်လွှာတင်ခဲ့ပါသည်။ လျှောက်လွှာတင်ပြီး တစ်နှစ်ခန့်ကြာ သော်လည်း အဖြေကထွက်မလာ။ သို့ကြောင့် လက်ကိုင်ဖုန်းလိုချင်သော ဆောဘကို လျှော့ချလိုက်ပါသည်။

တစ်နေ့ မနက်ပိုင်းရုံးပိတ်ရက်တွင်ဖြစ်သည်။ စာရေးသူနေအိမ်သို့ ကျောင်းနေဖက်သူငယ်ချင်း အေးချို ရောက်လာသည်။ မတွေ့တာကြာပြီဖြစ်သော ငယ်သူငယ်ချင်းအေးချိုကို စာရေးသူမှ ညှိခံခဲ့သည်။ သူငယ်ချင်းဖြစ်သူသည် အမည်နှင့်လိုက်အောင် အနေအထိုင်အေးဆေးပြီး အပြောအဆိုမှာ ချိုသာပါသည်။

သူငယ်ချင်းနှစ်ယောက် နံနက်စာအတူစားရင်း ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများကို ပြောဆိုခဲ့ကြ ပါသည်။ ထိုစဉ် သူငယ်ချင်းအေးချိုမှ အခုတလော လူတွေရောဂါထနေသော ၁၅ သိန်းတန် ဖုန်းလျှောက်လွှာတင်မထားဘူးလားဟု မေးသည်။ စာရေးသူကလည်း လျှောက်လွှာတင်ထားကြောင်းနှင့် အဖြေမသိရသေးကြောင်း ပြောပြသည်။ ဒီတော့ အေးချိုက လျှောက်လွှာမိတ္တူရှိသလားဟု မေး၏။ စာရေးသူကလည်း မိတ္တူရှိကြောင်းနှင့် လျှောက်လွှာကို ထုတ်ပြသည်။ အေးချိုက လျှောက်လွှာမိတ္တူကို ဖတ်ရှုကြည့်သည်။ ထို့နောက် အေးချိုက ဆက်သွယ်ရေးတွင် ဖုန်းချပေးသူ အရာရှိကို သူပိုင်ကြောင်း၊ စာရေးသူအတွက် တစ်ပတ်အတွင်း ဖုန်းရဖို့ တာဝန်ယူကြောင်း၊ ထို့ကြောင့် ဤလျှောက်လွှာ မိတ္တူနှင့် ငွေငါးသောင်းကို ပေးရမည့် အကြောင်း ပြောဆိုပါသည်။

သူငယ်ချင်းအေးချို၏ပြောစကားကြောင့် စာရေးသူ၏လောဘက ကြွတက်လာခဲ့ပါသည်။ ထို့ကြောင့် ဇနီးသည်ကို နားပူနားဆာလုပ်၍ ငွေငါးသောင်းတောင်းရသည်။ ဇနီးသည် ထုတ်ပေးသော ငွေငါးသောင်းနှင့် စာရေးသူ၏ ဖုန်းလျှောက်လွှာမိတ္တူကို သူငယ်ချင်းအေးချိုသို့ ပေးအပ်လိုက်သည်။ ငွေနှင့်လျှောက်လွှာလက်ခံကို အေးချိုက ရယူပြီးနောက် အောက်ခြေဝန်ထမ်းအတွက် လက်ဆောင်ပစ္စည်းအသီးအနှံကို သူကပင် အကုန်အကျခံပါမည်ဟု ပြောဆိုပြီး နေအိမ်မှပြန်သွားခဲ့ပါသည်။

ယခုစာရေးနေသည့် အချိန်အထိ သူငယ်ချင်းအေးချိုလည်း ပေါ်မလာ။ ၁၅ သိန်းတန်ဖုန်းလည်း နတ္ထိဖြစ်ခဲ့ရသည်။ ဒါက အကြောင်းမဟုတ်။ သူငယ်ချင်းသို့ ပေးလိုက်ရသည့် ငွေငါးသောင်းအတွက် ဇနီးသည်မှ ယနေ့ အထိ ပြောမဆုံးပေါင် တောသုံးတောင်ပင်ရှိနေခဲ့ပါသည်။ ဤသည်မှာ စာရေးသူ၏ လောဘကြောင့် လူလိမ်ခံရခြင်း ပင်ဖြစ်ပါသည်။ ယခုတော့ လည်း နိုင်ငံတော်၏ ကျေးဇူးကြောင့် စာရေးသူတွင် ၁၅၀၀ိ/ တန်ဆင်းကတ် ဖြင့်ကျေနပ်နှစ်သိမ့်နေရပါသည်။ စကားအဆုံးတွင် စုံထောက်စံထူးက ..

''ဆရာ့ဖြစ်စဉ်ကတော့ ကျားဖင် ခွေးထိုးဆိုတာလိုပါပဲ''

ဟု မျက်ရည်ထွက်မတတ် ရယ်ရွှင်ကာဖြင့် နောက်ပြောင်ပါသည်။ ဒီတော့ ကျွန်ုပ်ကလည်း ..

''ဒီလိုပဲပေါ့ မောင်စံထူးရယ်၊ စုံထောက်ဆိုတာ တစ်ခါတစ်ရံ အဲဒီ စကားနဲ့ ပြောင်းပြန်ဖြစ်တတ်ပါတယ်။ တော်သေးတာပေါ့ကွာ ငွေငါးသောင်း ပဲဆုံးလို့၊ ငါးသိန်းလောက်များဆုံးရင် လင်မယားချင်း ထသတ်လောက် တယ်''

ဟု ပြုံးရွှင်စွာ ပြောဆိုခဲ့ရာ မောင်စံထူးလည်း နှစ်သက်သဘောကျ စွာဖြင့် ရယ်မောလျက်ရှိနေပါသည်။ ထို့နောက် ကျွန်ုပ်က ..

''အဲဒီအချိန်ကစပြီး ငါ့ခေါင်းထဲမှာ Motto (ဆောင်ပုဒ်)တစ်ခု အမြဲ ထည့်ထားတယ်။ အိမ်မှာလည်း ချိတ်ဆွဲထားတယ်''

''ဘယ်လိုဆောင်ပုဒ်များလည်း ဆရာ''

''တို့ မြန်မာ့ယဉ်ကျေးမှုနဲ့လည်း ကိုက်ညီတယ်။ ကိုယ်လည်း လူလိမ် လူညာမခံရအောင် စဉ်းစားသုံးသပ်ဆင်ချင်ဖို့က **''Every Body Respect But Suspect''** တဲ့၊ အဓိပ္ပါယ်ကတော့ **လူတိုင်းကို ရိုသေလေးစားပါ သို့သော် သံသယအတွေးတော့ ရှိပါစေ''**

■■■



ပန်းချီ မင်းထက်နိုင်

စုံထောက်

# မောင်ရေခဲ

စုံထောက်စံရှူး

နှင့်

နိုင်ငံကူး တရားခံ

အခန်း(၁)

"လာကွာ မောင်စံထူး ထိုင်"

အင်းစိန်(စီအိုင်ဒီ)ရှိ အောက်မြန်မာနိုင်ငံမှုခင်းတပ်ဖွဲ့ခွဲမှူးရုံးခန်းတွင် ဖြစ်သည်။ တပ်ဖွဲ့ခွဲမှူး(ရဲမှူးကြီး)မှ ဖိတ်ခေါ်၍ စုံထောက်စံထူးက စားပွဲရှေ့ထိုင်ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ထိုစဉ် တပ်ဖွဲ့ခွဲမှူးက ..

"ဟောဒီမှာ နရခက ကြေးနန်းတစ်စောင် ဝင်လာတယ်၊ အဲဒီတာဝန်ကို မင်းကိုပေးမလို့"

ဟုဆိုပြီး စားပွဲပေါ်ရှိ စာရွက်တစ်ရွက်ကို စုံထောက်စံထူးသို့ ကမ်းပေးသည်။ စုံထောက်စံထူးက စာရွက်ကိုလှမ်းယူပြီးဖတ်ရှုနေစဉ် တပ်ဖွဲ့ခွဲမှူးက ..

"စာထဲမှာတော့ ရှည်ရှည်ဝေးဝေး မပါလှဘူးကွ၊ တရုတ်နိုင်ငံ ဘေဂျင်းမြို့၊ NCB ကဖမ်းဝရမ်းထုတ်ထားတဲ့ တရားခံပြေးကိုအင်တာပိုလ်ကလည်း Red Notice ထုတ်ပြန်ထားတယ်။ အဲဒီတရားခံပြေးကို စုံစမ်းဖမ်းဆီးပေးဖို့ပဲ"

မှန်ပါသည်။ တာဝန်ပေးစာထဲမှာ က ရှည်ရှည်ဝေးဝေးမပါ။ တရားခံပြေးအမည်က ကျန်ထင်းကျန် (Zhang Tian Zhen)၊ တိမ်းရှောင်နိုင်သည့်နေရာက ပန်းလှိုင်အိမ်ရာ၊ ဝါသနာပါသည့် အားကစားက ဂေါက်သီးရိုက်ကစားခြင်းတို့သာပါရှိသည်။ တရားခံပြေး၏ ပုံပန်းသဏ္ဌာန်၊ အသက်အရွယ်၊ ထင်ရှားသောအမှတ်အသား၊ နေရပ်လိပ်စာအတိအကျနှင့် ဓာတ်ပုံမှတ်တမ်းများက လုံးဝမပါ။ ရန်ကုန်မြို့နေ အမေ့ထံပေးပါ။ နေအိမ်ရှေ့လမ်းနံဘေးတွင် ဗန်ဒါပင်ရှိသည်ဆိုသကဲ့သို့ လူကြုံပါးသော စာတစ်စောင်လိုဖြစ်နေပါသည်။ တာဝန်ပေးစာကိုဖတ်၍ စဉ်းစားတွေဝေနေသူစုံထောက်စံထူးအားကြည့်ပြီး တပ်ဖွဲ့ခွဲမှူးက ..

"အဲဒီလောက်လည်းတွေဝေမနေပါနဲ့ကွာ ..၊ အဲဒီဝရမ်းပြေးရဲ့အကြောင်းကို ကိုယ်စုံစမ်းသိရသလောက် ပြောပြပါ့မယ်"

တရုတ်နိုင်ငံသားဝရမ်းပြေးကျန်ထင်းကျန်သည် ဂေါက်ရိုက်ကစားခြင်းကို လွန်စွာမှ ခရေဇီဖြစ်သည်။ မြန်မာ နိုင်ငံတွင် တစ်နှစ်ခန့်နေထိုင်ခဲ့ဖူးသည်။ မြန်မာနိုင်ငံရှိ တရုတ်သံရုံးသို့ အဝင်အထွက်အသွားအလာရှိသည်။ လူကြီးများနှင့်အဆက်အသွယ်ရှိသည်။ အကိုင်အတွယ်မတတ်လျှင် အန္တရာယ်ရှိသည်။ ကြွယ်ဝချမ်းသာသူဖြစ်၍ အကတိမကင်းလျှင် ဘဝပျက်သွားနိုင်သည်။ အကတိကင်းကင်းဖြင့် တာဝန်သိသိ သစ္စာရှိရှိထမ်းဆောင်ခဲ့လျှင် နိုင်ငံတော်၏ ချီးမြှင့်မြှောက်စားမှုကိုခံရမည့်အကြောင်း တပ်ဖွဲ့ခွဲမှူးကခင်းပြသည်။ တပ်ဖွဲ့ခွဲမှူး၏မှာချေစကားအပြီးတွင် စုံထောက်စံထူးက ..

"အလုပ်တာဝန်ထမ်းဆောင်ရင်း သေချင်သေသွားပါစေ၊ စုံထောက်စံထူးဆိုတဲ့ နာမည်တစ်လုံးကိုတော့ ကျွန်တော် အသေမခံပါဘူး။ အသက်နဲ့လဲပြီး ကာကွယ်သွားပါ့မယ် အဘ"

"ဒါကြောင့်မို့လည်း မင်းကို ဒီတာဝန်ပေးတာပေါ့ကွာ"

"ဟုတ်ကဲ့ စိတ်ချပါအဘ၊ ကျွန်တော် တစ်ခုတော့ တင်ပြချင်ပါတယ်"

"ပြော မောင်စံထူး"

"တိုင်းတစ်ပါးသားဖြစ်နေတော့ လူမှားသွားရင် မကောင်းပါဘူး။ ပြီးတော့ လူကြီးနဲ့အဆက်အသွယ်ရှိတယ်ဆိုတော့ ကျွန်တော်တို့ကိုင်တွယ်ရတာ ညင်သာဖို့လိုပါတယ်"

"မှန်တာပေါ့ကွာ၊ ဒီအထာတွေကိုတော့ မင်းကကျေညက်ပြီးသားပါ"

"ဟုတ်ကဲ့ပါ အဘ၊ ဖြစ်နိုင်မယ်ဆိုရင်တော့ အဲဒီတရားခံပြေးရဲ့ဓာတ်ပုံ၊ ဒါမှမဟုတ် ထင်ရှားတဲ့ကိုယ်ပုံသဏ္ဌာန်ကို ကျွန်တော်ရချင်ပါတယ်"

"အေးကွာ မင်းလိုချင်တာကို ငါ မဖြစ်ဖြစ်အောင် ကြိုးစားပေးပါ့မယ်"

အထက်နှင့်အောက်ဆိုသည်မှာ လုပ်ငန်းတာဝန်ဖြင့် ပတ်သက်လာလျှင် အလျှားအနံ့မရှိသော်လည်း အသွားအပြန်တော့ရှိရပါသည်။ ယခုလည်း အောက်လက်မှ လိုအပ်သည်ကို ဖြည့်ဆည်းပေးရမှာက အထက်လူကြီး၏ တာဝန်တစ်ရပ်။ ဒါတွင်မက ဝရမ်းပြေးတရားခံကျန်ထင်းကျန်သည် သူ၏ စီးပွားရေးလုပ်ငန်းမှ သူ့နိုင်ငံသို့ ပေးဆောင်ရမည့်အမြတ်ခွန်များကို မပေးဆောင်သဖြင့် အမှုဖွင့်အရေးယူထားခြင်းကို ထွက်ပြေးတိမ်းရှောင်နေသူဖြစ်ကြောင်းကိုပါသိရသည်။ ထို့အတူ ဝရမ်းပြေးတရားခံကျန်ထင်းကျန်သည် မြန်မာနိုင်ငံသို့ တရားဝင်ဗီဇာဖြင့် လာရောက်ခြင်းမဖြစ်နိုင်။ တရားမဝင်သောနည်းလမ်းဖြင့် ဝင်ရောက်နေထိုင်ခြင်း ဖြစ်သည်။ သို့ကြောင့် စုံစမ်းဖော်ထုတ်ရရှိပါက ပြဋ္ဌာန်းထားသော တရားဥပဒေဖြင့်အညီ အရေးယူဆောင်ရွက်နိုင်ဖို့ကိုလည်း တပ်ဖွဲ့ခွဲမှူးမှ လမ်းညွှန်မှုပြုသည်။

"ပန်းလှိုင်အိမ်ရာဆိုတာက ကိုယ်သိသလောက်သုံးခုလောက်ရှိတယ်ကွ မောင်စံထူးရဲ့၊ မင်းဘယ်အိမ်ရာကစဝင်မှာလဲ"

တပ်ဖွဲ့ခွဲမှူးမှဆိုသည်။ စုံထောက်စံထူးဆိုသူကလည်း ခေသူမဟုတ်၊ ရန်ကုန်မြို့ကို ခါးစောင်းတင်ထားသူတစ်ယောက်၊ သို့ကြောင့် တပ်ဖွဲ့ခွဲမှူး

၏အမေးကို သုံးသပ်ဆင်ခြင်၍ စုံထောက်စံထူး၏အဖြေက ..

"ဟုတ်ပါတယ်အဘ၊ ပန်းလှိုင်အိမ်ရာနှစ်ခုကတော့ လူနေတိုက်ခန်းတွေပါ၊ လှိုင်သာယာမှာရှိတဲ့ ပန်းလှိုင်အိမ်ယာကတော့ ခြံဝန်းနဲ့ လုံးချင်းတစ်ထပ်နှစ်ထပ်တိုက်တွေပါ။ ပြီးတော့ အဲဒီမှာက ဂေါက်ကွင်း၊ ရေကူးကန်နဲ့ ဆေးရုံစတဲ့အဆင့်မြင့်မြင့် ဖွဲ့စည်းထားတဲ့ အိမ်ရာပါ။ လုံခြုံရေးနဲ့ ပတ်သက်လို့ကလည်း နေ့ညမပြတ်အသင့်ရှိကြပါတယ်။ ပြစ်မှုကျူးလွန်တဲ့နိုင်ငံခြားသားဟာ ငွေရေးကြေးရေးလည်းပြည့်စုံတယ်။ ပြီးတော့ ဂေါက်သီးရိုက်ကစားတာကို ခရေဇီဖြစ်တယ်ဆိုတော့ သူ့အတွက် လုံခြုံစိတ်ချရပြီး သူဝါသနာသန်ရာကိုလုပ်ကိုင်နိုင်မယ့် အဲဒီပန်းလှိုင်အဆင့်မြင့်အိမ်ရာမှာခိုအောင်းနိုင်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့်ကျွန်တော် အဲဒီပန်းလှိုင်အိမ်ရာကို ကျွန်တော်စဝင်ပါ့မယ်"

"ကောင်းပါတယ်၊ မင်းသုံးသပ်ပြတာကို ငါလည်းသဘောကျတယ်။ တို့ဘက်ကတော့ လုံခြုံရေးနဲ့ သတင်းပေါက်ကြားမှုမဖြစ်စေဖို့တော့ အထူးဂရုစိုက်ကွာ"

"စိတ်ချပါအဘ၊ တခြားညွှန်ကြားစရာမရှိရင် ကျွန်တော့်ကိုသွားခွင့်ပြုပါ"

## အခန်း(၂)

"ဘယ်သွားမှာလဲ ဘာကိစ္စလဲ"

လှိုင်သာယာမြို့နယ်၊ အဆင့်မြင့်အိမ်ရာအဝင်ဝရှိ မုခ်ဦးမှ ယူနီဖောင်းဝတ်လုံခြုံရေးဝန်ထမ်းတစ်ဦးက ဂိတ်ပေါက်သို့ ခေါင်းတည်၍ ရပ်တန့်ထားသော စုံထောက်စံထူး၏ကားကို အထက်ပါစကားဖြင့် အမေးပွားသည်။ ကားပေါ်တွင် စုံထောက်စံထူးနှင့်အတူ တပည့်ဖြစ်သူဒုရဲအုပ်ဝင်းသောင်းဦးနှင့် ဒုရဲအုပ်အောင်မျိုးဝင်းတို့လည်း အတူပါကြသည်။ ယာဉ်မောင်းဒုရဲအုပ်

အောင်မျိုးဝင်းက မည်သို့မျှ အဖြေမပေးဘဲ နံဘေးတွင်အတူထိုင်နေသော စုံထောက်စံထူးကိုစောင်းကြည့်လိုက်သည်။ လုံခြုံရေးအရ စစ်မေးသည်ကို တာဝန်သိစွာဖြေကြားပေးရမည့်တာဝန်ရှိသူ စုံထောက်စံထူးက ..

''ပန်းလှိုင်အိမ်ရာကိုစိတ်ဝင်စားလို့ ဒီအိမ်ရာက အုပ်ချုပ်မှုဒါရိုက်တာနဲ့ တွေ့ချင်လို့ပါ''

စုံထောက်စံထူး၏ အဖြေစကားက ပညာသားပါလှသည်။ စီးလာသောကားကလည်း တိုယိုတာ(မတ်တူး)အဖြူရောင်၊ ဝတ်စားဆင်ယင်လာသော စုံထောက်သုံးယောက်၏အသွင်သဏ္ဌာန်ကလည်း တောက်ပြောင်မွေးကြိုင်လန်းဆန်းနေသော သူဌေးသူကြွယ်(ဘောစိ)ပုံ။ ဒါကိုမြင်တွေ့နေသော လုံခြုံရေးဝန်ထမ်းက ထွေရာလေးပါးအမေးမပွားတော့ဘဲ ..

''ရှေ့မှာမိန်းဂိတ်တစ်ခုရှိပါတယ်။ အဲဒီဂိတ်မှာ ဘော့(စ်)တို့ သိချင်တာကို မေးလို့ရပါတယ်''

ဟုဆိုပြီး ပထမဂိတ်အဝင်တံခါးမကြီးကို ဖွင့်ပေးသည်။ ဒါတွင်မက စုံထောက်စံထူး၏ ကားဂိတ်တံခါးကို ဖြတ်မောင်းစဉ် အဆိုပါ လုံခြုံရေးဝန်ထမ်းက တာဝန်သိစွာဖြင့် လက်တင်၍အလေးပြုလိုက်သေးသည်။ စုံထောက်စံထူးကလည်း ကျေးဇူးတင်ကြောင်း လက်ထောင်ပြပြီး ပန်းလှိုင်အိမ်ရာဒုတိယ(မိန်း)ဂိတ်ဆီသို့ ..။

၈ ၈ ၈

''နောင်ကြီးတို့ ဘယ်ကိုသွားမှာလည်းခင်ဗျ''

ဒုတိယလုံခြုံရေးဂိတ်မှတာဝန်ကျ ဝန်ထမ်းကမေးသည်။ ဒီမေးခွန်းကို ကားပေါ်ပါလာသူ စုံထောက်စံထူးက ပထမဂိတ်တွင် ဖြေဆိုခဲ့သော စကားအတိုင်း အဖြေပေးသည်။ သို့ကြောင့် လုံခြုံရေးဝန်ထမ်းက ..

''နောင်ကြီးတို့ ကားနံပါတ်နဲ့ အမည်လေးတွေ ကျေးဇူးပြုပြပါ၊ ညီ့မှတ်တမ်းမှာထည့်ဖို့ပါ''

စုံထောက်စံထူးက မိမိတို့စီးလာသော ကားနံပါတ်၊ ကာပေါ်ပါသူ သုံးဦးစလုံး၏အမည်နှင့် လုံခြုံရေးတာဝန်ကျ၏မေးသမျှကို ဖြေကြားပေးသည်။ လုံခြုံရေးဝန်ထမ်းကလည်း ဧည့်မှတ်တမ်းစာအုပ်တွင် စနစ်တကျရေးသွင်းသည်။ ထို့နောက် ဧည့်မှတ်တမ်းစာအုပ်တွင် ဧည့်သည်သုံးဦးစလုံးကို လက်မှတ်ရေးထိုးခိုင်းသည်။ မှတ်တမ်းစာအုပ်ကို ပြန်လည်ရယူပြီးနောက် လုံခြုံရေးဝန်ထမ်းက ..

''ဒါက ယာဉ်ဝင်ခွင့်ကတ်ပြားပါ၊ ကားရှေ့ မြင်သာသောနေရာမှာ ကပ်ထားပေးပါ။ ဒါက ဧည့်သည်သုံးဦးအတွက် စိစစ်ရေးကတ်သုံးခုပါ။ နောင်ကြီးတို့ရဲ့ လည်ပင်းမှာ ချိတ်ဆွဲထားပေးပါ''

ဟုဆိုပြီး လုံခြုံရေးနှင့် စိစစ်ရေးကတ်ပြားများကို ထုတ်ပေးသည်။ စုံထောက်စံထူးက လှမ်းယူပြီးနောက် ယာဉ်ဝင်ခွင့်ကတ်ကို ကားရှေ့မှန်တွင် ကပ်ပြီး စိစစ်ရေးကတ်များကို ခွဲဝေပေးသည်။ ကားပေါ်ပါသူသုံးဦးစလုံးက ကတ်များကို လည်ပင်းတွင် ချိတ်ဆွဲကြသည်။ ထို့နောက် တာဝန်ကျလုံခြုံရေးဝန်ထမ်းက စုံထောက်စံထူးနှင့်အဖွဲ့သွားရောက်လိုသော ပန်းလှိုင်အိမ်ရာ အုပ်ချုပ်မှုဒါရိုက်တာရုံးခန်းရှိရာသို့ လမ်းညွှန်ပြသပေးသည်။ စုံထောက်စံထူးနှင့်အဖွဲ့လည်း ဒုတိယဂိတ်မှာ အုပ်ချုပ်မှုဒါရိုက်တာ ရုံးခန်းဆီသို့ မောင်းထွက်ခဲ့သည်။

အဆင့်မြင့်အိမ်ရာရှိလမ်းများက ဖြောင့်ဖြူးသာယာလှသည်။ လေးလုံးတစ်တွဲ၊ငါးလုံးတစ်တွဲဖွဲ့စည်းထားသော လုံးချင်းအိမ်ယာများကလည်း ရောင်စုံပန်းများဖူးပွင့်နေသလို စိမ်းလန်းစိုပြေစွာရှိနေသည်။ အစုလိုက်၊ အဖွဲ့လိုက်စုစည်းဖွဲ့စည်းထားသောအိမ်ရာစု၏ အမည်ကလည်း လှပသော၊ မွှေးကြိုင်သော၊ သင်းပျံ့သော ပန်းအမည်များဖြင့် ကမ္ပည်းပြုထားသည်။ တာဝန်ကျလုံခြုံရေးဝန်ထမ်းများကလည်း အချက်အချာကျသော လမ်းဆုံလမ်းခွများတွင် လုံခြုံရေးကင်းတဲများ၌ အသင့်ရှိနေကြသလို၊ သူတို့၏ မျက်လုံး

အစုံကလည်း ဖြတ်သန်းသွားလာနေသူများကို မျက်ခြေမပြတ် အကဲခတ်လျက်၊ လူဂုဏ်တန်များနေထိုင်သော အရပ်ဒေသဆိုတော့လည်း ပြောရက်ဆိုရက်စရာ အလျင်းမရှိအောင်ကို ထည်ဝါခန့်ညားလှသည်။ ဤမျှ ကြီးကျယ်ခမ်းနားသော လူနေရပ်ရွာတွင် ပြည်ပနိုင်ငံမှ ဝရမ်းပြေးများကိုဖမ်းပေးဖို့ဆိုတာက လွယ်လွယ်ဖြင့်မရနိုင်သလို၊ အကိုင်အတွယ်၊ အပြောအဆို၊ အနေအထိုင်မတတ်လျှင် စံထူးတစ်ယောက် စုံထောက်ပြောင်းပြန် ဖြစ်သွားပေမည်။ တွေ့မြင်နေရသော ပတ်ဝန်းကျင်အနေအထား၊ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို စဉ်းစားသုံးသပ်ရင်း စုံထောက်စံထူး၏ ကားကအုပ်ချုပ်မှုဒါရိုက်တာ ရုံးခန်းရှေ့သို့ ဆိုက်ရောက်ခဲ့သည်။ ကားပေါ်မှဆင်း၍ ခြံပေါက်ဝသို့ အရောက်တွင် ..

"ဆရာတို့ ဘယ်သွားကြမှာလဲ ခင်ဗျ"

လုံခြုံရေးဝန်ထမ်းတစ်ဦးက မေးသည်။ ထိုသူ၏အမေးကို စုံထောက်စံထူးက ...

"အုပ်ချုပ်မှု ဒါရိုက်တာနဲ့တွေ့ချင်လို့ပါ"

"ဟုတ်ကဲ့ ကြွပါခင်ဗျာ၊ ရုံးခန်းထဲမှာ ဆရာရှိပါတယ်"

လုံခြုံရေးဝန်ထမ်း၏ ပို့ဆောင်မှုကြောင့် အုပ်ချုပ်မှုဒါရိုက်တာရှေ့သို့ရောက်ရှိခဲ့ကြသည်။

"ထိုင်ပါ ခင်ဗျ၊ ကျွန်တော်ဒီအိမ်ရာက မန်နေဂျင်းဒါရိုက်တာဦးတင့်ရွှေပါ၊ ဘာအကြောင်းကိစ္စများရှိလို့ပါလဲ"

ဟု နှုတ်ခွန်းဆက်စကားနှင့်အတူ လက်ဆွဲနှုတ်ဆက်၍ ညှိဝတ်ပြုသည်။ စုံထောက်စံထူးကလည်း ပြန်လည်လက်ဆွဲနှုတ်ဆက်ပြီး ...

"ကျွန်တော် မောင်မောင်အေးပါ၊ ရန်ကုန်မြောက်ပိုင်းခရိုင် နိုင်ငံခြားသားများ ကာကွယ်စောင့်ရှောက်ရေးနဲ့ ကူညီရေးအဖွဲ့က အဖွဲ့မှူးပါ"

ဟု မိတ်ဖွဲ့၍ စားပွဲရှေ့ရှိထိုင်ခုံလွတ်တွင် နေရာယူလိုက်သည်။

စုံထောက်စံထူးက အတူပါလာသူများကိုလည်း မိမိတို့အဖွဲ့မှဖြစ်ကြောင်း မိတ်ဆက်ပေးသည်။ ဤနေရာတွင် လူမှန်နေရာ မှန်ကိုဖွင့်ချမပြဘဲ၊ ဖုံးကွယ်သိုဝှက်၍ ဆက်ဆံခဲ့သည်မှာ စုံထောက်ပညာရပ်၏ ဆောင်ပုဒ် (Motto) တစ်ခုဖြစ်သော လူတိုင်းကိုလေးစားသည် သို့သော် သံသယအတွေးတော့ ရှိသည် (Every body respect but suspect) ဟူ၍သာ ..။

အခန်း(၃)

"ဆရာတို့ကို လေးစားပါတယ်။ ဒါပေမဲ့ ဆရာတို့တောင်းတဲ့ စာရင်းဇယားကိုတော့ ကျွန်တော်တရားဝင်ထုတ်ပေးခွင့်မရှိပါဘူး။ သိချင်ရင်တော့ ကျွန်တော့် မှတ်တမ်းမှတ်ရာထဲက ကြည့်လို့ရပါတယ်"

စုံထောက်စံထူးက အထက်တွင် မိတ်ဖွဲ့ဖွင့်ဆိုထားသည့်အတိုင်း ပန်းလှိုင်အိမ်ရာတွင် နေထိုင်သည့် တိုင်းတစ်ပါးမှ နိုင်ငံခြားသားများ၏ အရေအတွက်နှင့်စာရင်းဇယားကို အုပ်ချုပ်မှုဒါရိုက်တာထံတွင် တောင်းယူသည်။ ဤသို့တောင်းယူရခြင်းမှာလည်း နိုင်ငံခြားသားများအပေါ် တစ်ဦးတစ်ယောက်မှ စော်ကားမော်ကားပြုခြင်း၊ နိုင်ငံခြားသားများပိုင် ဥစ္စာပစ္စည်းခိုးယူခံရခြင်း၊ နိုင်ငံခြားသားနှင့် နိုင်ငံသားများအချင်းများခြင်း၊ ယာဉ်တိုက်မှုဖြစ်ခြင်းစသည့် အမှုအခင်းကိစ္စ၊ လူမှုရေးကိစ္စစသည်တို့ကို ကာကွယ်စောင့်ရှောက်မှုပြုပေးရန် တောင်းခံရခြင်းဖြစ်ကြောင်း ပြောဆိုရှင်းလင်းပြသည်။ ဒါကို အုပ်ချုပ်မှုဒါရိုက်တာက စုံထောက်စံထူးကို အထက်ပါစကားဖြင့် အဖြေပေးသည်။ စုံထောက်စံထူးကလည်း ခေသူမဟုတ်၊ အမြတ်အစွန်းမရလျှင်နေပါစေ၊ အရှုံးခံမည့်လူစားမျိုးမဟုတ်၊ သို့ကြောင့် ..

"အဲဒါဆိုလည်း ဒါရိုက်တာကြီးရဲ့ မှတ်တမ်းမှတ်ရာကိုပဲ ခဏကြည့်ခွင့်ပြုပါ"

အုပ်ချုပ်မှုဒါရိုက်တာဦးတင့်ရွှေက ရုံးခန်းအတွင်းရှိ ဘီဒိုထဲမှ ဖိုင်တစ်ခုကိုထုတ်ယူသည်။ ထို့နောက် ဖိုင်ကိုဖွင့်၍ ပန်းလှိုင်အိမ်ယာအတွင်းနေထိုင်လျက်ရှိသော နိုင်ငံခြားသားများ၏အမည်နှင့် ၎င်းတို့နေထိုင်သည့်အိမ်ရာအမည်များ၊ တိုက်အမှတ်များပါရှိသောစာရင်းကို စုံထောက်စံထူးသို့ဖွင့်ချပြသည်။

စုံထောက်စံထူးက မှတ်တမ်းပြုစုထားသော နိုင်ငံခြားသားများ၏အမည်စာရင်းကို တစ်ဦးချင်းစီအလိုက် ဖတ်ရှုနေသည်။ အမှတ်စဉ်တစ်နေရာအရောက်တွင် Mr.Zhang Tian Zhen (မစ္စတာကျန်ထင်းကျန်) တရုတ်(ဟန်လူမျိုး)ချန်လဲ့မြို့၊ ဖူးကျန့်ပြည်နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ အမှတ် ..( ) စံပယ်ရိပ်မွန်ဟု မှတ်တမ်းပြုထားသည်ကိုမြင်တွေ့လိုက်ရသည်။ မိမိလိုချင်သော ပစ်မှတ်တည်ရှိရာကို ဦးခေါင်းတွင် မှတ်သားထည့်သွင်းပြီးနောက် စုံထောက်စံထူးက ...

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျ။ ဒီအိမ်ရာမှာနေထိုင်ကြတဲ့နိုင်ငံခြားသားတွေနဲ့ပတ်သက်လို့ အကူအညီလိုရင် ကျွန်တော့်ကိုဆက်သွယ်နိုင်ပါတယ်"

ဟု ဆိုပြီး မိမိလက်ထဲမှရှိသော ဖိုင်ကို အုပ်ချုပ်မှုဒါရိုက်တာသို့ကမ်းပေးသည်။ အုပ်ချုပ်မှုဒါရိုက်တာကလည်း စုံထောက်စံထူးပြောဆိုသောအမည်၊ ဦးမောင်မောင်အေးနှင့် လက်ကိုင်ဖုန်းအမှတ် ၀၉၅၅၀ ..... တို့ကိုသူ၏ မှတ်စာအုပ်တွင် မှတ်တမ်းတင်ထားလိုက်သည်။

+++

"ဆရာတို့ ဘယ်သွားကြမှာလဲ"

ပစ်မှတ်နေထိုင်ရာ စံပယ်ရိပ်မွန်အမှတ် ..( ) အနီးတွင် ကားကိုရပ်၍ ကားအတွင်းမှနေအိမ်ဝင်းခြံအတွင်းသို့ အကဲခတ်ကြည့်သည်။ နေအိမ်ဝင်းခြံအတွင်း အယ်လ်ဖေးရှင်းခွေးသုံးကောင်ကို ထိန်းကျောင်းနေသော

အိမ်ဖော်မိန်းကလေးနှစ်ဦးနှင့် နေအိမ်ကိုသာတွေ့မြင်ရသည်။ နေအိမ်နှင့် ခြံဝင်းအတွင်းပစ်မှတ်၏အနေအထားက တွေးဆ၍ မရရှိနေစဉ်၊ နေအိမ်အနီးရှိ လုံခြုံရေးဝန်ထမ်း၏ သံစဉ်က အထက်ပါစကားဖြင့် အမေးပွားလာသည်။ ဒါကိုစုံထောက်စံထူးက ••

''တို့ကားအပြင်ပြန်ထွက်ချင်တာ ထွက်ပေါက်ရှာမရလို့ ညီလေးရ''

စုံထောက်စံထူး၏ ဥပါယ်တံမျဉ်စကားကို ယုံမှားသံသယမရှိသူလုံခြုံရေးဝန်ထမ်းက အထွက်လမ်းကိုပင် ညွှန်ပြပေးခဲ့သည်။

အိမ်ရာအထွက် ပထမဂိတ်သို့ရောက်သည်။ ဂိတ်မှ ထုတ်ပေးထားသော ယာဉ်ဝင်ခွင့်စိစစ်ရေးကတ်ပြားများကို ပြန်အပ်ရသည်။ ကတ်ပြားများကို လာရောက်လက်ခံသော လုံခြုံရေးဝန်ထမ်းက ••

''မန်နေဂျာကြီးနဲ့တွေ့ခဲ့လားဗျ''

''ဟုတ်ကဲ့ တွေ့ခဲ့ပါတယ်၊အလုပ်ကတော့ မပြတ်သေးဘူးဗျ။ ဒီနေ့မနက်ဖြန်ဆိုသလိုလာတွေ့ဖို့ရှိပါသေးတယ်''

''သြ •• ဟုတ်ကဲ့ ဟုတ်ကဲ့ လာခဲ့ပါခင်ဗျ''

''ကျေးဇူးပဲနော်''

နောက်တစ်ခေါက်မက အခေါက်ခေါက်အခါခါလာဖို့အတွက် ဂိတ်တာဝန်ကျလုံခြုံရေးကိုလည်း ပျူငှာစွာဆက်ဆံပြောဆိုရပါ၏။ ဒါကလည်းကိုယ့်လုပ်ငန်းအောင်မြင်ဖို့နှင့် အဟန့်အတားမဖြစ်စေဖို့အတွက် စည်းရုံးရေးတစ်ရပ်၊ အထွက်ဒုတိယဂိတ်အရောက်မှာလည်း ကားကိုရပ်တန့်၍ တာဝန်ကျလုံခြုံရေးဝန်ထမ်းများကို တလေးတစားနှုတ်ဆက်သည်။ ကိုယ့်လက်သွားတော့ သူ့လက်လာဆိုသလို၊ တာဝန်ကျလုံခြုံရေးဝန်ထမ်းကလည်းတလေးတစားပြုသည်။ ဤသည်မှာ ငွေကုန်ကြေးကျမရှိသော မိတ္တဗလင္ဍီကာပင်ဖြစ်သည်။

ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာအထွက် ရန်ကုန်ညောင်တုန်းကားလမ်း

ပေါ်အရောက်တွင် စုံထောက်စံထူးက ..

"အောင်မျိုးဝင်းရေ၊ ရှေ့နားက စားသောက်ဆိုင်တစ်ဆိုင်မှာ တို့ အဆာပြေစားသောက်ရင်း လုပ်ငန်းအတွက်ဆွေးနွေးကြရအောင်ကွာ"

ယာဉ်မောင်းသူ ဒုရဲအုပ်အောင်မျိုးဝင်းကို အမှာပါးသည်။ စားသောက်ဆိုင်တစ်ခု၏ရှေ့အရောက်၊ အောင်မျိုးဝင်းက ကားကိုလမ်းနံဘေးသို့ ထိုးရပ်ပေးသည်။ စုံထောက်စံထူးက ကားပေါ်မှ ဆင်း၍စားသောက်ဆိုင်သို့မဝင်သေးဘဲ လမ်းဘေးရှိ လူသူပြတ်သော သစ်ပင်ရိပ်တစ်ခုသို့သွားသည်။ ပါလာသော လက်ကိုင်ဖုန်းဖြင့်စုံစမ်းထောက်လှမ်းတွေ့ရှိချက်ကို တပ်ဖွဲ့ခွဲမှူး (ရဲမှူးကြီး)ထံ သတင်းပို့သည်။ တပ်ဖွဲ့ခွဲမှူးကလည်း သတင်းလုံခြုံမှုရှိရေး မှန်ကန်သော ပစ်မှတ်ဖြစ်ရေး၊ လုပ်ငန်းအောင်မြင်မှုရှိရေးတို့ကို စုံထောက်စံထူးသို့ မိန့်မှာသည်။ စုံထောက်စံထူးကလည်း မိမိတို့အဖွဲ့ရှေ့ဆက် စုံစမ်းဖော်ထုတ်မည့်လုပ်ငန်းစဉ်များကိုလည်း တပ်ဖွဲ့ခွဲမှူးသို့ တင်ပြသည်။ တပ်ဖွဲ့ခွဲမှူးကလည်း မီးစိမ်း(Green Light)ပြသဖြင့် စုံထောက်စံထူးနှင့်အဖွဲ့လည်း အနီးနားရှိ စားသောက်ဆိုင်အတွင်းသို့ ..။

## အခန်း(၄)

"ကျွန်တော်စီအိုင်ဒီက စုံထောက်စံထူးပါ"

ထိုနေ့ ဒုတိယအကြိမ် ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာသို့ ချီတက်ခဲ့ကြသည်။ လုံခြုံရေးဂိတ်နှစ်ခုစလုံးမှ စံထူး၏အသွင်သဏ္ဌာန်နှင့် ဆက်ဆံရေးကို မှတ်မိနေသဖြင့် အဝင်အထွက်က အခက်အခဲမရှိအဆင်ပြေသည်။ လုံခြုံရေးဝန်ထမ်းများကလည်း အုပ်ချုပ်မှုဒါရိုက်တာ၏ ညီသည်ဖြစ်၍ ဆက်ဆံရေးကလည်း ဖော်ဖော်ရွေရွေရှိလှသည်။ ယခု စုံထောက်စံထူးရောက်ရှိနေသည်က လုံခြုံရေးမန်နေဂျာ ဦးသန်းညွှန့်၏ ရုံးခန်း။ ဦးသန်းညွှန့်ဆိုသူက လက်နက်ကိုင်အဖွဲ့အစည်းမှ အငြိမ်းစားအရာရှိတစ်ယောက်၊ သို့ကြောင့်

သူ့နေရာနှင့် သူတာဝန်ယူရမှုက အံဝင်ခွင်ကျရှိလှသည်။ မိမိပစ်မှတ်ကို အနီးကပ်စောင့်ကြည့်ရမှာဖြစ်၍ စုံထောက်စံထူးက လုံခြုံရေးမန်နေဂျာကို အထက်ပါစကားဖြင့် ပွင့်လင်းစွာမိတ်ဖွဲ့သည်။ လုံခြုံရေးမန်နေဂျာက ..

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော်ဦးသန်းညွန့်ပါ၊ ဘာများ အကူအညီပေးရပါ့မလဲ"

စုံထောက်စံထူးက အတူပါလာသော ဒုရဲအုပ်(စုံထောက်)နှစ်ယောက်ကိုလည်း ဦးသန်းညွန့်နှင့် မိတ်ဆက်ပေးသည်။ လုံခြုံရေးမန်နေဂျာ ရုံခန်းအတွင်း၌ ဦးသန်းညွန့်နှင့် စုံထောက်သုံးယောက်သာ ရှိကြသည်။ ဒီအခွင့်အရေးကို စောင့်စားနေသူ စုံထောက်စံထူးက ..

"ဒီအိမ်ယာ စံပယ်ရိပ်မွန်ထဲက နိုင်ငံခြားသားတစ်ယောက်ကို ကျွန်တော်တို့ စောင့်ကြည့်ချင်ပါတယ်"

အဲဒီလို စဖွင့်သည်။ ဒါကိုလုံခြုံရေးမန်နေဂျာ ဦးသန်းညွန့်က ..

"စံပယ်ရိပ်မွန်တိုက်အမှတ်ဘယ်လောက်လဲ၊ အဲဒီနိုင်ငံခြားသားရဲ့ နာမည်ကောသိလား၊ ပြီးတော့ ဘယ်လို အမှုအခင်းကိစ္စလဲ"

လုံခြုံရေးမန်နေဂျာအနေဖြင့် မေးသင့်မေးထိုက်သော မေးခွန်းဖြစ်ပါသည်။ သူတာဝန်ယူထားရသော အသိုင်းအဝိုင်းအတွင်း စုံစမ်းခြင်း၊ စောင့်ကြည့်ခြင်းဆိုသောလုပ်ရပ်က စည်းဘောင်ကျော်လွန်နေသော ဖြစ်စဉ်တစ်ခု၊ ဒါကြောင့်မို့လည်း စုံထောက်စံထူးက မိမိဌာန၊ ရာထူးနှင့် အမည်ကို ပွင့်ပွင့်လင်းလင်း မှန်မှန်ကန်ကန်ပင် ဖွင့်ဆိုမိတ်ဖွဲ့ခဲ့သည်။ လုံခြုံရေးမန်နေဂျာအမေးကို စုံထောက်စံထူးက

"ကျွန်တော်တို့က အဲဒီနိုင်ငံခြားသားကို မြင်တွေ့ဖူးရုံပဲရှိပါတယ်။ ပြီးတော့ စံပယ်ရိပ်မွန်အိမ်ထဲကို အဝင်အထွက်ရှိတယ်ဆိုတာလောက်ပဲ သိတယ်။ သူ့နာမည်နဲ့ ဖြစ်စဉ်ကိုတော့ ကျွန်တော်တို့လည်း အသေးစိပ် မသိသေးဘူးဗျ"

''ဒါဖြင့်အဲဒီနိုင်ငံခြားသားကိုတွေ့ရင် ကိုစံထူးတို့က ဘယ်လိုဆောင်ရွက်မှာလဲ''

ဟု လုံခြုံရေးမန်နေဂျာက မေးသည်။ ထိုနိုင်ငံခြားသားကိုတွေ့လျှင် လုံခြုံရေးမန်နေဂျာရုံးသို့ ခေါ်ယူ၍ သက်ဆိုင်ရာ သံရုံးမှ တာဝန်ရှိသူနှင့် မှူခင်းတပ်ဖွဲ့ခွဲမှတာဝန်ရှိသူတို့ကိုခေါ်ပြီး မန်နေဂျာရှေ့တွင် စစ်မေးကြမည့်အကြောင်းကို စုံထောက်စံထူးက ရှင်းပြသည်။ နိုင်ငံ့ဝန်ထမ်းဘဝမှ အငြိမ်းစားယူလာသောလုံခြုံရေးမန်နေဂျာက စုံထောက်စံထူး၏ ရှင်းပြချက်ကို သဘောပေါက်နားလည်စွာဖြင့် ရွှေစံပယ်ရိပ်မွန်အိမ်ရာတွင် စောင့်ကြည့်ခွင့်ပြုသည်။ ဒါကို စုံထောက်စံထူးက ...

''အဲဒီလို ပေါ်ပေါ်ထင်ထင်ကြီးကြီး စောင့်ကြည့်နေလို့လဲ မဖြစ်သေးဘူး၊ မန်နေဂျာကြီးရဲ့''

ခွင့်ပေးပြန်၍လည်း တဆင့်အရေးကတက်လာပြန်သည်။ ဒီတော့ လုံခြုံရေးမန်နေဂျာက

''ဒါဆို ... ကိုစံထူးတို့က ဘယ်လိုဖြစ်စေချင်လို့လဲ''

''မန်နေဂျာကြီးလည်း လက်နက်ကိုင်အဖွဲ့အစည်းက အငြိမ်းစားယူလာတဲ့ အရာရှိကြီးပဲဗျာ၊ ကျွန်တော်တို့ရဲ့ သဘောသဘာဝကို နားလည်မှာပါ။ လျှို့ဝှက်စောင့်ကြည့်တယ်ဆိုတာဟာ ကြည့်သူက အကြည့်ခံသူကို မြင်ဖို့ပဲ လိုပါတယ်။ အကြည့်ခံသူက စောင့်ကြည့်သူကို မမြင်မတွေ့အောင်ဖုံးကွယ်ခြင်း၊ အသွင်ယူခြင်းတို့နဲ့ စောင့်ကြည့်ရပါတယ်''

''မှန်တာပေါ့ဗျာ၊ ဒီလိုအလုပ်မျိုးကို ကျွန်တော်ဝန်ထမ်းဘဝက ကြုံခဲ့ဖူးပါတယ်''

''ဒါဆို ကျွန်တော်အကူအညီတစ်ခုတောင်းမယ်ဗျာ''

''ပြောပါခင်ဗျ''

''ကျွန်တော့်တပည့်တစ်ယောက်ကို မန်နေဂျာကြီးတို့ဆီက လုံခြုံရေး

ဝတ်စုံနဲ့ စံပယ်ရိပ်မွန်အိမ်ရာအနီးအနားက ကင်းတဲမှာ အသွင်ယူပြီး စောင့်ကြည့်ခွင့်ပြုဖို့နဲ့ အခုကိစ္စကိုလည်း မန်နေဂျာကြီးက လွဲလို့ မည်သူ့ကိုမှ အသိမပေးစေချင်ပါဘူး''

စုံထောက်စံထူး၏လုပ်ငန်းတာဝန် ကို လုံခြုံရေးမန်နေဂျာဦးသန်းညွှန့် ကောင်းစွာ သဘောပေါက်သွားဟန်ရှိသည်။ ခေါင်းတညိတ်ညိတ်ဖြင့် တွေဝေစွာ စဉ်းစားပြီးနောက် ..

''ခင်ဗျားတို့လုပ်ငန်းက ဘယ်နှစ်ရက်လောက်ကြာမှာလဲ''

ဒီမေးခွန်းကို စုံထောက်စံထူးက ..

''အများဆုံးကြာလှ တစ်ပတ်ပေါ့ဗျာ၊ တစ်ရက်နှစ်ရက်နဲ့လည်း ပြတ်ချင်ပြတ်သွားနိုင်ပါတယ်''

''ဒါဆို ဘယ်သူ့ကိုထားခဲ့မှာလဲ''

စုံထောက်စံထူးက အတူပါလာသော ဒုရဲအုပ်တပည့်နှစ်ဦးကိုကြည့်၍ အကဲခတ်လိုက်သည်။ ဒါကလည်း သူ့နေရာနှင့်သူ အသွင်ယူသရုပ်ဆောင်ရာတွင် အနီးစပ်ဆုံးအသွင်သဏ္ဍာန်တူသူကိုရွေးထုတ်ရပါသည်။ ပါလာသောတပည့်နှစ်ဦးထဲမှ ဒုရဲအုပ်အောင်မျိုးဝင်းကို ရွေးထုတ်၍ လုံခြုံရေးမန်နေဂျာဦးသန်းညွှန့်ထံသို့ အပ်ပေးခဲ့သည်။ ထိုနေ့ညနေပိုင်း မှောင်ရီပျိုးချိန်မှစ၍ ဒုရဲအုပ်အောင်မျိုးဝင်းအဆင့်မှ လုံခြုံရေးတာဝန်ကျ အောင်မျိုးဝင်းအဖြစ်သို့ တစ်ဖြစ်လဲကာ စံပယ်ရိပ်မွန်အိမ်ရာအနီးကင်းတဲ၌ လုံခြုံရေးဆောင်ရွက်စောင့်ကြည့်လျက်ရှိနေပါတော့သည်။

## အခန်း(၅)

''မောင် ဘယ်ရောက်နေတာလဲ၊ မောင် ဘယ်ရောက်နေတာလဲ''

တိုးတက်လာသောခေတ်စနစ်ကြောင့် လက်ကိုင်တယ်လီဖုန်း (Mobile Phone)များ၏ အချက်ပေးသံက ကြည်နူးဖွယ်ရှိလှပါသည်။

ထိုသံစဉ်ကြောင့် လုံခြုံရေးဝန်ထမ်းအောင်မျိုးဝင်း (ဒုရဲအုပ်)က အိတ်ကပ်အတွင်းမှ တယ်လီဖုန်းကိုထုတ်ယူ၍ ဖန်သားပြင်ပေါ်သို့ ကြည့်သည်။ ဖန်သားပြင်ပေါ်မှ ဖုန်းနံပါတ်က စုံထောက်စံထူး၏ ဖုန်းနံပါတ်။ ဒီတော့ ဖုန်းကိုဖွင့်၍ နားတွင်ကပ်ပြီး ...

''ဟုတ်ကဲ့ အာစရိပြောပါ''

''ငါနဲ့ ဝင်းသောင်းဦးက ညောင်တုန်းကားလမ်းဘေးမှာ ခြေစုံပြုနေတယ်။ မင်းဘက်က ထူးခြားမှုရှိရင် ငါ့ကိုဆက်ပါ။ မင်းအတွက်စားသောက်ရေးကိုတော့ အဆင်ပြေသလိုသာစီစဉ်ပေတော့၊ ငါတို့မင်းဆီအဝင်အထွက်မလုပ်တော့ဘူး၊ တစ်ယောက်ယောက်က ရိပ်မိသွားရင် ပစ်မှတ်က ဝေးသထက် ဝေးသွားလိမ့်မယ်''

''ဟုတ်ကဲ့ ဟုတ်ကဲ့''

လုံခြုံရေးဝန်ထမ်းအောင်မျိုးဝင်း၏ စားသောက်ရေးက မည်ကဲ့သို့ရှိသည်မသိ၊ ရေသောက်၍ဗိုက်မှောက်နေလေရော့သလား၊ ထမင်းတစ်နပ်မစားရ၍ ဘာမျှမဖြစ်၊ ပစ်မှတ်ကအဓိကဆိုသည်ကို စောင့်ကြည့် (Watch) တာဝန်ကျသော စုံထောက်အရာရှိတိုင်း၏ ခံယူချက်ပင်ဖြစ်သည်။

စုံထောက်စံထူးနှင့် ဒုရဲအုပ်ဝင်းသောင်းဦးတို့ ညစာကိုတစ်လှည့်စီသွားစားကြပြီး၊ ပါလာသော ကားပေါ်တွင် အလှည့်ကျအသင့်စောင့်လျက်ရှိသည်။ ည(၉)နာရီကျော်ခန့်တွင် စုံထောက်စံထူး၏ မိုဘိုင်းဖုန်းသို့ ဖုန်းဝင်လာသည်။ ဖုန်းဆက်သွယ်သူက တပ်ဖွဲ့ခွဲမှူး(ရဲမှူးကြီး)ဖြစ်သည်။ လက်ရှိအခြေအနေအရပ်ရပ်ကို စုံထောက်စံထူးက တပ်ဖွဲ့ခွဲမှူးသို့ တင်ပြသည်။ ထူးခြားမှုရှိလျှင်လည်း ချက်ချင်းသတင်းပို့ မည့်အကြောင်းပြောဆိုသည်။ တပ်ဖွဲ့ခွဲမှူးထံ သတင်းပို့ပြီးနောက် စုံထောက်စံထူးနှင့် ဒုရဲအုပ်ဝင်းသောင်းဦးတို့မှာ ကားပေါ်တွင်အလှည့်ကျနားနေ၍ ဒုရဲအုပ်အောင်မျိုးဝင်း(လုံခြုံရေးဝန်ထမ်း)ထံမှ သတင်းကို စောင့်မျှော်လျက်။ ညဉ့်နက်၍

သန်းခေါင်ကျော်၊ မိုးသောက်၍အလင်းရောက်လာသော်လည်း အောင်မျိုးဝင်းထံမှ ဘာသတင်းမှဆက်မလာ၊ မိုးစင်စင်လင်းချိန်၊ စုံထောက်စံထူးက အောင်မျိုးဝင်းထံ ဆက်သွယ်မေးမြန်းကြည့်သည်။ အောင်မျိုးဝင်း၏ ပြောကြားမှုက ယမန်နေ့ညက လှုပ်ရှားမှုမရှိ၊ ယနေ့မနက်ပိုင်းတွင် အိမ်ဖော်မိန်းကလေးနှစ်ဦးသာ ခြံဝင်းအတွင်း ခွေးကျောင်းနေသည်ကိုသာ တွေ့မြင်ကြောင်း ဆိုသည်။ အတွင်းနှင့်အပြင် စောင့်ကြည့်သူစုံထောက်များက သူ့နေရာနှင့်သူ ရပ်တည်လျက် ..။

+++

ထိုနေ့၊ နေ့လယ် ၁ နာရီခန့်တွင်ဖြစ်သည်။ လုံခြုံရေးဝန်ထမ်း အောင်မျိုးဝင်း(ဒုရဲအုပ်)ထံမှ စုံထောက်စံထူး၏ မိုဘိုင်းဖုန်းသို့ ဆက်သွယ်လာသည်။ ပစ်မှတ်၏ နေအိမ်ရှေ့သို့ ကရီနာအမျိုးအစား အဖြူရောင် ၅က/ .... ကားတစ်စီးဆိုက်ရောက်လာသည်။ ကားမောင်းသူမှာ အသက် (၂၅)နှစ်ဝန်းကျင်၊ ရုပ်ရည်သန့်သန့်ဖြင့် သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားပြီး လျှာထိုးဦးထုပ်ဆောင်းထားသည်။ ကားနောက်ခန်းမှ ဆင်းလာသူမှာ အသက် (၄၅)နှစ်ဝန်းကျင်ခန့်ရှိ၍ မထင်မရှားဝတ်စုံဝတ်ထားသည်။ ကားနောက်ခန်းမှ လူကြီးအိမ်ထဲဝင်သွားစဉ် ကားမောင်းသူလူရွယ်က ကားနောက်ခန်းရှိ ပစ္စည်းများကို သယ်ယူ၍ အိမ်ထဲသို့ ပို့ဆောင်ပေးသည်။ နေအိမ်အနီးရှိ ကားဂိုဒေါင်တံခါးမှာဖွင့်နေပြီး ဂိုထောင်ထဲတွင်အစိမ်းရောင် တိုယိုတာ (မတ်တူး)တစ်စီးရပ်ထားသည်ကိုတွေ့ရှိကြောင်း သတင်းပို့သည်။ သတင်းလက်ခံသူစုံထောက်စံထူးက ..

"မင်းမျက်ခြေမပြတ်ဆက်ကြည့်ထား၊ ကရီနာကားပဲ ထွက်ထွက်၊ မတ်တူးကားပဲ ထွက်ထွက်၊ ကားထွက်လာရင် ဆက်သတင်းပို့၊ ငါတို့နှစ်ယောက် ကားနောက်က ဆက်လိုက်သွားမယ်"

"ဟုတ်"

ဟူသော တစ်လုံးတည်းဖြင့် အောင်မျိုးဝင်းက အခြေအနေကိုစောင့်ကြည့်လျက်၊ ခဏအကြာ ပစ်မှတ်အိမ်ဝင်းအတွင်းမှ ကရီနာကားအဖြူရောင် ၅က/. . . . မောင်းထွက်လာပြီဖြစ်ကြောင်း ကားကိုမူလကမောင်းနှင်လာသော လူရွယ်တစ်ဦးသာ ပါရှိမောင်းနှင်သွားကြောင်း အောင်မျိုးဝင်းမှ သတင်းပို့သည်။ စုံထောက်စံထူးနှင့် ဒုရဲအုပ်ဝင်းသောင်းဦးတို့ နှစ်ဦးကလည်း သူတို့မောင်းနှင်စီးနင်းလာသော တိုယိုတာ(မတ်တူး)ကားပေါ်တွင် အသင့်ရှိနေသည်။ မကြာလိုက်ပါ။ သတင်းပေးသော ကရီနာကားအဖြူရောင်မှာ လမ်းနံ့ဘေးတွင်ရပ်ထားသော စုံထောက်စံထူးကားကို ဖြတ်ကျော်သွားသည်။ ကားတစ်စီးစာအကျော် ပေ ၄၀/၅၀ အကွာ စုံထောက်စံထူးကားက နောက်မှ လိုက်သည်။

ရှေ့မှ သွားနေသော ပစ်မှတ်၏ ကရီနာကားသည် ပန်းလှိုင်အိမ်ယာမှ ဘုရင့်နောင်တံတားကို ဖြတ်ကျော်သည်။ ဘုရင့်နောင်လမ်းဆုံမီးပွိုင့်အရောက်၊ တည့်တည့်မောင်းထွက်၍ သမိုင်းလမ်းဆုံသို့ ဦးတည်သွားနေသည်။ သမိုင်းလမ်းဆုံအရောက်၊ အင်းစိန်လမ်းသို့ချိုးကွေ့၍ အင်းစိန်ဘက်ဦးတည်ခဲ့သည်။ ကြို့ကုန်းလမ်းဆုံအရောက်တွင် ငါးလုပ်ငန်းဦးစီးဌာနရုံးသို့ ချိုးဝင်သွားသည်။ နောက်မှလိုက်ပါလာသော စုံထောက်စံထူးကားကလည်း အဆိုပါရုံးထဲသို့ ဟန်မပျက်မောင်းဝင်ခဲ့သည်။ ကားကို ခပ်လှမ်းလှမ်းတစ်နေရာတွင်ရပ်၍ ကရီနာကားပေါ်မှ ဆင်းလာသောလူရွယ်ကိုအကဲခတ်ကြည့်သည်။ ရုံးခန်းတစ်ခု၏အဝတွင် မြန်မာဝတ်စုံဝတ်ဆင်ထားသော လူကြီးတစ်ဦးဖြင့်စကားလက်ဆုံကျနေသည်။ ထိုလူရွယ်၏ အသွင်သဏ္ဌာန်မှာ နိုင်ငံခြားသားရုပ်မဟုတ်၊ ထိုငါးလုပ်ငန်းမှ ဝန်ထမ်းသို့မဟုတ် တာဝန်ရှိသူတစ်ဦးဦးသာဖြစ် နိုင်ခြေရှိသည်။ ထိုလူရွယ် ရုံးခန်းထဲသို့ ဝင်ရောက်သွားပြီးနောက် စုံထောက်စံထူးလည်း ကားကိုနောက်ကြောင်း ပြန်လှည့်ခဲ့သည်။

"ဝင်းသောင်းဦးရေ တို့ခြေစုံရပ်ခဲ့တဲ့နေရာကိုပဲ ရှေ့ရှုကွာ"

ယာဉ်မောင်းလာသူ ဒုရဲအုပ်ဝင်းသောင်းဦးအား စုံထောက်စံထူးမှ မှာ ကြားသည်။ ထို့နောက် ခါးကြားမှ လက်ကိုင်ဖုန်းဖြုတ်၍ ဒုရဲအုပ်အောင်မျိုးဝင်းထံသို့ ဆက်သည်။ ကရီနာကားမောင်းသူအပေါ် လေ့လာတွေ့ရှိချက်ကိုရှင်းပြသည်။ စံပယ်ရိပ်မွန်အတွင်းရှိ ပစ်မှတ်သည် မိမိတို့အလိုရှိနေသော ပစ်မှတ်ဖြစ်နိုင်၍ လှုပ်ရှားမှုကို ဆက်ကြည့်ရန်မှာသည်။ မိမိနှင့်ဝင်းသောင်းဦးလည်း မူလခြေချရာသို့ ထွက်လာပြီဖြစ်ကြောင်း ပြောသည်။ ဤနေရာတွင် အကြွင်းမထားလိုသောစကားကိုခင်းပြချင်ပါသည်။ ပစ်မှတ်၏ အမည်၊ နေထိုင်ရာလိပ်စာကို ရှာဖွေသိရှိပြီးဖြစ်၍ ဝင်ဖမ်းလိုက်ရုံပဲဟု ဆိုကြပါလိမ့်မည်။

မှန်ပါသည်။ ကိုယ့်နိုင်ငံသား၊ ကိုယ့်လူမျိုးဖြစ်လျှင် အကြောင်းမဟုတ်၊ ယခုပစ်မှတ်က တိုင်းတစ်ပါးက နိုင်ငံခြားသား၊ မသေချာမရေရာ ဘဲ လုပ်လိုက်လျှင် စံထူးတစ်ယောက် ဘဝကူးမကောင်းဖြစ်သွားလိမ့်မည်။ သို့ကြောင့် အပြန်ခရီးတွင် အင်းစိန် စီအိုင်ဒီရုံးသို့ ခေတ္တဝင်သည်။ အခြေအနေအရပ်ရပ်ကို တပ်ဖွဲ့ခွဲမှူးထံဝင်၍ သတင်းပို့သည်။ ပစ်မှတ်၏ အနီးစပ်ဆုံးအသွင်သဏ္ဍာန်နှင့်ဖြစ်နိုင်လျှင် ပစ်မှတ်၏ ဓာတ်ပုံတို့ကိုရရှိရေးအတွက် အကူအညီပေးရန် စုံထောက်စံထူးမှ တပ်ဖွဲ့ခွဲမှူးသို့တင်ပြသည်။ တပ်ဖွဲ့ခွဲမှူးကလည်း ပစ်မှတ်၏ ဓာတ်ပုံရရှိရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း သတင်းကောင်းပါးသည်။ တပ်ဖွဲ့ခွဲမှူးစကားအဆုံး စုံထောက်စံထူးက ..

"ဟုတ်ကဲ့ပါ အဘ ကျေးဇူးတင်ပါတယ်၊ အခြားညွှန်ကြားစရာမရှိရင် ကျွန်တော့်ကိုခွင့်ပြုပါဦး"

"အေး ကောင်းပါပြီကွာ၊တို့ဘက်က မှန်မှန်နဲ့မြန်မြန်တော့ဖြစ်ပါစေကွာ ထူးခြားချက်ရှိရင်လည်း အမြန်ဆုံးဆက်သွယ်ကွာ"

## အခန်း(၆)

"ထူးခြားတယ် အာစရိရေ ..၊ ထူးခြားတယ်ဗျ"

စုံထောက်စံထူးနှင့် ဒုရဲအုပ်ဝင်းသောင်းဦးတို့သည် အင်းစိန်နီအိုင်ဒီ ရုံးမှ မူလအခြေပြုရာ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာအနီး ညောင်တုန်းသွား ကားလမ်းနံဘေးတွင်ရှိနေသည်။ ထိုစဉ် နေ့လယ် ၂ နာရီ ၄၅ မိနစ်အချိန်၊ လုံခြုံရေးဝန်ထမ်းအောင်မျိုးဝင်းထံမှ စုံထောက်စံထူး၏ လက်ကိုင်ဖုန်းသို့ ဖုန်းဝင်လာသည်။ စုံထောက်စံထူးက ဖုန်းကိုနားထောင်ပြီး ထူးခြားမှုသတင်း ကိုမေးရာ အောင်မျိုးဝင်းက အထက်ပါစကားဖြင့် အဖြေပေးသည်။ သို့ကြောင့် စုံထောက်စံထူးက ..

"ဘယ်လိုထူးခြားတာလဲ ဆိုစမ်းပါဦး"

စောင့်ကြည့်နေအိမ်အတွင်းမှ ပစ်မှတ်ဟုထင်ရသော အသက် (၄၅)နှစ် ဝန်းကျင်ခန့်ရှိ လူကြီးတစ်ဦးထွက်လာသည်။ ထိုလူသည် ဂေါက်သီးရိုက် မည့်ဝတ်စုံကို ဝတ်ဆင်ထားပြီးကိုထောင်ထဲရှိ ကားနောက်ဖုံးထဲသို့ ဂေါက်တံ များထည့်ထားသော ဂေါက်အိတ်ကို အိမ်ဖော်နှစ်ဦးက ထည့်ပေးနေသည် ကိုတွေ့မြင်ကြောင်း အောင်မျိုးဝင်းက သတင်းပို့သည်။

"အဲဒီကားထွက်လာရင်ကားနံပါတ်ကို ဆက်ပြောပေးကွာ"

မကြာလိုက်ပါ။ တိုယိုတာ(မတ်တူး)အစိမ်းရောင် ၂ခ/..... ကားမှာ စောင့်ကြည့်လုံခြုံရေးဝန်ထမ်းအောင်မျိုးဝင်း၏ ကင်းတဲအနီးမှ ပစ်မှတ်ဟု ယူဆရသူတစ်ဦးတည်း မောင်းနှင်သွားသည်။ မြင်တွေ့ပုံအလုံးစုံကို အောင် မျိုးဝင်းက ချက်ချင်းသတင်းပို့သည်။ စုံထောက်စံထူးနှင့် ဒုရဲအုပ်ဝင်းသောင်း ဦးတို့ကလည်း သူတို့၏ကားထဲတွင် အသင့်ရှိနေကြသည်။ ခဏအကြာ ပစ်မှတ်ကိုယ်တိုင်မောင်းနှင်သောကားသည် လမ်းနံဘေးတွင်ရပ်ထားသော စုံထောက်စံထူး၏ကားကိုဖြတ်ကျော်သွားသည်။ စုံထောက်စံထူးကားက လည်း နောက်မှလိုက်ပါသွားသည်။ နောက်ဆုံးခရီးတွင် ပစ်မှတ်၏ ကားသည်

မရမ်းကုန်းမြို့နယ်၊ အသံလွှင့်ရုံးလမ်း (ရေကူး၊ ထပ်ဆင့်အသံလွှင့်ရုံ)သို့ ချိုးကွေ့ သွားသည်။ ထို့နောက် အသံလွှင့်ရုံလမ်းနံဘေးရှိ ဟန်(Han) ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းထဲသို့ ဝင်ရောက်သွားသည်။ စုံထောက်စံထူးကားက ဂေါက်ကွင်းဝင်ပေါက်ကိုကျော်လွန်၍ လမ်းနံဘေးခုတ်ဆီရောင်းသောနေရာတွင် ရပ်လိုက်သည်။ ဓာတ်ဆီရောင်းသောလူရွယ်က ..

"ဆရာ ဆီထည့်မလို့လား"

"အေး ဓာတ်ဆီတစ်ဂါလံ ထည့်မယ်ကွာ"

ဟု စုံထောက်စံထူးကပြောဆိုပြီး ကားအတွင်းမှ ဓာတ်ဆီရောင်းသောလူရွယ်အနီးသို့ ဆင်းလျှောက်သွားသည်။ လူရွယ်သည် ဓာတ်ဆီကိုချိန်တွယ်၍ ကားထဲသို့ထည့်ပေးသည်။ ထိုစဉ် စုံထောက်စံထူးက ..

"ညီလေး ဒီဂေါက်ကွင်းထဲမှာ စားသောက်ဆိုင်ရှိလား"

"ရှိပါတယ်ဆရာ"

"တို့အပြင်က လူတွေကောဝင်စားလို့ရလား"

"ရပါတယ်ဆရာ၊ ဂေါက်ရိုက်လေ့ကျင့်မယ်ဆိုရင်တော့ သူတို့အသင်းဝင်ရပါတယ်၊ စားသောက်ဆိုင်ကတော့ မည်သူမဆို ဝင်စားလို့ရပါတယ်"

ကျသင့်သော ဓာတ်ဆီဖိုးငွေကို ရှင်းပေးပြီးနောက် စုံထောက်စံထူး၏ကားမှာနောက်ကြောင်းသို့ပြန်လှည့်၍ ဂေါက်ကွင်းထဲသို့ဝင်ကာ ပစ်မှတ်ကား၏မလှမ်းမကမ်းတွင် ရပ်တန့်လိုက်ကြသည်။ ထို့နောက် စံထူးနှင့်ဝင်းသောင်းဦးကလည်း စားသောက်ဆိုင်ဘက်သို့ ထွက်လာသည်။ ဂေါက်ကွင်းသို့ မြင်သာသောစားသောက်ဆိုင်၏ ပြတင်းပေါက်နံဘေးစားပွဲတွင်နေရာယူလိုက်သည်။ ဘီယာနှစ်လုံးနှင့် အမြည်းကိုမှာသည်။ စားရင်းသောက်ရင်း ဂေါက်ရိုက်လေ့ကျင့်နေသူများကို မျှော်ငေးကြည့်သည်။ ခဏအကြာ စားသောက်ဆိုင်မှ လုပ်သားတစ်ဦးကိုခေါ်၍ ဂေါက်ကွင်းအကြောင်းမေးသည်။ ဆိုင်အလုပ်သမားက ဂေါက်ကွင်းမှ တာဝန်ရှိသူ

တစ်ဦးကို ခေါ်ပေးသည်။ ရောက်ရှိလာသော ဂေါက်သမားက သိလိုသည်များကိုမေးရန် ပြောသည်။ ဂေါက်မရိုက်တတ်သူကို သင်ပေးလျှင် စရိတ်စကမည်မျှ၊ ဂေါက်ရိုက်တတ်သူ လာရောက်လေ့ကျင့်လျှင် မည်၍မည်မျှပေးဆောင်ရသည်တို့ကို မေးသည်။ ဂေါက်သမားဝန်ထမ်းကလည်း သိလိုသည်များကို စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ဂေါက်ကွင်းဘက်သို့ ကြည့်၍ သိလိုသည်များကိုလည်းမေးသည်။ စုံထောက်စံထူးနှင့် ဂေါက်သမားတို့အမေးအဖြေကို စားသောက်ဆိုင်အတွင်းရှိ ဂေါက်ကွင်းအုပ်ချုပ်ရေးမှူးရုံးခန်းမှ အရာရှိအသွင်သဏ္ဍာန်ရှိသူ တစ်ယောက်က စုံထောက်စံထူးတို့စားပွဲဝိုင်းကို သင်္ကာမကင်းသော မျက်လုံးအစုံဖြင့် အကဲခတ်နေသည်။ ဒါကို စုံထောက်စံထူးကလည်း သိသည်။ သူ့အလုပ်သူလုပ်၍ ကိုယ့်အလုပ်ကိုယ်လုပ်နေခြင်းဖြစ်သည်။

"ဟောဟိုက နိုင်ငံခြားသားဟာ တော်တော်ဝါသနာကြီးတယ်နော်၊ ကျင်းကိုလည်း တစ်ကျင်းပြီးတစ်ကျင်း လေ့ကျင့်နေတာတွေ့တယ်"

သောက်လိုက်စားလိုက်ဖြင့် ပစ်မှတ်ကို လက်ညှိုးထိုး၍ စုံထောက်စံထူးက အမေးပုစ္ဆာထုတ်လိုက်သည်။ ဒါကို ဂေါက်သမားဝန်ထမ်းက ..

"ဟုတ်တယ်ဗျ။ ဒီလူက ဂေါက်ခရစ်ဇီပေါ့ဗျာ၊ တစ်နေ့ကို သူ့ရဲ့ရိုက်ချက်က တစ်သိန်းခွဲနှစ်သိန်းနီးပါး ကုန်ကျစရိတ်ရှိတယ်။ သူ့ဘောကပုဂ္ဂိုလ်က သူ့ရဲ့နည်းပြဆရာလေ"

"အော် ဟုတ်လား၊ ဒါလည်း ဝါသနာကိုဗျာ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ကျန်းမာရေးဆိုတော့ ဖြေသာသေးတာပေါ့"

ဟု စုံထောက်စံထူးက ဆိုသည်။ ထို့နောက် စုံထောက်စံထူးက ဂေါက်သမားဝန်ထမ်းကို ကျေးဇူးတင်စကားဖြင့်နှုတ်ဆက်ရာ ဂေါက်သမားလည်း စုံထောက်စံထူးတို့ဝိုင်းမှ ထထွက်သွားသည်။ စုံထောက်စံထူးကလည်း ပစ်မှတ်ကို မျက်ခြေမပြတ်၊ ထိုစဉ် ခါးကြားထဲမှ လက်ကိုင်ဖုန်းက အသံပြုလာ

သည်။ ဖုန်းကိုဖြုတ်၍ ဖန်သားမျက်နှာပြင်ကိုကြည့်ရာ တပ်ဖွဲ့ခွဲမှူး၏ ဖုန်းခေါ်ဆိုမှုဖြစ်ကြောင်း သိလိုက်သည်။ စားပွဲမှထ၍ ဆိုင်ပြင်သို့ထွက်ကာ လူသူရှင်းသောတစ်နေရာသို့သွားသည်။ ရောက်ရှိနေသော နေရာနှင့် တွေ့ရှိရသောပစ်မှတ်မှာ ဖြစ်နိုင်ခြေရှိကြောင်း စုံထောက်စံထူးမှ တပ်ဖွဲ့ခွဲမှူးသို့တင်ပြသည်။ အတိအကျသိသောအမည်နှင့် ဖြစ်နိုင်ခြေရှိသော သံသယ လောက်ဖြင့် မဖမ်းဆီးသင့်ကြောင်း၊ ယမန်နေ့ညက စံပယ်ရိပ်မွန်တွင် အိပ်တန်းမတက်ဘဲ မည်သည့်နေရာတွင်သောင်တင်နေသည်ကို မသိရ ကြောင်း၊ သို့ကြောင့် ယနေ့ညပစ်မှတ် အိပ်တန်းတက်မည့်နေရာကို နောက်ယောင်ခံလိုက်၍ သိရှိပါက ဆက်လက်တင်ပြအမိန့်ခံမည့်အကြောင်း စုံထောက်စံထူးက သတင်းပို့သည်။ ထို့နောက် စားသောက်ခန်းသို့ ပြန် လာခဲ့သည်။

စားပွဲရှိ ဘီယာနှင့်အမြည်းတို့ကို စားသောက်၍ ပစ်မှတ်၏ အခြေ အနေကို စောင့်ကြည့်သည်။ ခဏအကြာ ပစ်မှတ်သည် ဂေါက်ရိုက် လေ့ကျင့်ပြီး၍ ပြန်ရန်ဟန်ပြင်နေသည်။ စုံထောက်စံထူးက လက်ကျန်ကို ဖြတ်၍ ကျသင့်ငွေကိုပေးရှင်းထားသည်။ ပစ်မှတ်နှင့်နည်းပြဖြစ်သူတို့ ဂေါက်ကွင်းအတွင်း စကားပြောနေစဉ် စုံထောက်စံထူးနှင့်ဒုရဲအုပ် ဝင်း သောင်းဦးတို့က ကားရှိရာသို့ထွက်လာသည်။ စုံထောက်စံထူးတို့ ကားပေါ် အရောက်၊ ပစ်မှတ်ကားလည်း ဂေါက်ကွင်းအတွင်းမှ မောင်းထွက်သွား သည်။ အချိန်နှင့်တစ်ပြေးညီဖြစ်၍ ပစ်မှတ်၏ကားနောက်မှ မသိမသာ မောင်းထွက်ခဲ့သည်။ တစ်နေရာအရောက် စုံထောက်စံထူး၏ ကားနောက်မှ ကားတစ်စီးက ကျော်တက်ဖို့လမ်းတောင်းသည်။ လမ်းမဖယ်ပေးသော် လည်း တစ်ဖက်ယာဉ်ကြောမှ အတင်းကျော်တက်သည်။ ကားချင်းယှဉ်သည့် အချိန်တွင် တစ်ဖက်မှကားမှ ယာဉ်မောင်းသူက စုံထောက်စံထူးတို့ကားကို မကျေနပ်သော အကြည့်ဖြင့် ကြည့်သည်။ ထိုသူကားအခြားသူမဟုတ်၊

ပစ်မှတ်၏ ဂေါက်နည်းပြဆရာဖြစ်သည်။ အပွေးမြင်အပင်သိ၊ လေဆင်ကြည့်ရွက်တိုက်ဆိုသလိုအခြေအနေကိုကြည့်၍ ဂေါက်နည်းပြဆရာ၏ကားကို ကျော်တက်ခွင့်ပြုလိုက်သည်။ ဒါကိုပင် မောင်မင်းကြီးသားက မကျေနပ်ချင်၊ စုံထောက်စံထူး၏ ကားရှေ့မှ ယာဉ်ကြောကိုပိတ်၍ ကားကိုအရှိန်လျှော့ပြီးမောင်းနှင်ကာ ပညာပြနေချေပြီ။

''တောက်''

စုံထောက်စံထူး၏တောက်ခေါက်သံက ကားအတွင်းမှ မိုးခြိမ်းသည့်အလား။ ဆရာဖြစ်သူ၏ မဟုတ်မခံစိတ်ဓာတ်ကိုသိထားသော ယာဉ်မောင်းသူတပည့် ဒုရဲအုပ်ဝင်းသောင်းဦးက ..

''စိတ်လျှော့လိုက်ပါ ဆရာရယ်၊ ကျွန်တော်တို့လုပ်ငန်းက မပြီးသေးတော့ သည်းခံသင့်တာကိုသည်းခံရမှာပေါ့ ဆရာရယ်''

လမ်းလေးခွဆုံအရောက်၊ ဂေါက်နည်းပြဆရာကားက ညာဘက်သို့ချိုးကွေ့သွားသော်လည်း ပစ်မှတ်၏ကားက မြေလျှိုး၍မိုးပျံသွားလေတော့သည်။

## အခန်း(၇)

နောက်ယောင်ခံလိုက်သည့် (Shadow) အလုပ်တွင် တစ်ခါတစ်ရံပစ်မှတ် (Target) ပျောက်ကွယ်မှုမျိုး ဖြစ်တတ်ပါသည်။ ကျွမ်းကျင်သောစုံထောက်ပင်ဖြစ်လင့်ကစား၊ အနှောင့်အယှက်အဟန့်အတားကြောင့် ပစ်မှတ်ပျောက်ခဲ့ရသည်မှာ ကိုယ်တွေ့ပင်ဖြစ်သည်။ ပစ်မှတ်ကိုယ်တိုင်က ရိပ်စားမိပါက စံထူးတစ်ယောက် စုံထောက်ပြောင်းပြန်ဖြစ်သွားမှာ သေချာသည်။

''ဒီလိုပဲ ဖြစ်လေ့ဖြစ်ထရှိပါတယ်၊ မောင်စံထူးရဲ့ အားမလျှော့ပါနဲ့''

တပ်ဖွဲ့ခွဲမှူးက အားဖြည့်စကားဆိုသည်။ စုံထောက်စံထူးက ..

''ကျွန်တော်ကတော့ အားမလျော့ပါဘူး အဘ၊ ဒီကောင်မြေလျှိုးသွားရင် ကျွန်တော်အဝီစိထိ လိုက်ဖမ်းမယ်၊ မိုးပျံသွားရင်လည်း တာဝတိံသာထိ တက်ဖမ်းမယ်''

''ယုံပါတယ်ကွာ မင်းရဲစွမ်းရည်ကို ငါယုံပါတယ်၊ ရော့ ဟောဒီမှာ မင်းလိုချင်တဲ့ပစ်မှတ်ရဲ့ဓာတ်ပုံ''

တပ်ဖွဲ့ခွဲမှူးကမ်းပေးသော ကာလာပရင့်စက္ကူ (Colour Print Paper) ကို စုံထောက်စံထူးမှ လှမ်းယူသည်။ ကာလာပရင့်စက္ကူပေါ်ပါ ပစ်မှတ်ဓာတ်ပုံကို စူးစိုက်ကြည့်လျက် စုံထောက်စံထူးက ...

''ခပ်ဆင်ဆင်တော့ရှိတယ်အဘ၊ ဒီပုံက လက်ရှိအခြေမှာ နောက်ဆုံးရိုက်ထားတဲ့ပုံတော့မဖြစ်နိုင်ဘူး၊ အသက်အရွယ်က နည်းနည်းကွာဟနေသလိုပဲ''

''ဖြစ်နိုင်ပါတယ်၊ လူတူမရှားနာမည်တူမရှားဆိုသလိုပေါ့ကွာ၊ တို့ဘက်က လွဲမှားသွားရင် အကျည်းတန်အရုပ်ဆိုးတဲ့ လုပ်ရပ်တစ်ခုပဲကွ''

''ဟုတ်ပါတယ်အဘ''

''အဲဒါကြောင့် နောက်တစ်နေ့ မင်းသူ့ကိုစောင့်ကြည့်တဲ့အခါ အမှန်တကယ်ပစ်မှတ်ဟုတ်မဟုတ် ခွဲခြားပေးမယ့်သူတစ်ယောက်ကို မင်းရှိတဲ့နေရာကို ပို့ပေးမယ်''

''ဟာ ကောင်းတာပေါ့အဘရယ်၊ ကျွန်တော်တို့ဘက်က တာဝန်လည်းကျေ၊ အန္တရာယ်လည်း ကင်းတာပေါ့''

''ဒါပေမယ့်လည်း အဲဒီသူက ပစ်မှတ်နဲ့ ခင်မင်ရင်းနှီးတယ်၊ သူ့ကိုတော့ ပေါ်ပေါ်ထင်ထင်လုပ်ပြလို့မဖြစ်ဘူးကွ၊ သူ့ကို ဖုံးဖုံးဖိဖိ ထားရလိမ့်မယ်''

''ဟုတ်ကဲ့ စိတ်ချပါအဘ''

''အဲဒါဆို မင်းဆက်လုပ်ပေတော့''

စုံထောက်စံထူးက တပ်ဖွဲ့ခွဲမှူး၏ အခန်းမှ ကားရပ်နားထားသော နေရာသို့ထွက်လာသည်။ ယာဉ်မောင်းသူ၏ ထိုင်ခုံတွင် ဒုရဲအုပ်ဝင်း သောင်းဦးက အသင့်၊ ကားထဲသို့ဝင်ထိုင်လိုက်သော စုံထောက်စံထူးကို ဒုရဲအုပ်ဝင်းသောင်းဦးက ..

''ဘယ်ကို ရှေ့ရှုမလဲအာစရိ''

''အေး ဒီတစ်ညတော့ သည်းခံလိုက်ပါဦးကွာ၊ မနက်ဖြန်ခါဆို အဖြေပေါ်ပါပြီ၊ တို့ခြေစုံပြုခဲ့တဲ့ ပန်းလှိုင်နားက လမ်းနံဘေးကိုပဲမောင်း ကွာ''

ဝင်းသောင်းဦးက ကားမောင်းနေစဉ်၊ စုံထောက်စံထူးက လုံခြုံရေး ဝန်ထမ်းအောင်မျိုးဝင်း (ဒုရဲအုပ်)ထံသို့ ဖုန်းခေါ်သည်။ အချိန်က အလင်း ပျောက်၍ အမှောင်ရောက်ချိန်၊ ညနေမှောင်ရီပျိုးစက ပစ်မှတ်ပျောက်ကွယ် သွားပုံကို အောင်မျိုးဝင်းသို့ ခင်းပြသည်။ အောင်မျိုးဝင်းကလည်း ပစ်မှတ် သည် ဂေါက်ကွင်းထွက်သွားပြီးကတည်းက ယခုအချိန်ထိ အိပ်တန်းသို့ ပြန်မလာကြောင်း ပြောသည်။ စုံထောက်စံထူးကလည်း ယမန်နေ့ညက ခြေစုံပြုခဲ့သည့် ဒေသတွင်ရပ်တည်မည်ဖြစ်ကြောင်း၊ ထူးခြားလျှင် သတင်းပို့ရန်မှာသည်။ ဤသို့ဖြင့် အတွင်းစောင့်ကြည့် စုံထောက်တစ် ယောက်နှင့် အပြင်တွင်အသင့်ရှိ စုံထောက်နှစ်ယောက်တို့၏ ဒုတိယမြောက် ညမှ နောက်တစ်နေ့ မိုးစင်စင်လင်းသည်အထိ ..။

နေ့လည် (၁၁)နာရီခန့်အချိန်၊ ပစ်မှတ်သည် ယမန်နေ့က မောင်းနှင် သွားသော အစိမ်းရောင်မတ်တူးကားဖြင့် အသိုက်သို့ပြန်ဝင်လာသည်။ အသိုက်မှပြန်ထွက်ပါက ဆက်လက်သတင်းပို့မည့်အကြောင်း အောင်မျိုးဝင်း မှ စံထူးသို့သတင်းပို့သည်။ ထုံးစံအတိုင်း နေ့လယ်(၃)နာရီခန့်တွင် ပစ်မှတ် သည် ဂေါက်ကွင်းသွားရန် ပြင်ဆင်သည်။ ထို့နောက် အစိမ်းရောင်မတ် တူးကို ကိုယ်တိုင်မောင်း၍ နေအိမ်မှထွက်လာကြောင်း သတင်းကောင်းပါး

လာသည်။ စုံထောက်စံထူးနှင့် ယာဉ်မောင်းဒုရဲအုပ်ဝင်းသောင်းဦးတို့က လည်းအသင့်။ ပစ်မှတ်ကားဖြတ်သန်းသွားပြီးနောက် ယမန်နေ့က ခရီးစဉ်အတိုင်း နောက်မှအစဉ်တစိုက် လိုက်ပါလျက်။ ထိုစဉ် စုံထောက်စံထူးမှ ..

''အဘ ပစ်မှတ်ကဂေါက်ကွင်းကို ရှေ့ရှုနေပါတယ်၊ ကျွန်တော်တို့က သူ့နောက်မှာပါ၊ ပစ်မှတ်ကိုအတည်ပြုရမယ့်သူကို ဂေါက်ကွင်းရှေ့လွှတ်ပေးပါ၊ ကျွန်တော်တို့ဂေါက်ကွင်းရှေ့ ကားလမ်းဘေးက စောင့်နေပါ့မယ်''

တပ်ဖွဲ့ခွဲမှူးသို့ ဆက်သွယ်ပြောဆိုသည်။ တပ်ဖွဲ့ခွဲမှူးကလည်း ရကြောင်း ပြန်သည်။ ပစ်မှတ်ကား ဟန်ဂေါက်ကွင်းသို့ ဝင်သွားစဉ် စုံထောက်ကားမှာ ဂေါက်ကွင်းဝင်ပေါက်မရောက်မီ လမ်းဘေးသစ်ပင်ရိပ်အောက်၌ ထိုးရပ်ထားသည်။

မိနစ် (၂၀)ခန့်အကြာ ဒုရဲအုပ်သန်းဇော်နှင့်အတူဟန်လင်းကြည်ဆိုသူ တရုတ်အမျိုးသားတစ်ဦးပါလာသည်။ စုံထောက်စံထူးက ဟန်လင်းကြည်ကို မိမိတို့မောင်းနှင်လာသော ကားနောက်ခန်းတွင်တက်ခိုင်းသည်။ ထို့နောက် ကားအတွင်းရှိ လျှာဦးထုပ်တစ်လုံးကို ဟန်လင်းကြည်သို့လှမ်းပေးပြီးဆောင်းခိုင်းသည်။ ဟန်လင်းကြည်ကလည်း နားလည်သဘောပေါက်စွာဖြင့် လျှာထိုးဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသည်။

''အခု ကျွန်တော်တို့ဂေါက်ကွင်းထဲကိုဝင်မယ်။ ကားကိုစားသောက်ဆိုင်ရှေ့မှာ ရပ်မယ်။ ကျွန်တော်ကားပေါ်က ဆင်းပြီး အချိုရည်ဘူးဆင်းဝယ်မယ်။ ခင်ဗျားက ကားပေါ်ကလုံးဝမဆင်းပါနဲ့၊ ကျွန်တော်ညွှန်ပြတဲ့သူဟာ အမည်နဲ့ လူဟုတ်မဟုတ် အဖြေပေးဖို့ပါပဲ''

စုံထောက်စံထူးက ဟန်လင်းကြည်ကို အထက်ပါစကားဖြင့်ရှင်းပြသည်။ စကားအဆုံးတွင် ယာဉ်မောင်းဝင်းသောင်းဦးက ကားကို ဂေါက်ကွင်းထဲသို့ ဖြေးညင်းစွာမောင်းဝင်သည်။ စားသောက်ဆိုင်ဘက်သို့ချိုးကွေ့စဉ်၊

စုံထောက်စံထူးမှ ဂေါက်ရိုက်လေ့ကျင့်နေသော ပစ်မှတ်ကိုညွှန်ပြသည်။ စားသောက်ဆိုင်ရှေ့အရောက် စုံထောက်စံထူးက ကားပေါ်မှဆင်း၍ စားသောက်ဆိုင်ထဲသို့ ဝင်သွားသည်။ ခဏအကြာ စုံထောက်စံထူးက အချိုရည်(၃)ဗူးကိုင်၍ ကားအတွင်းသို့ စင့်ထိုင်သည်။ ယာဉ်မောင်းဝင်းသောင်းဦးက ကားကို စားသောက်ဆိုင်ရှေ့မှ ဂေါက်ကွင်းအပြင်ဘက်သို့ မောင်းထွက်ပြီး ဒုရဲအုပ်သန်းဇော်ရှိရာ ကားလမ်းဘေးတွင် ရပ်သည်။ ကားအတွင်း၌ရှိနေစဉ် စုံထောက်စံထူးက ..

"ကျွန်တော်ညွှန်ပြတဲ့ ဂေါက်ရိုက်လေ့ကျင့်နေတဲ့သူဟာ ဘယ်သူလဲ ဘာလုပ်သလဲ"

အခြေအနေမှန်ကို မသိရှာသူ ဟန်လင်းကြည်က ..

"သူ့နာမည်က ကျန်ထင်းကျန်ပါ။ ငါးလုပ်ငန်းကုမ္ပဏီက လုပ်ငန်းရှင်တစ်ယောက်ပါ။ သူကဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး။ ကျန်ထင်းကျန် ဟုတ်မဟုတ်ကိုပဲ တိတိကျကျ သိချင်လို့ပါ"

## အခန်း(၈)

"ဟုတ်ပါတယ် ... ကျွန်တော် မစွတာကျန်ထင်းကျန်ပါ"

ဟန်လင်းကြည်ကို ဒုရဲအုပ်သန်းဇော်ဖြင့် ပထုတ်လိုက်ပြီးနောက် စုံထောက်စံထူးနှင့် ဒုရဲအုပ်ဝင်းသောင်းဦးတို့က ဂေါက်ကွင်းသို့ ပြန်ဝင်ကြသည်။ ဟန်ဂေါက်ကွင်းရှိ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့အား တွေ့ဆုံ၍ စီအိုင်ဒီမှစုံထောက်စံထူးဖြစ်ကြောင်းနှင့် လာရင်းအကြောင်းကို ရှင်းပြသည်။ နိုင်ငံခြားသားတစ်ဦးကို ဥပဒေဖြင့်အညီ စုံစမ်းစစ်မေးရန် ခေါ်ယူလို၍ အသိသက်သေအဖြစ်လိုက်ပါရန် အကူအညီတောင်းခံသည်။ တရားဥပဒေကိုနားလည်သော ဂေါက်ကွင်းတာဝန်ခံများကလည်း စုံထောက်စံထူးနှင့်အတူ

လိုက်ပါကူညီသည်။ ဂေါက်ရိုက်လေ့ကျင့်နေသော ပစ်မှတ်အနီးအရောက်တွင်စုံထောက်စံထူးက အင်္ဂလိပ်စကားဖြင့် ကျန်ထင်းကျန်လားဟု အမည်ကိုခေါ်၍မေးသည်။ ထိုအခါ ပစ်မှတ်ဖြစ်သူက ကျန်ထင်းကျန်ဖြစ်ကြောင်း အင်္ဂလိပ်စကားဖြင့် အထက်ပါအတိုင်း အဖြေပေးသည်။ စုံထောက်စံထူးနှင့် မစ္စတာကျန်တင်းကျန်တို့၏ အင်္ဂလိပ်စကားဖြင့်ပြောဆိုပုံများကို စာဖတ်ပရိသတ်အတွက် ဆီလျော်သလိုဘာသာပြန်ထားသည်။

"ကျွန်တော် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စီအိုင်ဒီက စုံထောက်စံထူးပါ"

"ဩ တွေ့ရတာဝမ်းသာပါတယ်၊ မစ္စတာစံထူး။ ကျွန်တော်နဲ့ ပတ်သက်လို့ ဘာကိစ္စများရှိလို့ပါလဲ"

"ကျွန်တော်တို့ သိချင်တာလေးတွေ မေးစရာရှိလို့ပါ"

"အဲဒါဆိုလည်း ဒီဂေါက်ကွင်းက ရုံးခန်းမှာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ကျွန်တော့်ရုံးခန်းနဲ့ အိမ်မှာတွေ့ဆုံမေးမြန်းလို့ရပါတယ်"

"မဖြစ်ပါဘူးခင်ဗျ။ ကျွန်တော်တို့ စီအိုင်ဒီရုံးမှာပဲ မေးမြန်းရမှာပါ။ ဒါကြောင့် မစ္စတာ ကျန်ထင်းကျန်အနေနဲ့ ကျွန်တော်တို့နဲ့အတူ စီအိုင်ဒီရုံးကို လိုက်ခဲ့ပေးပါ"

အပြစ်ရှိသောသူသည် မိမိအရိပ်ကိုပင် ကြောက်ရွံ့ထိတ်လန့်တတ်ပါ၏။ ယခု စီအိုင်ဒီဟုဆိုလိုက်သဖြင့် ကျန်ထင်းကျန်လည်းတုန်လှုပ်သွားပုံရသည်။ ခဏကြာအောင်စဉ်းစားပြီးနောက် မစ္စတာကျန်ထင်းကျန်က ..

"ကောင်းပြီလေ ဒီရုံးကအဖော်တစ်ယောက်ခေါ်ပြီး ကျွန်တော့်ကားနဲ့ လိုက်ခဲ့ပါ့မယ်"

တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ဆိုတာလို ကျန်ထင်းကျန်၏ တောင်းဆိုမှုကို ခွင့်ပြုလိုက်ပါလျှင် အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ်ဖြင့် အလုပ်ပါပြုတ်သွားနိုင်သည်။ ဒီလိုအခွင့်အရေးတောင်းဆိုမှုမျိုးကို စုံထောက်စံထူးက လုံးလုံးလျားလျား မစဉ်းစား။ ဒါကြောင့် ...

''မစ္စတာကျုန်ထင်းကျန် ခင်ဗျားရဲ့ဂုဏ်သိက္ခာကို ကျွန်တော်လေးစား ပါတယ်။ ထို့အတူပါပဲ ကျွန်တော့်ရဲ့ လုပ်ငန်းတာဝန်ကိုလည်း ခင်ဗျားနား လည်ပေးပါ၊ ဒါကြောင့် ခင်ဗျားတောင်းဆိုမှုကို ကျွန်တော်ခွင့်မပြုနိုင်ပါဘူး၊ ကျွန်တော့်ကားနဲ့တစ်ပါတည်းလိုက်ခဲ့ပေးပါ''

မလှုပ်သာမလှုးသာသော မစ္စတာကျုန်ထင်းကျန်တစ်ယောက် စုံထောက် စံထူး၏ကားပေါ်သို့သာ။ ဂေါက်ကွင်းတွင် ကျန်ရှိနေသော ကျုန်ထင်းကျန် ၏ ကားနှင့် အားကစားပစ္စည်းများကိုမူ ဟန်ဂေါက်ကွင်းရှိ အုပ်ချုပ်ရေးမှူး ထံအပ်နှံထားရှိခဲ့သည်။ ကားကို ဒုရဲအုပ်ဝင်းသောင်းဦးက မောင်းနှင်၍ နောက်ခန်းတွင် စုံထောက်စံထူးနှင့် မစ္စတာကျုန်ထင်းကျန်တို့က ယှဉ်တွဲ လျက် လိုက်ပါခဲ့သည်။

အင်းစိန်စီအိုင်ဒီရုံးရောက်၍ တပ်ဖွဲ့ခွဲမှူးထံ သတင်းပို့သည်။ တပ်ဖွဲ့ခွဲမှူးက မိမိတပ်ဖွဲ့မှ တရုတ်ဘာသာစကားကျွမ်းကျင်သော ရဲအရာရှိ တစ်ဦးကို ခေါ်ယူ၍ စုံထောက်စံထူးနှင့်တွဲဖက်ပေးသည်။ ဒါမှလည်း အလိုက်သင့်၊ အလျားသင့် အံဝင်ခွင်ကျဖြစ်မည်။ ကိုယ်ပြောသော စကားကို သူက နားမလည်၊ သူပြောသောစကားကို ကိုယ်ကမသိဖြစ်နေလျှင် စစ်မေး သူနှင့် အစစ်ခံသူတို့မှာ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်ချေမည်။ ထို့ကြောင့် နိုင်ငံခြားသားများကို စစ်မေးသည့်အခါ ထိုနိုင်ငံဘာသာစကားပြောဆို ကျွမ်းကျင်သူကိုထားရှိရသည်။ စစ်မေးဖို့အတွက် စုံထောက်စံထူးတွင် အခက် အခဲမရှိသော်လည်း လုပ်ငန်းတာဝန်တစ်ခုက ကျန်ရှိနေသေးသည်။ ဤ သည်မှာ ပစ်မှတ်၏နေအိမ်အနီးတွင် လုံခြုံရေးဝန်ထမ်းအသွင်ယူ၍ စောင့် ကြည့်နေသော ဒုရဲအုပ်အောင်မျိုးဝင်းကို ပြန်ရုပ်ပေးဖို့ဖြစ်သည်။ သို့ကြောင့် စုံထောက်စံထူးက ..

''အောင်မျိုးဝင်းရေ ပစ်မှတ်တို့ ဌာနေမှာ ရောက်ပြီ မင်းတန်းဖြုတ်ခဲ့ ပေတော့''

မိုဘိုင်းဖုန်းဖြင့် တပည့်ဖြစ်သူကို မိန့်ဆိုသည်။ ၂ ညအိပ်၊ ၃ ရက်ဒုက္ခခံခဲ့ရသော စုံထောက်စံထူးနှင့် တပည့်နှစ်ဦးတို့၏ရလဒ်က မှူခင်းတပ်ဖွဲ့(စီအိုင်ဒီ)အတွက် ဂုဏ်ယူဝင့်ကြွားစရာပင်ဖြစ်ပါတော့သည်။

## အခန်း(၉)

''ကျွန်တော့်နာမည်က မစ္စတာကျန်ထင်းကျန် (Mr.Zhang Tian Zhen)ပါ။ အသက်က ၄၆နှစ်ပါ။ ဟန်လူမျိုးဗုဒ္ဓဘာသာပါ၊ ကျွန်တော့်ဇာတိကတော့ ဖူးကျန့်ပြည်နယ်၊ချန်လဲ့မြို့က ဖြစ်ပါတယ်''

ဟုအစချီ၍ သူ၏ဖြစ်စဉ်ကို အောက်ပါအတိုင်း ဖွင့်ဆိုပြသည်။

ကျန်ထင်းကျန်သည် ၁၉၈၆ခုနှစ် မှစ၍ ဖူးကျန့်ပြည်နယ်၊ ချန်လဲ့မြို့တွင် သူငယ်ချင်းများနှင့်အတူ ငါးလုပ်ငန်း လုပ်ကိုင်ခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် သူ၏ အစ်ကိုများနှင့် တံငါသည်လုပ်ငန်းကို လုပ်ကိုင်သည်။ ၁၉၉၆ ခုနှစ်တွင် သင်္ဘောတက်မကိုင်(၂)ဦးနှင့်အတူ မြန်မာနိုင်ငံသို့ တရားဝင်စတင်ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံရှိ ငါးလုပ်ငန်းကုမ္ပဏီများကို လေ့လာခဲ့သည်။ ထို့နောက်မြန်မာနိုင်ငံရှိ ငါးကုမ္ပဏီများမှငါးများကို ဝယ်ယူ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်း၊ ရှန်ဟိုင်း၊ ကူမင်းနှင့် တကျန်မြို့များသို့ တင်ပို့ခဲ့သည်။

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံမှ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများသို့ သွား၍ငါးဝယ်ယူတင်သွင်းခြင်းကို တိုးချဲ့လုပ်ကိုင်ခဲ့သည်။ အိန္ဒိယနှင့် ပါကစ္စတန်မှ ဝယ်ယူရရှိသောငါးများကို တရုတ်ပြည်သို့ ရေလမ်းခရီးဖြင့် တင်ပို့ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ယခုနေထိုင်ရာ ပန်းလှိုင် ဂေါက်ကွင်းအိမ်ရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဇွန်လတွင် ကျန်ထင်းကျန်အား တရုတ်နိုင်ငံရဲတပ်ဖွဲ့မှ အမှုဖြင့်လိုအပ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စုံစမ်းဖမ်းဆီးမည်အပြုတွင် နယ်စပ်သို့ထွက်ပြေးတိမ်းရှောင်ခဲ့

သည်။ ကျန်ထင်းကျန်ကျူးလွန်ခဲ့သော ပြစ်မှုမှာ တရုတ်နိုင်ငံ၌ အခွန်တိမ်းရှောင်မှုဖြစ်သည်။ တရုတ်နိုင်ငံရှိ ကျန်ထင်းကျန်နှင့် လုပ်ငန်းအတူလုပ်သော တရုတ်ကုန်သည်များကို တရုတ်ရဲက ဖမ်းဆီးခဲ့ကြောင်း သတင်းကိုကြားသိခဲ့သည်။ ထို့ကြောင့် ကျန်ထင်းကျန်သည် အဖမ်းခံရမည်စိုး၍ တရုတ်၊ မြန်မာနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။

၂၀၀၆ခုနှစ်၊ မိုးရာသီတွင် ကျန်ထင်းကျန်သည် တိမ်းရှောင်နေရာမှ ပန်းလှိုင်အိမ်ယာသို့ တိတ်တဆိတ် ပြန်ဝင်လာသည်။ ၂၀၀၇ ခုနှစ်နှစ်ကုန်ပိုင်းထိ ပန်းလှိုင်အိမ်ရာတွင် နေထိုင်ခဲ့သည်။ ထိုစဉ် တရုတ်ပြည်ရှိ လုပ်ငန်းတူလုပ်သူများက အကြောင်းကြားသဖြင့် အဖမ်းခံရမှာစိုး၍ ဒုတိယအကြိမ် မြန်မာ၊ ထိုင်းနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ နယ်စပ်မှ တဆင့် ထိုင်းနိုင်ငံသို့ ခိုးဝင်၍ သူငယ်ချင်းတစ်ယောက်၏ နေအိမ်တွင် အပြင်မထွက်ဘဲ ပုန်းခိုနေခဲ့သည်။ ၂၀၁၀ ခုနှစ် ဧပြီလတွင် ထိုင်းနယ်စပ်မှ တဆင့် မြန်မာနိုင်ငံ၊ တာချီလိတ်မြို့သို့ ခိုးဝင်ခဲ့သည်။ တာချီလိတ်မြို့မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်ဖြင့် လိုက်ပါခဲ့ပြီး ပန်းလှိုင်အိမ်ရာတွင် နေထိုင်ခဲ့သည်။ ထိုသို့ နေထိုင်စဉ် ၂၀၁၀ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့ ညနေပိုင်းတွင်ဟန်ဂေါက်ကွင်း၌ ဖမ်းဆီးခံခဲ့ရကြောင်း မစ္စတာကျန်ထင်းကျန်က ထွက်ဆိုပြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် မိမိတင်သွင်းသော ငါးလုပ်ငန်းအတွက် တရားဝင်ပေးဆောင်ရမည့် အခွန်ဘဏ္ဍာများကို မပေးသွင်းဘဲ တိမ်းရှောင်ခဲ့သည်။ အမှုဖြင့်အရေးယူစုံစမ်းခဲ့သော်လည်း ပြစ်မှုကိုရင်မဆိုင်၊ ကိုယ်လွတ်ရုန်း၍ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ဖမ်းဆီးရမိပြန်တော့လည်း တရားဝင်နေထိုင်ခွင့်ရရှိထားသူမဟုတ်၊ နယ်စပ်မှတစ်ဆင့်ခိုးဝင်လာခြင်းဖြစ်သည်။ ပြည်ဝင်ခွင့်ပြုထားသော နိုင်ငံကူးလက်မှတ်မရှိဘဲ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်သဖြင့် ပြစ်မှုကျူး

လွန်သူ မစွတာ ကျန်ထင်းကျန်ကို မရမ်းကုန်းရဲစခန်း (ပ)၂၁၆/၂၀၁၀၊ ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ)အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)ဖြင့် အမှုဖွင့်အရေးယူရသည်။ မရမ်းကုန်းမြို့နယ်တရားရုံးမှ ပြစ်မှုကျူးလွန်သူ မစွတာကျန်ထင်းကျန်ကို ငွေဒဏ်ကျပ်တစ်သိန်းပေးဆောင်ရန်နှင့် ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ထောင်ဒဏ်(၆)လကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ပြစ်မှုကျူးလွန်သူ တရားခံ မစွတာကျန်ထင်းကျန်က တရားရုံးတော်တွင် ဒဏ်ငွေကျပ်တစ်သိန်းကို ပေးဆောင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ကျူးလွန်ခဲ့သောပြစ်မှုကို ပြစ်ဒဏ်ကျခံပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အမှုရင်ဆိုင်ဖို့အတွက် တရားခံနပြေးကျန်ထင်းကျန်ကို တရားဥပဒေဖြင့်အညီ လွှဲအပ်ပေးဖို့ပင်ဖြစ်သည်။ ဤသို့ လွှဲအပ်ပေးရာတွင် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ (Interpol) ၏ ကူညီဆောင်ရွက်ဆက်သွယ်မှုဖြင့် ပြုရသည်။ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်မှုကြောင့် တရုတ်နိုင်ငံမှကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ ရဲဆက်ဆံရေးအရာရှိတစ်ဦး၊ တရုတ်နိုင်ငံ NCB China (Interpol) မှ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အောက်မြန်မာနိုင်ငံမှူခင်းတပ်ဖွဲ့ခွဲမှူး၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ ဒုတိုင်းတပ်ဖွဲ့မှူး၊ အနောက်ပိုင်းခရိုင် လဝကမှူး ခရိုင်ဦးစီးမှူး၊ စုံထောက်စံထူးနှင့် စီအိုင်ဒီမှအရာရှိများပါဝင်ကြသည်။ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များက တရုတ်နိုင်ငံမှ ကိုယ်စားလှယ်များသို့ ဖမ်းဆီးရမိသူ မစွတာကျန်ထင်းကျန်အား အင်းစိန်စီအိုင်ဒီရုံးတွင် စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ဤဖြစ်စဉ်တွင် စီအိုင်ဒီက စုံထောက်စံထူးသည် ခက်ခဲနက်နဲသော ပြစ်မှုများကို အောင်မြင်စွာဖော်ထုတ်နိုင်သည်သာမက၊ နိုင်ငံရပ်ခြားမှ

ဖြစ်မှုကျူးလွန်၍ မိမိပြည်တွင်းသို့ ထွက်ပြေးတိမ်းရှောင်လာသူကို တာဝန်သိသိသစ္စာရှိရှိဖြင့် ပိုင်နိုင်စွာစုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ အောင်မြင်သော စုံထောက်အတွက် ပေးဆပ်ချင်သော ကမ္ပည်းက "စုံထောက်စံထူးနှင့် နိုင်ငံကူးတရားခံ" ဟူ၍သာ။

■■■

စုံထောက်

# မောင်ရေခဲ

စုံထောက်ဝိဆေး

နှင့်

မြွေဆိုးကျွန်း လျှို့ဝှက်မှု



အခန်း(၁)

ရခိုင်ပြည်နယ်၏ ကမ်းလွန်ပင်လယ်ပြင်တွင် ကျွန်းကြီးကျွန်းငယ် အသွယ်သွယ်တို့ ရှိကြသည်။ ထိုကျွန်းစုများအနက် ကျောက်ဖြူမြို့နယ်တွင် မြဒေးကျွန်းဟုခေါ်သော ကျွန်းငယ်တစ်ခုရှိသည်။ ထိုကျွန်းကို အရပ်သူ၊ အရပ်သားများက မဒေးကျွန်းဟု ခေါ်ဆိုကြသည်။ မြဒေးကျွန်း(ခေါ်) မဒေး ကျွန်းသည် ကျောက်ဖြူမြို့မှ ရေမိုင်(၈)မိုင်ခန့်ဝေးသည်။ ကျောက်ဖြူမြို့မှ ပင်လယ်ပြင်ကိုဖြတ်၍ စက်လှေဖြင့် မြဒေးကျွန်းသို့ တစ်နာရီကျော်ကြာ ခုတ်မောင်းရသည်။ မြဒေး(ခ)မဒေးကျွန်းမှာ နှစ်မိုင်ပတ်လည်ခန့်သာ ကျယ်ဝန်းသော ကျွန်းငယ်တစ်ခု ဖြစ်သည်။

မြဒေးကျွန်းပေါ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်မှ လာရောက်တည်ဆောက်ထားသည့် UNTP ကုမ္ပဏီ၏ Project (စီမံကိန်း) တစ်ခုရှိသည်။ ထိုစီမံကိန်းလုပ်ငန်းမှာ အရှေ့အလယ်ပိုင်းမှထွက်ရှိသော ရေနံနှင့်စွမ်းအင်များကို ရေအောက်၊ မြေအောက် ပိုက်လိုင်းများဖြင့် သွယ်

တန်း၍ မြဒေးကျွန်းပေါ်တွင် ကန်များနှင့် သိုလှောင်ထားရှိသည်။ ထိုသို့ သိုလှောင်ထားရှိသော စွမ်းအင်များကို မြေအောက်ပိုက်လိုင်းများဖြင့် ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်တို့ကို တဖြောင့်တည်း ဖြတ်သန်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်သို့ စက်စွမ်းအားဖြင့် တွန်းပို့ပေးသည်။ ထိုစီမံကိန်းလုပ်ငန်း UNTP ကုမ္ပဏီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွက် အရေးပါအရာရောက်သော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။

မြဒေးကျွန်းပေါ်ရှိ စွမ်းအင်တင်ပို့မှု စီမံကိန်းလုပ်ငန်းခွင်တွင် အဆင့်အမျိုးမျိုး၊ အလွှာအသွယ်သွယ်ဖြင့် တာဝန်ထမ်းဆောင်နေကြသူ အများအပြားရှိသည်။ ထိုဝန်ထမ်းများအားလုံး၏ ကိုးဆယ်ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသားများသာ ဖြစ်ကြသည်။ ကျန်ဆယ်ရာခိုင်နှုန်းမှာ မြဒေးကျွန်းသားများဖြစ်၍ သူတို့၏လုပ်ငန်းတာဝန်မှာ လုံခြုံရေးနှင့် အထွေထွေလုပ်သားများသာ ဖြစ်ကြသည်။ ဝန်ထမ်းများအတွက် နေထိုင်စရာအဆောက်အဦးကိုလည်း သူ့အဆင့်အတန်းနှင့်သူ စီစဉ်ထားရှိသည်။ သာမန်ဝန်ထမ်းများအတွက် အိပ်ခန်းတစ်ခန်းလျှင် အမျိုးသား(၁၀)ဦးမှ (၁၂)ဦးအထိထားရှိပြီး အထက်နှင့်အောက် နှစ်ယောက်အိပ်နိုင်ရန် နှစ်ထပ်ခုတင်များထားရှိပေးသည်။ စားသောက်ရေးကိုမူ ထမင်းစားခန်း၌ အတူတကွစားသောက်ကြရသည်။ လျှပ်စစ်မီးကို နေ့စဉ် မနက် ၅ နာရီမှ ည ၁၁ နာရီအထိ မီးစက်မှ ထုတ်လွှတ်ပေးသည်။ မီးပိတ်ချိန်ဖြစ်သည့် ည ၁၁ နာရီမှ နောက်တစ်နေ့ မနက် ၅ နာရီသည် အလုပ်သမားများ အိပ်စက်နားနေချိန်ဖြစ်သည်။

ဤသည်မှာ မြဒေးကျွန်း(ခ)မဒေးကျွန်းပေါ်ရှိ စီမံကိန်းလုပ်ငန်း၏ ပုံရိပ်များပင် ဖြစ်ပါပေသည်။

၄ ၄ ၄

## အခန်း(၂)

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ(၃)ရက် (ဝါခေါင်လဆုတ် ၁၃ ရက်) မနက်လေးနာရီခွဲအချိန်ခန့်တွင် ဖြစ်သည်။ လဆုတ်ရက်ဖြစ်၍ မြဒေးကျွန်း၏ပုံရိပ်က မည်းမှောင်နေ၏။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသလို မုတ်သုန်မိုးနှင့်လေပြင်းတို့က အစွမ်းပြပြဟစ်ကြွေးလျက်။ တစ်ချက်တစ်ချက် လင်းလက်လာသော လျှပ်စီးရောင်များက မြဒေးကျွန်းပေါ်ရှိ စီမံကိန်းလုပ်ငန်းနှင့် လူနေတိုက်တာများကို မီးမောင်းထိုးပြသလို ရှိနေပါသည်။ စီမံကိန်းလုပ်ငန်းတွင် တရုတ်နိုင်ငံသား သာမန်အလုပ်သမားများနေထိုင်သော အိပ်ဆောင် (၁၃)ဆောင်ရှိသည်။ အိပ်ဆောင်တွင် မိုးလေအေးအေးဖြင့် အိပ်မောကျနေသူလည်း ရှိသလို နိုးနေသူလည်းရှိသည်။ သို့သော် လျှပ်စစ်မီးက မရသေး၍ နိုးနေသူများမှာ အိပ်ရာမှမထသေးဘဲ မိမိတို့၏ နှစ်ထပ်ခုတင်ပေါ်တွင် ရှိနေကြပါသည်။

စီမံကိန်းလုပ်ငန်းခွင်၏ နာရီသံချောင်းခေါက်သံ (၅)ချက်က ဟန်ချက်ညီစွာ ထွက်ပေါ်လာသည်။ နာရီသံ ချောင်းအဆုံးတွင် လုပ်ငန်းခွင်ရှိ အလုပ်သမားအိပ်ဆောင်များကလည်း မီးလင်းလာ၏။ ထိုအခါ အိပ်ဆောင်အချို့မှ အလုပ်သမားအချို့ နိုးထလာ၏။ နိုးထလာသော အလုပ်သမားများက မိမိတို့၏ ကျန်းမာရေး၊ ကိုယ်လက်သန့်ရှင်းရေး စသည်တို့ကို လှုပ်ရှားမှုပြုလာကြသည်။ နိုးထလှုပ်ရှားလာသော အိပ်ဆောင်များထဲမှ အခန်းအမှတ်(၂၉)လည်း အပါအဝင်ဖြစ်ပါသည်။ အဆိုပါ အခန်းအမှတ်(၂၉)တွင် တရုတ်နိုင်ငံသားအလုပ်သမား (၁၂)ယောက်ရှိသည်။ ထိုအလုပ်သမား(၁၂)ယောက်တွင် နိုးထသူလည်းရှိ၍ နိုးပြီးမထသေးသူလည်း ရှိသည်။

မနက်(၆)နာရီအချိန် အခန်းအမှတ်(၂၉)မှ အလုပ်သမား(၁၂)ယောက်အနက် (၁၁)ယောက်မှာ အသီးသီးနိုးထခဲ့ကြပြီး နံနက်စာစားရန် အသင့်

ဖြစ်နေကြ၏။ သို့သော် အခန်းထဲမှ အတူနေအလုပ်သမား Mr.Lumohou (မစ္စတာလူမိုဟို)မှာ ပျောက်ဆုံးနေ၏။ အဆိုပါအခန်းတွင် ပျောက်ဆုံးသူ မစ္စတာ လူမိုဟိုနှင့်အတူ အစ်ကိုရင်းဖြစ်သူ Mr.Luzhike (မစ္စတာလူဇီကီး) လည်းအတူနေ၏။ ထို့ကြောင့် အစ်ကိုဖြစ်သူ လူဇီကီးနှင့်အတူနေ အလုပ်သမားတစ်ဦးတို့သည် ပျောက်နေသူ လူမိုဟို၏ အိပ်ရာခုတင်သို့ သွားကြည့်၏။ လူမိုဟိုသည် အိပ်ခန်းရှိ နှစ်ထပ်ခုတင်မှ အပေါ်ထပ်အဆင့်တွင် အိပ်သူဖြစ်၏။ အိပ်ရာခုတင်သို့ ရောက်သော်လည်း အပေါ်ထပ်အိပ်စင်တွင် လူမိုဟိုကားမရှိ။ ကုတင်ပေါ်ရှိ အိပ်ရာနှင့် ခြုံစောင်တို့တွင် သွေးစွန်းသွေးကွက်များကိုသာ တွေ့ရှိခဲ့ကြသည်။

မစ္စတာ လူမိုဟို ပျောက်ဆုံးနေမှုနှင့် အိပ်ရာပေါ်တွင်တွေ့ရှိသော အနေအထားသတင်းစကားက စီမံကိန်းလုပ်ငန်း၏ ဆိုဒ်မန်နေဂျာ မစ္စတာ မားဝေထံသို့ ရောက်ရှိသွားခဲ့သည်။ ထို့ကြောင့် ပျောက်ဆုံးသူ လူမိုဟိုအား လူစုခွဲ၍ မြဒေးကျွန်းတစ်ဝှိုက် ပိုက်စိပ်တိုက်ရှာကြ၏။ သို့သော် ပျောက်ဆုံးသူကား အရိပ်အယောင်ပင်မတွေ့။ ထို့ကြောင့် တာဝန်ရှိသူမှ မြဒေးကျွန်းနယ်မြေရဲစခန်းသို့ အကြောင်းကြားရပါသည်။ မြဒေးကျွန်းနယ်မြေရဲစခန်းမှ တရုတ်နိုင်ငံသား မစ္စတာလူမိုဟို ပျောက်ဆုံးမှုကို လူပျောက်အမှတ်စဉ် ၁/၂၀၁၃ ဖြင့် အမှုဖွင့်စစ်ဆေးခဲ့ပါသည်။

နောက်တစ်နေ့ (၄-၉-၂၀၁၃) နယ်မြေရဲစခန်းနှင့် စီမံကိန်းလုပ်ငန်းမှ သက်ဆိုင်သူများက ပျောက်ဆုံးနေသော မစ္စတာလူမိုဟိုအား ကြည်းကြောင်း၊ ရေကြောင်းတို့ဖြင့် ရှာဖွေကြ၏။ သို့သော် ပျောက်ဆုံးသူကား နတ္ထိ။ နောက်တစ်နေ့ (၅-၉-၂၀၁၃)တွင် ဆက်၍ ရှာဖွေသော်လည်း မစ္စတာ လူမိုဟိုမှာ ပုန်းအောင်းနေဆဲပင် ရှိပါသည်။ ထိုနေ့ညနေ (၅)နာရီခန့်တွင် ဖြစ်သည်။ မြဒေးကျွန်းကျေးရွာအုပ်စု၊ ရွာမကျေးရွာ၏ မြောက်ဘက်ကိုက် (၂၀၀)ခန့်၊ ပင်လယ်ကမ်းစပ်နှင့် ကိုက် (၃၀၀)ခန့်အကွာ

သံဇစ်မြစ်အတွင်း၌ အမျိုးသားလူသေအလောင်းတစ်လောင်းပေါ်လာခဲ့သည်။

ထိုအမျိုးသား လူသေအလောင်းမှာ အပေါ်အင်္ကျီမပါ၊ ဘောင်းဘီရှည်ဝတ်လျက်၊ လည်ပင်းအောက် ရင်ညွှန့်အထက်တွင် ထိုးသွင်းဒဏ်ရာနှစ်ချက်နှင့် ဝဲဘက်လက် တံတောင်ဆစ်ကွေးတွင် ထိုးသွင်းဒဏ်ရာတစ်ချက်တို့ရှိသည်။ အလောင်း၏ ခန္ဓာကိုယ်အနေအထားမှာ ကောင်းမွန်သော်လည်း ရုပ်အမည် အတည်ပြုခြင်း Identification အတွက် အဓိကကျသော မျက်နှာမှာ လုံးဝပျက်စီးနေသည်။ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်နှင့် နားရွက်စသည်တို့မှာ ဘာမျှမရှိတော့ဘဲ မျက်နှာအရိုးနှင့် အရေပြားသာ ရှိသည်။ သို့သော် အလောင်းတွင်ဝတ်ဆင်ထားသော ယူနီဖောင်း(ဘောင်းဘီ)မှာ စီမံကိန်းလုပ်ငန်းမှ ထုတ်ပေးသော တူညီဝတ်စုံ(ယူနီဖောင်း)ဖြစ်သည်။ ခန္ဓာကိုယ်အသားအရည်နှင့် အရောင်အသွေးမှာ တရုတ်နိုင်ငံသားအဆင်းသဏ္ဌာန်ဖြစ်သည်။ ထို့ကြောင့် အဆိုပါရုပ်အလောင်းသည် ပျောက်ဆုံးနေသော စီမံကိန်းလုပ်ငန်းမှ တရုတ်နိုင်ငံသား မစ္စတာလူမိုဟို၏ ရုပ်အလောင်းဖြစ်ကြောင်း နယ်မြေရဲက အတည်ပြုသည်။ လူပျောက်မှုကို ပိတ်သိမ်း၍ (ပ)၂၁/၂၀၁၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၃၀၂(လူသတ်မှု)ဖြင့် အမှုဖွင့်ပြီး နယ်မြေရဲစခန်းမှ စုံစမ်းစစ်မေးခဲ့သည်။

(စုံစမ်းစစ်မေးခဲ့သောသူများမှာ မြန်မာစကားမတတ်၍ မိမိဘက်မှ တရုတ်ဘာသာစကားပြန်ဖြင့် စစ်မေးရပါသည်။ အမှုစစ်အရာရှိ၏ မေးမြန်းချက်နှင့် တရုတ်နိုင်ငံသား၏ ပြောဆိုချက်တို့ကို ဇာတ်သိမ်းသည်အထိ မြန်မာစကားဖြင့်သာ ဖော်ပြသွားပါမည်)

+++

## အခန်း(၃)

''ကျွန်တော်တို့ဘက်ကတော့ သေဆုံးတဲ့ ဒီရုပ်အလောင်းဟာ ကျွန်တော်တို့နိုင်ငံသား ပျောက်ဆုံးသွားတဲ့ မစ္စတာလူမိုဟိုပါလို့ အပြည့်အဝ

လက်မခံနိုင်သေးဘူးဗျ''

ဟု စီမံကိန်းဆိုဒ်မန်နေဂျာ မစ္စတာမားဝေးက ဆိုပါသည်။ ဒီတော့ နယ်မြေရဲအမှုစစ်အရာရှိက–

''မစ္စတာမားဝေက ... ဘာကြောင့် လက်မခံနိုင်သေးတာလဲ''

''ခင်ဗျားပဲ ... စဉ်းစားကြည့်လေ၊ လူမှန် အမည်မှန်ကို အတည်ပြုဖို့ဆိုတာက .. အဲဒီလူရဲ့ ရုပ်အဆင်းအင်္ဂါနဲ့ ထင်ရှားတဲ့အမှတ်အသားကို ကြည့်ရမှာလေ။ အခု .. ခင်ဗျားတို့ ရုပ်အလောင်းက အရေးပါတဲ့ မျက်နှာမရှိတော့ ကျွန်တော်က ဘယ်လိုလို့လက်ခံနိုင်မှာလဲ''

''သေဆုံးသူ ကိုယ်ပေါ်မှာ ဝတ်ဆင်ထားတဲ့ဘောင်းဘီဟာ ခင်ဗျားတို့ ကုမ္ပဏီကဝတ်စုံ မဟုတ်ဘူးလား''

''ဟုတ်ပါတယ် ... ဒီဝတ်စုံတစ်ခုတည်းနဲ့ အတည်ပြုလို့ မရပါဘူး၊ တိကျခိုင်မာတဲ့ ... အထောက်အထားတွေ ရှိဖို့လိုပါတယ်''

မြဒေးကျွန်းနယ်မြေတွင် လူပျောက်မှုတိုင်ကြားထားသည်မှာ မစ္စတာလူမိုဟိုပျောက်ဆုံးမှု တစ်ခုသာ ရှိသည်။ အခြားကျေးလက်၊ တောရွာများမှ လူပျောက်မှုတိုင်ကြားထားခြင်းလုံးဝမရှိ။ ထို့ပြင် သေဆုံးသူ၏ အစ်ကိုရင်း မစ္စတာလူဇီကီးမှလည်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော မျက်နှာမှလွဲ၍ ဤခန္ဓာကိုယ်အစိတ်အပိုင်းများမှာ ညီရင်းဖြစ်သူ လူမိုဟိုဖြစ်ကြောင်း အတည်ပြုပေးသည်။ ထို့ကြောင့် ယခုတွေ့ရှိသော ရုပ်အလောင်းသည် ပျောက်ဆုံးသူ မစ္စတာ လူမိုဟိုမှလွဲ၍ တခြားမဖြစ်နိုင်ကြောင်း နယ်မြေအမှုစစ်မှ ရှင်းပြ၏။ ဒါကိုလည်း စီမံကိန်းလုပ်ငန်းမှ အပြည့်အဝလက်မခံဘဲ ရှိနေခဲ့သည်။

မည်သို့ပင်ရှိစေ၊ အမှုစစ်အရာရှိအနေဖြင့် သေဆုံးသူသည် မစ္စတာလူမိုဟိုဖြစ်ကြောင်း အခိုင်အလုံအထောက်အထားဖြင့် ပြသဖို့လိုသည်။ ထို့ကြောင့် သေဆုံးသူ၏ရုပ်အလောင်းကို ရှုထောင့်အမျိုးမျိုးဖြင့် ဓာတ်ပုံရိုက်ယူသည်။

သေဆုံးသူဝတ်ဆင်ထားသော ခါးပတ်၊ ဘောင်းဘီရှည်နှင့် အတွင်းခံဘောင်းဘီ တို့ကို သိမ်းယူ၏။ သေဆုံးသူ၏ ဝဲယာလက်နှစ်ဖက်မှ လက်(၁၀)ချောင်း၏ လက်ဗွေပုံစံများကို ရယူသည်။ ထို့ပြင် သေဆုံးသူ၏ ဆံပင်၊ လက်သည်း၊ အသားစ တို့ကိုလည်း DNA စစ်ဆေးရန် ရယူခဲ့သည်။ သေဆုံးသူနှင့် DNA တိုက်ဆိုင်စစ်ဆေးနိုင်ရန် အတူရှိနေသူ အစ်ကိုအရင်း မစ္စတာလူဇီကီးထံမှလည်း ဆံပင်နှင့်လက်သည်းတို့ကို နမူနာရယူ၏။ ထို့အတူ မစ္စတာလူမိုဟို (သေဆုံးသူ)ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်ကိုလည်း သိမ်းယူထားသည်။ သေဆုံးသူ၏ ရုပ်အလောင်းကိုလည်း တရားဝင်အတည်ပြုချက်မရမီ သင်္ဂြိုဟ်ခြင်းမပြုဖို့နှင့် ပုပ်ပွခြင်းမဖြစ်စေရန် ရင်ခွဲရုံ၌ ရေခဲရိုက်၍ စီမံထားရှိခဲ့သည်။

စီမံကိန်းလုပ်ငန်းမှ တာဝန်ရှိသူများသည် မိမိတို့တရုတ်နိုင်ငံတွင် ရုပ်၊ အမည်အတည်ဖြစ်ဖို့အတွက် DNA စစ်ရန် သေဆုံးသူ၏ ဆံပင်၊ လက်သည်း၊ အသားစနှင့် အစ်ကိုဖြစ်သူ၏ ဆံပင်၊ လက်သည်းတို့ကို နယ်မြေအမှု စစ်အရာရှိထံမှ ရယူခဲ့သည်။ အမှုစစ်အရာရှိကလည်း တရားဝင်လွှဲပြောင်းအပ်ပေးသည်။ သို့သော် DNA ၏ အဖြေကား တိုက်ဆိုင်စစ်ဆေး၍မရကြောင်း ထွက်လာသည်။ ဒါကလည်း တစ်စုံတစ်ခု ချို့ယွင်းအားနည်းချက်ကြောင့် ဖြစ်နိုင်ပါသည်။

သေဆုံးသူသည် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ရုပ်အလောင်းကိုလည်း ရေထဲတွင် စွန့်ပစ်ခဲ့သည်။ သေဆုံးသူသည် စီမံကိန်းလုပ်ငန်းမှ မစ္စတာလူမိုဟိုမှလွဲ၍ တခြားမဖြစ်နိုင်။ လူမိုဟိုကို သတ်သူမှာလည်း လူစိမ်းသူစိမ်းမဟုတ်။ တစ်ခန်းတည်းအတူနေ အလုပ်သမား(၁၁)ယောက်ထဲက သာဖြစ်မည်။ ထို့ကြောင့် နယ်မြေအမှုစစ်အရာရှိသည် အခင်းဖြစ်ပွားရာ အခန်း အမှတ်(၂၉)မှ သေဆုံးသူနှင့်အတူနေ တရုတ်နိုင်ငံသား အလုပ်သမား (၁၁)ဦးကို လူသတ်မှုဖြင့် ဖမ်းဆီးချုပ်နှောင်ခဲ့ပါသည်။ သက်သေမတော်သူ

(၁၁)ဦးစလုံးကို ကျောက်ဖြူမြို့ ရဲစခန်းအချုပ်တွင် အတူတကွထားရှိ၍ နယ်မြေအမှုစစ်အရာရှိမှ စစ်ဆေးမေးမြန်းလျက် ရှိပါသည်။

+++

အခန်း(၄)

''အမှုဖြစ်စဉ်ကတော့ ... အဲဒါပဲ ကိုစံထူးရေ ... အဲဒီအမှုကို ကျွန်တော်တို့ စီအိုင်ဒီက လွှဲပြောင်းလက်ခံစစ်ဆေးဖို့ အထက်ဌာနက တာဝန်ပေးလာတယ်၊ တရုတ်နိုင်ငံက .. ရဲအရာရှိတွေလည်း အဲဒီအမှုကို စုံစမ်းဖော်ထုတ်ဖို့ ကျောက်ဖြူကိုလာမယ်လို့ သိရတယ်ဗျ၊ ဒါကြောင့် ... အဲဒီအမှုကို ခင်ဗျားပဲ လက်ခံစစ်ဆေးဖို့လုပ်ပါ''

မှူးခင်းရဲတပ်ဖွဲ့ အမှတ်(၂)တပ်ဖွဲ့ခွဲမှူးရုံး ရန်ကုန်(အင်းစိန်)စီအိုင်ဒီတွင် ဖြစ်သည်။ အခင်းဖြစ်ပြီး (၅)ရက်ခန့်အကြာ မြဒေးကျွန်းလူသတ်မှုကို စီအိုင်ဒီမှ လွှဲပြောင်းလက်ခံစစ်ဆေးရန် အထက်ဌာနမှ တာဝန်ပေးလာခဲ့သည်။ ထို့ကြောင့် တပ်ဖွဲ့ခွဲမှူးဖြစ်သူက အမှုဖြစ်စဉ်ကို ရှင်းပြပြီး စုံထောက်စံထူးအား အဆိုပါအမှုကို လွှဲပြောင်းလက်ခံစစ်ဆေးရန် တာဝန်ပေးသည်။

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်။ စီအိုင်ဒီမှ စုံထောက်စံထူးနှင့် လက်ထောက်(တွဲဖက်)စုံထောက်အောင်မင်းတို့ ကျောက်ဖြူမြို့သို့ ရောက်ရှိခဲ့သည်။ ကျောက်ဖြူမြို့ ရဲစခန်းတွင်ရှိနေသော မူလအမှုစစ်အရာရှိ ရဲအုပ်စိုးဝင်း(ယခု ဒုရဲမှူး)နှင့်တွေ့ဆုံ၍ အမှုဖြစ်စဉ်ကို မေးမြန်းဆွေးနွေးကြ၏။ ထိုသို့ဆွေးနွေးမေးမြန်းကြစဉ် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများအနက် သက်ာမကောင်းဖွယ်ရာ သဲလွန်စတစ်ခု ထွက်လာ၏။ ၎င်းသည်မှာ ယနေ့ပင် သိမ်းဆည်းရမိခဲ့သော အရိုးအသွား (၈)လက်မခန့်ရှိ အရိုးနှင့်အသွားများ ပြုတ်ထွက်နေသော ကတ်ကြေးတစ်လက်ပင် ဖြစ်သည်။

''အဲဒီ ... ကတ်ကြေးကို ဘယ်လိုဘယ်ပုံ ရခဲ့တာလဲ''

စုံထောက်စံထူး၏ အမေးကို မူလအမှုစစ် ဒုရဲမှူးစိုးဝင်းက–

"ဟုတ်ကဲ့ ... ကျွန်တော် ရှင်းပြပါမယ်"

အခင်းဖြစ်သည့်နေ့မနက်တွင် အိပ်ရာမှ ပျောက်ဆုံးနေသော လူမိုဟိုကို အိပ်ဆောင်အတွင်းနှင့်အပြင် ဝိုင်းဝန်းရှာဖွေကြ၏။ ဤသို့ ရှာဖွေရာတွင် ပျောက်ဆုံးသူ၏အစ်ကိုအရင်း လူဇီကီးနှင့် အလုပ်သမားခေါင်းဆောင် ကျန်းကျိုဝေတို့မှာ လူမိုဟို၏ အိပ်ရာခုတင်သို့ သွားရှာကြသည်။ ခုတင်ပေါ်တွင် သွေးကွက်များနှင့်အတူ သွေးစွန်းနေသော အဆိုပါကတ်ကြေးကို တွေ့မြင်ကြ၏။ ထိုကတ်ကြေးကို အလုပ်သမားခေါင်းဆောင် ကျန်းကျိုဝေမှကောက်ယူ၍ လူဇီကီးကို ပြ၏။ ထိုအခါ လူဇီကီးမှ ညီဖြစ်သူ လူမိုဟိုမှာ စိတ်ဖောက်ပြန်၍ သူ့ကိုယ်သူ သတ်သေသွားခြင်း ဖြစ်နိုင်ကြောင်း၊ ကုမ္ပဏီတွင်လည်း သိက္ခာကျကြောင်း၊ ထို့ကြောင့် ထိုကတ်ကြေးကို တစ်နေရာတွင် သွားစွန့်ပစ် ရန်ပြော၏။ သို့ဖြစ်၍ ထိုကတ်ကြေးကို လူဇီကီးနှင့် ကျန်းကျိုဝေတို့နှစ်ဦးသည် အိပ်ဆောင်နှင့် ကိုက်(၂၀၀)ခန့် ဝေးသော ချုံနွယ်တွင် သွားရောက်စွန့် ပစ်ခဲ့ကြသည်။ ဤဖြစ်စဉ်ကို ကျန်းကျိုဝေမှ ထွက်ဆိုပြ၍ ကတ်ကြေးစွန့်ပစ် သည့်နေရာကိုပါ လိုက်လံပြသဖြင့် ယနေ့ ၁၀–၉–၂၀၁၃ နေ့လယ်ပိုင်းတွင် သိမ်းဆည်းရရှိခဲ့ကြောင်း နောက်ဆုံး အခြေအနေကို အမှုစစ်ဒုရဲမှူးစိုးဝင်းက ဖွင့်ဆိုပြခဲ့ပါသည်။

"အမှုအတွက် ... လမ်းစလေးပေါ်လာပြီပေါ့ ကိုစိုးဝင်းရယ်"

"ဟုတ်ပါတယ် ဆရာ ... ဆရာတို့အတွက် အထောက်အကူပြုမယ့် သဲလွန်စတစ်ခုပါ"

"မှန်တာပေါ့ဗျာ ... သိပ်မှန်တာပေါ့၊ အခု ကျွန်တော်တို့ အခင်းဖြစ် အရပ်ကို သွားကြည့်ရအောင်ဗျာ"

"ဟုတ်ကဲ့ .. ကျွန်တော် လိုက်ပို့ပါမယ်"

စုံထောက်စံထူး၊ အကူစုံထောက် အောင်မင်းနှင့် ဒုရဲမှူးစိုးဝင်းတို့သည်

ကျောက်ဖြူဆိပ်ကမ်းမှ မြဒေးကျွန်းသို့ စက်လှေဖြင့် ထွက်လာခဲ့ကြသည်။ အခင်းဖြစ်စဉ်က အခင်းဖြစ်အရပ်ကို ဦးစွာမြင်တွေ့ခဲ့သူ အမှုစစ်ဒုရဲမှူး စိုးဝင်းက ရှင်းလင်းပြသည်။ အခင်းဖြစ်ရပ်အနေအထားနှင့် အခင်းဖြစ်ပွား မှုအပေါ် စုံထောက်စံထူးက အောက်ပါအတိုင်း တွေးဆကြည့်သည်။'

တရုတ်နိုင်ငံသား အလုပ်သမားများနေထိုင်သော အဆောင်(၁၃) ဆောင်ရှိသည်။ အခင်းဖြစ်ပွားရာ အဆောင်အမှတ်(၂၉)သည် အဆောင် များ၏ အလယ်တွင်ဖြစ်ပြီး ဝင်ထွက်ပေါက်တစ်ပေါက်သာ ရှိသည်။ ထို့ ကြောင့် ပြင်ပမှ လူစိမ်းသူစိမ်းက အလွယ်တကူဝင်ရောက်၍ ပြစ်မှုကျူး လွန်ရန် မဖြစ်နိုင်ပါ။ အခင်းဖြစ်ပွားသည့်အချိန် အခန်းတံခါးကို ပိတ်ထား ကြောင်းသိရပြီး အခင်းဖြစ်ပြီးနောက် အခန်းတံခါးသော့မှာလည်း အကောင်း ပကတိရှိနေခြင်းကြောင့် ပြင်ပမှ လူစိမ်းဝင်ရောက်လာဖို့က လုံးဝမဖြစ် နိုင်သော အခြေပင်ဖြစ်သည်။ သေဆုံးသူတွင် အပေါ်အင်္ကျီမပါဘဲ သူပိုင် လက်ကိုင်ဖုန်းနှင့် ဖိနပ်တို့မှာလည်း ပျောက်ဆုံးနေ၏။ သေဆုံးသူ၏ အထက် ထပ်ကုတင်အိပ်ရာတွင် သွေးအိုင်သွေးကွက်များ၊ ခုတင်အောက် ကြမ်းခင်း ကွန်ကရစ်တွင် သွေးကွက်များရှိနေခဲ့ခြင်းများမှာ သေဆုံးသူအိပ်ပျော်နေစဉ် သတ်ဖြတ်၍ ရုပ်အလောင်းကို ဖျောက်ဖျက်ခြင်းဖြစ်နိုင်ကြောင်း သုံးသပ် မိသည်။

သေဆုံးသူ၏ ရုပ်အလောင်းအား အိပ်ဆောင်အတွင်းမှ ရေပြင်ရှိရာသို့ သယ်ဆောင်သွားနိုင်မှုလမ်းကြောင်းကို လိုက်ကြည့်ကြသည်။ အလုပ်သမား များနေထိုင်ရာ ခြံဝင်းကို ခိုင်ခံ့သော အုတ်တိုင်၊ သံဆူးကြိုးများဖြင့် ကာရံထားပြီး ဝင်/ထွက်တံခါးပေါက် (၃)ပေါက်ကို တွေ့ရသည်။ တံခါး ပေါက်(၁)မှာ လုပ်ငန်းသုံးပစ္စည်း ထုတ်/သွင်းချိန်၌သာ ဖွင့်လှစ်လေ့ရှိပြီး အမြဲတမ်း သော့ပိတ်ထားသည်။ တံခါးပေါက်(၂)မှာ နေ့ညမပြတ် အစောင့်ရှိ သော တံခါးပေါက်ဖြစ်သည်။ တံခါးပေါက် (၃)မှာ မလွယ်ပေါက်ဖြစ်၍

မြစ်ဆိပ်သို့ထွက်သော တံခါးပေါက် ဖြစ်သည်။ ထိုတံခါးပေါက် မှာ နှစ်ပေခွဲ၊ သုံးပေခန့်ရှိ၍ အစောင့်လည်းမထား၊ တံခါးလည်းမရှိသည်ကို တွေ့ရသည်။ ထို ဝင်/ထွက်ပေါက်သည် အစောင့်ရှိသော တံခါး(၂)၏ မျက်ကွယ်တွင် ဖြစ်သည်။ ထိုအပေါက်မှထွက်လျှင် ယူနန်ဘုတ်ဆိပ်(ခ)ပြည်တော်စည် တံတားရှိရာ သံဇစ်မြစ်သို့ရောက်သည်။ သေဆုံးသူ၏ ရုပ်အလောင်းကို သယ်ယူမည်ဆိုက တံခါးမရှိ၊ အတားမရှိသော အမှတ်(၃)ဝင်ထွက်ပေါက်မှ သယ်ယူ၍ သံဇစ်မြစ်အတွင်းသို့ စွန့်ပစ်ဖွယ်ရာရှိသည်။

ပြစ်မှုကျူးလွန်ချိန်ကို သုံးသပ်ကြည့်သည်။ အလုပ်သမားများအိပ်ဆောင်ကို နေ့စဉ် ည ၁၁ နာရီမှ နောက်တစ်နေ့မနက် (၅)နာရီအထိ လျှပ်စစ်မီးဖြတ်တောက်ထားသည်။ အခင်းဖြစ်သည့်နေ့က အိပ်ဆောင်အတွင်းရှိ အလုပ်သမားအချို့သည် မနက်(၄)နာရီခွဲခန့်တွင် အိပ်ရာမှ နိုးနေသော်လည်း မထကြသေးကြောင်း သိရသည်။ ထို့ကြောင့် ပြစ်မှုကျူးလွန်သူသည် ည၌ (၁၂)နာရီ (သန်းခေါင်အချိန်)မှ နောက်တစ်နေ့မနက် (၄)နာရီ အချိန်အတွင်း ဖြစ်နိုင်ခြေရှိကြောင်း စုံထောက်စံထူးမှ သုံးသပ်ပြသည်။

''ပြစ်မှုကျူးလွန်တဲ့ တရားခံဟာလည်း ‥ တခြားသူမဖြစ်နိုင်ဘူး ကိုစိုးဝင်းရဲ့ …တစ်ခန်းထဲမှာ အတူနေတဲ့ (၁၁)ယောက်ထဲကပဲ''

ဟု စုံထောက်စံထူး၏ သုံးသပ်ပြောဆိုမှုကို မူလအမှုစစ် ဒုရဲမှူး စိုးဝင်းက–

''ဟုတ်ပါတယ် …ခင်ဗျ၊ ကျွန်တော်လည်း အဲဒီလိုပဲ တစ်ထစ်ချ မှတ် ယူပါတယ်၊ ဒါကြောင့် … တစ်ခန်းတည်း အတူနေတဲ့ အလုပ်သမား (၁၁) ယောက်ကို …ဖမ်းဆီး စစ်မေးနေပါတယ်''

+++

## အခန်း(၅)

"ပြစ်မှုနဲ့ . . . သက်ဘမကင်းတဲ့ လူတစ်စုကို အချုပ်ခန်းတစ်ခုတည်းမှာ အတူတကွ စုစည်းထားတော့ အမှုမှန်ပေါ်ပေါက်ဖို့ အားနည်းချက်ရှိသလို အမှုစစ်အရာရှိအတွက်လည်း . . . အရှုံးနဲ့ရင်ဆိုင်ရမှာပါ၊ အမှန်တရားပေါ်ပေါက်ဖို့အတွက် သက်ဘမကင်းတဲ့ အချုပ်သား(၁၁)ဦးကို သီးခြားစီ ခွဲထားချင်ပါတယ်"

အမှုကို လွှဲပြောင်းလက်ခံရယူပြီးနောက် အမှုစစ်အရာရှိ စုံထောက်စံထူးနှင့် တွဲဖက်စုံထောက် အောင်မင်းတို့သည် မူလအမှုစစ် ဒုရဲမှူးစိုးဝင်း စစ်မေးထားသော အမှုတွဲပါ ထွက်ဆိုအစစ်ခံချက်များကို အသေးစိတ်ဖတ်ရှုလေ့လာကြသည်။

သေဆုံးသူနှင့် ဖမ်းဆီးထားသူ (၁၁)ဦးတို့မှာ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်တွင် နေထိုင်ကြသူများဖြစ်၍ ဟန်နီးလူမျိုး(ဘာသာမဲ့) တစ်နယ်သားများဖြစ်ကြသည်။ ၎င်းတို့အဖွဲ့တွင် အလုပ်သမားခေါင်းဆောင်ဖြစ်သူ ကျန်းကျိုဝေမှ စုစည်းခေါ်ဆောင်လာပြီး (၂၉-၂-၂၀၁၃)ရက်နေ့တွင် မြဒေးကျွန်းစီမံကိန်းလုပ်ငန်းသို့ ရောက်ရှိခဲ့ကြသည်။ တစ်နယ်သားများ ဖြစ်ကြသော်လည်း လိုချင်တပ်မက်မှု လောဘ၊ အမျက်ထွက်မှု ဒေါသ၊ အမှားအမှန်ဝေခွဲမရ မှု၊ မောဟ စသည့် အကုသိုလ်တရားများ ပွားများလာလျှင် သွေးသားချင်းပင် သီးခံနိုင်စွမ်းမရှိကြပေ။ ယခုအမှုတွင် ပြစ်မှုကျူးလွန်သူမှာ တစ်မြေတည်းနေ တစ်ရေတည်းသောက်သူ သို့မဟုတ် သွေးသားရင်းထဲမှ လွဲ၍ တခြားဖြစ်နိုင်ဖွယ်မရှိပါ။

သို့သော် သက်ဘမကင်းသူ (၁၁)ဦးစလုံးကို တစ်စုတစ်စည်းတည်းထားရှိခြင်းသည် ထိုသူများအတွက် တိုင်ပင်ခွင့်၊ နှီးနှောခွင့်ရှိနေသဖြင့် စစ်ကြောမေးမြန်းရာတွင် ဖြစ်စဉ်အမှန်ကို ဖုံးကွယ်ထားတတ်ကြပါ၏။ စစ်မေးသူနှင့် အစစ်ခံရသူတို့မှာ လက်ရုံးရည်ပြိုင်ကြခြင်းမဟုတ်ပါ။ ဉာဏ်

ရည်ပြိုင်ကြခြင်းသာ ဖြစ်ပါသည်။ စစ်မေးသူနှင့် အစစ်ခံရသူတို့၏ ဉာဏ်ရည်ပြိုင်ပွဲ Game of wit တွင် စစ်မေးသူသည် အမှန်တရား ပေါ်ပေါက်ရေးကိုသာ ဦးတည်ပါ၏။ မိမိ၏ဦးတည်ချက် အောင်မြင်ရေးအတွက် အမှုစစ်အရာရှိ စုံထောက်စံထူးနှင့် စုံထောက်အောင်မင်းတို့က ကျောက်ဖြူအကျဉ်းထောင်သို့ သွားကြသည်။ ကျောက်ဖြူထောင်ပိုင်နှင့် တွေ့ဆုံပြီး အမှုဖြစ်စဉ်နှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းပြသည်။ ထို့နောက် အမှုနှင့်ပတ်သက်၍ ဖမ်းဆီးထားသော သက်ာမကင်းသူ တရုတ်နိုင်ငံသား (၁၁)ဦးအား သီးခြားစီ ခွဲချုပ်ခွင့်ပြုဖို့ စုံထောက်စံထူးမှ အထက်ပါစကားဖြင့် ထောင်ပိုင်အား အကူအညီတောင်းသည်။ ဒီတော့ ထောင်ပိုင်က ..

"၁၁ ယောက်စလုံး သီးခြားစီခွဲထားဖို့က .. ကျွန်တော့်မှာ နေရာအခက်အခဲရှိပါတယ်၊ ဖြစ်နိုင်မယ်ဆိုရင် ၅ ယောက်ကို တစ်စုနဲ့ ကျန် ၆ ယောက်ကို တစ်ယောက်စီ ... သီးခြားခွဲထားဖို့ ဖြစ်နိုင်ပါတယ်"

ဟု အကြံပြု၏။ ဒါကလည်း ဖြစ်နိုင်ခြေရှိသည်ကို ပြောဆို၍ ဉပဒေဘောင်အတွင်းမှ ကူညီဆောင်မခြင်းဖြစ်ပါ၏။ ဝန်ကြီးဌာနလက်အောက်တစ်ခုတည်း ဤသို့ ကူညီသမှုပြုသည်ကို ကျေးဇူးတင်စွာဖြင့် စုံထောက်စံထူးက ..

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ထောင်ပိုင်ကြီး၊ တစ်စုတည်းထားရမယ့် အချုပ်သားအမည်စာရင်းနဲ့ သီးခြားတစ်ယောက်ချင်းစီထားရမယ့် အမည်စာရင်းကို ကျွန်တော်တို့ ... စိစစ်ပြီးတဲ့အခါ အချုပ်သားအားလုံးကို အပ်ပေးပါ့မယ်"

"ဟုတ်ကဲ့ ရပါတယ်"

"တစ်လက်စတည်း ... နောက်တစ်ခု အကူအညီတောင်းပါရစေ၊ လုံခြုံရေးအရ ... အဲဒီအချုပ်သားတွေကို အပြင်မထုတ်တော့ဘဲ ထောင်

ပိုင်ကြီး စီစဉ်ပေးတဲ့အခန်းမှာပဲ စစ်ကြောပါရစေ''

''ဟုတ်ကဲ့ ... ရပါတယ်၊ ကျွန်တော် စီစဉ်ပေးပါ့မယ်''

နေရာထိုင်ခင်းနှင့် ပတ်ဝန်းကျင်အနေအထားမှာ စစ်မေးကြမည့် စုံထောက်နှစ်ဦးအတွက် တရားဥပဒေနှင့်ညီမျှသော အခွင့်အလမ်းတစ်ရပ် ဖြစ်ပါ၏။ ထို့ကြောင့် ဉာဏ်ရည်ပြိုင်ပွဲ Game of wit တွင် တစ်ဦးချင်းစီ ယှဉ်ပြိုင်ရမည့် အချုပ်သား(၆)ဦး၏ အမည်စာရင်းကို စုံထောက်နှစ်ဦးက စီစစ်ရွေးထုတ်ကြသည်။ ထို(၆)ဦးတွင် အလုပ်သမားခေါင်းဆောင် ကျန်းကျိဝေ၊ သေဆုံးသူ၏အစ်ကို လူဇီကီးနှင့် သေဆုံးသူ၏ ခုတင် အောက်ထပ် အလုပ်သမားတစ်ဦး ထိုကုတင်နှင့်အနီးစပ်ဆုံး အလုပ်သမား(၃)ဦးတို့ ဖြစ်သည်။ ထိုသူ(၆)ဦးကို တသီးတခြားစီထားရှိရန်နှင့် ကျန်အလုပ်သမား (၅)ဦးကို တစ်ခန်းတည်းထားရှိရန် စီစဉ်ခဲ့ကြသည်။

ထို့နောက် ကျောက်ဖြူမြို့မ ရဲစခန်းအချုပ်တွင်ရှိနေသော သက်ဝ မကင်းသူ တရုတ်နိုင်ငံသား (၁၁)ဦးကို ကျောက်ဖြူထောင်သို့ ပို့ဆောင်ပေး၏။ အကျဉ်းထောင်တွင် ရှိနေသော စုံထောက်နှစ်ဦးနှင့် ထောင်ပိုင်တို့က ကြို တင်စီစဉ်ထားသည့်အတိုင်း အမည်ပေါက်အချုပ်သား (၆)ဦးကို တစ်ဦး လျှင်တစ်ခန်းစီနှင့် ကျန်အမည်ပေါက် (၅)ဦးကို တစ်စုတည်းတစ်ခန်းဖြင့် ထားရှိခဲ့သည်။ စစ်မေးသူနှင့် အစစ်ခံသူတို့ ဉာဏ်ရည်ယှဉ်ထိုးကြမည့် ကြိုးဝိုင်းကလည်း ထောင်ဘူးဝအဝင်တွင် အသင့်အနေအထား။ ဉာဏ်ရည် ယှဉ်ပြိုင်မည့် စင်မြင့်ပေါ်တွင် စုံထောက်စံထူးက အသင့်။

+++

## အခန်း(၆)

''ကိုစံထူးလား''

''ဟုတ်ပါတယ် တပ်ဖွဲ့ခွဲမှူး''

''အခုပဲ ... တရုတ်သံရုံးက ဖုန်းဆက်လာတယ်ဗျ၊ မြဒေးကျွန်း

အမှုနဲ့ပတ်သက်ပြီး တရုတ်သံရုံးက ရဲဆက်ဆံရေးအရာရှိ Mr.Wu Ru Zhen မြန်မာနာမည်ကတော့ တရုတ်ရဲမှူးကြီး ထွန်းလင်း၊ ခင်ဗျားသိပါတယ်''

''ဟုတ်ကဲ့ သိပါတယ်''

''ဦးထွန်းလင်းနဲ့ ယူနန်ပြည်နယ်က တာဝန်ရှိတဲ့သူတွေ ... အဲဒီအမှုအတွက် ဒီကနေ့ပဲ ကျောက်ဖြူကို လေယာဉ်နဲ့ထွက်လာပြီဗျ၊ အဲဒါ သူတို့အဖွဲ့နဲ့ စီမံကိန်းက တာဝန်ရှိတဲ့သူတွေပါ ဖိတ်ခေါ်ပြီး အဖြစ်မှန်ကို ရှင်းလင်းဆွေးနွေးဖို့ပါ''

''ဟုတ်ကဲ့ပါ ခင်ဗျ''

''အဓိကကတော့ ... သေဆုံးတဲ့သူဟာ သူတို့နိုင်ငံသား မစွတာလူမိုဟိုဆိုတာကို စီမံကိန်းလုပ်ငန်းကကော သူတို့နိုင်ငံကပါ ...အပြည့်အဝလက်ခံအောင် ကျွန်တော်တို့ဘက်က ... အထောက်အထားနဲ့တကွပြဖို့လိုတယ်''

''ဟုတ်ကဲ့ပါ ခင်ဗျ''

''သေဆုံးသူဟာ ... သူတို့နိုင်ငံသားပါလို့ ရာနှုန်းပြည့်လက်ခံသွားရင်တရားခံဖော်ထုတ်ဖို့ ကြိုးစားပါ''

''ဟုတ်ကဲ့ပါ ခင်ဗျ''

''ကိုစံထူးနဲ့ အောင်မင်းအတွက် ဘာအခက်အခဲရှိသေးလဲ''

''မရှိပါဘူး တပ်ဖွဲ့ခွဲမှူး''

''ဒါဆို ... ဆက်လုပ်ပါ''

''ဟုတ်ကဲ့ပါခင်ဗျ ... လေးစားပါတယ် တပ်ဖွဲ့ခွဲမှူး''

မှူခင်းရဲတပ်ဖွဲ့ အမှတ်(၂)တပ်ဖွဲ့ခွဲမှူးရုံး ရန်ကုန်(အင်းစိန်)ရှိ တပ်ဖွဲ့ခွဲမှူးနှင့် အမှုစစ်စုံထောက်အရာရှိတို့၏ အပြန်အလှန်မျက်ကွယ်မှ ကြိုးမဲ့ဆက်သွယ်မှုလုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ အထက်၊ အောက်ဆက်သွယ်မှုကိုဖြတ်တောက်ပြီးနောက် စုံထောက်စံထူးက ..

"ကဲ . . . အောင်မင်းရေ . . တို့ရဲ့ ညာဏ်ရည်ပြိုင်ပွဲမစခင် . . . မင်းနဲ့ငါ ကျောက်ဖြူလေဆိပ်ကို ပြေးကြဦးစို့"

"ဘာရှိလို့လဲ ဆရာ"

"တရုတ်သံရုံးက . . . ရဲမှူးကြီးထွန်းလင်းနဲ့ ယူနန်ပြည်နယ်က တာဝန်ရှိသူတွေတို့အမှုကိုစုံစမ်းဖို့ ကျောက်ဖြူကို ထွက်လာပြီပြောတယ်၊ တို့လေဆိပ်မှာ . . . သွားကြိုပြီး သူတို့တည်းတဲ့ ဟိုတယ်မှာ အဖြေရှာကြ တာပေါ့"

ဤသို့ဖြင့် စုံထောက်စံထူးနှင့် စုံထောက်အောင်မင်းတို့သည် အကျဉ်း ထောင်မှ ကျောက်ဖြူလေဆိပ်သို့ ထွက်လာကြသည်။ လေဆိပ်ဧည့်ခန်းတွင် အသင့်စောင့်နေ၏။ လေယာဉ်ဆိုက်ရောက်လာပြီး ခဏအကြာ တရုတ်ရဲ မှူးကြီး ထွန်းလင်းဦးဆောင်သောအဖွဲ့ လေယာဉ်ကွင်းဧည့်ခန်းသို့ ဝင်လာ၏။ စုံထောက်စံထူးနှင့် တရုတ်ရဲမှူးကြီး ထွန်းလင်းတို့က စိမ်းကြသူတွေမဟုတ်။ ပြည်တွင်းပြည်ပ မှုခင်းများနှင့်ပတ်သက်၍ အပြန်အလှန် ဆက်သွယ် ရင်းနှီးကြသူများဖြစ်၏။ ရဲမှူးကြီး ထွန်းလင်းကလည်း မြန်မာစကားကို ကောင်းစွာ ပြောဆိုတတ်၏။ ဧည့်ခန်းသို့ ဝင်လာသော ရဲမှူးကြီးထွန်းလင်း ထံ ချဉ်းကပ်ပြီး စုံထောက်စံထူးက . .

"မင်္ဂလာပါ ရဲမှူးကြီး"

ဟု နှုတ်ဆက်၍ အလေးပြု၏။ ရဲမှူးကြီးထွန်းလင်းကလည်း အလေး ပြန်ပြုပြီးနောက် လက်ကိုကမ်းပေးကာ–

"မင်္ဂလာပါ ကိုစံထူး"

ဟု ပြန်လည်ပြောဆိုကာ တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ကြ၏။ ထို့နောက် ရဲမှူးကြီးထွန်းလင်းက အတူပါလာသော တရုတ်နိုင်ငံသား အရာရှိ များကို စုံထောက်စံထူးနှင့် မိတ်ဆက်ပေး၏။ စုံထောက်စံထူးကလည်း အတူပါလာသော စုံထောက်အောင်မင်းအား တရုတ်အရာရှိများနှင့် မိတ်

ဆက်ပေး၏။ ထို့နောက် အမှုစစ် စုံထောက်အရာရှိနှစ်ဦးလည်း ရဲမှူးကြီး ထွန်းလင်းနှင့်အဖွဲ့ တည်းခိုမည့်ဟိုတယ်သို့ အတူလိုက်ပါသွားခဲ့သည်။

ဟိုတယ်ညှိခန်းတွင် စုံထောက်စံထူးမှ အမှုဖြစ်စဉ်၊ စုံထောက်ပေါ် ပေါက်မှုနှင့် ယနေ့ နောက်ဆုံး အခြေအနေတို့ကို အသေးစိတ်ရှင်းပြသည်။ စုံထောက်စံထူး၏ ရှင်းလင်းချက်ကို ရဲမှူးကြီးထွန်းလင်းမှ တရုတ်စကားဖြင့် အတူပါအရာရှိကြီးများအား ဘာသာပြန်ပေးသည်။ အမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံဘက်မှ သိလိုသည်များကို ရဲမှူးကြီးထွန်းလင်းမှတစ်ဆင့် မေးမြန်းရာ စုံထောက်စံထူးမှ ပြန်လည်ဖြေကြားပေး၏။ တရုတ်နိုင်ငံဘက်မှ တစ်ခုသောမေးခွန်းက–

"သေဆုံးသူမှာ . . . ရရှိထားတဲ့ဒဏ်ရာဟာ . . . အခုသိမ်းဆည်းထားတဲ့ လက်နက်(ကတ်ကြေး)နဲ့ ဆက်စပ်မှု ရှိ/မရှိ သိချင်ပါတယ်"

+++

အခန်း(၇)

"ဖြစ်နိုင်ခြေရှိပါတယ်"

Forensic Medicine ဟုဆိုသော မှုခင်းဆိုင်ရာ ဆေးပညာနှင့်ပတ်သက်လာလျှင် မှုခင်းဆရာဝန်သည် ကျွမ်းကျင်သော ပညာရှင်(ပါရဂူ)ပင် ဖြစ်ပါသည်။ တရုတ်နိုင်ငံဘက်မှမေးသော ဒဏ်ရာနှင့် လက်နက်အဖြေထွက်ဖို့အတွက် စုံထောက်စံထူးမှ ဦးဆောင်၍ သေဆုံးသူ၏ ရုပ်အလောင်းကို ရင်ခွဲစစ်ဆေးမှု Post-mortem ပြုခဲ့သူ ခရိုင်ဆရာဝန်ကြီးထံသို့ ပို့ဆောင်ပေး၏။ ခရိုင်ဆရာဝန်ကြီးထံအရောက် တရုတ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့မှ ဒဏ်ရာနှင့်လက်နက် ဆက်စပ်မှုရှိ/မရှိကို မေးမြန်း၏။ ထိုမေးခွန်းကို ခရိုင်ဆရာဝန်ကြီးမှ အထက်ပါစကားဖြင့် ဖြေကြားပေး၏။ ဒါတွင်မက ခရိုင်ဆရာဝန်ကြီးမှ . .

"သေဆုံးသူရဲ့ . . လည်ပင်းအရှေ့ဘက် ညှပ်ရိုးအပေါ်ချိုင့်နေရာမှာ

ထိုးသွင်းဒဏ်ရာနှစ်ချက်နဲ့ ဝဲဘက်တံတောင်ဆစ်ကွေးမှာ ‥ ထိုးသွင်းဒဏ်ရာတစ်ချက်တို့ တွေ့ပါတယ်၊ လည်ပင်းက ဒဏ်ရာနှစ်ချက်ဟာ ‥ ရင်ခေါင်းအတွင်းကို ‥‥ ထိုးဖောက်သွားပြီး လည်ပင်းပိုင်းမှာရှိတဲ့ ‥ လေပြွန်မကြီး၊ သွေးကြောမကြီးနဲ့ ဝဲယာအဆုတ်တွေ ပေါက်ပြဲသွားလို့ ပြစ်မှုကျူးလွန်သူဟာ ချွန်ထက်မာကြောတဲ့လက်နက်ကို သုံးတယ်လို့ ယူဆရပါတယ်''

ဟု အသုံးပြုသောလက်နက်ကို ထုတ်ဖော်ရှင်းပြပါသည်။

ထို့ပြင် သေဆုံးသူ၏ လည်ပင်းတွင်ရှိသော ထိုးသွင်းဒဏ်ရာနှင့် ဝဲဘက်တံတောင်ဆစ်ကွေးတွင်ရှိသော ထိုးသွင်းဒဏ်ရာတို့မှာ ဒဏ်ရာအရွယ်အစား ကွာခြားမှုမရှိဘဲ တူညီနေကြောင်း တွေ့ရှိရသဖြင့် လက်နက်တစ်မျိုးတည်းဖြင့်သာ ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်းကိုလည်း ခရိုင်ဆရာဝန်ကြီးမှ ဖြည့်စွက်ရှင်းလင်းပြသည်။ ထို့နောက် အမှုစစ်အရာရှိ စုံထောက်စံထူးက ‥

''ကျွန်တော် ‥‥ သိချင်တာလေး မေးပါရစေ ဆရာကြီး''

''ဟုတ်ကဲ့ ‥‥ မေးပါခင်ဗျ''

''အခင်းဖြစ်ပွားတဲ့ အိပ်ဆောင်မှာ ‥‥ သေဆုံးသူအပါအဝင် အလုပ်သမား (၁၂)ယောက် အိပ်နေကြပါတယ်၊ အခင်းဖြစ်တဲ့အချိန်ကိုလည်း ညဥ့် ၁၂ နာရီကနေ မနက် ၄ နာရီလို့ ကျွန်တော် ခန့်မှန်းပါတယ်၊ သေဆုံးသူအတွက် ‥‥ ဦးစွာပထမ ရရှိတဲ့ဒဏ်ရာ ရလျှင်ရချင်း သေဆုံးသူဟာ နာကျင်မှုကြောင့် အော်ဟစ်အသံပြုရမှာ ဖြစ်ပါတယ်၊ ဒါပေမဲ့ တစ်ခန်းထဲ အတူအိပ်နေတဲ့ အလုပ်သမားတွေက ‥‥ အခင်းဖြစ်ချိန်မှာ ဘာသံမှမကြားရဘူးလို့ သိရပါတယ်၊ အဲဒါ ‥ ဖြစ်နိုင်၏ မဖြစ်နိုင်၏ သိပါရစေခင်ဗျ''

''ဟုတ်ကဲ့ ‥‥ ဖြစ်နိုင်ပါတယ်၊ ပင်မလေပြွန်မကြီးပေါက်ပြဲပြီး လည်ပင်းသွေးကြောမကြီး ပေါက်ပြဲမှုတို့ဟာ ချက်ချင်းမုချ သေဆုံးနိုင်ပါတယ်၊

လေပြွန်မကြီး ... ပေါက်ပြဲသွားတဲ့အတွက် သေဆုံးသူအနေနဲ့ ကျယ်လောင်သောအသံ ထွက်မလာနိုင်တော့ပါဘူး''

''ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဆရာကြီး''

''ကျွန်တော့်အနေနဲ့ .. မျက်မြင်ကိုယ်တွေ့ မဖြစ်သော်လည်း ရရှိတဲ့ ဒဏ်ရာနဲ့ အသုံးပြုတဲ့လက်နက်ရဲ့ ဆက်စပ်မှုအနေအထားကို ရှင်းပြချင်ပါတယ်''

''ဟုတ်ကဲ့ ... အမိန့်ရှိပါ ဆရာကြီး''

''လည်ပင်းနဲ့ တံတောင်ဆစ်ကွေးမှာရရှိထားတဲ့ ... ဒဏ်ရာ(၃) ချက်ဟာ ... စက်ဝိုင်းပုံမဟုတ်ဘဲ ဘဲဥပုံ Oval Shape ဖြစ်ပါတယ်၊ အဲဒီဒဏ်ရာတွေရဲ့ အစွန်းနှစ်ဖက်မှာ အမြီး Tail ကဲ့သို့ အသွင်သဏ္ဍာန်များ တွေ့ရပါတယ်၊ ဒါကြောင့် ... သေဆုံးသူမှာ ရရှိထားတဲ့ ဒဏ်ရာများဟာ သက်သေခံပစ္စည်းအဖြစ် ... ဖော်ထုတ်ရရှိခဲ့တဲ့ ကတ်ကြေးနဲ့ ပြစ်မှုကျူးလွန်နိုင်ခြေရှိကြောင်း ... ကျွန်တော် .. ထင်မြင်ယူဆပါတယ်''

ကျွမ်းကျင်သူ မှုခင်းဆိုင်ရာဆေးပညာရှင်၏ လွဲမှားမှုမရှိသော အဖြေကို တရုတ်သံရုံးမှ ရဲမှူးကြီးထွန်းလင်းနှင့် ယူနန်ပြည်နယ်မှ ကိုယ်စားလှယ် အရာရှိများက အငြင်းမပွားတော့ပါ။ သို့သော် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော သေဆုံးသူ မစ္စတာလူမိုဟို၏ ရုပ်အလောင်းကိုမူ မိမိတို့နိုင်ငံသားဖြစ်ကြောင်း ရာနှုန်းပြည့် လက်မခံကြသေး။ ထို့ကြောင့် သေဆုံးသူ ရုပ်အလောင်းရှိရာ ရေခဲရိုက်ထားသော ရေခဲတိုက်သို့ သွားရောက်ကြ၏။ ရေခဲအတုံးအခဲများကို ဖယ်ရှား၍ ထွက်ပေါ်လာသော ရုပ်အလောင်းကို ကြည့်ရှုစေပြီး စုံထောက်စံထူးက ..

''ဒီရုပ်အလောင်းဟာ ... လူကြီးမင်းတို့ စီမံကိန်းလုပ်ငန်းက ... ပျောက်ဆုံးသွားတဲ့ မစ္စတာလူမိုဟိုရဲ့ ရုပ်အလောင်းပါလို့ ကျွန်တော် တစ်ထစ်ချ ပြောရဲပါတယ်၊ ဒါပေမဲ့ ... လူကြီးမင်းတို့ဘက်က ရာနှုန်းပြည့်

လက်မခံတော့ ရုပ်အလောင်းနဲ့ ပတ်သက်ပြီး ရှေ့ဆက်လုပ်ရမှာ အခက်တွေ့နေပါတယ်၊ ဒါကြောင့် ... လူကြီးမင်းတို့ လုံးဝလက်သင့်ခံအောင် ကျွန်တော် ဘာလုပ်ပေးရပါမလဲ''

''မစ္စတာစံထူးပြောတာ ... မှန်ပါတယ်၊ လူပုဂ္ဂိုလ်ရဲ့ ပြောဆိုချက်က ဘယ်လောက်ပဲ ခိုင်မာပါစေ၊ ကျွမ်းကျင်သူပညာရှင်ရဲ့ နည်းပညာအထောက်အကူ လိုပါတယ်၊ ဒါကြောင့် ... ဒီရုပ်အလောင်းရဲ့ အပိုင်းအစကို ကျွန်တော်တို့နိုင်ငံမှာ တရားဝင် DNA စစ်ချင်ပါတယ်''

''ဟုတ်ကဲ့ ... ရပါတယ်၊ လူကြီးမင်းတို့ အလိုရှိတဲ့ ရုပ်အလောင်းရဲ့ အပိုင်းအစကိုသာ ပြောပါ''

တရုတ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် သေဆုံးသူ၏ရုပ်အလောင်းကို DNA (Deoxyribo Nuleic Acid) (မျိုးရိုးဗီဇခွဲခြားခြင်း)ဖြင့် စစ်ဆေးရန်အတွက် ရုပ်အလောင်း၏ ဝမ်းဗိုက်ဘက်ရှိ အောက်ဆုံးနံရိုးကို လက်သုံးလုံး (2" × 3") ခန့် ဖြတ်တောက်ပေးရန် တောင်းဆို၏။ ထို့ကြောင့် ရေခဲတိုက်မှ အလုပ်သမားများ၏အကူအညီဖြင့် လိုအပ်သောနံရိုးကို ဖြတ်တောက်ရယူ၏။ ရရှိခဲ့သော ရုပ်အလောင်းမှ နံရိုးကို နည်းပညာဖြင့် ထုပ်ပိုး၍ အမှုစစ်အရာရှိ စုံထောက်စံထူးမှ တရုတ်ရဲမှူးကြီး ထွန်းလင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သို့ ဥပဒေနှင့်အညီ လွှဲအပ်ပေးလိုက်ပါတော့သည်။

+++

## အခန်း(၈)

''အောင်မင်းရေ ... စစ်ကြောရေးနဲ့ ပတ်သက်ပြီး ဘာထူးခြားချက်တွေ့လဲ''

စုံထောက်စံထူးက တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့်အတူ လိုက်ပါဆောင်ရွက်နေစဉ် တွဲဖက်စုံထောက်အောင်မင်းကလည်း သက်သေခံသူ တရုတ်နိုင်ငံသား (၁၁)ဦးဖြင့် အကျဉ်းထောင်တွင် လုံးပမ်းနေ၏။ စုံထောက်

စံထူးက သူကိုယ်တိုင် လိုက်ပါဆောင်ညှင်းခဲ့ရသော အမှုကိစ္စကို တွဲဖက်ဖြစ်သူအား ပြောဆိုပြ၏။ ထို့အတူ တွဲဖက်ဖြစ်သူ၏ ဆောင်ရွက်ထားရှိမှုကိစ္စကိုလည်း စုံထောက်စံထူးက အထက်ပါစကားဖြင့် အမေးပုစ္ဆာထုတ်၏။ ဒီတော့ တွဲဖက်အမှုစစ်အရာရှိ စုံထောက်အောင်မင်းက–

''အမှုကတော့ ... ကျွန်တော်တို့ဘက်ကို ယိမ်းယိုင်လာတဲ့အခြေရှိနေပါပြီ''

''ဘယ်လို အစထွက်လာလို့လဲ''

''ဒီအမှုမှာ ... ပြစ်မှုကျူးလွန်သူဟာ .. သေဆုံးသူရဲ့အစ်ကိုရင်း လူဇီကီးဖဲ ဖြစ်နိုင်ပါတယ်''

''ဘာဖြစ်လို့လဲ ... မျက်မြင်သက်သေ ရှိလို့လား''

''မျက်မြင်သက်သေကတော့ တစ်ယောက်မှ မရှိပါဘူး။ အတူနေအားလုံးက မသိဘူး၊ မမြင်ဘူးလို့လည်း ပြောကြတယ်၊ လူဇီကီးကလည်း ... သူမဟုတ်တဲ့အကြောင်း ငြင်းတယ်၊ ဒါပေမဲ့ .. တစ်ခန်းထဲအတူနေတဲ့ သက်ာမကင်းသူ .. မစ္စတာကျန်းလျှိုဂန်းရဲ့ထွက်ချက်က တရားခံဟာ .. လူဇီကီးလို့ မပြောရုံတမည်ပဲ ရှိတော့တယ်''

''မစ္စတာ ကျန်းလျှိုဂန်းက ဘယ်လိုထွက်ချက်ပေးလို့လဲ''

သေဆုံးသူ ပျောက်ဆုံးသွားပြီး (၂)ရက်အကြာ (၅–၉–၂၀၁၃)မနက်ပိုင်းတွင် ဖြစ်သည်။ မစ္စတာကျန်းလျှိုဂန်းနှင့် သေဆုံးသူ၏အစ်ကို မစ္စတာလူဇီကီးတို့နှစ်ဦးသည် ပျောက်ဆုံးသူ မစ္စတာလူမိုဟိုအား မြဒေးကျွန်းကမ်းခြေတစ်ဝိုက်တွင် လိုက်လံရှာဖွေကြသည်။ ထိုသို့ ရှာဖွေစဉ် သန္တာနဂါးတံတားဆိပ်အနီးကမ်းစပ်တွင် ရာဘာခြေညှပ်ဖိနပ် ယာဘက်တစ်ဖက်ကို တွေ့၏။ ဒီတော့ ကျမ်းလျှိုဂန်းက ထိုဖိနပ်ကို ကောက်ယူကာ ..

''လူဇီကီး ... ဒီဖိနပ်ဟာ မင်းညီ လူမိုဟိုရဲ့ ဖိနပ်မဟုတ်လား''

ဟု ပြောဆိုပြ၏။ ဒါကို လူဇီကီးက ..

''ဟုတ်တယ်ကွ ... ဒါပေမဲ့ .. တို့ကို အမှုပတ်နေပါဦးမယ်၊ အဲဒီ ဖိနပ်ကို လွှင့်ပစ်လိုက်ပါကွာ''

ဟု ပြောသည်။ သို့သော် ကျမ်းလျှိုဂန်းက ဖိနပ်ကို လွှတ်မပစ်ဘဲ အိပ်ဆောင်သို့ယူလာကာ သိမ်းဆည်းထားသည်။ ထိုဖိနပ်ကောက်ယူရရှိခဲ့သည်ကို လုပ်ငန်းခွင်မန်နေဂျာ မစ္စတာမားဝေလည်း တွေ့မြင်သိရှိခဲ့သည်။ မားဝေကို စစ်မေးတော့ မားဝေကလည်း မှန်ကန်ကြောင်း ထောက်ခံထွက်ဆိုခဲ့သည်။ ကျန်းလျှိုဂန်းနှင့် မားဝေတို့၏ ပြောဆိုအပ်ပေး၍ သက်သေခံဖိနပ်တစ်ဖက်ကိုလည်း အိပ်ဆောင်မှ သိမ်းယူထားပြီးဖြစ်ကြောင်း စုံထောက်အောင်မင်းမှ ရှင်းလင်းပြောဆိုပြသည်။

အမှုနှင့်ပတ်သက်၍ အမှုစစ် စုံထောက်အရာရှိနှစ်ဦး ခေါင်းချင်းဆိုင်ကြသည်။ သက်ာမကင်း၍ ဖမ်းဆီးထားသူ (၁၁)ဦးထဲမှ သေဆုံးသူ၏ အစ်ကိုရင်း လူဇီကီးသည် သံသယဖြစ်ဖွယ်အတိ ရှိနေပါသည်။ သံသယကို အမှန်ပြဖို့အတွက် အမှုစစ်အရာရှိ၏ အဓိကကျသော တာဝန်ဖြစ်သည်။ ပတ်ဝန်းကျင်အနေအထားက အမှုစစ်ဘက်တွင်ရှိသော်လည်း မျက်မြင်သက်သေကမရှိ၊ သံသယရှိသူကလည်း ငြင်းကွယ်နေခဲ့သည်။ ထို့ကြောင့် သံသယရှိသူ လူဇီကီးကို အကျဉ်းစခန်းမှ ထုတ်၍ စစ်ကြောရေးခန်းသို့ သွင်းသည်။ စုံထောက်အရာရှိနှစ်ဦးနှင့်အတူ စကားပြန်နှစ်ဦးလည်း ရှိသည်။

မိမိဘက်မှ စကားပြန်နှစ်ဦးကို အမှုစစ်ဖြစ်သူ စုံထောက်စံထူးက ကြိုတင်ဖာတ်တိုက်ထား၏။ ဤသည်မှာ အမှုစစ်ဖြစ်သောသူမှ စကားသံမာမာနှင့် ခက်ထန်သောအသွင်ပါလျှင် စကားပြန်ဖြစ်သူကလည်း စစ်မေးသူကဲ့သို့ မာမာထန်ထန်ပြောဆိုရန် ဖြစ်၏။ ထို့အတူ အစစ်ခံသူက ပြောဆိုသောလေသံကိုလည်း ထိုသူ၏ သံစဉ် Tone အတိုင်း ပြန်ကြားပေးရန် ဖြစ်သည်။ ဆိုလိုသည်မှာ စစ်မေးသူနှင့် အစစ်ခံသူတို့ကြားတွင် စကားပြန်ဖြစ်သူက သဏ္ဍာန်သရုပ်တူညီအောင် ဆောင်ညွှင်းပေးဖို့ပင် ဖြစ်သည်။ စစ်မေးသူ၏

မြန်မာစကားနှင့် အစစ်ခံသူတို့၏ တရုတ်စကားတို့အား မြန်မာစာစကားဖြင့် ရေးသီရလျှင်–

"မင်းနာမည်က ... လူဖီကီးလား"

စုံထောက်စံထူး၏အမေးကို အစစ်ခံသူက–

"ဟုတ်ပါတယ်"

"အခု ... သေဆုံးတဲ့ ရုပ်အလောင်းဟာ မင်းရဲ့ညီ .. လူမိုဟို မဟုတ်လား"

"မျက်နှာအနေအထားက လွဲရင် ခန္ဓာကိုယ်အစိတ်အပိုင်းဟာ ... ကျွန်တော့်ညီနဲ့ တူပါတယ်"

"ဟော့ကောင် ... လက်တစ်လုံးခြား ကပ်ပြီးလိမ်ဖို့ မကြိုးစားနဲ့၊ ဟုတ်ရင် ဟုတ်တယ် ... မဟုတ်ရင် မဟုတ်ဘူး ပြတ်ပြတ်ပြောကွ"

စုံထောက်စံထူး၏ ကျယ်လောင်သော စကားသံ၊ မာန်ပါသော သရုပ်ကြောင့် အစစ်ခံသူ လူဖီကီးထံမှ ဘာသံမှထွက်မလာဘဲ ရှိနေ၏။ ထို့နောက် စုံထောက်စံထူးက ညီအရင်းတစ်ယောက်လုံး အသတ်ခံရသည်ကိုပင် ပူပင်သောကမရှိသော လူဖီကီး။ ညီဖြစ်သူ သေဆုံးမှုမှ သက်သေခံကတ်ကြေးကို ဖျောက်ဖျက်ပစ်သော အစ်ကို။ ကောက်တွေ့ခဲ့သော ညီ၏ဖိနပ်တစ်ဖက်ကို စွန့်ပစ်ဖို့ ပြောခဲ့သော လူဖီကီး။ ဒါတွေအားလုံးကို ထောက်ရှုလိုက်လျှင်–

"မင်းဟာ .. မင်းညီကိုသတ်တဲ့ တရားခံပဲ၊ မင်းက ... အမှန်ကို အမှန်အတိုင်း မပြောဘူးဆိုရင် .. မင်းအပါအဝင် အိပ်ခန်းထဲက (၁၁) ယောက်စလုံးကို လူသတ်မှုနဲ့ တရားစွဲမယ်"

"ကျွန်တော့်အနေနဲ့ မသိနားမလည်လို့ ပြုမူခဲ့တာ ... ကျွန်တော့် အပြစ်ပါ၊ တခြားသူတွေနဲ့ မဆိုင်ပါဘူး"

"ဟော့ကောင် ... မသိလို့ နားမလည်လို့ မဟုတ်ဘူး၊ မင်းက ...

အသီလွန် နားလည်လွန်နေတာကွ၊ ဘာမှမဆိုင်တဲ့ တခြားသူတွေကတောင် သူတို့ တွေ့တာတွေကို ပြောဆိုခဲ့ကြသေးတယ်၊ မင်းက ‥ မင်းညီအမှုပေါ် မှာစိုးလို့ ဟိုဟာဖျောက် ဒီဟာဖျောက်လုပ်နေတာ ဘာသဘောလဲပြော''

အမှုစစ်အရာရှိ စုံထောက်စံထူး၏ အသံ၊ အရုပ်၊ ဟန်ပန်အမူအရာ တို့ကြောင့် သက်ႀကမကင်းသူ လူဇိကီးမှာ ခေါင်းငိုက်၍ ဆိတ်ငြိမ်စွာ ရှိနေ၏။ ဒါကို ရိပ်စားမိသော စုံထောက်စံထူးမှ ‥

''လူဆိုတာ ‥ မှားတတ်တဲ့ သဘောသဘာဝ ရှိပါတယ်၊ တို့လည်း အမှားနဲ့ မကင်းပါဘူး၊ ကိုယ့်အမှားကို ကိုယ်သိရင် ‥‥ အမှန်ကို ပြင်လို့ရတာ ပေါ့၊ မင်းအနေနဲ့ ‥‥ မှားခဲ့တာရှိရင် အမှန်အတိုင်းပြောပါ၊ ငါ့ဘက်က အတတ်နိုင်ဆုံး အကူအညီပေးပါ့မယ်''

''You Know, May I help you''

ဟု လေပြေလေညှင်းစကားသံတို့ဖြင့် ညင်သာပျော့ပျောင်းစွာ ဖိတ် ခေါ်လိုက်ပါလေတော့သည်။

+++

## အခန်း(၉)

''ဟုတ်ကဲ့ ‥‥ ကျွန်တော် အမှန်အတိုင်း ပြောပြပါ့မယ်၊ တတ်နိုင် သလောက် အကူအညီပေးပါ၊ ကျွန်တော့် ညီကို ကျွန်တော် သတ်မိပါတယ်''

ဟု သေဆုံးသူ၏အစ်ကို မစ္စတာလူဇိကီး Mr.Lu Zhike မှ ဤသို့ ဖွင့်ဆိုပါသည်။ မည်သည့်အကြောင်းကြောင့် ညီအရင်းကို သတ်ရသည်။ မည်သို့ မည်ပုံသတ်သည်။ မည်ကဲ့သို့ စွန့်ပစ်သည် စသည်တို့ကို သိရှိဖို့ လိုပါသည်။ ထို့ကြောင့် အမှုစစ်အရာရှိ စုံထောက်စံထူး၏ သိလိုသမျှသော မေးခွန်းတို့ကို ပြစ်မှုကျူးလွန်သူ လူဇိကီးမှ ကြေကွဲဝမ်းနည်းစွာဖြင့် အောက်ပါ အတိုင်း ထွက်ဆိုအစစ်ခံခဲ့ပါသည်။

သေဆုံးသူနှင့် ပြစ်မှုကျူးလွန်သူတို့သည် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်

ယွန်ယန် Yun Yang မြို့၊ စမဒင် Sa Ma Dian ရွာတွင် အတူတကွ နေထိုင်ကြပြီး ဟာနီးလူမျိုး ဘာသာမဲ့များ ဖြစ်ကြသည်။ သေဆုံးသူမှာ အိမ်ထောင် (၂)ခါပျက်၊ လူလွတ်တစ်ဦးဖြစ်သည်။ အတူနေညီအစ်ကိုနှစ်ဦးမှာ သင့်မြတ်ခြင်းမရှိ။ မကြာခဏဆိုသလို အကြိမ်ကြိမ် စကားများပြီး၊ ခိုက်ရန်ဖြစ်ပွားလေ့ရှိသည်။ ဒါကလည်း အကြောင်းရှိပါသည်။ ညီဖြစ်သော သေဆုံးသူသည် အစ်ကိုဖြစ်သော ပြစ်မှုကျူးလွန်သူ၏ ဇနီးနှင့် လူမှုရေး ဖောက်ပြန်မှုများ ရှိခဲ့ဖူးသည်။ ဒီတော့ ပြစ်မှုကျူးလွန်သည့် သေဆုံးသူအပေါ် နာကြည်းခံပြင်းမှုများ ရှိနေခဲ့သည်။

ယခု မြေဒေးကျွန်းစိမ်ကိန်းလုပ်ငန်းတွင် အတူတကွပါလာပြီး တစ်ခန်းတည်းအတူနေကြသော်လည်း ညီအစ်ကိုနှစ်ဦးမှာ ဖက်လည်းတင၀်မရှိကြဘဲ ခပ်တန်းတန်းပင် နေထိုင်ကြသည်။ တစ်နေ့မနက်တွင် ပြစ်မှုကျူးလွန်သူသည် အိပ်ဆောင်နံဘေး သဲပုံပေါ်တွင် တစ်ဦးတည်းရှိနေစဉ် သေဆုံးသူ ရောက်ရှိလာပြီး–

''ငါ ... ဒီဆိုဒ်မှာ အလုပ်မလုပ်ချင်တော့ဘူး။ ရွာပြန်တော့မယ်''

ဟု ဆို၏။ ဒီတော့ ပြစ်မှုကျူးလွန်သူက–

''မင်းက ... ရွာပြန်ပြီး ဘာလုပ်စားမှာလဲ''

''ကြုံရာကျရာ လုပ်စားမှာပေါ့''

သေဆုံးသူ နေရပ်ပြန်မည်ကို ပြစ်မှုကျူးလွန်သူက လုံး၀မလိုလားပါ။ ဒါကလည်း အကြောင်းရှိပါသည်။ လင်ကြီးငုတ်တုတ်ရှိနေသည်ကိုပင် လူမှုရေး ဖောက်ပြန်ကြသေးလျှင် လင်ယောက်ျားမရှိပါက မည်သို့ရှိကြမည်နည်း။ ဒါကို စိုးရိမ်ပူပင်၍ ပြစ်မှုကျူးလွန်သူက–

''မပြန်နဲ့ကွာ ... မင်းပြန်ရင် မင်းကိုလည်း မယုံဘူး။ ငါ့မိန်းမကိုလည်း စိတ်မချဘူး''

အမှန်ကို အမှန်အတိုင်းပြောလျှင် အနာပေါ်တုတ်ကျ ဖြစ်တတ်ပါသည်။

အစ်ကိုဖြစ်သူ လူဇီကီး(ပြစ်မှုကျူးလွန် သူ)၏ စကားက ညီဖြစ်သူ လူမိုဟို (သေဆုံးသူ)အတွက် နာကြည်းခံပြင်းစွာ ရှိသွားပါသည်။ ဒါကြောင့် သေဆုံးသူက ပြစ်မှုကျူးလွန်သူကို ထိုးကြိတ်ခဲ့၍ အနာတရ ဖြစ်ခဲ့ရသည်။

"မိန်းမနဲ့လည်း ... ဖောက်ပြား၊ လင်ယောက်ျားဖြစ်တဲ့ ကျွန်တော့်ကိုလည်း အနာတရဖြစ်အောင် ထိုးကြိတ်ခဲ့လို့ ကျွန်တော် ... ဘယ်လိုမှ သည်း ခံခွင့်လွှတ်နိုင်စွမ်းမရှိတော့ပါဘူး"

ဟု မစ္စတာ လူဇီကီးမှ ထွက်ဆိုခဲ့ပြီး ပြစ်မှုကျူးလွန်ပုံကို ဆက်ဆိုပါသည်။

ကိုယ်၊ စိတ် နှစ်ပါးစလုံး နာကျင်ခံစားနေရသူ လူဇီကီးသည် သေဆုံးသူလူမိုဟိုအား လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်နေသည်။ သေဆုံးသူခုတင်၏ ခေါင်းအုံးဘေးတွင် ဆံပင်ညှပ်သော ကတ်ကြေး(သက်သေခံပစ္စည်း) တစ်လက်ရှိနေသည်ကို သတိထားမိခဲ့သည်။

၂-၉-၂၀၁၃ ရက်နေ့ ညဥ့် ၁၁ နာရီတွင် မီးစက်ပိတ်သဖြင့် အိပ်ခန်းရှိ အလုပ်သမားအားလုံး အိပ်ရာခုတင်ပေါ်သို့ တက်ကြသည်။ ထိုနေ့ညဥ့်နက်သန်းခေါင်လွန်၍ နောက်တစ်နေ့မနက်အကူး (၂)နာရီအချိန်ခန့်တွင် ဖြစ်သည်။ တစ်ခန်းလုံးရှိ အလုပ်သမားများ အိပ်မောကျနေသော်လည်း လူဇီကီးတစ်ယောက်မှာ အိပ်မပျော်နိုင်။ ရင်တွင်း၌ဖြစ်ပေါ်နေသော နာကြည်းခံစားချက်က ပြင်းထန်စွာ ပေါက်ကွဲနေသည်။ ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုထက် စိတ်ပိုင်းဆိုင်ရာနာကျင်မှုက ပို၍ဆိုးရွားပါသည်။

ထို့ကြောင့် လူဇီကီးသည် အိပ်ရာမှ အသာထ၍ ခြေကိုဖွဖွနင်းကာ လူမိုဟိုရှိရာ ကုတင်သို့ လျှောက်လှမ်းလာသည်။ လူမိုဟို (သေဆုံးသူ)သည် နှစ်ထပ်အိပ်စင်၏ အပေါ်ထပ်တွင် အပေါ်အင်္ကျီမပါ ဘောင်းဘီရှည်(စီမံကိန်းဝတ်စုံ)နှင့် အိပ်မောကျနေ၏။ နှစ်ထပ်ခုတင်(အိပ်စင်)၏ အမြင့်မှာ ၅ ပေ ခန့်မြင့်သည်။ အောက်ခြေကြမ်းခင်းမှ လုပ်ကြံလျှင် ထိရောက်မှုမရှိနိုင်

ကြောင်း တွေးဆမိသည်။ ထို့ကြောင့် အိပ်ဆောင်အတွင်း အသင့်ရှိနေသော သစ်သားထိုင်ခုံတစ်လုံးကို ညင်သာစွာယူ၍ ထိုထိုင်ခုံကို သေဆုံးသူ၏ အိပ်စင်ဘေးတွင် အသာချ၏။ ထိုင်ခုံပေါ်သို့ တက်၍ သေဆုံးသူ၏နံဘေးတွင် ရှိနေသော လက်ကိုင်ဖုန်းကို ကောက်ယူ၏။ လက် ကိုင်ဖုန်းပါဝါကိုနှိပ်ပြီး ထွက်လာသောမီးရောင်ဖြင့် သေဆုံးသူချတ်ထားသော အိပ်စင်ပေါ်ရှိ အကျႌကိုဝတ်၏။ ထို့နောက် ခေါင်းအုံးဘေးရှိ ကတ်ကြေးကို ယူကာ လက်ကိုင်ဖုန်းမှ မီးအလင်းရောင်ဖြင့် သေဆုံးသူ၏ လည်ပင်းအရှေ့ ညှပ်ရိုး အပေါ်ချိုင့်နေရာကို နှစ်ချက်ဆက်တိုက်ထိုး၏။ ထိုစဉ် သေဆုံးသူ၏ ဝဲဘက်လက်မှာ မြောက်တက်လာ၍ ထိုဝဲလက်၏ တံတောင်ဆစ်ကွေးကို ကတ်ကြေးဖြင့် တစ်ချက်ထပ်ထိုး၏။ ထို့နောက် ကတ်ကြေးကို အိပ်စင် ပေါ်ပစ်ချကာ သေဆုံးသူထံမှ အသံမထွက်စေရန် သေဆုံးသူ၏မျက်နှာကို အိပ်စင်ပေါ်ရှိ ဂွမ်းဆောင်ဖြင့် မျက်နှာအား သေဆုံးသူ ငြိမ်သွားသည်အထိ ဖိအုပ်ထားခဲ့ကြောင်း ပြစ်မှုကျူးလွန်သူ မစ္စတာလူဇီကီး Mr.Lu Zhi Ke မှ ဝန်ခံထွက်ဆိုခဲ့သည်။

"မင်း . . ကတ်ကြေးနဲ့ထိုးပြီး သတ်ဖြတ်တဲ့အချိန်မှာ နှစ်ထပ်အိပ်စင်ရဲ့ လှုပ်ယမ်းမှုကြောင့် အောက်ဆင့်မှာ အိပ်နေတဲ့သူ နိုးမလာဘူးလား"

"မနိုးပါဘူး . . . ကျွန်တော်တို့ နှစ်ထပ်အိပ်စင်တွေက ခိုင်ခိုင်ခံ့ခံ့ ရှိပါတယ်"

မှန်ပါသည်။ အခင်းဖြစ်အရပ်ကို စစ်ဆေးစဉ်က နှစ်ထပ်အိပ်စင်ကို ရှိ သမျှအင်အားဖြင့် အစွမ်းကုန် လှုပ်ယမ်းကြည့်၏။ နှစ်ထပ်အိပ်စင်မှာ တုတ်တုတ်မျှမလှုပ်ဘဲ ခိုင်ခံ့စွာတည်ဆောက်ထားသည်ကို တွေ့ရသည်။

"သေဆုံးသွားတဲ့ . . . မင်းညီရဲ့အလောင်းကို ဖျောက်ဖျက်ဖို့ သယ်ယူသွားတော့ မင်းနဲ့အတူ . . . ဘယ်သူပါသေးလဲ"

+++

## အခန်း(၁၀)

မြဒေးကျွန်း၏ ဝသန်ကာလက မိုးသည်း၊ လှိုင်းကြီး၊ လေထန်၍ တစ်ကျွန်းလုံး မည်းမှောင်နေသည်။ တစ်ခါတစ်ရံ မိုးကြိုးသံနှင့် လျှပ်စီးတန်းတို့က ထိတ်လန့်ဖွယ်ရာရှိနေပါသည်။ မည်သို့ပင် တုန်လှုပ်ချောက်ချားမှုများ ရှိနေပါစေ။ ပြစ်မှုကျူးလွန်သူ လူဇီကီးမှာမူ တုန်လှုပ်မှုအလျဉ်းမရှိပါ။ သူစခဲ့သော ဇာတ်လမ်းကို သူကိုယ်တိုင် အဆုံးသတ်ရပေဦးမည်။

ထို့ကြောင့် ပြစ်မှုကျူးလွန်သူသည် သေဆုံးသူ၏ဖိနပ်ကိုစီးကာ သေဆုံးသူကို အိပ်စင်ပေါ်မှဆွဲ၍ ကျောတွင်ပိုးသည်။ လက်ကိုင်ဖုန်းအလင်းရောင်ဖြင့် ကျောပိုးထားသော သေဆုံးသူကို တိတ်တဆိတ် အိပ်ဆောင်အပြင်သို့ သယ်ယူသွား၏။ အိပ်ဆောင်အပြင်မှ သည်းထန်သော မိုး၊ လမိုက်သော ည၊ ပြင်းထန်သော လှိုင်းလေတို့ကို အန်တုု၍ လုပ်ငန်းခွင်၏ တံခါးမရှိ၊ အတားမရှိသည့် ခြံစည်းရိုးပေါက်သို့ သယ်ပိုးလာ၏။ ထိုတံခါးပေါက်မှ ယူနန်ဘုတ်ဆိပ်ခေါ် ပြည်တော်စည်တံတားဆိပ်သို့ သွား၏။ တံတားပေါ်ရောက်သည့်အခါ ထမ်းပိုးလာသော သေဆုံးသူ၏ ရုပ်အလောင်းကို သံဇစ်မြစ်ထဲသို့ ပစ်ချလိုက်ပါသည်။

ထို့နောက် ပြစ်မှုကျူးလွန်သူ လူဇီကီးသည် ကိုယ်လက်သန့်စင်ရန် တံတားအောက်ကမ်းစပ်သို့ ဆင်းခဲ့သည်။ ကမ်းစပ်တွင် သူဝတ်ဆင်လာသော သေဆုံးသူ၏ အင်္ကျီကိုချွတ်၊ ရေဖြင့် စွတ်၍ သွေးများစွန်းပေနေသော မျက်နှာ၊ ပုခုံး၊ ကျောကုန်းနှင့် လက်နှစ်ဖက်တို့ကို ပွတ်တိုက်ဆေးကြော သန့်စင်စေ၏။ ပြီးနောက် တံတားပေါ်သို့ ပြန်တက်သည်။ တံတားပေါ်သို့ ရောက်သည့်အခါ သေဆုံးသူ၏ အင်္ကျီ၊ ဖိနပ်နှင့် လက်ကိုင်ဖုန်းတို့ကို သံဇစ်မြစ်ထဲသို့ စွန့်ပစ်လိုက်သည်။ ထို့နောက် အိပ်ဆောင်သို့ ပြန်လာပြီး ဟန်ပန်မပျက် အိပ်နေ၏။ ထိုအချိန် မနက်(၂) နာရီခွဲခန့်ရှိမည် ထင်ရပြီး တစ်ဆောင်လုံးမှာ အိပ်မောကျလျက်ရှိကာ မိုးမှာလည်း သည်းထန်စွာ

ရှာသွန်းနေကြောင်း ဝန်ခံထွက်ဆိုခဲ့ပါသည်။

ပြစ်မှုကျူးလွန်သူကိုယ်တိုင် ပြစ်မှုကျူးလွန်ရခြင်း အကြောင်းရင်း Motive ကိုပါ ဖွင့်ဆိုပြထားပြီဖြစ်၍ ထပ်မံသုံးသပ်မပြလိုတော့ပါ။ သင်ခန်းစာယူစရာအနေဖြင့် ''ကာမေသုမိစ္ဆာစာရ''ကံ၏ဆိုးကျိုးမှာ နောင်ဘဝမကူးမီ ယခုဘဝ၌ပင် အသက်ဆုံးရှုံးရခြင်းပင် ဖြစ်ပါ၏။ နောင်သံသရာတွင် အပါယ်လေးဘုံ၌ ကျင်လည်ရဦးမည် ဖြစ်၏။ ပြုသူ၊ ပျက်သူ ညီအစ်ကိုနှစ်ဦး၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် သံသရာခရီးက အဖန်ဖန်ကျင်လည်ကြရဦးမည် ဖြစ်လေသည်။

ပြစ်မှုကျူးလွန်သူ မစ္စတာ လူဇီကီး Mr. Lu Zhi Ke (၄၂ နှစ်)အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၂၀၁ ဖြင့် တရားစွဲဆိုတင်ပို့ရန် စီစဉ်ဆောင်ရွက်နေစဉ် အမှုစစ်အရာရှိ စုံထောက်စံထူးထံသို့ တရုတ်သံရုံးမှ ဖက်စ် FAX တစ်စောင် ဝင်လာသည်။ ထိုဖက်စ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Forensic Science Service Department of Yunan Public Security Bureau ၌ DNA စစ်ဆေးခဲ့ရာ သေဆုံးသူ၏ ရုပ်အလောင်းသည် ပျောက်ဆုံးနေသော တရုတ်နိုင်ငံသား မစ္စတာလူမိုဟို (Mr. Lu Mo Hou) ၏ ရုပ်အလောင်းဖြစ်သည်မှာ မှန်ကန်သဖြင့် ကျေနပ်လက်ခံပြီး အတည်ပြုပါကြောင်း ဖော်ပြပါရှိခဲ့ပေသည်။

သေဆုံးသူ တရုတ်နိုင်ငံသား မစ္စတာ လူမိုဟို Mr.Lu Mo Hou အသတ်ခံရမှုကို ပြီးပြည့်စုံအောင် စုံစမ်းဖော်ထုတ်ခဲ့သော စီအိုင်ဒီမှ အမှုစစ်အရာရှိ စုံထောက်စံထူးအား ဂုဏ်ပြုသောအားဖြင့် ဤမှုခင်းဇာတ်လမ်းကိုလည်း **''စုံထောက်စံထူးနှင့် မြဒေးကျွန်းလူသတ်မှု''**ဟု ကမ္ပည်းပြုအပ်ပါသည်။

စုံထောက်မောင်ရော့

## မကောင်းမှုဟူဘိ ဆိတ်ကွယ်ရာမရှိ

မကောင်းမှုပြုသောသူသည်
ကောင်းကင်၌ နေသော်လည်းကောင်း၊
သမုဒ္ဒရာအလယ်၌ နေသော်လည်းကောင်း၊
တောင် အခေါင်းထဲ၌ဝင်၍ နေသော် လည်းကောင်း
မကောင်းမှုအပြစ်မှ မလွတ်ရာ၊
မကောင်းမှုအပြစ် ခံစားခြင်းမှ လွတ်သော အရပ်ဟူ၍
တစ်ကွက်မျှမရှိလေ
(ဓမ္မပဒ)

စုံထောက်
# မောင်ရေခဲ
စုံထောက်စံထူး
နှင့်
အမှောင်တွင်းမှ
## အလင်းရောက်ဖြစ်ရပ်မှန်များ

